www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# သိုင်းတုံပွင့်လျှို ပလွေသံ

ကျင်းတုံ၏ရှောင်ဖိန်းမှလင်



BURMESE CLASSIC .com

www.burmeseclassic.com

စာစဉ်--၇[redacted]

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၆၂/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၂/၂၀၀၂ (၃)

၂၀၀၂-ခုနှစ်၊
အုပ်ရေ-၄၀၀
တန်ဖိုး-၃၅၀/

**ထုတ်ဝေသူ**
ဦးညွန့်ဖွေး၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးခေါင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်-၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၃၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့။

# တက္ကသိုလ် နေလင်းအောင်

## သိုင်းတံပွင့်လျှံ ပလွေသံ

စာစဉ် ( ၄ )

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

BURMESE CLASSIC .com

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း (၁၇)

## တောတွင်းသားလေး၏ မေတ္တာသရုပ်

ဆန်းကွမ်းချိုနှင့်ယွမ်ရှောက်တို့သည် ဒေါ်ရာနှင့်လူကို တစ်ဖက်တစ်ချက်မှ ဖေးမချီထူမပေးကြ၏။

'နောင်ကြီး....ဒဏ်ရာသိပ်ပြင်းထန်နေသလားဟင်'

ဆန်းကွမ်းချိုသည် အကြိမ်ကြိမ်မေး၏။

လုံးဝမလှုပ်သဖြင့် ရှင်ဝရှိအကြောသုံးခုကို အသာအယာ ပုတ်ပေးသည်။

ခမ်းပိုက်အောက်ပိုင်းသို့ သူ၏ ကွမ်းချိအတွင်းအား ရောက်အောင် ပို့ဆောင်ပေးသည်။

ထိုအခါကျမှ အလွန်တရာနွေးထွေးစွာ ခုန်မနေသည့်နှလုံးသားသည် အနည်းငယ် အခုန်မြန်လာသည်။

ဆန်းကွမ်းချိုသည် လူနာ၏ ခြေထောက်များကို ဆန့်တန်းပေးပြီး ဖြည်းညင်းစွာ နှိပ်နယ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း'

သက်ပြင်းချသံနှင့်အတူ ထိုလူမှာ မျက်လုံးများပွင့်လာ၏။

ဆန်ကွမ်းချီက....

'နောင်ကြီး....သတိရပြီလား'

ထိုလူက ဆန်ကွမ်းချီကို စူးစူးစိုက်စိုက်ကြည့်ပြီး....

'ဆယ်မိုင်ပတ်လည်အတွင်းမှာ သေနေမြေကျလိမ့်မယ်'

'ဗျာ...နောင်ကြီး ဘာကိုပြောတာလဲ'

BURMESE CLASSIC

'ကွန်လုံဝမ်....ကွန်လုံဝမ်'

ထိုလူသည် အဆက်အစပ်မရှိဘဲ မကောင်းဆိုးရွား ဂိုဏ်းချုပ်ကြီး၏နာမည်ကို ရေရွတ်လျက် တစ်ချက်အကြောဆွဲကာ အသက်ထွက်သွားလေတော့၏။

ဆန်ကွမ်းချီသည် သူ၏ ကွမ်းချီ အတွင်းအားကို မှို့လွှတ်ကုသပြန်လေ၏။

သို့သော် မရတော့ပေ။

လုံးဝ သေဆုံးသွားခဲ့လေပြီ။



ယွှမ်ရှောက်က စိတ်မကောင်းခြင်း ကြီးစွာဖြင့်မေးလေ၏။

'သေသွားပြီလား အစ်ကိုကြီးရယ်'

'မရတော့ဘူး၊ ငါလဲအစွမ်းကုန်ကြိုးစားတာပဲ၊ သူရထားတဲ့ဒဏ်ရာက သိပ်ပြင်းထန်တော့ မကယ်နိုင်တော့ဘူးပေါ့'

'ဒါဖြင့် သူ့အလောင်းကို မြေမြှုပ်ပေးရုံပဲ ရှိတော့တာပေါ့'

'အကောင်းဆုံးအလုပ်ပဲပေါ့ ညီလေးရယ်'

ယွှမ်ရှောက်သည် ထိုအလောင်းကြီးကို မယူ၍ နိုင်ချစ်နေဘိ တူးထားသော ကျင်းထဲသို့ ဖြည်းညင်းစွာချပြီး မြေကြီးခဲ ကျောက်ခဲများကို ဖုံးအုပ်လျက် သင်္ဂြိုဟ်ပေးလိုက်လေ၏။

ယွှမ်ရှောက်သည် ဖုန်၊ ခဲ၊ သလဲများပေကျံနေသည့်သူ၏ လက်နှစ်ဖက်ကိုမှုတ်ခါလိုက်ပြီးနောက် ဆန်ကွမ်းချီအား လှမ်းပြောလေ၏။

'အစ်ကိုကြီးကို ပြောစရာရှိသေးတယ်'

'ဘာများလဲ'

'လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ရက်ရက်စက်စက် သတ်ဖြတ်ကြတာပဲနော်၊ အစက လူတွေ ဒါလောက် မိုက်မဲမယ်လို့မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဆန်ကွမ်းချီသည် လူ့လောကနှင့် လုံးဝအဆက်ပြတ်နေခဲ့သည့် တောတွင်းသားကလေး ယွမ်ရှောက်၏စကားကို မချိပြုံးပြုံး၍ နားထောင်နေရလေ၏။

ထို့နောက် ဖြည်းညှင်းစွာ ပြောလေ၏။

'ညီလေးယွမ်ရှောက်၊ ဒီကိစ္စကိုလုံးဝမစဉ်းစားပါနဲ့၊ ဒါတွေကို မင်း နားမလည်ပါဘူး။ အခု ငါတို့ခရီးဆက်ကြမယ်'

ယွမ်ရှောက်သည် ဆန်ကွမ်းချီအား စောဒက တက်ဝံ့သူမဟုတ်ပါ။

ထို့ကြောင့် ဆန်ကွမ်းချီပြေးထွက်သွားသည်နှင့် သူလည်း ပြေးထွက်သွားရတော့သည်။

သူတို့နှစ်ဦးစလုံး ကိုယ်ဖော့ပညာကောင်းသူများ ဖြစ်၍ လွန်စွာ ခရီးတွင်သည်။

အချိန်တိုတိုအတွင်း ငါးမိုင် ခြောက်မိုင်မျှ ခရီးပေါက်သည်။

'အစ်ကိုကြီး၊ ကျွန်တော်တစ်ခုမေးချင်သေးတယ်'

ဆန်ကွမ်းချီသည် ရှေ့မှပြေးရင်း ပြုံးမိသည်။

ယွမ်ရှောက်သည် စကားပြောတတ်စ ကလေးငယ်ကဲ့သို့ အလွန်တရာ ပြောချင်ဆိုချင်ရှိနေသည်ဟု တွေးမိသောကြောင့်ပင်။



'ဘာတွေမေးစရာရှိနေသလဲ၊ ငါသိတာဆိုရင် ရှင်းပြမှာပေါ့'

'ဟို...ဟို...ဟို'

ယွမ်ရှောက်ထံမှ ပြည့်စုံသောမေးခွန်း ထွက်မလာပေ။

တဟိုဟိုဖြင့် ရပ်တန့်နေ၏။

'ဘာမေးမှာလဲ ညီလေးရဲ့၊ မင်းစကားက မရှင်းလင်းပါလား'

ဆန်ကွမ်းချီက ရယ်သွမ်းသွေး၍ မေးလေ၏။

ယွမ်ရှောက်က...

'ဟို...ဟို...အဲဒီဖြူနွဲ့မိန်းကလေး၊ အဲဒီမိန်းကလေးဟာ ကျွန်တော်တို့ရဲ့ ရန်သူလား၊ မိတ်ဆွေလား အစ်ကိုကြီးရဲ့'

ဒီကောင် စကားတော်တော် တတ်သွားပြီဟု ဆန်ကွမ်းချီ တွေးလေ၏။

'သူ့ကို ရန်သူလို့ပြောရမှာလဲခက်တယ်၊ မိတ်ဆွေလို့ ပြောရမှာလဲခက်တယ်၊ သူက ဒုက္ခရောက်အောင်လုပ်လိုက်၊ ဒုက္ခထဲက ကယ်တင်ထိုက်လုပ်နေတာကိုး'

ထိုစကားမှာ မှန်သောစကားပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုသည် နိုင်ချစ်နော်အား လုံးဝ ယုံကြည်ခြင်းလည်းမရှိ၊ မယုံကြည်ဟုလည်း မရှိပေ။

'အစ်ကိုကြီး၊ သူ့ကို နောက်ထပ်မတွေ့ရတော့ဘူးလားဟင်'

ဆန်ကွမ်းချို ဘုရားတ သွားမိ၏။

ရော…ခက်ချေပြီဟု စိတ်ထဲမှ ရေရွတ်မိ၏။

သို့သော် သူသည် ယွမ်ရှောက်အား အလွန်တရာ ချစ်သနားသည်။

ထို့ကြောင့် မတင်မကျ ဖြေကြားလိုက်ရသည်။

'ဒါတော့ ပြောရခက်တယ် ညီလေး၊ အကယ်၍ သူ့အသက် မသေသေးဘူးဆိုရင်တော့ သူ့ကို ထပ်ပြီး တွေ့နိုင်တာပေါ့ ညီလေးရာ'

ယွမ်ရှောက်၏ပါးစပ်မှာ တလှုပ်လှုပ်ဖြစ်နေ၏။

သို့သော် စကားသံ ထွက်မလာတော့ပေ။

ဆန်ကွမ်းချိုကလည်း နိုင်ချစ်နော်နှင့်ပတ်သက်သည့် မေးခွန်းများကို မမေးစေလိုပေ။



နိုင်ချစ်နော်သည် ပွဲဦးထွက် ဒုက္ခပေးထားသူဖြစ်၍ ဆန်ကွမ်းချို စိုးရိမ်ကြောက်ရွံ့မိသည်ကတော့ အမှန်ပင်။

စကားတပြောပြောနှင့် ပြေးလွှားလာခဲ့ရာ ခပ်လှမ်းလှမ်း၌ ကျေးတောရွာကလေး တစ်ရွာကို တွေ့လိုက်ရသည်။

ထိုအခါကျမှ သူတို့ ဘာမျှမစားရသေးကြောင်း ဆန်ကွမ်းချို သတိပြုမိ၏။

'ညီလေး ယွမ်ရှောက်၊ ဗိုက်ဆာနေပြီလား'

'ဟာ…အစ်ကိုကြီးရာ ဆာမှဆာပေါ့၊ ပြေးလိုက်လွှားလိုက်၊ ခုန်လိုက်ပေါက်လိုက်နဲ့ ကျွန်တော်တော့ သိပ်ကိုဆာနေပါပြီ၊ ဒီမှာရှိတဲ့ သစ်ပင်တွေက ပိုင်ဓာစန်းတောင်က သစ်တောလို နှင်းသီးလဲ မရှိဘူး၊ တခြား စားစရာအသီးလဲ မရှိဘူး၊ တက် အိပ်ဖို့ပဲ ကောင်းတယ်'

ယွမ်ရှောက်၏ အရိုးခံစကားကိုကြားရသောအခါ ဆန်ကွမ်းချိုမှာ အသံထွက်အောင် ရယ်မိလေ၏။

'ဒါဖြင့် ညီလေး ဒီမှာစောင့်နေခဲ့ဦး၊ ငါ ရွာထဲ အလျင် ဝင်ပြီး စားစရာ ဝင်ဝယ်မယ်'

'ကျွန်တော်မလိုက်ရဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

'မသိုက်နဲ့ဦး၊ မင်းသိတဲ့အတိုင်း ငါတို့ဟာ အင်မတန် ရှုပ်ထွေးတဲ့ ဒေသကြီးထဲရောက်နေကြတယ်၊ ထောင်ချောက်တစ်ခုခုထဲ ဝင်မိရင် တစ်ယောက်တည်း ဝင်မိတာကောင်းတယ်၊ နောက်တစ်ယောက် လာကယ်နိုင်တာပေါ့'

'ဒီလိုဆိုရင် အစ်ကိုကြီးသွားလေ'

ယွမ်ရှောက်သည် သူတို့နှင့် မလှမ်းမကမ်း၌ ရှိနေသည့်သစ်ပင်ကြီး တစ်ပင်ကို လက်ညှိုးညွှန်ပြပြီး....

'ကျွန်တော်တော့ ဟို သစ်ပင်ကြီးပေါ်မှာ တက်အိပ်ပြီး စောင့်နေမယ်'

ဆန်ကွမ်းချီက ပြုံး၍ခေါင်းညိတ်၏။

'ကောင်းတယ်၊ တခြားနေရာတော့ မသွားနဲ့ပေါ့ကွာ'

ဆန်ကွမ်းချီသည် စကားဆုံးသည်နှင့် ရွာထဲသို့ ဝင်သွားလေတော့၏။

သူသည် ရွာထဲဝင်လာပြီး တဲအိမ်များကို အကဲခတ်၏။

တဲအားလုံး၊ အိမ်အားလုံး၊ ခြံဝင်းအားလုံး တံခါးပိတ်ထားသည်ကို တွေ့ရသည်။

ထူးဆန်းလေစွတကားဟု တွေးနေ၏။



သူသည် အနည်းငယ်ကောင်းမွန်သည့် ခြံဝင်းထဲသို့ဝင်ကာ တံခါးခေါက်လိုက်၏။

'အိမ်ရှင်တို့၊ အိမ်ရှင်တို့'

မည်သည့်အသံမျှ မကြားရပေ။

'အိမ်ရှင်တွေ မရှိကြဘူးလား၊ ကျုပ်က ခရီးသွားပါ၊ လမ်းမှာ ရိက္ခာပြတ်သွားလို့ ရိက္ခာနည်းနည်းလောက် ဝယ်ချင်လို့ပါ'

ထိုအခါကျမှ အိမ်အတွင်းမှ မိန်းမကြီးတစ်ယောက်၏ တုံ့ပြန်သံကို ကြားရသည်။

'ငါတို့အိမ်မှာလဲ ရိက္ခာတွေ မရှိတော့ပါဘူး၊ တခြားအိမ်မှာ သွားဝယ်ပါတော့'

ဆန်ကွမ်းချီမှာ တံခါးပင် ဖွင့်မပေးသော ကျေးတောရွာသားများ၏ စိတ်ထားကို အလွန်အံ့သြမိသည်။

'ကျေးတောသားတွေဟာ အင်မတန် စိတ်သားဖြူစင်ကြပါတယ်၊ သူတစ်ပါးကိုလဲ ကူညီချင်ကြတယ်၊ အခုရွာသားတွေကတော့ ခေတ္တနာသန္ဓါတရား ခေါင်းပါးလှပါကလား'

သူသည် လှည့်ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကဲ့သို့ အနည်းငယ် ခိုင်ခံ့ ကောင်းမွန်သည့် တခြား အိမ်တစ်အိမ်၏တံခါးကို သွားခေါက်ပြန်သည်။

'အိမ်ရှင်တို့၊ ကျွန်တော်ခရီးသွားပါ၊ ရိက္ခာပြတ်နေလို့ နည်းနည်းပါးပါး ဝယ်ပါရစေ'

ထိုအိမ်ကလည်း တံခါးမဖွင့်ဘဲ ပထမအိမ်ကဲ့သို့ပင် ဖြင်းဆန် လွှတ်လိုက်ပြန်၏။

'ဟင်း....ဒုက္ခပဲ၊ တောထဲတောင်ထဲနေတာ ဒုက္ခမရောက်ဘူး လူတောသူတောထဲနေမှ ဒုက္ခရောက်တော့တာပါပဲလား'

သူသည် တတိယအိမ်တစ်အိမ်သို့ဝင်ကာ ပထမပုံစံအတိုင်း တောင်းပန်ပြန်၏။

ထိုအိမ်ကလည်း တံခါးဖွင့်မပေးပေ။

သို့သော် အတွင်းမှ ခြေခြေငံငံ ပြန်ပြောသံကြားရလေ၏။

'မင်းကို ရိက္ခာမပေးချင်လို့ မဟုတ်ပါဘူး၊ အခိုပ်ခတ်ပြီး ပေးလိုက်ရင် ရတာပဲ၊ ဒါပေမယ့် ငါတို့မလုပ်ပါဘူး၊ ဒီရွာသား တွေ ခဏခဏဒုက္ခရောက်ကြရလို့ တံခါးတွေ ပိတ်ထားတာပါ၊ မင်းတို့လို ဘယ်လူစိမ်းကိုမှ မဆက်ဆံလိုကြပါဘူး'

'ဘုရားရေ၊ ဘာတွေဒုက္ခရောက်ကြရတာလဲ'



'သိုင်းသမား လူထူးလူဆန်းတွေ မကြာခဏ ဖြတ်သန်းသွား ကြတယ်လေ၊ တချို့က ကျေးရွာသားတွေကို ဒုက္ခပေးကြတယ်၊ အားလုံးကြောက်ပြီး တံခါးတွေ ပိတ်ကုန်တာပဲ'

ဆန်ကွမ်းချီက ရိုးရိုးသားသားပင် ပြောသည်။

'အဲဒီလူဆိုးတွေကို ဒီလို တံခါးပိတ်ထားရုံနဲ့ ရမလား၊ တကယ့်လူဆိုးတွေက ခင်ဗျားတို့တံခါးတွေကို လက်ဝါးနဲ့ တစ်ချက်ပဲ ရိုက်ဖျက်နိုင်တယ်၊ ကျွန်တော့်လို တောင်းပန် နေမှာ မဟုတ်ဘူး'

'အေးလေ၊ မင်းကို ငါတို့အိမ်ထဲက ချောင်းကြည့်နေတာပဲ၊ မင်း လူဆိုးမဟုတ်နိုင်ဘူးလို့ တွက်မိလို့ အခု စကားတွေပြောနေ တာပေါ့၊ သည့်ပြင်ဘက်မှာ ရိက္ခာသွားရှာပါတော့ကွယ်'

ဆန်ကွမ်းချီသည် ထိုသူများကို ဒုက္ခမပေးလိုသဖြင့် လှည့် ထွက်လာရပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ရွာစွန်ရှိ ဆင်းရဲသော တဲအိမ် ကလေးထဲသို့ ဝင်လိုက်သည်။

'အိမ်ရှင်တို့'

တဲကလေးထဲမှာ ကဲလားတံခါးကလေး ဟင်းလင်းဖွင့်ထား၏။

သူ့ အလိုလိုပင် ပွင့်ကျသွားသော တံခါးကလေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွယ့်'

ဆန်ကွမ်းချီမှာ သူ့နောက်မှ အသံကြားလိုက်သဖြင့် ထိတ်လန့်သွား၏။

လှည့်ကြည့်လိုက်သောအခါ ဆံပင်ဖြူဖြူ မုတ်ဆိတ်ဖြူဖြူနှင့် အဘိုးကြီးတစ်ယောက်ကို တွေ့ရလေ၏။

'အဘကြီးက အိမ်ရှင်များလားခင်ဗျာ'

'ဟုတ်သကွယ့်'

'ကျွန်တော် ရိက္ခာပြတ်သွားလို့ ရိက္ခာဝင်ဝယ်တာပါ။ ရှိရင် နည်းနည်းပါးပါးမျှပါ၊ ပိုက်ဆံပေးပြီးဝယ်ပါ့မယ်'

'မင်း တကယ်ပဲ ဆာလောင်နေပြီလားကွယ့်'

'ဟုတ်ကဲ့၊ တကယ့်ကို ဆာလောင်နေပါတယ်ခင်ဗျာ'

'အေးလေ၊ ဒါဆိုရင်လဲ အိမ်ပေါ်တက်ပါ၊ ဆန်ပြုတ်တစ်ခွက်လောက်တော့ ကုသိုလ်ပြုလိုက်ချင်ပါတယ်'

ဆန်ကွမ်းချီမှာ သက်ပြင်းချမိ၏။

'အင်း...ညီလေး ယွမ်ရှောက်အတွက်တော့ သစ်မြစ်တူးပြီး ကျွေးရမလို ဖြစ်နေပြီ'



အဘိုးအိုသည် ကုလားတံခါးကို တွန်းဖွင့်ဝင်သွား၏။

ဆန်ကွမ်းချီလည်း လိုက်ဝင်သည်။

'ထိုင်ပါ'

ဆန်ကွမ်းချီ ထိုင်သည်။

အဘိုးအိုသည် နောက်ဖေးမီးဖိုခန်းထဲသို့ ဝင်သွားတော့သည်။

'ဒီရွာက လျှို့ဝှက်ဆန်းကြယ်နေတယ်၊ ဟိုအိမ်ရဲ့ အဆိုအရတော့ လူစိမ်းသိုင်းသမားတွေကြောင့် ခုလိုဖြစ်နေရတာလို့တော့ ပြောတာပဲ၊ ဒီအဘိုးကြီးက ငါ့ကို အဆိပ်ခတ်ပြီး အစာကျွေးလိုက်ရင် ပထမအကြိမ်တုန်းကလို ဒုက္ခ ရောက်သွားနိုင်တယ်။ သတိထားမှပဲ'

အဘိုးအိုသည် ဆန်ပြုတ်ပန်းကန်တစ်လုံးကို သယ်ယူလာ၏။

အငွေ့တထောင်းထောင်းလည်း ထွက်မနေပါ။

အေးစက်နေသည့် ဆန်ပြုတ်ပန်းကန်သာ ပါရှိလာပါသည်။

'စားပါ အားမနာတမ်းစားပါ၊ ဘယ်သူမဆို ဆာလောင်ရမယ်၊ သံမဏိသူရဲကောင်းလဲ အချိန်တန်ရင် ဆာလောင်ရမှာပဲ။ ဘယ်သူရဲကောင်းရဲ့ ဝမ်းပိုက်မှ သံမဏိနဲ့ပြုလုပ်ထားတာမဟုတ်ဘူး'

ဆန်ကွမ်းချီသည် အဘိုးအို၏ သဒ္ဒါတရားကိုကြည့်ပြီး အယုံအကြည်မရှိ ဖြစ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ စိတ်ထဲမှာ ထူးခြားနေသည်ဟု ထင်မိပြန်သည်။

သူသည် တဲအိမ်ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ခမ်းနားမှုမရှိပါ။

ဆင်းရဲသော အိမ်ကလေးသာ ဖြစ်ပါသည်။

သို့သော်....

ကျို၊ ကွမ်း နှင့် ကျဉ် အစရှိသော သူရဲကောင်းသုံးဦးပန်းချီကားတစ်ချပ် ရှိနေပါသည်။

ကျိုတဲအိမ်ကလေးနှင့် ကျိုပန်းချီကား မအပ်စပ်ဟု ဆန်ကွမ်းချီ တွေးနေသည်။

ပန်းချီကားထဲမှ သူရဲကောင်းသုံးယောက်သည် သတ္တာပြုနေကြဟန်ရှိ၏။

ဆန်ကွမ်းချီက....

'အခုလိုညှော်ဝတ်ပြုတာ အားနာလိုက်တာခင်ဗျာ'

'ရှိတာကျွေးရတာပဲလေ၊ အားနာစရာ မရှိပါဘူး၊ အဆာပြေလောက်တော့ စားလို့ဖြစ်ပါတယ်လေ'

ဆန်ကွမ်းချီသည် ဆန်ပြုတ်ပန်းကန်ကိုယူ၍ စားတော့မလို လုပ်ပြီးမှ သတိရကာ စားပွဲပေါ်သို့ ပြန်တင်လိုက်၏။

'ဘဘကြီးက တစ်ယောက်တည်းနေသလား'



'အရင်ကတော့ တစ်ယောက်တည်းပါပဲ၊ ဒါပေမယ့် အခုတော့ နှစ်ယောက်ဖြစ်နေတယ်'

'ခင်ဗျာ'

'ဪ....နာမကျန်းဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက် ရှာဝင်လာတာတွေလို့ သနားတာနဲ့ လက်ခံထားလိုက်တာပါပဲ'

'ကျွန်တော် ဆေးပညာ နည်းနည်းပါးပါး သင်ခဲ့ဖူးပါတယ်၊ ဝင်ကြည့်ပေးရမလား'

'ကြည့်လေ....ကျုပ်ကတော့ ခြံထဲဆင်းလိုက်ဦးမယ်'

ဆန်ကွမ်းချီသည် ယိုင်နဲ့နေသော အခန်းတံခါးကလေးကို လက်ဖြင့် ကုတ်ခြစ်၍ အချက်ပေးလိုက်လေ၏။

'လုံမလေး၊ နေမကောင်းဘူးလား'

တုံ့ပြန်သံမကြားရသဖြင့် သူသည် အခန်းတံခါးကို တွန်း၍ဝင်သွား၏။

'ဟင်'

ဆန်ကွမ်းချီမှာ ထိတ်လန့်သလို ဖြစ်သွား၏။

သစ်သားခုတင်၌ ထိုင်နေသူမှာ နိုင်ချစ်နော် ဖြစ်နေခဲ့သောကြောင့်တည်း။

သူမသည် မျက်လုံးနှစ်လုံးမှိတ်လျက် ငြိမ်သက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဒဏ်ပြင်းထန်သဖြင့် အတွင်းအားဖြင့် တားဆီးနေ[...] မျိုးဖြစ်သည်။

'လက်စသတ်တော့ မင်းကိုး'

'ဟုတ်တယ်....ကျွန်မပဲ'

နိုင်ချစ်နော်ဆီမှ ခပ်တိုးတိုးဖြေကြားသံ ကြားရလေ၏။

'ရှင်နဲ့ကျွန်မ ဆုံကြပြန်ပြီနော်'

'ဒီရွာထဲဝင်ရတာ သူရဲ့ရွာထဲ ဝင်ရသလိုပဲ၊ အားလုံးတံခါး ပိတ်ထားကြတယ်'

'ရှင်ပြောတာ မှားပါတယ်၊ ဒီထဲအိမ်ကတော့ ဖွင့်ထားတာပဲ မဟုတ်လား'

'မင်း ဘယ်လိုရောက်လာတာလဲ'

'ဒီလိုပါပဲ'

'မင်း အဆိပ်ဒဏ် အပြင်းအထန် ခံစားနေရတယ် မဟုတ်လား၊ အဆိပ်ဖြေဆေး လာမပေးကြဘူးလား'

'ပေးတယ်၊ ကျွန်မက ငြင်းပယ်လိုက်တယ်၊ မသောက်တော့ဘူး'

'ဟင်'



'ကျွန်မဘဝမှာ ဆင်းရဲစရာအားလုံးလိုလို ခံစားပြီးနေပါ[...] ကျွန်မဟာ ကြည်နူးစရာကို မခံစားခဲ့ရဘူး၊ အခုလို သေသာ[...]ရော ဘာမှ ဝမ်းသာကြည်နူးစရာ ခံစားရမှာ မဟုတ်ပါဘူး[...]'

ဆန်ကွမ်းချီ စိတ်မကောင်းဖြစ်သွားသည်။

သည်မိန်းကလေးက သူ့အပေါ် တောင်းခဲ့သည့် ဒုက္ခ[...]လေးများကို ပြန်လှန်စဉ်းစားမိသည်။

ထိုစဉ် နိုင်ချစ်နော်က....

'ကျွန်မဆီကို လာစမ်းပါ၊ ကျွန်မအတွင်းအိတ်ထဲမှာ ဂူလင်း[...]ခင်လုံးရှိတယ်၊ အဲဒါကို နှိုက်ယူပြီး ရှင်သိမ်းထားပါ၊ ငမ်ဂေ[...]ကြီးထဲက မိသားစုရင်းစားအုပ်ကြီးထဲမှာ လက်မှတ်ထိုးခဲ့တဲ့ [...]တွေကို တွေ့ရင် အဲဒီဆေးပေးလိုက်ပါ၊ အဲဒါ အဆိပ်ဖြေ[...]ဆေးပါပဲ'

ဆန်ကွမ်းချီမှာ ထိုအချိန်က မေ့ဆေးအဆိပ်ဒဏ် ခံထားရ[...]ဖြင့် ထိုအကြောင်းများကို မသိခဲ့ချေ။

သို့သော် ဘာမျှမပြောဘဲ ထိုဆေးပုလင်းကို သတိဝီရိယကြီး[...]ဖြင့် နှိုက်ယူလိုက်သည်။

'မိန်းကလေး၊ ငါ့အတွင်းအားနဲ့ မင်းခံစားနေရတဲ့ ဝေဒနာ[...] ကုပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း....ရှင်မကူနိုင်ပါဘူး၊ ကျွန်မ သေရမှာမကြော ပါဘူး၊ ကျွန်မ မွေးစားဖခင်ကြီးရဲ့ အဆိပ်ကို ဘယ်သူမှလဲ နိုင်မှာ မတွတ်ပါဘူး'

ဆန်ကွမ်းချီသည် မိန်းမပျို၏ ကျွန်ကျင်းသွေးကြောကို ရှာ တရက် ထိုးပိတ်လိုက်သည်။

'ရှင်....ရှင်....ဘာလုပ်တာလဲ'

မိန်းပျိုက တုန်လှုပ်စွာဖြင့် မေးလေ၏။

အဘယ်ကြောင့် ဤသို့ တုန်လှုပ်သွားသည်ကို ဆန်ကွမ်း မသိပေ။

'မင်း အသက်ကို ကယ်တင်ပေးမလို့ပါ'

'ရှင် မကယ်နိုင်ပါဘူး'

ဆန်ကွမ်းချီသည် မည်သည့်စကားမျှ မပြောတော့ဘဲ နိုင်ချ နှော်ကို ပွေ့ချီလိုက်၏။

တဲ့အပြင်သို့ထွက်လာပြီး အဘိုးကြီးကို ရှာကြည့်သည်။

အဘိုးကြီးကို မတွေ့သောအခါ နိုင်ချစ်နှော်အား ပွေ့ချီ အပြင်သို့ ပြေးထွက်လာ၏။



ကြောမီ ယွမ်ရှောက် အိပ်နေမည်ဟုပြောသည့် သစ်ပင် ကြီးအောက်သို့ ရောက်ရှိလာ၏။

'ညီလေး ယွမ်ရှောက်၊ အမြန်ဆင်းခဲ့စမ်း'

သူ့အသံမဆုံးမီ ယွမ်ရှောက် အောက်သို့ ရောက်လာ၏။

ဆန်ကွမ်းချီ၏လက်ထဲမှ နိုင်ချစ်နှော်ကို တွေ့လိုက်ရသော အခါ ယွမ်ရှောက်သည် ဆာလောင်သည့်ဝေဒနာကို မေ့သွား လေတော့၏။

'ဟာ....သူ....သူ'

'ဟုတ်တယ်၊ သူပဲ'

'ကျွန်တော် ပွေ့ချီခဲ့ရမလား'

ဆန်ကွမ်းချီသည် ခေတ္တမျှစဉ်းစားပြီးနောက် နိုင်ချစ်နှော် အား ယွမ်ရှောက်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

'သတိထားပြီး သယ်နှော်၊ သူ့ဝေဒနာ သိပ်ပြင်းထန်နေ တယ်၊ သူ့အသက်ကို ကယ်နိုင်လိုကယ်နိုင်ငြား ခေါ်လာခဲ့တာ'

'အစ်ကိုကြီး....စိတ်ချပါ'

ယွမ်ရှောက်သည် နိုင်ချစ်နှော်အား ဂရုတစိုက် ပွေ့ချီလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိုက ယွမ်ချောက်၏ အပြုအမူကိုကြည့်ပြီး မေး
လိုက်သည်။

'အင်း...ညီလေး ယွမ်ချောက်ရော ဒီမိန်းကလေးအပေါ်
သံသယဖြစ်နေခဲ့ပြီနဲ့တူပါရဲ့၊ အင်းလေ...သူ့ မျိုးရိုး
ဘဲ့ဘဝမှာ ဒီလိုလှပတဲ့မိန်းကလေးမျိုးကို ဟစ်ကြိမ် တစ်ခါမှ
မတွေ့ဆုံခဲ့ရပဲကိုး'

ဆန်ကွမ်းချိုသည် ခေါ်မှ ဦးဆောင်လျှောက်ရင်း အစား
အစာ ရိုက္ခာ သွားဝယ်ခဲ့ရသည်။

အခြေအနေကို ရှင်းပြ၏။

ယွမ်ချောက်က နိုင်ချစ်ခနော်အား တစ်ချက် ငုံ့ကြည့်ပြီး
နောက်...

'အစ်ကိုကြီး...ကျွန်တော် မဆာတော့ပါဘူးဗျာ၊ ကိစ္စမရှိ
ပါဘူး'

'အေး...'

သူတို့သည် ပေါ့ပါးစွာ ပြေးလာ၏။

ဆန်ကွမ်းချို၏စိတ်ထဲ၌ သမားတော်ဘယ်ဦးဦးအား ရှာဖွေ
ပြီး နိုင်ချစ်နော်အား ထိုသမားတော်ထံ၌အပ်နှံမည်ဟုကြံရွယ်
ထားသည်။



ဤသို့ဖြင့် ရှစ်မိုင်မျှ ခရီးပေါက်လာ၏။

'အစ်ကိုကြီး...မနေပြေးနဲ့တော့'

'ဟင်...ဘာဖြစ်လို့လဲ'

'ဒီမိန်းကလေး အခြေအနေသိပ်မကောင်းဘူး၊ သူ့ သက်
သာရာရအောင် သတိထားပြီး ဆွဲချီသွားပေမယ့် သူ့သွေး
ထွက်လာပုံရတယ်'

ဆန်ကွမ်းချိုသည် နိုင်ချစ်နော်အား ငုံ့ကြည့်၏၊

နိုင်ချစ်နော်မှာ မျက်စိများမှိတ်၍ မှိန်းနေသည်။

'အေး...ဟုတ်တယ်၊ သူ့ အသိပ်ကကြောက်စရာပဲ၊ ကဲ...
မြက်ခင်းအနီးအနားပေါ် ခဏချလိုက်ပါဦးကွာ'

ယွမ်ချောက်သည် ဆန်ကွမ်းချိုပြောသည့်အတိုင်း သူမကို
မြေပြင်ပေါ်သို့ ချထားပေးလိုက်၏။

ဆန်ကွမ်းချိုသည် သူမ၏ပခုံးမှ ကျန်ကျင်း သွေးကြောကို
ပြန်လည်ဖွင့်ပေးလိုက်သည်။

ရှမ်ကျီးသွေးကြောကိုမူ ပြန်ပိတ်ထား၏။

ထို့နောက် သွေးခုန်နှုန်းကို စောင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ဝတ်သွေးကြောများမှ သွေးခုန်နှုန်း မှန်ကြောင်း တွေ့ရှိရသည်။

'ညီလေး' ယွမ်ရှောက်၊ မင်းရဲ့အတွင်းအားနဲ့ သူ့ကိုကူညီစမ်း၊ ငါ သူ့ကိုကယ်ဖို့ နည်းလမ်းရှာမယ်'

'ဟုတ်ကဲ့'

ယွမ်ရှောက်သည် ရှမ်ကျီသွေးကြောပေါ်သို့ သူ၏ လက်ဖဝါးဖြင့်အုပ်၍ အတွင်းအား ထုတ်ကာ နိုင်ချစ်နော်အား ကူညီရန် ဟန်ပြင်သည်။

ယွမ်ရှောက်၏ မျက်စိနှစ်ကွင်းမှ မျက်ရည်နှစ်စက် လွင့်ကျလာသည်ကို တွေ့ရသောအခါ ဆန်ကွမ်းချီမှာ အကြီးအကျယ် ထိတ်လန့်သွားလေတော့၏။

မျက်ရည်....

မျက်ရည်ဆိုသည်မှာ နှလုံးသားခံစားမှု၏ အမှတ်လက္ခဏာဖြစ်၏။

ဝမ်းသာလျှင်လည်း မျက်ရည်ကျ၏။

ဝမ်းနည်းလျှင်လည်း မျက်ရည်ကျ၏။



ယခင်က နှလုံးသားခံစားမှု၏လက္ခဏာ လုံးဝမကျဆင်းခဲ့သည့် ယွမ်ရှောက်၏မျက်ရည်နှစ်စက်သည် နိုင်ချစ်နော်တည်းဟူသော ဝတ်စုံဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးအတွက် ကျရောက်လာခဲ့ပေပြီ။

ဤသည်မှာ ယွမ်ရှောက်သည် နိုင်ချစ်နော်၏ မေတ္တာပိုက်ကွန်အတွင်း ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း သက်သေဟု ဆန်ကွမ်းချီ သိလိုက်မိတော့သည်။

ထို့အတွက် ဆန်ကွမ်းချီမှာ ယွမ်ရှောက်အတွက် များစွာ စိတ်မသက်မသာဖြစ်မိသည်။

နိုင်ချစ်နော်က ချောမော လှပသလောက် ညီဖြစ်သော ယွမ်ရှောက်က အလွန်တရာ ရုပ်ဆိုးကြမ်းတမ်းနေသောကြောင့် တည်း။

အလွန်တရာ မလိုက်ဖက်သည့်ချစ်သူနှစ်ဦး ဖြစ်ပေလိမ့်မည်ဟု စဉ်းစားရင်း သက်ပြင်းချမိ၏။

နိုင်ချစ်နော်သည် မိန်းကလေးလိုလှပသလောက် သူ၏စိတ်ဓာတ်က ကင်းမြီးကောက်၏ အမြီးဖျားကဲ့သို့ ထက်မြက်ပြီး အဆိပ်ပြင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းရှောက်ကား အချောမကိုင်ရသေးသည့် ကျောက်ဆစ်တုံးကဲ့သို့ ရုပ်ရည် ကြမ်းတမ်းသော်လည်း စိတ်ထားကား ပန်းပွင့်ကလေးတစ်ပွင့်ကဲ့သို့ နူးနယ်လှပသူ ဖြစ်သည်။

အလွန်တရာရိုးသားသူ ဖြစ်သည်။

'သူတို့ စိတ်မဆင်းရဲကြပါစေနဲ့'

ဆန်ကွမ်းချီသည် ထိုကဲ့သို့ဆုတောင်းမိလေတော့သည်။

## အခန်း ( ၈ )

### အလ်အဖွဲ့ခေါင်းဆောင်အစ်ဦးနှင့် တွေ့ဆုံရခြင်း

လေပြည်တိုက်ခတ်နေသဖြင့် ဆန်ကွမ်းချီ၏ အင်္ကျီလက်ရှည်သည် လေထဲ၌ တဖျပ်ဖျပ်တုန်ခါနေသည်။

နိုင်ချစ်နော်၏ဆံနွယ်စများသည်ပင် လေထဲ၌ လွင့်မျောနေသေး၏။

ယွမ်ရှောက်၏အတွင်းအားသည် အမှန်ပင်ကယ် နက်ရှိုင်းလှ၏။

မကြာမီအချိန်အတွင်းမှာပင် နိုင်ချစ်နော် ပြန်လည်၍ သတိရလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်သည် သက်ပြင်းချပြီး သူ့လက်ကို ပြန်လည်ရုပ်သိမ်းလိုက်၏။

နိုင်ချစ်နော်သည် စူးစိုက်သော ဆန်ကွမ်းချီနှင့် စိုးရိမ်နေသော ယွမ်ရှောက်တို့ကို ဝေ့ယမ်းကြည့်လိုက်ပြီး....

'ရှင်တို့နှစ်ယောက် ဘာတွေ တွေးနေကြသလဲ'

ယွမ်ရှောက်က စိုးရိမ်သံဖြင့် မေးမြန်းလေ၏။

'ခင်ဗျား....နေကောင်းပြီလား'

သူမသည် မြေပြင်ကို လက်ထောက်ပြီး ထိုင်ချ ကြိုးစားသည်။

ယွမ်ရှောက်က ဖျာပွာသလဲ ကူညီ၏။

'ကျွန်မ ဘယ်တော့မှ နေကောင်းမှာမဟုတ်တော့ပါဘူး'

ယွမ်ရှောက်၏မျက်နှာမှာ ချက်ချင်းအိုသွားသည်။

ဆန်ကွမ်းချီအား မော့ကြည့်ပြီး....

'အစ်ကိုကြီး....သူပြောတာ ဟုတ်သလားဟင်'

'ဟုတ်တယ်....သူက ရိုးရိုးရောဂါမဟုတ်ဘူး၊ ကွန်လုံဝမ်ရဲ့ အဆိပ်အပ်စူးဝင်နေလို့ ဒီစကားပြောတာပါ၊ အဆိပ်က ပြင်းထန်တယ်'



'ဒီအဆိပ်ကို ကုသနိုင်တဲ့လူ ဒီလောကမှာ မရှိတော့ဘူးလားဗျာ'

'ဒါတော့မပြောတတ်ဘူးဟ၊ ငါတို့က သိုင်းလောကနဲ့လဲ အကျွမ်းမဝင်တော့ ဖိုဆိုးတာပေါ့'

ယွမ်ရှောက်သည် အတန်ကြာငေးမောစဉ်းစားပြီးမှ အလန့်တကြား လှမ်းပြောလေ၏။

'အဘဆရာကြီးကော ဒါကို မကုသနိုင်ဘူးလားဟင် အစ်ကိုကြီး'

'အဘဆရာကြီးကတော့ ပညာရပ်အမျိုးမျိုး တတ်ကျွမ်းပါတယ်၊ မကုသနိုင်ဘူးလို့ အတတ်မပြောနိုင်ဘူး'

ယွမ်ရှောက် အလွန်တရာ ဝမ်းသာသွား၏။

ရုတ်တရက်ပင် ဖြန်းခနဲ ထ ရပ်လိုက်ပြီး....

'အစ်ကိုကြီး၊ သူ့ကို ကောင်းကောင်းစောင့်ရှောက်ထားပါ၊ ကျွန်တော် အဘဆရာကြီးကို သွားရှာမယ်၊ သူ့ရဲ့ ဒဏ်ရာကို ကုပေးဖို့ ခေါ်လာခဲ့မယ်'

ဆန်ကွမ်းချီမှာ လည်ပင်းရှည်ထွက်မတတ် ဖြစ်သွား၏။

'အဘဆရာကြီးက ဘယ်သွားမှန်းမှဆိုတာ ညီလေးရဲ့ လောကကြီးဟာ အကျယ်ကြီးကွ၊ မင်းမရှာနိုင်ပါဘူး ညီလေး'

www.burmeseclassic.com



သည်တစ်ကြိမ်တွင်တော့ ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏ စကားကို နားမထောင်တော့ပေ။

ဆန်ကွမ်းချီ၏စကားမဆုံးမီပင် သူသည် အဝေးသို့ ရောက်နေပေပြီ။

'အစ်ကိုကြီးသာ သူ့ကို စောင့်ရှောက်ထားလိုက်ပါ၊ ကျွန်တော် တွေ့အောင်ရှာခဲ့မယ်'

ယွမ်ရှောက်၏အသံသာ လေနှင့်ဝေ့လာသည်။

လူကတော့ မတွေ့မြင်ရတော့ပေ။

လူကား မည်သည့်နေရာသို့ ရောက်သွားလေပြီ မသိတော့ပြီ

တောခေါင်ခေါင် မြက်ခင်းပေါ်၌ ဆန်ကွမ်းချီနှင့် နိုင်ချစ်နေဘ်တို့ နှစ်ဦးသာ ကျန်ရစ်သည်။

နိုင်ချစ်နေဘ်က တိုးညင်းစွာပြော၏။

'ရှင့်ညီလေးက သိပ်ပြီး စေတနာကောင်းတာပဲနော်'

'သူက သိပ်ပြီး ရိုးအတယ်၊ လူ့လောကကြီးအကြော ဘာမှ မသိရှာဘူး'

'ရှင်ကတော့ လည်လွန်းလို့လား'



'ငါက မလည်ပါဘူး၊ ဒါပေမယ့် ငါက လူ့လောကထဲမှာ အကြာကြီး နေခဲ့တဲ့လူပါ၊ သူကတော့ တောတွင်း...'

ဆန်ကွမ်းချီက ဆက်မပြောတော့ပေ။

နိုင်ချစ်နေဘ်က သက်ပြင်းချ၍ ပြော၏။

'လောကမှာ ဒီအဆိပ်ပြေအောင် လုပ်နိုင်တဲ့လူဆိုလို့ ကျွန်မရဲ့ မွေးစားဖခင်ကြီးတစ်ယောက်ပဲ ရှိပါတယ်၊ ရှင့်ညီလေးက ကုသ နိုင်မယ့်လူ သွားရှာလဲ အပိုပါပဲ၊ သူပဲ ပင်ပန်းတာအဖတ်တင် တာပါပဲ'

'သူဟာ သိပ်ရိုးသလို ငါ့စကားကိုလဲ သိပ်နားထောင် ပါတယ်၊ ဒီတစ်ခါတော့ မင်းရဲ့အဆိပ်ဒဏ်ရာ ပြေစေချင်လွန်းလို့ ငါ့စကား နားမထောင်ဘဲနဲ့ ပြေးထွက်သွားပါတယ်၊ သူသွား ရှာတဲ့ပုဂ္ဂိုလ်ကို တွေ့ဖို့ကလဲ တကယ်တော့ မလွယ်ပါဘူး၊ ကဲ... ဘာပဲဖြစ်ဖြစ် သူပြန်လာခင် မင်း စိတ်သက်သာရာရအောင် ငါ ပလွေမှုတ်ပြမယ်နော်'

နိုင်ချစ်နေဘ်က အဆိပ်ဒဏ်ခံနေရသည့်ကြားမှ ပြုံး၍ပြော

'ရှင်က ပလွေမှုတ်တတ်လို့လား'

ဆန်ကွမ်းချီသည် ရင်ခွင်ထဲမှ ကြေးပလွေကို ဆွဲထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



'မှတ်တတ်ပါတယ်ဗျာ၊ ဒါပေမယ့် သည်းခံစောင့် နားထောင် ပါကွာ၊ ငါက အပျင်းပြေ မှတ်မိတာပါ'

'ကျွန်မကို ဒီထက် မြက်ပင်ထူတဲ့နေရာ ပို့ထားပါ'

သူမက ချုံပင်ကလေးများ ဝန်းရံနေသည့်နေရာသို့ လက်ညှိုး ထိုးပြ၏။

'အဲဒီနေရာကို ပို့ပေးပါလားရှင်'

ဆန်ကျွမ်းချိ အံ့ဩသွား၏။

'ဘာဖြစ်လို့လဲ'

'ကျွန်မ အချိန်မရွေး သေသွားနိုင်တယ်၊ ရှင့်ပလွေသံနဲ့အဆုံး မှာပဲ သေဆုံးသွားနိုင်တယ်၊ သေရင်တော့ အဲဒီလို မြက်ပင်ထူထူ ကြားမှာပဲ သေချင်ပါတယ်ရှင်'

'ဒီလောကကြီးကို ရိမ်ရှာလားဟင်'

'ကျွန်မ လိမ်မပြောပါဘူးရှင်၊ ကိုယ်သေရမယ့် ဟာကိုပဲ ဥ...'

ဆန်ကျွမ်းချိသည် စိတ်ချမ်းသာပါစေတော့ဟူ သော... သဘောဖြင့် သူမကိုပွေ့ချီကာ သူမညွှန်ပြသည့်နေရာသို့ ချထား ပေးသည်။



ထိုနေရာမှာ မြက်ပင်တွေထပ်လှသဖြင့် ကမ္ဗလာစိမ်းကြီး ခင်းထားသကဲ့သို့ ထင်မှတ်ရပေသည်။

ဆန်ကျွမ်းချိက နိုင်ချစ်နော်ကို အားပေးလိုသဖြင့် သူ့ အတိတ် အဖြစ်အပျက်ကို ပြန်လှန်ပြောပြ၏။

'မိန်းကလေး၊ သိပ်လဲ အားမလျှော့ပါနဲ့၊ ငါဆိုရင် မင်းရဲ့ မွေးစားမခင်ကြီး သုပ်ကြံတာကို ခံခဲ့ရဖူးပါတယ်၊ အသူရာ ချောက်ကြီးထဲကို ခုန်ချခဲ့ရတာပါ၊ အဲဒီတုန်းက ငါဟာ ခုလေးကမှ သိုင်းပညာမတတ်သေးပဲကိုး'

'ရှင် မသေဘူးပေါ့'

'အဲဒါပြောတာပေါ့၊ လူသူလုံးဝမရှိတဲ့ ချောက်ထဲကို ကျခဲ့ တာပါ၊ လူ့လောကမှာ ဆက်ပြီးအသက်ရှင်သန်ချင်တဲ့ဆန္ဒပဲ အရေးကြီးတာပါ၊ ကျန်တာတွေက သူ့အလိုလို ဖြစ်လာမှာပါ'

'ရှင် ကျွန်မကို သိပ်ပြီးအသက်ရှင်စေချင်တာက ဘာကြောင့် လဲ'

'ငါ့သိတလေး ယွမ်ချောက်အတွက်ပေါ့၊ သူက မင်းကို ချစ်ပြီး မြတ်နိုးနေတယ်'

နိုင်ချစ်နော် မျက်မှောင်ကြုတ်သွား၏။

ဆိုသော် ချက်ချင်း ပြန်၍ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကိုလဲ ကျွန်မ တစ်ခုမေးစရာရှိပါတယ်'

'ဘာကိစ္စမေးမှာလဲ၊ မေးပါ'

'ရှင်အခုကော ကျွန်မကို မချစ်မမြတ်နိုးဘူးလားဟင်'

ဤမေးခွန်းမှာ သူ၏ဦးခေါင်းထက်သို့ မမျှော်လင့်ဘဲ ကျလာသော အိမ်လုံးလောက်ကြီးမားသည့် ကျောက်တုံးကြီးနှင့် တူ၏။

ဆန်ကွမ်းချို ရုတ်တရက် ငိုင်သွားသည်။

အတန်ကြာမှ....

'သိပ်ချော သိပ်လှတဲ့ မိန်းကလေးတိုင်းကို ဘယ်ယောကျ်ားမဆို ချစ်ကြတာပဲပေါ့၊ ငါလဲ လူထဲကလူပဲ၊ ဒါပေမယ့်...'

'ဒါပေမယ့် သိပ်တော့ မချစ်ဘူးဆိုပါတော့'

'မှန်တယ်၊ သိပ်မချစ်ဘူးလို့ပဲ ဆိုပါတော့၊ မင်းက သိပ်ပြီး ရက်စက်လွန်းတယ်၊ မင်းရဲ့သဘာဝနဲ့ ငါ့သဘာဝ မတူကြဘူး၊ ရေသတ္တဝါနဲ့ ကုန်းသတ္တဝါလိုပဲ ကွာခြားကြပါတယ်'

ထိုအထိသာ ဆန်ကွမ်းချိုပြောသည်။

နှုတ်မှမပြောဘဲ ရင်တွင်းမှ ဆက်၍ပြောလိုက်သည့်စကားသည်ကား....



'အေး....ငါ့ညီလေးယွမ်ရှောက်ရဲ့သဘာဝနဲ့ မင်းရဲ့သဘာဝကတော့ ပိုပြီးကွာခြားပါသေးတယ်'

ဟူ၍သာ ဖြစ်ပါတော့သည်။

ဆန်ကွမ်းချိုက စကားဖြတ်လိုက်၏။

'ကဲ...ငါ ပဒေလ္လမှုတ်ပြမယ်'

နိုင်ချစ်နော်မှာ ရင်ထဲ၌နာသွားသည်။

သို့သော် မည်သည့်စကားမျှ ဆက်မပြောတော့ပေ။

ဆန်ကွမ်းချိုသည် နိုင်ချစ်နော် မည်သို့ ခံစားနေရသည်ကို မရိပ်မိပေ။

သူ၏ ကြေးပဒေလ္လကိုသာ သီမှုတ်တော့သည်။

ငြိမ့်ညောင်းသာယာသော တေးသံသည် လေထဲ၌ လွင့်ပါသွားလေ၏။

ဆန်ကွမ်းချို၏ အနုပညာဗီဇ ကောင်းသဖြင့် တေးသံသည် ကြားရသူတို့၏ နားထဲ၌ အလွန်တရာချိုမြနေသည်။

နွေဦးရောက်သကဲ့သို့ ခံစားလာရသည်။

ပန်းပွင့်များကို မြင်ယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချို့အိုသော ပန်းရနံ့များကို ယခုပင် ရှူရှိုက်ရသကဲ့သို့ ထင်မှတ်လာမိလေ၏။

ဆန်ကြွမ်းချီ၏ ပလွေသံ ရပ်သွားသောအခါ...

'ရှင့်ပလွေသံရဲ့ သံစဉ်က သိပ်သာယာတာပဲနော်၊ သီချင်းတစ်ပုဒ်ကို မှုတ်တာ မဟုတ်လား'

'ဟုတ်တယ်'

'သီချင်းနာမည်က'

'ငါစပ်ထားတဲ့ သီချင်းမှန်သမျှဟာ နာမည်မှ မရှိဘူး'

'ကျွန်မ ရှင့်ကို တစ်ခုတောင်းပန်ချင်ပါတယ်'

'ဖော...ပြောချင်ရာသာပြောပါ၊ တောင်းပန်ဖို့ မလိုပါဘူး'

'နောက်ထပ် ပလွေမမှုတ်ပါနဲ့တော့ရှင်'

'ဟင်'

'ဟုတ်တယ်၊ ရှင့်ပလွေသံကြားရင်ဒီလောကကြီးထဲမှာဆက်ပြီး အသက်ရှင်သန်ချင်စိတ် ပေါက်လာတယ်၊ ဒီလောကကြီးကို တွယ်တာစိတ်ပေါက်ခြင်းဟာ ကိုယ့်ကိုယ်ကို ပူလောင်စေခြင်း မဟုတ်လားရှင်'



ဆန်ကြွမ်းချီလည်း နိုင်ချစ်နော်အတွက် စိတ်မကောင်း ဖြစ်သွား၏။

ထို့ကြောင့် သူ့ပလွေကို ပြန်လည် သိမ်းဆည်းလိုက်မိတော့သည်။

နိုင်ချစ်နော်က ဆက်၍ပြောပြ၏။

'ဒီလောကကြီးထဲမှာ ဆက်ပြီးအသက်မရှင်ချင်တော့ပါဘူးရှင်၊ ကျွန်မ မွေးစားဖခင်ကြီးဟာ အချိန်ပိုင်းနဲ့ အဆိပ်ဖြေနိုင်တဲ့ ဖြေဆေးကိုလူလွှတ်ပြီး ပေးခိုင်းခဲ့ပါတယ်၊ ကျွန်မ ငြင်းလွှတ်လိုက်တယ်လေ၊ အချိန်ပိုင်းနဲ့ အသက်ရှင်ရုံဘင် ဆိုတော့ သူ့အမိန့်ကို ဆက်ပြီး နာခံနေရဦးမှာပေါ့၊ ကျွန်မက အသက်မရှင်ချင်တော့ဘူးလေ'

'သူက အချိန်ပိုင်းသာ ဖြေစေတဲ့ အဆိပ်ဖြေဆေး ပေးမှာလား'

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်တဲ့ရှင်၊ ကျွန်မတို့ဂိုဏ်းကို ကိုယ့်ဂိုဏ်းသားတွေက ဝမ်ဂိုဏ်းလို့ပဲခေါ်ကြတယ်၊ တခြားလူတွေကတော့ မကောင်းဆိုးဝါးဂိုဏ်းလို့ ခေါ်တာပဲ၊ ဝမ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ ဘယ်ကိစ္စကိုမှ ပေါ့ပေါ့ဆဆ မလုပ်ဘူးရှင့်၊ သူက ကျွန်မကို အကျဉ်းသားအဖြစ်က ဘယ်ကင်းလွှတ်ခွင့်ပေးမလဲ'

'ဒီလူကတော့ အဆိုးယုတ်မာဆုံးလူပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မဟာ ဆင်းရဲ ကျပ်တည်းတဲ့ အချိန်ကာလတွေကို အများကြီး ကြုံတွေ့ခဲ့ရတော့ ဘဝကိုလဲ သိပ်မခင်တွယ်တော့ပါဘူး၊ ဒါကြောင့် အဆိပ်ဖြေဆေးကို မယူဘူးလို့ ငြင်းပယ်ခဲ့တာပေါ့'

ဆန်ကွမ်းချီက လေးနက်စွာ ပြောလေ၏။

'ခုတော့ မသေချင်ပါနဲ့ဦး၊ ငါ့ညီလေး ပြန်ရောက်တဲ့အချိန်အထိတော့ စောင့်ပါဦး'

နိုင်ချစ်နော်က မချိပြုံးပြုံးသည်။

'အင်း...ကျွန်မသေပြီး ရောက်လာရင် ကျွန်မအတွက်အုတ်ဂူတစ်လုံးတော့ သူလုပ်ပေးနိုင်မှာပေါ့ရှင်'

ဆန်ကွမ်းချီက အဝေးသို့ ငေးမျှော်ရင်း ဆွေးမြည့်စွာပင် ပြောလေ၏။

'သူက အုတ်ဂူကလေးတင် လုပ်ပေးမှာ မဟုတ်ပါဘူး'

'ရှင်'

'ဟုတ်တယ်၊ ငါ စိုးရိမ်တာက မင်းအတွက် အုတ်ဂူကလေးတစ်ခု လုပ်ပေးရုံတင်မကဘဲနဲ့ သူ့ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအားလုံးကို မင်းရဲ့အုတ်ဂူထဲ သည်းသွင်းမြှုပ်နှံပစ်လိုက်မှာကို ငါ စိုးရိမ်နေတာပါ'



'ကျွန်မလဲ ကံခဲတာပါပဲရှင်'

'ဘာကြောင့် ကံခေတယ်လို့ ပြောရတာလဲ' ဟု ဆန်ကွမ်းချီ မခမ်းတော့ပေ။

'ငါ့ညီလေး ပြန်ရောက်လာရင် ဘာပဲဖြစ်ဖြစ် မင်းနဲ့တော့ စကားမြည်ပြောဖြစ်ဦးမှာပေါ့လေ၊ မင်း အနားယူနိုင်အနားယူပါ၊ ငါ မင်းကို ကင်းစောင့်ပေးနေပါတယ်၊ ဒီနေရာတစ်ဝိုက်က ချုံတွေပတ်သည်ဝိုင်းနေတော့ တော်ရုံတန်ရုံလူကလဲ အိပ်နေတဲ့မင်းကို မမြင်နိုင်ပါဘူး'

'မြင်လို့ရှင်ပြရင်လဲ ကျွန်မက ဂရုမစိုက်ပါဘူးရှင်'

ဆန်ကွမ်းချီသည် နိုင်ချစ်နော်၏ အနီးမှ ထွက်ခွာလာပြီး အဝေးသို့ ငေးမျှော်ကြည့်သည်။

'ဪ...ညီလေး...ညီလေး၊ သံယောဇဉ် အမျှင်တန်းပြီး ဘယ်ရောက်နေမှန်းမသိတဲ့ ဆရာ့ကို လိုက်ရှာနေတယ်၊ ပင်လယ်သမုဒ္ဒရာက အမှိုက်ကလေးတစ်စကို လိုက်ဆယ်နေသလိုပဲဖြစ်နေတော့မှာပေါ့ ညီလေးရယ်'

ထိုစဉ် ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ထို့နောက် စကားပြောသံများပါ ကြားလိုက်ရသဖြင့် ဆန်ကွမ်းချီသည် နိုင်ချစ်နော်အား လှမ်းကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူရပ်နေသည့် နေရာမှပင် နိုင်ချစ်နော်အား မမြင်နိုင်သဖြင့် စိတ်အေးသွားသည်။

သူကမူ အနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

'ကျုပ်ကတော့ အဆင့်မြင့် သိုင်းသမားတွေအားလုံးကို ဒီနေရာလာဖို့ ညာခေါ်နိုင်မယ် မထင်ဘူးဗျ'

ထိုအသံကို ဆန်ကွမ်းချို ကြားဖူးသည်ဟု ထင်မှတ်သည်။

'ဟား...ဟား...ဟား၊ မင်းက ဂိုဏ်းသားသစ်ဖြစ်နေတော့ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်အကြောင်း ဘယ်သိလိမ့်မလဲ၊ အဆင့်မြင့် သိုင်းသမားမှန်သမျှ ဒီနေရာကို ရောက်လာရလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ဟာ မပိုင်ရင် ဘယ်တော့မှမလုပ်ဘူး'

ဆန်ကွမ်းချိုသည် ထိုအသံကိုတော့ မကြားဖူးချေ။

ပထမအသံရှင် မည်သူဖြစ်သည်ကို သူစဉ်းစား၍ရပေ။

အတန်ကြာမှ...

တိဗက်ကျောင်းတော်ဘုရင်ကြီး နောင်ကြီးတုဆန်ဟုဖြစ်ကြောင်း ပြန်လည် အမှတ်ရလာ၏။

သူ အထင် မှန်ကြောင်း မကြာမီ မျက်မြင်ကိုယ်တွေ့ သိရှိတော့သည်။



သူ၏မြင်ကွင်းအတွင်းသို့ လူနှစ်ယောက် ရောက်ရှိလာ၏။

တစ်ယောက်မှာ တုထန်ဟုဖြစ်ပြီး၊ အခြားတစ်ယောက်မှာ အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည့် လူတစ်ယောက် ဖြစ်နေသည်။

ဆန်ကွမ်းချိုသည် ဤသို့ ချောင်းမြောင်း ကြည့်ရှုနေစဉ် နိုင်ချစ်နော် ရှိနေသည့်နေရာမှ လှုပ်လှုပ်ရွှားရွှား ဖြစ်လာသည်ကို သတိပြုမိလိုက်၏။

'ဟာ...သူ ကိုတွေ့သွားရင် မလွယ်ဘူး၊ သူတို့ အဲဒီကိုမတွေ့အောင် အာရုံမြောင်းပေးမှ ဖြစ်မယ်'

ဆန်ကွမ်းချိုသည် သစ်ပင်ပေါ်မှ ခြေပစ်လက်ပစ် ကျလာတော့၏။

သူကျလာပုံမှာ ကိုးရိုးကားရားနိုင်လှသဖြင့် လူအား မည်သူမျှ သိုင်းပညာတတ်မည့်သူဟု မထင်နိုင်ပေ။

ဤသို့ဖြစ်စေရန် ရည်ရွယ်ပြီး ဆန်ကွမ်းချို လိမ့်ဆင်းလာခြင်းဖြစ်သည်။

'ဟာ...လူတစ်ယောက်'

'ရှမ်း'

www.burmeseclassic.com



ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် လူကြီးသည် ဆန်ကွမ်းချိအား လက်ညှိုးထိုးပြီးသည်နှင့် သူ့ခေါင်းကို ဆွဲထုတ်လိုက်လေသည်။

'နောင်ကြီး....မလုပ်နဲ့'

'ဘာလဲ၊ မင်းအသိမို့လို့လား'

'ကျွန်တော့် ညီဝမ်းကွဲနဲ့တူလို့ပါ၊ သူက သိပ်စိတ်မမှန်ဘူး'

တုအန်ဟိုသည် လိမ့်ကျလာကာတည်းက ဆန်ကွမ်းချိမှန်း… ၍ မျက်နှာပျက်သွားခဲ့သည်။

ဆန်ကွမ်းချိ အဆိပ်ဆေးမိနေဆဲဟု သူ ယုံကြည်နေသေးသည်။

ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် လူက....

'မင်းညီဝမ်းကွဲသော ဘာသော ညာသော အသက်ရှင်လျက်မထားနိုင်ဘူး'

ထိုလူက ခေတ္တ စဉ်းစားပြီး....

'ကောင်းပြီ၊ ဒီလိုလုပ်၊ သူ့သွေးကြောတွေကို ပိတ်လိုက်၊ သူ့လက်နှစ်ဖက်ကို ဖြတ်ပစ်လိုက်၊ စကား မပြောနိုင်အောင် လုပ်ပစ်လိုက်၊ ဒါဆို သူ့ကိုငါ မသတ်တော့ဘူး'



ဆန်ကွမ်းချိသည် တုထန်ဟိုး၏ စကားများကို ကြားလိုက်သဖြင့် လဲကျနေရာမှ ထမလာတော့ဘဲ ထိုနေရာ၌ပင် ညည်းညည်းညူညူ ပြုလုပ်နေသည်။

'ဟာ....နောင်ကြီးက ဘယ်ရက်စက်တာပဲ၊ ဒါဆိုရင်သတ်တာထက်တောင် ဆိုးသေးတယ်'

ထိုဓါဒကစကားကို ကြားလိုက်သည့်အခါ ကိုယ်ကျပ်အင်္ကျီဝတ်လူကြီးမှာ လွန်စွာ အံ့ဩသွားသည်။

တုထန်ဟိုကို သေချာစွာ ပြန်ကြည့်ပြီး....

'မင်း ဝမ်ဂိုဏ်းထဲဝင်တာ ဘယ်လောက်ကြာပြီလဲ'

'ကျွန်တော်ဝင်တာ သိပ်မကြာသေးပါဘူး'

'အေး....ဒါကြောင့်မို့ မင်း ခုနကစကားကိုပြောမိတာပဲ'

'ဗျာ....ကျွန်တော်....'

'မင်း နားမလည်ဘူး မဟုတ်လား၊ ဝမ်ဂိုဏ်းထဲဝင်တာကြာတဲ့လူတွေဟာ ကိုယ့်ဆွေမျိုး သားချင်းကိုတောင် မညှာကြဘူး၊ ဆွေမျိုးလို့လဲမသတ်မှတ်ဘူး၊ ဂိုဏ်းချုပ်ကြီး ကွန်လုံ ခမ်းသာသိရင် မင်းတော့ ကြီးလေးတဲ့အပြစ်ဒဏ် ခံရမှာသေချာတယ်'

တုအန်ဟိုက ရယ်မောပြီး ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'လွယ်ပါတယ်၊ နောင်ကြီးကို သတ်ပြီး နှုတ်ပိတ်ပစ်လိုက်မှာပေါ့'

ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသည့် လူကြီးမှာ ကွန့်လုံဝမ်၏ ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်များထဲမှ တစ်ယောက် ဖြစ်သည်။

သာမန်ဂိုဏ်းသားများထက် များစွာ အဆင့်မြင့်သည်။

တုဆန်ဟို၏စကားကိုကြားသောအခါ ထိုလူကြီး မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားသည်။

'မင်းတော့ ရူးပြီ၊ အချိန်မှန်မှန် ဖြေဆေးမသောက်ဘူးနဲ့တူတယ်'

သူ့စိတ်ထဲ၌ တုဆန်ဟို၏စကားပြောခြင်းမှာ ပင်ကိုယ်စိတ်အရ ပြောခြင်းမဟုတ်။ အဆိပ်ဖြေဆေး မသောက်မိသည့်အဆိပ်ဒဏ်ဖြင့် သွေးရူးသွေးတန်း ပြောနေခြင်း ဖြစ်သည်ဟု ထင်မှတ်နေခြင်း ဖြစ်သည်။

တုဆန်ဟိုသည် ထိုလူကြီးမည်သို့ယူဆနေသည်ကို ချက်ချင်းရိပ်မိ၏။

သူ

သူသည် သိုင်းလောကတ အခွေအကြုံ ရင့်ကျက်လှသူမဟုတ်ပါလား။



တုဆန်ဟိုသည် ကောင်းကင်ကြီးကို မော့ကြည့်ပြီး ရယ်လိုက်လေ၏။

'နောင်ကြီး လေသံကို နားထောင်တာနဲ့ နောင်ကြီးဟာ လူတွေအများကြီး သတ်ခဲ့ဖူးပုံရတယ်'

တုဆန်ဟိုသည် သူ့စကားအဆုံးတွင် နောက်ကျောမှ ဓားကို ရှမ်းခနဲဆွဲထုတ်ပြီး ရှီခနဲ လှမ်းထိုးလိုက်၏။

ဤဓားချက်ကို တော်ရုံ တန်ရုံ သိုင်းသမား မည်သို့မျှ မရှောင်တိမ်းနိုင်ပေ။

ဓားချက်ပြင်းထန်ရုံမျှမက အလစ်လုပ်ကြံခြင်းလည်း ဖြစ်ပေသည်။

'ဟား...ဘယ်လိုလဲ'

ကိုယ်ကျပ်အင်္ကျီဝတ်လူကြီးမှာ ကျွမ်းထိုးမှောက်ခုံ ရှောင်တိမ်းနိုင်ခြင်းကပင် ထိုလူ၏သိုင်းပညာစွမ်းရည်ကို ပြသလျက်ရှိပေသည်။

'ရပ်လိုက်'

ကိုယ်ကျပ်အင်္ကျီနှင့်လူသည် တုဆန်ဟို အဆိပ်တခနေသည်ဟု ထင်မှတ်နေသဖြင့် ရပ်ခိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုမှာ ဆန်ကွမ်းချီကို ကယ်တင်ရန်အတွက် ထိုလူကိုသတ်ရန် ဆုံးဖြတ်ပြီးဖြစ်၏။

ပထမတစ်ချက်လုပ်ကြံ၍ မလွယ်သည်ကိုကြည့်ပြီး ဤသူနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရတော့မည်ဟု နားလည် သဘောပေါက်ပြီး ဖြစ်သည်။

ထို့ကြောင့် သူ ခါး၌ပတ်ထားသည့် ကျာပွတ်ကို ဆွဲဖြုတ်ပြီး တိုက်ခိုက်လေတော့သည်။

ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသည့် လူကြီးသည် မတတ်သာတော့ဘဲ ပြန်လည် ခုခံရလေတော့၏။

မကြာမြင့်မီအချိန်အတွင်း၌ ထိုနှစ်ယောက်မှာ သိုင်းကွက်ပေါင်းသုံးဆယ်ခန့်မျှ ယှဉ်ပြိုင်ခဲ့ကြရသည်။

ဤသိုင်းကွက်သုံးဆယ်အတွင်း၌ တုထန်ဟို၏ ကျာပွတ်တိုက်ကွက်သည် အတော်ကလေး အရေးသာနေ၏။

သို့သော် ရန်သူ၏သိုင်းပညာကလည်း မညံ့သဖြင့် ပြတ်ပြတ်သားသား အနိုင်မယူနိုင်ပြန်ပေ။



ဆန်ကွမ်းချီသည် သူ့အား ရန်သူက စောင့်ကြည့်မနေကြောင်းသိသောအခါ နိုင်ချစ်နှော် ရှိနေသည့်နေရာသို့ ဖြည်းဖြည်း ချဉ်းကပ်သွားပြီး နိုင်ချစ်နှော်အား အခြား လုံခြုံရာတစ်နေရာသို့သယ်ယူကာ ပြေးထွက် ပုန်းခိုလိုက်လေ၏။

ဆန်ကွမ်းချီက နိုင်ချစ်နှော်အားသယ်ယူခြင်းမှာ အချိန်မီရုံကလေးရှိ၏။

ထိုအချိန်မှာပင် အော်ဟစ်သံများကြားရပြီး လူရိပ်နှစ်ခု လျှင်မြန်စွာ ရောက်ရှိလာသောကြောင့်တည်း။

တုထန်ဟိုသည် သူ့ကျာပွတ်ကို ရုပ်သိမ်းပြီး နောက်ဆုတ်သွား၏။

ကိုယ်ကျပ်အင်္ကျီနှင့် လူကြီးမှာ ဒေါသထွက်နေပြီ ဖြစ်၍ တုထန်ဟိုအား ခုန်အုပ်၏။

'ထန်း'

ဓားနှင့် အခြား သံထည်ရိုက်ခတ်သံ ကြားရပြီးနောက် ကိုယ်ကျပ်အင်္ကျီ၏လက်ထဲမှဓားသည် မြက်ခင်းပေါ်သို့ လွတ်ကျသွားလေ၏။

ငွေရောင်တောင်ဝှေး၏အလင်းရောင်သည် လင်းခနဲလက်ခနဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုငွေရောင်တောင်ဝှေးကိုင်သူသည် အလွန်တရာ ထွားကျိုင်းသောလူကြီးတစ်ယောက်သည့် ကိုယ်ကျပ်အင်္ကျီနှင့် လူအား အေးစက်စက် စိုက်ကြည့်နေ၏။

ထိုအေးစက်စက်အကြည့်၏ နောက်ကွယ်၌ ဒေါသမီးများ မည်မျှတောက်နေကြောင်းကို ဒယက်ရှင်မှတစ်ပါး မည်သူမျှ မသိနိုင်ပေ။

သူ့နောက်တွင် မီးခိုးရောင်ဝတ်ရုံရှည် ဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ယောက်၊

ထိုအဘိုးကြီး၏ နောက်ဘက်တွင် ခေါင်းတိုင်လူလေးယောက်တို့ကလည်း ရေခဲစိမ်မျက်လုံးများဖြင့် မမှိတ်မသုန် စောင့်ကြည့်နေကြပြန်သည်။

တုထန်ဟိုသည် ဆန်ကွမ်းချီအား မျက်လုံးစွေချက်ခြင်း၍ ကြည့်လိုက်၏၊ မဆွဲရသေးသောအခါ ရင်အေးသွားသည်။

ငွေရောင်တောင်ဝှေးကိုင်သည့် ကြီးမားထွားကျိုင်းသည့် လူကြီးက ကျယ်လောင်သောအသံကြီးဖြင့် မေးခွန်းထုတ်သည်။

'ကိုယ့်ဂိုဏ်းသားအချင်းချင်း ဘာဖြစ်လို့ တိုက်ခိုက်နေကြရတာလဲ'

ကိုယ်ကျပ်အင်္ကျီဝတ်ထားသော လူက ရှင်းပြကာ....



'ကျွန်တော်က စတိုက်တာ မဟုတ်ပါဘူး၊ သူက စပြီးတော့ ထိုးကြိတ်တာပါ၊ သူက စတိုက်တော့ ကျွန်တော်လဲ ဘယ်ငြိမ်နေနိုင်တော့မလဲ'

'ဟော့...ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်အဖွဲ့က ဆိုပြီး ဘာကား ဆောက်ကောသလား၊ အလံအဖွဲ့ခွဲခေါင်းဆောင်ကိုတော့ မှီသေးရမယ်ကွ'

တုထန်ဟိုသည် ကျိုမကောင်းဆိုးဝါးဂိုဏ်း၌ အလံအဖွဲ့ခွဲ ခေါင်းဆောင်လေးယောက်ရှိကြောင်း သိရှိခဲ့ပြီးလေပြီ။

မြောက်အလံအဖွဲ့ခေါင်းဆောင်ကိုပင် တွေ့ဆုံခဲ့ပြီးဖြစ်၏။

ယခုရောက်ရှိလာသူ နှစ်ယောက်အနက် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်သည့် အဘိုးကြီးမှာ အလွန်တရာ ဣန္ဒြေရှိသဖြင့် ထိုအဘိုးကြီးသာ အလံအဖွဲ့ခွဲခေါင်းဆောင် ဖြစ်ရမည်။

ငွေရောင်တောင်ဝှေးကိုင် လူကြီးမှာ အဖွဲ့ခွဲခေါင်းဆောင်၏ သည့်သာဖြစ်ရမည်ဟု တုထန်ဟို တွက်ချက်၏။

✤

ထို့ကြောင့် သူသည် ငွေရောင်တောင်ဝှေးကိုင် လူထွားကြီးအား ဂါရဝပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မီးခိုးရောင်ဝတ်စုံဝတ် အဘိုးကြီးအား ဂါရဝ ပြုဏ်။

ဂါရဝပြုရင်း နှုတ်ဆက်စကား ပြောကြားလေ၏။

'ဆရာကြီး၊ ကျွန်တော် ဂိုဏ်းထဲဝင်တာ မကြာသေးပါဘူး ခင်ဗျား၊ ဒါကြောင့် ဆရာကြီးရဲ့နာမည်ကို မကြားဘူး၊ မမြင်ဘူးတဲ့အတွက် ဂါရဝမပြုမိပါဘူး၊ ခွင့်လွှတ်ပါခင်ဗျား'

အဘိုးကြီးက ခေါင်းညိတ်၏။

'ငါက ဒီကောင်စကားပြောတာ ရိုင်းလှချည်လားအောက်မေ့နေတာ၊ လက်စသတ်တော့ သူက ဂိုဏ်းသားသစ်ကို အနိုင်ကျင့်နေတာကိုး'

'ဆရာ....မဟုတ်ဘူး'

ကိုယ်ကျပ်အင်္ကျီနှင့်လူက ကန့်ကွက်လေ၏။

အလံအဖွဲ့ခွဲခေါင်းဆောင် အဘိုးကြီးက လက်မခံပေ။

'ဟိုကောင် ကျောပွတ်ရှပ်သိမ်းပြီး နောက်ဆုတ်သွားတာ မြင်သားပဲ၊ မင်းက တရကြမ်းထိုးခုတ်နေလို့ ကျင်ရွှယ်ပေါင်ကတောင် ငွေတောင်ဓားနဲ့ ဝင်ကာကွယ်လိုက်ရသေးတယ် မင်းက ခုမှ ဘာဖြစ်လို့ ငြင်းနေရတာလဲ'



အဘိုးကြီးက ကျင်ရွှယ်ပေါင်ကို အမိန့်ပေးလိုက်၏။

'အလံအဖွဲ့ခေါင်းဆောင် မရှိမသေပြောမှု၊ ဂိုဏ်းသားသစ်ကို အနိုင်ကျင့်မှုနဲ့ ဖမ်းလိုက်စမ်း၊ သူ့ကိုဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ရှေ့ပို့ပြီး အစစ်ဆေးခံစေရမယ်'

ကျင်ရွှယ်ပေါင်အမည်ရှိ ငွေရောင်တောင်ဓားကိုင် လူထွားကြီးက ကိုယ်ကျပ်အင်္ကျီဝတ်ဆင်သည့်လူအား ခက်ထန်စွာ ပြောလေ၏။

'မင်းဘာသာ အဖမ်းခံမလား၊ ငါပဲ ဖမ်းရမှာလား'

ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည့်လူမှာ အတော်ကလေး အကျဉ်းအကျပ် ကျသွား၏။ သူတို့ကို အဖြစ်မှန်ရှင်းပြ၍ မရတော့မှန်း သိသည်။

အဘယ်ကြောင့်ဆိုသော် တုထန်ဟို၏ညီဝမ်းကွဲဆိုသူလည်း သူတို့အနားတွင် မရှိတော့ကြောင်း သူသိနေ၍ ဖြစ်ပေသည်။

'ကျွန်တော်က အဖြင်ကိုယ်ရံတော် အဖွဲ့ကပါ'

သူ ဤစကားပြောလိုက်ခြင်းက ငွေရောင်တောင်ဓားကိုင် ကျင်ရွှယ်ပေါင်၏ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈၉ )

## ထိုးဖောက်ဝင်ရောက်ခြင်း

'ဆရာက ဖမ်းဖို့အမိန့်ထုတ်ပြီးပြီ၊ မင်းက အပြင်ကိုယ်ရှိတော် အဖွဲ့ကဆိုလို့ မင်းကို ငါတို့က မဖမ်းရဲဘူးလို့ ထင်နေသလား'

ကျင်ရှယ်ပေါင်က မိုးခြိမ်းသံကဲ့သို့သော အသံကြီးဖြင့် ဟိန်းဟောက်ခြိမ်းခြောက်လိုက်၏။

ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်ထားသူသည် ငွေတောင်မြေ ဆိုင် ကျင်ရှယ်ပေါင်၏အကြောင်းကို ကောင်းစွာသိရှိထား၏။

ကျင်ရှယ်ပေါင်သည် သူ၏နောက်ဘက်၌ ရပ်နေသူ ခေါင်း အလုံးအဖွဲ့ခွဲခေါင်းဆောင် အတိုးကြီး၏ လက်ထောက် တစ်ယောက်ပင် ဖြစ်ပေသည်။

လွန်ခဲ့သည့်သုံးနှစ်က အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဘက်အဖွဲ့ခွဲခေါင်းဆောင်လေးယောက်တို့သည် ဂိုဏ်းချုပ်ကြီး

www.burmeseclassic.com



ကျွန်လုံဝမ်၏ စံအိမ်တော်၌ တွေ့ဆုံကြရာမှ စိတ်ကြိုက်သူရဲကောင်းတစ်ယောက်စီ ရွေးထုတ်ကြပြီး သိုင်းပညာ ပြိုင်စေခဲ့သည်။

အခြားထိပ်သီးဂိုဏ်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကျင်ရှယ်ပေါင်က တိုက်ပွဲနှစ်ဆယ်တိတိ အနိုင်ရခဲ့သည်။

ထို့အတွက် ကျင်ရှယ်ပေါင်သည် ဂိုဏ်းချုပ်ကြီးကျွန်လုံဝမ်၏ 'ယော်မိန့်မှ ကင်းလွတ်ခွင့်' ရွှေပြားတစ်ခု ချီးမြှင့်ခြင်းခံရပေသည်။

ထို့ကြောင့် ကျင်ရှယ်ပေါင်၏အကြောင်းကို ဝမ်ဂိုဏ်းမှ ထိပ်တန်းသိုင်းသမားတိုင်းလိုလိုက သိရှိထားကြ၏။

ကျင်ရှယ်ပေါင်၏လက်ထဲမှ တောင်ဝှေးသည် ငွေရော[illegible] တောက်နေသဖြင့် ငွေဆောင်ဝှေးဟု ဆိုရသော်လည်း တကယ်[illegible] တမ်းအားဖြင့် အလွန်တရာ လေးလံသော တောင်ဝှေးကြီး[illegible] ဖြစ်၏။

ထိုတောင်ဝှေးဖြင့် တိုက်ခိုက်ခံရသူမှာ သက်သာလှသည်[illegible] မဟုတ်ပေ။

သို့သော် ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်ထားသူက မ[illegible] မလျှော့ဘဲ ပြောသည်။

'ခင်ဗျား ဖမ်းတာ မဖမ်းတာကို ကျွန်တော် အနေနဲ့ ဘာ[illegible] မပြောလိုဘူး၊ ဒါပေမယ့် ကျွန်တော့်ကို ခင်ဗျားတို့မိတ်ကြ[illegible]



အမြစ်ပေးနိုင်မယ်လို့တော့ မထင်နဲ့၊ ကျွန်တော်တို့ ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်အဖွဲ့က ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

ကျင်ရှယ်ပေါင်ကရယ်ပြီး....

'ဟား....ဟား....ဟား၊ မင်းရဲ့စကားကို ငါကနားထောင်ရမှာလား၊ မင်းပြောတဲ့ ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်အဖွဲ့ကို ကြောက်ပြီး ငါက ငြိမ်နေရမှာလား'

တုထန်ဟိုသည် ကျင်ရှယ်ပေါင်၏စကားကို ကြားရသောအခါ အတော်ကလေး မာနကြီးသူပါလားဟု တွေးတောနေမိလေသည်။

ထိုစဉ် တောင်အလံအဖွဲ့ခေါင်းဆောင် အဘိုးကြီးက အေးစက်မာကျောသော လေသံဖြင့် အမိန့်ပေးလိုက်သည်။

'အဲဒီကောင်ကို မြန်မြန်ဖမ်းလိုက်စမ်း၊ သူပြောတဲ့ကိုယ်ကျပ်အင်္ကျီနက်အသင်းက ဘာလုပ်နိုင်သလဲဆိုတာ ငါကြည့်ချင်တယ်'

ကျင်ရှယ်ပေါင်သည် တောင်အလံအဖွဲ့ခေါင်းဆောင်ကို လှည့်၍ ဦးညွှတ်ဂါရဝပြု၏။

ထို့နောက် ပြန်လှည့်လာကာ....

'ကဲ....မင်းရဲ့ဓားကို ပြန်ကောက်ကိုင်လိုက်ပါ၊ အဲဒီလို ယှဉ်ပြိုင်ပြီးမှ ဂိုဏ်းချုပ်ကြီးဆီ ရောက်တာ ပိုကောင်းပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်ထားသူက သူ့လက်နှစ်ဖက်ကို စုံဆူးလျက် ရှေ့သို့ထိုးပေးသည်။

ဤသို့ဖြင့် တင်းမာနေသော အခြေအနေသည် ရုတ်ခြည်း ပြေလျော့ကျသွားလေ၏။

ကျင်ရွှယ်ပေါ်သည် တောင်ဝှေးကို မြေနှင့်ထိုးစိုက်လိုက်ပြီး ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်သည့် လူ၏လက်ကို ကြိုးသေးသေး လေးဖြင့် တုပ်နှောင်လိုက်၏။

တုထန်ဟိုသည် ထိုအဖြစ်ကို မြင်သောအခါ သူ့ရှေ့ရေး အခြေအနေသည် အေးချမ်းတော့မည်မဟုတ်ကြောင်း ရိပ်မိပြီး ဘာဆက်လုပ်ရမည်ကို အကြံထုတ်နေ၏။

ထို့နောက်....

'ဆရာကြီးခင်ဗျား၊ ကျွန်တော်ဟာ ဂိုဏ်းသစ် လူသစ်ဖြစ်တဲ့ အတွက် အရှေ့၊အနောက်၊တောင် မြောက် အလံအဖွဲ့ခွဲများ အကြောင်းကို သေချာကနစွာ မသိပါဘူးခင်ဗျား၊ဂိုဏ်းချုပ်ကြီး ကွန်ဂုံးဝမ်ရဲ့သမီးကြီး သခင်မနဲ့ လိုက်ပါခဲ့ရတဲ့ အချိန်တုန်းက တော့ ဥတ္တရအလံအဖွဲ့ခေါင်းဆောင်ကိုတော့ တွေ့မြင်ဖူးခဲ့ပါ တယ် ခင်ဗျား'



အဘိုးအိုက သူ့ရာထူးနှင့်အမည်ကို တိုရှင်းလိုရင်း ပြောသေး၏။

ထိုအဘိုးကြီး၏ ပိုးသဏ္ဌာန်မှာ စိတ်သဘောကောင်းပုံလည်း ရပေသည်။

'ငါက တောင်အလံအဖွဲ့ခွဲခေါင်းဆောင်ပဲ၊ အမည်က ကူပါချီ'

တုထန်ဟိုက ဦးညွှတ်အရိုအသေပေးလိုက်၏၊ ထို့နောက်....

'ဆရာကြီး၊ ကျွန်တော်တစ်ခုလောက် အစီရင်ခံပါရစေ'

အဘိုးအိုက အချက်ပြ၍ ခွင့်ပြု၏။

တုထန်ဟိုက....

'မှောင်ဖက် နှောင်ကြီးဟာ ကျွန်တော်တို့ ခရီးစဉ် တစ်လျှောက် ကူညီခဲ့ပါတယ်၊ ကျွန်တော်ဟာ အချိန်ပိုင်းအဆိပ် ဖြေဆေး သောက်ရမယ့်အချိန် နီးကပ်လာပြီး ကယောင် ချောက်ချားနဲ့ သူ့ကိုသွားတိုက်ခိုက်မိတာပါ၊ ကျွန်တော့် ကြောင့် ဆရာကြီးတို့ ဒုက္ခများတာကိုလို မလိုလားပါဘူး ခင်ဗျာ'

'မင်း အင်္ကျီနက် ကိုယ်ရံတော် အဆင်းထဲ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သုံးလ မပြည့်သေးပါဘူးခင်ဗျာ'

'အင်း....ဂိုဏ်းအကြောင်း ဘယ် သေသေချာချာသိဦးမလဲ လေ'

တောင် အလံအဖွဲ့ခွဲခေါင်းဆောင်က သူ့တစ်ကိုယ်တည်း ရေရွတ်နေရာမှ လှမ်းမေး၏။

'မင်းကို ဂိုဏ်းထဲ ဘယ်သူထည့်သွင်းတာလဲ'

'ဂိုဏ်း ချုပ်ကြီး ကိုယ်တိုင်ပါပဲ'

'ဟုတ် ား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဆရာကြီးတို့က အမှန်တရားကို ဖော်ထုတ်ဖို့ ဟောဒီက နဂါးကြီးကိုဖမ်းတာမှန်း ကျွန်တော် ရိပ်မိပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်ကမှားတာမို့ ဒီက နဂါးကြီးကို အပြစ်က ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ခင်ဗျာ'

ကိုယ်ကျပ် အင်္ကျီနက် ကိုယ်ရံတော်သည် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ရှေ့သို့ရောက်ပါက ဇာတ်စုံခင်း၍ ရှင်းလင်းပြမည် ဟု စိတ်ကူးထားသည်။

သို့သော် တုထန်ဟိုက မြေပြေလည်လည် ဝင်ရောက် တောင်းပန်နေသည်ကို တွေ့ရသောအခါ တုထန်ဟိုအပေါ်



ကျရောက်နေသည့် ဒေါသများသည် အလိုလို ပြေလျော့သွား လေ၏။

တောင်အလံအဖွဲ့ခွဲ ခေါင်းဆောင်သည် ကိုယ်ကျပ်အင်္ကျီ နက် ဝတ်ဆင်ထားသူဘက်သို့ လှည့်လာပြီး....

'ဒီမှာကိုယ့်လူရဲ့ မင်းတို့ ကိုယ်ကျပ်အင်္ကျီနက်ဝတ်ဆင်တဲ့ အဖွဲ့ဟာ ဂိုဏ်းချုပ်ကြီးရဲ့ လက်အောက်မှာ ရှိလို့ မင်းတို့ကို ဦးအရေးပေးတယ်လို့ ငါကမယုံကြည်ဘူး၊ မင်းကို ဂိုဏ်းချုပ် ကြီး ကွန်လုံဝမ်ဆီဖမ်းပြီးပို့မလို့ဘဲ၊ 'ဒါပေမယ့် တရားလို ဖြစ်နိုင်တဲ့လူက တောင်းပန်နေမှတော့ ငါကလဲ ကိစ္စရှည် အောင် မလုပ်ချင်တော့ဘူး'

သူသည် ကျင်ရွှယ်ပေါင်အား လှမ်း၍ အမိန့်ပေးလေ၏။

'ကျင်ရွှယ်ပေါင်....သူ့ကို လွှတ်ပေးလိုက်'

ကျင်ရွှယ်ပေါင်သည် သူ ချည်နှောင်ထားသော ကြိုးကို လျှင်မြန်စွာ ဖြေချပေးလေ၏။

တုထန်ဟိုကလည်း မြက်ခင်းပေါ်၌ ကျနေသည့် ဓားကို ကောက်ယူပြီး ကိုယ်ကျပ်အင်္ကျီနက်နှင့်လူအား ရိုသေစွာလှမ်း ပေးသည်။

အင်္ကျီနက်နှင့်လူကြီးက တောင်အဖွဲ့ခွဲခေါင်းဆောင် ရှုပါချီ အား ဦးညွှတ် ဂါရဝပြု၏။

'ဆရာက ခုလို ခွင့်လွှတ်လိုက်တာ ကျေးဇူးတင်ပါတယ် ကျွန်တော့်ကို ခွင့်ပြုပါဦး'

'သွားပါ...တာဝန်ကျရာကို သွားနိုင်ပါတယ်'

အင်္ကျီနက်ခွင့်လူ ပြေးထွက်သွားသောအခါ တုထန်ဟို ကလည်း ကူပါ့ချီအား ဂါရဝပြုပြီး ခွင့်ပန်လေ၏။

'ကျွန်တော် ကိုလဲခွင့်ပြုပါ၊ ကျွန်တော်က သူ့နောက်ကို လိုက်ရဦးမှာပါ'

'သွားနိုင်တယ်'

တုထန်ဟိုလည်း ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသည့် လူကြီးနောက်သို့ ပြေးလိုက်သွားလေ၏။

မကြာမြင့်မီ ကာလအတွင်း ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင် ထားသူကို မီလာသည်။

လူက ခြေလှမ်းကိုလျှော့ပြီး တုထန်ဟိုအား လှမ်းမေး သည်။

'မင်းညီဝမ်းကွဲဆိုတဲ့ကောင်လေး ဘယ်ရောက်သွားသလဲ'

'ကျွန်တော် ညီဝမ်းကွဲနဲ့ တူတယ်လို့သာ ပြောတာပါ၊ အခု ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး'



'ငါတို့ဂိုဏ်းသားတွေကြားထဲမှာ ဒီစကားမျိုး ဘယ်တော့မှ ထုတ်မပြောနဲ့'

တုထန်ဟိုမှာ ထိတ်လန့်သွားသည်။

'ဟုတ်...ညီဝမ်းကွဲရှိတာ အပြစ်လား ခင်ဗျာ'

'ညီဝမ်းကွဲရှိတာလဲ အပြစ်မဟုတ်ဘူး၊ ညီအစ်ကို ရှိတာလဲ အပြစ်မဟုတ်ဘူး၊ အဲဒီညီဝမ်းကွဲတွေအပေါ် ညီအရင်းတွေ အပေါ်မှာ သံယောဇဉ် ရှိနေမယ်ဆိုရင်တော့ အပြစ်ရှိတယ်၊ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ရဲ့အမိန့်သာ အဓိကဖြစ်တယ်၊ ဂိုဏ်း ချုပ်ကြီးရဲ့အမိန့်နဲ့ ဆွေမျိုးသားချင်းကို သတ်ဆိုရင် သံယောဇဉ် ထားရဘူး၊ သတ်ရမယ်၊ မသတ်ရင် ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို ဖီဆန်ရာတာပဲ၊ စည်းကမ်းကိုဖောက်ဖျက်တာပဲ၊ သံယော ဇဉ်ထားရဲ့ဘယ်ဆိုလို့ ဂိုဏ်းချုပ်ကြီးသိသွားရင် အဲဒီလူ ဒုက္ခ ရောက်တာပဲ'

တုထန်ဟိုက ဦးသွတ် ဂါရဝပြုလေ၏။

'ကျေးဇူးတင်ပါတယ် နောင်ကြီး၊ ဒီစည်းကမ်းချက်တွေကို ကျွန်တော်မသိပါဘူး၊ အခုလို သွန်သင်ဆုံးမတာကို ကျေးဇူး တင်ပါတယ်ခင်ဗျား၊ စောစောက နောင်ကြီးရဲ့ ဝိဇ္ဇာရင်း အကြောင်းကိုမသိတဲ့ လုပ်ကြံမိတဲ့အတွက် ခွင့်လွှတ်ပါ ခင်ဗျား၊ ကျွန်တော့်ကို ညီရင်းအစ်ကိုလိုသဘောထားပါ၊ ကျွန်တော့် နာမည်က တုထန်ဟိုပါခင်ဗျာ'

www.burmeseclassic.com



ထိုစကားကို ကြားလိုက်ရသောအခါ အောင်ကျိုနက်နှင့် လူက တဟားဟား အော်ဟစ် ရယ်မောလေတော့၏။

'မင်းနှယ်ကွာ၊ ညီရင်း အစ်ကိုပေါ်တောင် သံယောဇဉ် မထားပါဘူးဆိုနေမှ မင်းနဲ့ငါ့လို ဘာမှမတော်စပ်တဲ့လူဆိုရင် ဘာပြောစရာရှိတော့မှာလဲ၊ မင်းအပေါ်မှာ စေတနာထားတဲ့ အပြုအမူကိုပြရင် ငါ့ခေါင်းပြတ်သွားမှာပေါ့ကွ'

ထိုလူ၏ပွင့်လင်းလှသောစကားက သူ၏စိတ်ရင်းစေတနာကို ဖော်ပြလျက်ရှိပေသည်။

ဤကဲ့သို့သောလူမျိုး ဤဂိုဏ်းထဲသို့ရောက်ရှိလာစေနိုင်သည့် အကြောင်းရင်းမှာ ကွန်လုံဝမ်၏အဆိပ်ဆေးမှတစ်ပါး အခြားသော အကြောင်း မရှိနိုင်တော့ပေ။

'ငါ့နာမည်က ထုံရှင်းကွ၊ မင်းအနေနဲ့ ငါ့ကိုခင်တယ်ဆိုရင်တော့ ဂိုဏ်းချုပ်ကြီးစံအိမ်တော်ထဲမှာပဲ ဖြစ်ဖြစ် ဌာနချုပ်စခန်းမှာပဲဖြစ်ဖြစ် ရင်းရင်းနှီးနှီး မဆက်ဆံပါနဲ့၊ တတ်နိုင်သမျှ မာမာကျောကျောဆက်ဆံပါ၊ ငါကလဲမင်းကို မာမာကျောကျော ဆက်ဆံမှာပဲ'

'ဟုတ်ကဲ့၊ နောင်ကြီးထုံရှင်းမှာကြားချက်အတိုင်း လိုက်နာပါ့မယ်ဗျာ'

'ကောင်းတယ်၊ ဟောဒီနေရာရဲ့ သဿမိုင်ပတ်လည် အတွင်းမှာ အင်မတန်ရက်စက်တဲ့ လူသတ်ပွဲကြီး စတော့မယ်၊ မြော



အလယ်အဖွဲ့ခေါင်းဆောင် ရောက်နေတာကို စောစောကတည်းက သိထားတယ်၊ ဟော...အခုကြည့်စမ်း၊ တောင်အလယ် အဖွဲ့ခေါင်းဆောင်လဲ ရောက်လာပြန်ပြီ၊ ကျန်တဲ့ ဂိုဏ်းခွဲဆရာတွေ မရောက်သေးဘူးလို့ ဘယ်သူမှ အတပ်မပြောနိုင်သေးဘူး'

'ဟုတ်ကဲ့၊ အခုလို အခြေအနေမျိုးကို သိခွင့်ရတဲ့ အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ယခု အစပိုင်းမှာ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ရဲ့ မွေးစားသမီးကြီး သခင်မ လက်အောက်မှာ အမှုထမ်းခဲ့ရတော့ ဂိုဏ်းချုပ်ကြီးရဲ့ စံအိမ်တော်က စည်းကမ်းတွေအကြောင်း အသိနည်းခဲ့ပါတယ်၊ နောင်ကြီးထုံရှင်း ပြောပြရင် ကျေးဇူးကြီးလှပါတယ်ဗျာ'

တုထန်ဟိုသည်စကားမဆုံးမီပင် ကျွဲချိုမှုတ်သံနှင့်တူသော ခရာမှုတ်သံကို ကြားလိုက်ရသည်။

ထိုအသံကို ကြားလိုက်ရသောအခါ ထုံရှင်း မျက်နှာပျက် သွားသည်။

အသံကိုနှိမ့်ပြီး တုထန်ဟိုအား ခပ်တိုးတိုးမေး၏။

'မင်း ပေါ်ဒို ကိုယ်ကျပ်ကျိုးနက် ကိုယ်ရံတော်အဖွဲ့ရဲ့ တာဝန်ခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင်ဆိုတဲ့လူကို မြင်ဖူးသလား'

တုထန်ဟို ခေါင်းခါပြနေစဉ်မှာပင် မြင်းခွာသံ များသည် သူတို့အနီးသို့ နီးကပ်စွာ ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းသုံးစီး၊

လူသုံးယောက်။

ရှေ့ဆုံးမှ မြင်းစီးလာသူမှာ ကိုယ်ကျပ်အင်္ကျီအနက်ကို ဝတ်ဆင်ထားရုံမျှမက ဝတ်ရုံအနီကြီးကိုပါ ခြုံထားသေး၏။

သူ့နောက်မှ လူနှစ်ယောက်မှာ ရိုးရိုးကိုယ်ကျပ်အင်္ကျီနက်ကိုပင် ဝတ်ဆင်ထားသည်။

မြင်းသုံးစီးသည် တုထန်ဟိုနှင့် ထုံရှင်းအနီးသို့ ရောက်လာသည်နှင့် ရပ်သွား၏။

ခေါင်းဆောင်ဖြစ်သူက....

'မင်းတို့ ဘယ်သူတွေလဲ'

ထုံရှင်းက ဦးညွှတ်ဂါရဝပြုပြီး....

'ကျွန်တော်ကတော့ အမြင့်ကိုယ်ရံတော် ထုံရှင်းပါ'

ထုံရှင်းသည် ထိုမျှသာပြောပြီး စကားဆက်မပြောတော့ပေ။

တုထန်ဟိုမှာမူ သူ့ကိုယ်သူ မိတ်ဆက်ပေးရန် လိုအပ်ပြီသဘောပေါက်လာ၏။



'ကျွန်တော်ကတော့ တုထန်ဟိုပါ၊ ကျွန်တော်ဟာ ငိုကြီးသားသစ်ဖြစ်တဲ့အတွက်....'

'တိတ်စမ်း၊ စကားကို တိုတိုနဲ့လိုရင်းမပြောတဲ့ ဘာဖြစ်လို့ ရှည်ရှည်ဝေးဝေး လျှောက်ပြောနေရတာလဲ'

ခေါင်းဆောင်ဖြစ်သူ၏ သဟောက်သံကြောင့် စကားကြောင့် တုထန်ဟိုမှာ စကားကိုဆက်မပြောနိုင်ဘဲ ဖြစ်သွားပေသည်။

ထုံရှင်းမှာ မနေသာတော့ဘဲ ဝင်ရှင်းပြရတော့သည်။

'ဆရာ စိတ်မဆိုးပါနဲ့၊ သူဟာ ဆရာ့ကို ကျွန်တော်တို့အဖွဲ့ရဲ့ ဒုတိယခေါင်းဆောင်ကြီးဖြစ်မှန်း မသိသေးပါဘူး၊ ဂိုဏ်းချုပ်ကြီးကျွန်လုံဝမ်ကိုယ်တိုင်က သူ့ကို ပထမ သခင်မရဲ့ လက်ထဲအပ်ထားတဲ့အတွက် ကျွန်တော်တို့ကိုယ်ရံတော်အဖွဲ့အကြောင်းလဲ သူသိပ်မသိသေးပါဘူးခင်ဗျာ'

ဝတ်ရုံနီခြုံထားသည့် ဒုတိယခေါင်းဆောင်က တုထန်ဟိုအား အကဲခတ်ပြီး....

'အဲဒီ ပထမသခင်မကော'

'မသိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ ပထမသခင်မနဲ့ အတူနေစဉ်မှာပဲ ခြောက်အလံအဖွဲ့ခေါင်းဆောင်ကြီးကသခင်မလေး အဲ—အဲ ဒုတိယသခင်မလေးနဲ့တူပါတယ်၊ သူ့ကို ကိုယ်တိုင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်တာနဲ့ ပထမသခင်မဆီက ခွဲထွက်ပြီး သခင်မလေးဆီ သွားခဲ့ပါတယ်၊ လမ်းခရီးမှာပဲ ကျွန်လုဂိုဏ်းသားတွေနဲ့ တိုက်မိက်ရပြီး လက်လွှတ်ထွက်ပြေးခဲ့ရပါတယ်၊ နောက်တော့ နောင်ကြီးထုံ့ရှင်းနဲ့တွေ့ပြီး အခု ဒီကိုလိုက်လာရတာပါ'

ဝတ်ရုံနီသည်စကားကြောရှည်နေသည်ကို မကြိုက်မနှစ်သက်ဟန်ဖြင့် နှာခေါင်းရှုံ့လိုက်၏။

'အေး....မင်း ပထမသခင်မနဲ့ အတူရှိမနေတာ သိပ်ကောင်းတယ်၊ အဲဒီပထမသခင်မှာ ဂိုဏ်းချုပ်ကြီးကို သစ္စာဖောက်သွားပြီ၊ ဘုရာခနရာမှာ ဖမ်းရမယ်လို့ အမိန့်လဲ ထုတ်ထားပြီးပြီ'

တုထန့်ဟို အံ့ညြသွား၏။

'ဒီကိစ္စတွေ ကျွန်တော် လုံးဝမသိပါဘူးခင်ဗျာ'

'အေး....မသိလို့ မင်း သက်သာတာပေါ့၊ ဂိုဏ်းချုပ်ကြီး

ကျွန်လုံ ... ဒ် ဒီကို ရောက်လာတော့မယ်၊ အရှေ့

မြောက်ဖလအဖွဲ့ခွဲ ခေါင်းဆောင်ကြီး

ဒီကိုရောက်နေကြပြီ၊ မင်းကတော့ လော

န်ငံ့နှာခံ ဂိုဏ်းချုပ်ကြီးက တာဝ

လက်အောက်ကဆွေ့ကဲရမယ်၊ ကြာ

ခင်ဗျာ'



ဒုတိယခေါင်းဆောင်သည် ကောင်းကင်ကို မော့ကြည့်၏။

'အင်း....မှောင်ခတောင် အခောာ်မှောင်နေပြီး ကံစွမရှိဘူး၊ မင်းတို့နှစ်ယောက် မြောက်ဘက်ကို ဆက်သွားကြ၊ ဆယ်မိုင်လောက်ရောက်ရင် တောအုပ်ကြီးတစ်ခု တွေ့ရမယ်၊ ထုံ့ရှင်းက ဆက်လိုက်ပေတော့၊ ငါလဲ ခရီးထွက်ရဦးမယ်'

သူသည် စကားဆုံးသည်နှင့် သူ့မြင်းဇက်ကို လှည့်ပြီးထွက်ခွာသွား၏။

သူ့နောက်ပါ တပည့်နှစ်ယောက်လည်း မြင်း ခုန်းစိုင်းစီးကာ ထွက်ခွာသွားတော့သည်။

ထုံ့ရှင်းသည် ညည့်အမှောင်ထဲ၌ ပျောက်ကွယ်သွားသည့် သူတို့၏ဒုတိယခေါင်းဆောင်ဖြစ်သူကို ငေးကြည့်ခနေပါသည်။

အတန်ကြာမှ....

'တုထန့်ဟို၊ ကွန်လုံပမ်ရဲ့ စံအိမ်တော်ကြီးမှာရှိတဲ့ ကိုယ်ရံတော်အဖွဲ့အကြောင်း မင်းကိုနည်းနည်းလောက် ရှင်းပြမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် နောင်ကြီးထုံ့ရှင်း'

'ကွန်လုံဝမ်ရဲ့ စံအိမ်တော်မှာ အတွင်းကိုယ်ရံတော်အဖွဲ့နဲ့ အပြင်ကိုယ်ရံတော်အဖွဲ့ဆိုပြီး နှစ်ဖွဲ့ရှိတယ်၊ အတွင်းကိုယ်ရံတော်အဖွဲ့က သိုင်းပညာအရည်အချင်း ပိုကောင်းတယ်၊ အပြင် ကိုယ်

www.burmeseclassic.com



ရုံတော်အဖွဲ့ထဲက သိုင်းပညာသိပ်တော်တဲ့လူကို အတွင်းကိုယ်ရံ တော်အဖြစ် တာဝန်ပေးအပ်တာပဲ၊ မင်းရဲ့ သိုင်းပညာအတော် ကောင်းတယ်ဆိုတာ စောစောက ငါတွေ့လိုက်ရတယ်၊ မကြာ ခင်အချိန် အတောအတွင်းမှာ မင်းဟာ အတွင်းကိုယ်ရံတော် ဆယ့်နှစ်ယောက်ထဲ ပါသွားနိုင်တယ်'

တုထန်ဟိုမှ ဦးညွှတ် ဂါရဝပြုပြီး....

'ကျွန်တော် ဂိုဏ်းထဲဝင်တာ သိပ်မကြာသေးတော့ အစစ အရာရာ နောင်ကြီး ထုံရှင်းကိုပဲ အားကိုးရမှာပဲ၊ နောင် တစ်နေ့ ကျွန်တော် တိုးတက်လာရင် နောင်ကြီး ထုံရှင်းရဲ့ ကျေးဇူးကို ပြန်ဆပ်ပါ့မယ်'

ထုံရှင်းက ပြုံးသည်။

'... ... ဒီထားဖို့က ကွန်လုံဝမ် စံအိမ်တော်မှာရှိတဲ့

ကို၊ နေ့စဉ်နဲ့အမျှ အတူတကွ ရှိကြပေမယ့်

...ကဲ့ လုံးဝမတွေ့ဖူးကြဘူး'

...တောကတော့ အဲဒီလို မရှိဘူး'

မင်းကိုယ်မင်း ကြိုးကုန်းစွပ်ရုံ ...ိုးကုန်းစွပ်တာပဲ၊ ငါ့အပေါ် အပြင်ကိုတော့ မထုတ်



'ဟုတ်ကဲ့.... ကျွန်တော် ကောင်းကောင်းကြီး သဘော ပေါက်ပါပြီခင်ဗျာ'

'ကဲ.... စကားပြောရင်း ခရီးဆက်ကြရအောင်'

ထုံရှင်းနှင့် တုထန်ဟိုသည် စကားပြောရင်း ခရီးဆက်ကြ တော့၏။

'နောင်ကြီးထုံရှင်း၊ အတွင်းကိုယ်ရံတော် အပြင်ကိုယ်ရံ တော်ဆိုပြီး ဘာဖြစ်လို့ခွဲခြားရတာလဲ'

ထုံရှင်းက ချောင်းတစ်ချက်ဟန့်ပြီး ရှင်းပြ၏။

'အတွင်းကိုယ်ရံတော်ဆိုတာက အိမ်တော်ထဲမှာလွတ်လပ် စွာ သွားလာခွင့်ရတယ်၊ အပြင်ကိုယ်ရံတော်ကတော့ အိမ် တော်ထဲကို လုံးဝဝင်ခွင့်မရဘူး'

'ရွေးတော့ ဘယ်လိုရွေးသလဲ'

'လွယ်ပါတယ်၊ ကိုယ်ကျပ်အကျိုနက် ကိုယ်ရံတော်အဖွဲ့ထဲ မှာ နှစ်နှစ်တစ်ခါ သိုင်းပြိုင်ပွဲကျင်းပတယ်၊ ကိုယ့်အရည်အချင်း ကိုယ်ယုံတဲ့လူမှန်သမျှ ဝင်ပြိုင်နိုင်တယ်၊ အဲဒီထဲကအတော်ဆုံး လူတွေဟာ အတွင်းကိုယ်ရံတော်ဆယ့်နှစ်ယောက်ထဲ ပါဝင်ခွင့် ရတယ်'

'အပြင်ကိုယ်ရံတော်ကတော့'

www.burmeseclassic.com

www.burmeseclassic.com



'အပြင်ကိုယ်ရံတော်ကတော့ ဆယ့်နှစ်ယောက် မကဘူး။ သိုင်းပညာထူးချွန်တယ်လို့ယူဆရင် ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်က အပြင်ကိုယ်ရံတော်အဖြစ်ကို ခန့်အပ် တာဝန်ပေးလိုက်တာပဲ။ မင်းလဲ ဒီသဘောမျိုးပဲပေါ့'

တုထန်ဟိုသည် ဆက်မမေးတော့ပေ။

ဆက်မေးလျှင် သံသယဝင်သွားမည်ကို စိုးရိမ်သည်။

'ကျေးဇူးတင်ပါတယ် နောင်ကြီးထုရှင်း'

မကြာမီ ဒုတိယခေါင်းဆောင်ပြောသည့် တောအုပ်ကြီးသို့ ရောက်ရှိလာသည်။

တောအုပ်အစပ်သို့ရောက်သည်နှင့် မှောင်ထဲမှ အော်ဟစ်စစ်မေးသံ ထွက်ပေါ်လာသည်။

'ဘယ်သူလဲဟေ့'

ထုရှင်းက လျှို့ဝှက်စကားဖြင့် ပြန်ပြော၏။

'အရှေ့ဘက်က ဂျူရိမို'

မှောင်နက်ထဲမှ ကိုယ်ကျပ်အင်္ကျီအနက် ဝတ်ဆင်ထားသူ နှစ်ယောက် ထွက်လာ၏။



သူတို့နှစ်ယောက်၏ လက်ထဲ၌သာ မီးတုတ်နှစ်ချောင်းပါ မလာလျှင် မှောင်မည်းမည်းအတွင်း မည်သူက မည်သူ့ကိုမှ တွေ့လိမ့်မည်မဟုတ်ချေ။

'နောင်ကြီး ထုရှင်းလား၊ ဝင်ခဲ့ပါ'

ထုရှင်းက တုထန်ဟိုအား ညွှန်ပြရင်း...

'သူက ဂိုဏ်းသားသစ်ပဲ၊ အရင်က ပုသမသခင်မရဲ့ လက်အောက်မှာ အမှုထမ်းခဲ့တယ်'

'နောင်ကြီးထုရှင်း၊ ပုသမသခင်မအကြောင်း မပြောနဲ့တော့၊ သစ္စာဖောက်သွားပြီ'

ထုရှင်းသည် ခပ်ဆိတ်ဆိတ်ပင် လိုက်သွားရလေ၏။

တုထန်ဟိုသည် ဗျာနေလူဟောင်းနှစ်ယောက်အား ရင်းနှီးအောင် ဆက်ဆံလိုသော်လည်း ထိုလူဟောင်း နှစ်ယောက်က အဖက်မလုပ်ဘဲ ထွက်ခွာသွားသဖြင့် သူလည်း တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်သွားရတော့သည်။

'ထုရှင်းစကားမှန်တယ်၊ ဒီကောင်တွေက တစ်ယောက်နဲ့ တစ်ယောက် မတွေ့ရနဲ့ မဆက်ဆံကြဘူး'

အလွန်ကြီးမားသည့် သစ်ပင်ကြီးနှစ်ပင်အနီးသို့ ရောက်သောအခါ ကိုယ်ကျပ်အင်္ကျီနက်တစ်ယောက်က ထုရှင်းနှင့် တုထန်ဟိုတို့အား လက်ညှိုးညွှန်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'နေခင်ကြီးထူ ရှင်းနဲ့ လူသစ်တို့က ဒီသစ်ပင်နှစ်ပင်အကွယ်ကနေပြီး ကင်းစောင့်ကြပါ'

ထိုလူနှစ်ယောက်သည် ထိုမျှသာပြောပြီး မီးတိုင်ဘစ်တိုင်ကို ထားရစ်လျက် ထွက်ခွာသွားတော့သည်။

တစ်ခုတော့ မှာကြားခဲ့ပေသည်။

'မီးဘုတ်ကို အရမ်းမသုံးကြပါနဲ့၊ လိုအပ်မှသုံးကြပါ'

ထူ ရှင်းသည် တုသန်ဟို၏လက်ကိုဆွဲပြီး သစ်ပင်ကြီးနောက်ကွယ်သို့ ဝင်ရောက် ပုန်းခိုကြလေ၏။

လရောင် မထွက်သေးသဖြင့် အမှောင်ထုကြီး ကြီးစိုးနေသည်။

'တုသန်ဟို၊ ဒီနေရာမှာ အစောင့်အကြပ်တွေ သိပ်များနေတယ်၊ ဂိုဏ်းချုပ်ကြီး ကွန်လိုဝမ် ရောက်လာတော့မယ်လို့ ယူဆရတယ်'

ထူ ရှင်းက ခေတ္တရပ်နားပြီး နှစ်ကိုယ်ကြားရုံမျှ လေသံကလေးဖြင့် ဖြည်းဖြည်း ပြောသည်။

'ဂိုဏ်းချုပ်ကြီးကွန်လိုဝမ်ရဲ့ လှုပ်ရှားမှုက သိပ်ပီရိတယ်၊ သူဟာ အမြဲတမ်း တစ်ကိုယ်တော်ပဲ ခရီးထွက်တယ်၊ သုံးလေးလကြာမှ စံအိမ်တော်ကို ပြန်လာတတ်တယ်၊ သူ ခရီးထွက်တိုင်း



သူ့ယိုအောင်တို့ လက်ထောက်တို့ကို မခေါ်ဘူး၊ တစ်ခါတစ်ရံမှာတော့လဲ ကိုယ်ရံတော်ဆယ့်နှစ်ယောက်နဲ့ ခန့်ခန့်ညားညား ခရီးသွားတတ်တယ်'

'ဟုတ်ကဲ့၊ ခုလိုသိထားရတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကဲ...မင်းဒီနားမှာပဲနေခဲ့ဦး၊ ငါထွက်ပြီးစနည်းနာလိုက်ဦးမယ်၊ ငါကတော့ လူတောင်းမို့ ဘာမှ ပြဿနာမရှိပါဘူး'

'ဟုတ်ကဲ့'

'အကြောင်းထူးရင် ငါချက်ချင်းလာပြောမယ်၊ အနားယူပြီး စောင့်နေရစ်ပေတော့'

မကြာမီ ထူ ရှင်းတစ်ယောက် အမှောင်ထုကြီး အတွင်းသို့ ပျောက်ကွယ်သွားလေ၏။

ထူ ရှင်း ထွက်သွား၍ မကြာမီ သစ်တောကြီးအတွင်းသို့ ညီးမည်းအရိပ်များ တစ်ခုပြီးတစ်ခု ဝင်လာကြ၏။

ဘားဆီးမည့်သူလည်း တစ်ဦးတစ်ယောက်မျှ မရှိကြပေ။

'ဘာတွေလဲမသိဘူး၊ ဂိုဏ်းချုပ်ကြီးကွန်လိုဝမ်တော့ ဖြစ်နိုင်ယ်မထင်ဘူး၊ နောက်တစ်ခါ ဒီလို လူအုပ်စုတွေလာရင် ငါလိုက်ဆိုနောက်က ကပ်လိုက်သွားမယ်'

www.burmeseclassic.com



တုအန်ဟိုသည် တစ်ယောက်တည်း အီးတီး ရှေ့ရှုတ်ခနေစဉ် အခဝါမှ မီးရောင်များကို တရိုပ်ရိုပ်တွေ့ရသဖြင့် သူ့နောက်ကိုယ်ကို သပ်ပင်ပင်စည်နောက်ကွယ်၌ ပုန်းလျှိုးလိုက်ရလေ၏။

မီးတုတ်ကိုင် လူဆယ်ယောက် ခြံရံလာသည့် အနာဝတ္ထုမှာ အလွန်တရာ ကြံ့ခိုင်တောင့်တင်းလှသည့် မိန်းမကြီးလေးယောက်တို့ ထမ်းလာကြသည့် ဝေါယာဉ်ကြီးတစ်ခုသာ ဖြစ်သည်။

တုအန်ဟို၏ စိတ်တွင်း၌ကား ကိန်းခန်းကြီးလှသူအား ခန့်မှန်းကြည့်နေ၏။

'ဒီလူ ဘယ်သူလဲမသိဘူး၊ ဂိုဏ်းချုပ်ကြီး ကွန်လိုဝမ်ခေါ မဖြစ်နိုင်ဘူး၊ ဂိုဏ်းချုပ်ကြီးကွန်လိုဝမ်ကတော့ မိန်းမတွေထမ်းတဲ့ ဝေါယာဉ်ကို စီးမှာမဟုတ်ဘူး၊ ဒီလူက စိတ်မြန်လက်မြန်လူဆိုတော့ သူ့စိတ်သူ့ကိုယ် ခရီးသွားချင်သွားမှာပဲ'

ဘောအုပ်ထဲမှ ကိုယ်ကျပ်အင်္ကျီနက် ဝတ် ဆင် ထားသောအကောင်များများ ထွက်လာကြပြီး ရှူးတောက် အရိုအသေပြုကြလေ၏။

တုအန်ဟိုလည်း အပြင်ထွက်ကာ ထိုသူများ ပြုလုပ်သည့်အတိုင်း လိုက်၍ အရိုအသေပေးလေ၏။

သူသည် ဝေါယာဉ်ပေါ်၌ ပါလာသူကို အလွန်ဘရာ စိတ်ဝင်စား၏။



ထို့ကြောင့် မော့ကြည့်၏။

သူ၏ တံခါးဆစ်အင်္ကျီစကို ဆွဲ၍သတိပေးသူမှာ ထိုရှင်းမတစ်ပါး အခြားသူမဖြစ်နိုင်ကြောင်း သူရိပ်မိလိုက်သည်။

ဝေါယာဉ် ဖြတ်ကျော်သွားပြီး အချိန်အတော်ကြာသည်အထိ သူ ပြန်လည်၍ ခေါင်းမဖော် တော့ပေ။

သူ့အနီး၌ မည်သည့်ကိုယ်ရံတော်မျှ မရှိတော့ကြောင်းသေချာမှ နောက်သို့ လှည့်ကြည့်သည်။

သူထင်သည့်အတိုင်း ထိုရှင်း ဖြစ်နေပေသည်။

ထိုရှင်း....

'တုအန်ဟို...ငါ့နောက်လိုက်ခဲ့'

တုအန်ဟိုသည် လိုက်သွားသည်။

မူလ တာဝန်ကျသည့် သစ်ပင်ကြီး၏ ပင်စည်နောက်၌ ပုန်းခိုပြီးသောအခါ ထိုရှင်းက ခပ်တိုးတိုး ရှင်းပြလေ၏။

'မင်းနောက်မှာ ငါရှိနေတာ သိတ်ကံကောင်းတယ်၊ ငါ့အစား တခြားတစ်ယောက်ယောက်သာ ရှောက်နေရင် မင်းခေါင်းနဲ့ကိုယ် အိုးစားကွဲမှာ သေချာတယ်'

တုအန်ဟိုသည် ထိုရှင်း၏စကားအဓိပ္ပာယ်ကို နားမလည်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ်ကိုသူမော့ကြည့်မိခြင်းမှာ ကြီးလေးသော အပြ
ဖက် ထိုက်သင့်နိုင်ကြောင်း သိရှိသော်လည်း မသိဟန်ဆော
၍ ပြန်မေးလေ၏။

'ဘာဖြစ်လို့လဲ နောင်ကြီး ထုံရှင်း'

'ခက်ပါဘိ ကိုယ့်လူရာ၊ ဟို...ဝေါယာဉ်ပေါ်မှာ ဘယ်သူ
ပါသွားသလဲ သိလား'

'မသိဘူးလေ'

'ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ရဲ့ဇနီး ပါသွားတယ်၊ ဒါကြော
အားလုံးက ဒီလောက် ရိုသေနေကြတာပေါ့'

'ဂိုဏ်းချုပ်ကြီးတခုတ်မှာတ်လား၊ ဂိုဏ်းချုပ်ကြီးက ဇ
မယား၊ သားသမီးနဲ့လားဗျာ'

'သားသမီးတော့ မရှိပါဘူး၊ ဇနီးမယားတော့ ရှိတာပေ
ရှိတဲ့သမီး လေးယောက်ကတော့ မွေးစား သမီးတွေချည်း
သခင်မလေး ၄ယောက် ဆိုတာပေါ့'

'အင်း...အဲဒါတော့ ကျွန်တော်သိပါတယ်'

'အေး...အဲဒီ ဂိုဏ်းချုပ်ကြီး ကတော်ကို ဘယ်သူမှ မေ
ကြည့်ခွင့်မရှိဘူး၊ အဲဒါ သေးကမ်းပဲ၊ အတွင်း ကိုယ်ရံတေ
တွေတောင် မော့ကြည့်ခွင့်မရှိဘူးဆိုတော့ ခင်ပွဲမငြိမ်းဘူးကြ
ပါတော့ကွာ'



'ဒီစည်းကမ်းချက်ကို ကျွန်တော် မသိဘူးဗျာ၊ နောင်ကြီး
ထုံရှင်းသာ လာသတိမပေးရင် ကျွန်တော်တော့ ကိုယ်သေ
တာတောင် ဘာအပြစ်နဲ့ သေမှန်းမသိဘဲ ဖြစ်သွားပါလိမ့်
မယ်'

ထုံရှင်းက ခေါင်းညိတ်ပြ၏။

'ငါဒီရောက်တာ တစ်နှစ်ရှိပြီ၊ ဂိုဏ်းချုပ်ကြီးကတော်အပြင်
ထွက်တယ်ဆိုတာ ငါ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး အခုပို
အတိုင်းဆိုရင်တော့ အခြေအနေက အတော်ကလေး ကျဉ်း
ကျပ်မယ်ပုံပဲ'

သူသည် တုထန်ဟိုအား...

'မင်း ဒီမှာပဲ စောင့်နေ၊ ဘယ်မှမသွားနဲ့၊ ငါ သွားပြီး
အခြေအနေ ကြည့်လိုက်ဦးမယ်၊ ဒီကို ချက်ချင်း ပြန်လာခဲ့မယ်'

ထုံရှင်းသည် တုထန်ဟို၏ စကားပြန်ကို မစောင့်တော့ဘဲ
ပြေးထွက်သွားတော့သည်။

ထုံရှင်း ထွက်သွား၍ မကြာမီ ခရာမှုတ်သံ ပေါ်လာ၏။

သူ့ပတ်ဝန်းကျင် နေရာအသီးသီး၌ မှန်းခိုနေဟန်တူသော
ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသည့် ကိုယ်ရံတော်များသည်
ထိုခရာမှုတ်သံ ကြားသည့်ဘက်သို့ အပြေးအလွှား ထွက်သွား
ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် တစ်ယောက်တည်း နေသင့် မနေသင့် လျှင် မြန်စွာ ဆုံးဖြတ်သည်။

ထို့နောက် ချက်ချင်း ပြေးလိုက်သွားတော့၏။

သစ်တောအတွင်း ဝင်လာသလော မီးရောင်ကလေးများ ဟိုတစ်စုသည်တစ်စု တွေ့ရသေးသဖြစ်၍ပြေးလွှားရာတွင် အခက်အခဲ မရှိလှတော့ပေ။

မကြာမီ ထိုသစ်တောအတွင်း၌ မည်းမည်းမှောင်မှောင်နေသည့် အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရတော့သည်။

ကြီးမားသော ခြံဝင်းကြီးရှိ၍နေပြန်သဖြင့် တော်ရုံတန်ရုံလူ အတွင်းသို့ မဝင်နိုင်ကြောင်း တုထန်ဟို သဘောပေါက်မိ၏။

နှစ်ယောက်တစ်တွဲ နှစ်ယောက်တစ်တွဲတို့ ခြံဝင်းကြီးထဲသို့ ဝင်နေကြသဖြင့် တုထန်ဟိုလည်း အခြားကိုယ်ရံတော်တစ်ဦးနှင့် ပူးတွဲကာ ခြံဝင်းထဲသို့ ဝင်လိုက်သွားလေတော့၏။

အထဲတွင် ကိုယ်ရံတော်အချို့ နေရာယူပြီးနေကြလေပြီ။

တုထန်ဟိုသည် ဖျတ်လတ်စွာ အကဲခတ်ပြီးနောက် နေရာလွတ်ရန် လစ်လပ်နေသေးသော ထံခါးကြီးအား လှေကား ထစ်များ အနီး၌ ပြေး၍ဒူးထောက်ထိုင်ချလိုက်သည်။



မကြာမီ ဝင်းခြံကြီးတစ်ခုလုံး၊ အဆောက်အအုံကြီးတစ်ခုလုံး မီးများထိန်ထိန်လင်းလာ၏။

မီးတုတ်များရော မှန်အိမ်များပါ ထွန်းညှိလိုက်ခြင်း ဖြစ်ပေသည်။

'ဂိုဏ်းချုပ်ကြီးတာတော် ကြွလာပြီ'

ထိုကြေညာသံကို ကြားလိုက်သည်နှင့် ဒူးထောက်ထိုင်နေကြသော ကိုယ်ရံတော်အားလုံး ခေါင်းငုံ့သွားကြလေ၏။

တုထန်ဟိုကမူ မသိမသာ စောင်းငဲ့၍ ကြည့်နေသည်။

သူ စောစောက တွေ့ခဲ့သော ဝေယံဉ်သည် လှေကားနှင့် ယ်ကိုက်ခန့် အကွာသို့ရောက်ရှိလာ၏။

အထဲမှအစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသမီး ဦး ထွက်လာပြီး လှေကားပေါ် တက်သွား၏။

ရုပ်ရည်ကိုတော့ မမြင်လိုက်ရပေ။

ရုပ်ရည်ကို မော်ကြည့်နိုင်လောက်သည့် အခွင့်အရေးလည်း ပေ။

ဂိုဏ်းချုပ်ကြီးကတော် အထဲဝင်သွားပြီးနောက် ကိုယ်ရံ တော်များ နေရာပြောင်းကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုလည်း အခွင့်အရေးကိုရယူကာ လှေကားထစ်များကို ခုန်ကျော်တက်ပြီး မြင်ကွင်းကောင်းသည့် ထောင့်တစ်နေရာ၌ သွားရောက်ဒူးတုပ်ထိုင်နေလိုက်သည်။

တစ်ခဏမျှကြာပြီး အောင်သံထွက်ပေါ်လာပြန်သည်။

'အရှေ့အလံအဖွဲ့ခေါင်းဆောင် ကြွရောက်လာပါပြီ'

အသက်ငါးဆယ်ခန့်ရှိသော လူကြီးတစ်ယောက်သည် ဓားကြီးတစ်ချောင်းလွယ်လျက် လျှောက်လာပြီး ခန်းမကြီးထဲသို့ ဝင်သွား၏။

သူ့နောက်ပါး၌ ထွားထွားကျိုင်းကျိုင်းလူကြီးတစ်ယောက် ကပ်ပါသွားသည်။

'အနောက်အလံအဖွဲ့ခေါင်းဆောင် ကြွရောက်လာပါပြီ'

အနောက်အလံအဖွဲ့ခေါင်းဆောင်ကို တုထန်ဟိုက မသိမသာ ချောင်းကြည့်၏။

အသက်သုံးဆယ်ခန့်သာ ရှိသေးပြီး သိုင်းပညာ အတော်ကောင်းမည့်ပုံစံကို တွေ့မြင်လိုက်ရသည်။

'ဟင်...အနောက်အလံအဖွဲ့ခေါင်းဆောင်က ငယ်ငယ်တလေးပါလား'

ထို့နောက် မြောက်အလံအဖွဲ့ခေါင်းဆောင်နှင့် တောင်အလံအဖွဲ့ခေါင်းဆောင်တို့ ရောက်ရှိလာသည်။



ထိုသူနှစ်ဦးစလုံးကို တုထန်ဟို မြင်ဖူးထားသည်။

တောင်အလံအဖွဲ့ခေါင်းဆောင် အဘိုးကြီး ဘူပါချီ၏ လက်ထောက် လူယုံတော်ကြီးကိုလည်း တွေ့လိုက်ရသည်။

ကျင်ရွှယ်ပေါင်သည် သူ၏ငွေတောင်ဝှေးကြီးကို ကိုင်လျက် ဣန္ဒြေရရ လိုက်ဝင်သွားသည်။

'ဩော်...ကွန်လုံဝမ်ရဲ့ မကောင်းဆိုးဝါးဂိုဏ်းကို သိုင်းလောကသားတွေက ကြောက်မယ်ဆိုရင်လဲ ကြောက်စရာပဲ၊ သူက သူ့ဂိုဏ်းကို စနစ်တကျ ဖွဲ့စည်းထားတာကိုး၊ ဒီပုံစံအတိုင်းဆိုရင် ဒီမကောင်းဆိုးဝါးဂိုဏ်းဟာ သိုင်းလောကကြီးကို ဇောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်ဖို့ကတော့ သေချာနေပြီ၊ ဘာပဲဖြစ်ဖြစ် အခုနန့် ဒီဂိုဏ်းရဲ့လျှို့ဝှက်သတင်းတွေကို ရအောင်ယူပြီး ဒီဂိုဏ်းကို ဖြိုဖျက်ရတော့မှာပဲ'

တုထန်ဟိုသည် အခန်းထောင့်၌ ဒူးထောက်ထိုင်ရင်း တွေးတောစဉ်းစားနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉၀ )

## မြက်ရိုင်းလွင်ပြင်ထိုက်ပွဲ

ကျောင်းရှယ်ပေါင်သည့် အခန်းထဲ၌ ဒူးထောက်ထိုင်နေသူများ
ကို လုံး၀ စိတ်မဝင်စားပေ။

အကယ်၍ စိတ်ဝင်စားပြီး တစ်ချက်မျှ အကဲခတ်လိုက်ရုံဖြ
စဉ်းစားခဲ့တွေးတောနေသည့် တုထန်မှိုအား မြင်သွားနိုင်သည်

သို့သော် သူသည် သူ့ဆရာကို စောင့်ရှောက်ရန် စိတ်စော
နေသဖြင့် သူ့ဆရာနှင့်အတူ ခန်းမကြီးထဲသို့ စောဒီးရွှာရောက်
သွားသည်။

ထိုအခိုက်....

"ဂိုဏ်းချုပ်ကြီး ကြွရောက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ယခင်က တိတ်ဆိတ်နေခဲ့သည့်အသံသည် ယခုအခါ ပို၍ တိတ်ဆိတ်ငြိမ်သက်သွား၏။

ကိုယ်ရံတော်အားလုံး ဦးခေါင်းငုံ့၍ အရိုအသေ ပေးနေကြသည်။

တုထန်ဟိုက ထုံးစံအတိုင်း မသိမသာ ခေါင်းငဲ့ ကြည့်နေလေ၏။

တုထန်ဟိုမြင်ဖူးခဲ့သည့် အေးစက်စက် မျက်နှာသေပိုင်ရှင် ကျွန်လုံဝမ်သည် အစိမ်းရောင် ဝတ်ရုံရှည်ကြီးခြုံလျက် ဖြည်းညင်းစွာ ရောက်ရှိလာသည်။

သူ၏လက်ဝဲဘက် နောက်နားခပ်ကျကျ၌ အဖြူရောင်ဝတ်စုံ ဝတ်ထားသူနှင့် လက်ယာဘက် နောက်နား ခပ်ကျကျ၌ အဝါရောင်ဝတ်စုံဝတ်ထားသူများက ကိုယ်ရံတော်များသဖွယ် စောင့်ရှောက်လိုက်ပါလာသည်။

ကျွန်လုံဝမ် ခန်းမကြီးထဲသို့ဝင်ရောက်သွားပြီးသည့် အချိန်တွင်မူ ခန်းမတံခါးမကြီးသည် ဂျိုင်းခနဲပိတ်သွားလေတော့၏။

တုထန်ဟို စိတ်ပျက်သွားသည်။

အရေးကြီးသည့်အချင်းအရာများသည် ဤခန်းမကြီးအတွင်း၌သာ ရှိနေပေလိမ့်မည်။



ခန်းမကြီး၏တံခါးပိတ်သွားသည့်နောက် အတွင်းမှအချင်းအရာများကို သူ့အနေဖြင့် ထောက်လှမ်း စုံစမ်း၍ မရနိုင်တော့ပေ။

ထိုအချိန်မှာပင် ခန်းမကြီးတံခါး ပြန်ပွင့်သွား၏။

'ကိုယ်ရံတော်တွေထဲမှာ တုထန်ဟိုဆိုတဲ့ လူသစ်ရှိသလား'

တုထန်ဟို ထိတ်လန့်သွား၏။

တံခါးပေါက်သို့ လှမ်းကြည့်သောအခါ အနီရောင်ဝတ်စုံဝတ်ဆင်ထားသည့် ကိုယ်ရံတော်များ၏ ဒုတိယခေါင်းဆောင်ကို တွေ့လိုက်ရသည်။

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်ပါပဲ'

'ဒါဖြင့် အထဲကိုဝင်'

တုထန်ဟိုမှာ မျက်ခုံး ခပ်လှုပ်လှုပ်ဖြင့် အထဲကိုဝင်သွားရတော့၏။

ခန်းမကြီးကား ကျယ်ဝန်းလှ၏။

ခန်းမကြီး၏ထိပ်၌ သလွန်ကဲ့သို့သော ထိုင်ခုံရှည်ကြီး ရှိရာ ကျွန်လုံဝမ်သည် သူ့ဇနီးနှင့် ခန့်ညားစွာ ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်၏ဇနီးမှာ ဝတ်ရုံစိမ်းခြုံထားရုံမျှမက ဦးခေါ င်း၌ ဘုရင်မများ ဆောင်းသည့် သရဖူကဲ့သို့ ခေါင်းဆော င်တစ်ခု ဆောင်းထားသည်။

မျက်နှာ၌ အစိမ်းရောင် ပဝါပါးကလေးတစ်ခု လွှမ်းခြုံထားသဖြင့် မည်သူမျှသူ၏ မူလရုပ်ရည်ကို သိမြင်ခွင့်မရခဲ့ပေ။

ထိုသလွန်ရှေ့ရှိ လိုင်ခုံငယ်ကလေးများ၌ အရွေ့အနေ ာင်မြောက် အလံအဖွဲ့ခွဲခေါင်းဆောင်များ ထိုင်နေကြ

အခြားထူးခြားသူတစ်ယောက်မှာ မုတ်ဆိတ်အနက်ရှ ရှိသည့် လူကြီးဖြစ်၏။

သူ၏မုတ်ဆိတ်နက်ကြီးသည် ရင်ဘတ်အထိ တွဲလောင်း နေသည်။

သူသည် ကွန်လုံဝမ်၏ ညာဘက်ဘက် ဆောင့်အစွန်း၌ အေးအေးထိုင်နေ၏။

'အင်း...ဒီလူက ဘယ် ဗိုလ်လူစားလဲမသိဘူး၊အရှေ့အနေ ာင်မြောက် အလံအဖွဲ့ခွဲ ခေါင်းဆောင်တွေထက်တော ရာထူးကြီးမြင့်နေပုံ ရတယ်'



ကွန်လုံဝမ်၏ လက်လှုပ်ရှားသွားသည်နှင့် အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် လူနှစ်ယောက်သည် သူ့နောက် ဘက်မှ ခိုင်ခန့် ထွက်ပေါ်လာကြပြီး အခန်း၀၌ အုန်းကြောင်ကြောင် ရပ်နေသည့် တုဘန်ဟိုး၏ရှေ့သို့ ရောက်ရှိလာသည်။

'မင်း လိုက်ခဲ့'

'ဟုတ်...ဟုတ်ကဲ့'

တုထန်ဟိုးမှာ ထွက်ပြေးရန်မဖြစ်နိုင်းတော့သဖြင့် ဟန်ကိုယ့်ဖို ခန့်သူ ဖိုဆိုသည့်စကားကို လက်ကိုင်ထားကာ ထုခြေရမင် လိုက်သွားလိုက်သည်။

'ထိုင်စမ်း'

အကျိုနက်တစ်ယောက်က ခပ်အုပ်အုပ် အမိန့်ပေးလိုက သဖြင့် ဒူးထောက် ထိုင်ချလိုက်ရသည်။

ကွန်လုံဝမ်ထံမှ အေးစက်သည့်အမေးခွန်း ထွက်ပေါ်လာ၏

'တုထန်ဟိုး...မင်းက အသွင်း ကိုယ်ရံတော်လား၊ အပြ ကိုယ်ရံတော်လား'

'ကျွန်...ကျွန်တော်'

'သူ့ကို အဲဒီနားမှာပဲ ချုပ်ထားလိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟို မည်သို့မျှ မလှုပ်ရှားနိုင်မီ ဘေးမှ အက်ကျီနက်တစ်ယောက်က တုထန်ဟို၏သေနတ်ကြောကို ထိုးပိတ်လိုက်၏။

အလွန်တရာ လျှင်မြန်လှ၏။

တုထန်ဟိုလည်း ခွေခနဲ လဲကျသွားလေ၏။

သွေးကြောပိတ်ခံရသော်လည်း တုထန်ဟို၏ ဦးနှောက်မှာ ကြည်ကြည်လင်လင် ရှိနေသေးသည်။

'အင်း....ကွန်လုံဝမ်ဟာ တကယ်လျှင်တာပဲ၊ သူ့ကို ဘာမှ ညှာလို့မရပါလား'

သူသည် သွေးကြောပြန်ဖွင့်ရန် ကြိုးစား၏။

သို့သော် အချည်းအနှီးပင်။

သူ့ကိုကြမ္မာသည် ဆိုးရွားသွားပြီဖြစ်ကြောင်း နားလည်လိုက်သော်လည်း အတွေ့အကြုံရင့်ကျက်သူသေးအေးသူ ဖြစ်၍ ရှုံးနိမ့်ခြင်း၏အရသာကို အေးဆေးစွာခံစားပြီး အခွင့်အရေးကို စောင့်မျှော်နေလေတော့၏။

ထိုစဉ်....

'ဒါကတော့ နေရာကောင်းကို ရွေးချယ်ပြီးပါပြီ၊ သူတို့တစ်တွေကို အဲဒီနေရာရောက်အောင် မျှားခေါ်နိုင်ဖို့ပဲ လိုတော့တယ်'



'နေရာက ကောင်းသလား'

'တစ်ဖက်ကသစ်တော၊ တစ်ဖက်က မြက်ရိုင်း လွင်ပြင်၊ အင်မတန်သင့်လျော်တဲ့နေရာ ငါရွေးဆွဲသာတဲ့ ပန်းချီကားကို ကြည့်ဦး'

တုထန်ဟိုသည် သွေးကြောပိတ်ခံနေရသည့်ကြားမှ ကွန်လုံဝမ်တို့ရှိသည့်နေရာကိုလှမ်းကြည့်လိုက်သည်။

မှတ်ဆိတ်နှင့်လူပြသသည့် စာရွက်ကြီးတစ်ရွက်ကို ကွန်လုံဝမ်က စိတ်ပါဝင်စားစွာ ကြည့်ရှုစစ်ဆေးနေပေသည်။

သူ စိတ်ကျေနပ်သွားသောအခါ ပန်းချီကားကို စားပွဲတစ်ခုပေါ်သို့ တင်လိုက်၏။

ထို့နောက် မြောက်အလံအဖွဲ့ခွဲ ခေါင်းဆောင်အား လှမ်းမေးသည်။

'ဟူတန်း ဂိုဏ်းသား တွေအပြင် နောက်ထပ် တခြားဂိုဏ်းသားတွေကို တွေ့သေးသလား'

မြောက်အလံအဖွဲ့ခွဲ ခေါင်းဆောင်က....

'ကျွန်တော်တော့ အဲဒီဂိုဏ်းသားတွေကိုပဲ တွေ့ခဲ့ပါတယ်။ သတင်းအရတော့ တခြားဂိုဏ်းသားတွေပါ ရောက်လာတယ်လို့ဆိုတာပဲ၊ ဒါပေမယ့် ဘယ်ဂိုဏ်းကလဲဆိုတာတော့ တိတိကျကျ သိရပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်လုဂိုဏ်းက သူလျှိုနဲ့ကော တွေ့ပြီးပြီလား၊ သူနဲ့တွေ့ အခရေးကြီးတယ်'

'ဟုတ်ကဲ့… တွေ့ခဲ့ပါတယ်၊ သူ ဒီကိုရောက်နေပါပြီ'

ကွန်လုံဝမ်က ခေါင်းညိတ်လိုက်၏။

'ဒါဆိုကောင်းတယ်၊ သူ့ကို ဒီထဲခေါ်ခဲ့၊ ဒီမှာတင် မေးမြန်းစရာရှိတာ မေးမြန်းရမယ်'

တုထန်ဟိုမှာ အကြီးအကျယ် ထိတ်လန့်သွားလေသည်။

'ဟင်…ဘယ်လိုတွေ ဖြစ်ကုန်တာပါလိမ့်၊ ကျွန်တော့်လုဂိုဏ်း အင်မတန် စည်းကမ်းကြီးတယ်၊ ကြပ်ကြပ်မတ်မတ်လဲရှိ ပညာရှိ ထန့်ရှင်လဲရှိတယ်၊ ဒါပေမဲ့ ဒီဂိုဏ်းထဲ သူလျှို တယ်ဆိုတော့ ထိုင်းလောကကြီးတစ်ခုလုံး ဇောက်ထိုးမိုး ဖြစ်ကုန်မှာပဲ၊ ဒီသူလျှိုဟာ ဘယ်သူလဲဆိုတာ ရရင် ထိုင်းလောကကြီးအတွက် သိပ်အကျိုးရှိလိမ့်မယ်'

ထိုစဉ် ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသူ က မျက်နှာပေါ်၌ အပတ်နက်စည်းထားသူ လူတစ်ယောက် အား လက်တွဲ၍ ခေါ်ဆောင်လာ၏။



ကွမ်လုံဝမ်က…

'သူ့မျက်နှာပေါ်က ပဝါကို ဖြေပေးလိုက်စမ်း'

ကိုယ်ကျပ်အင်္ကျီအနက်ရောင် ဝတ်ဆင်ထားသူက အဝတ် ကို လျှင်မြန်သွက်လက်စွာ ဖြေပေးသည်။

မျက်နှာ နီနီတစ်ခု ပေါ်လာသည်။

ထိုသူကား ကျွန်လုဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ က်တော်မောင် ခေါ်ကုန်းပေါင်ပင်ဖြစ်ပါသည်။

တုထန်ဟို၏ ထိတ်လန့်မှုမှာ အထွတ်အထိပ်သို့ ရောက်သွား ဘာသည်။

'တကယ့်လူဟာ လမ္ဘာဖောက်ဖြစ်နေတာကိုး၊ ကျွန်လုဂိုဏ်း တော့ ရှေ့အိမ်နှစ်ပြီ'

ကွန်လုံဝမ်သည် မှတ်ဆိတ်နက်နှင့်လူအား အမိန့်ပေးလိုက်၏။

သို့သော် သူ့အသုံးအနှုန်းမှာ အခြားလူများအပေါ် သုံးနှုန်း သည့် အသုံးအနှုန်းနှင့် ကွာခြားနေသည်။

'နောင်ကြီး၊ သူ့ကို နည်းနည်းပါးပါး မေးစမ်းပါ၊ နောင် ကြီးရဲ့ အစီအစဉ်မှာ အသုံးဝင်နိုင်တဲ့ အချက်တွေကို အဓိက ထားပြီး မေးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ငါ နည်းနည်းပါးပါး မေးမြန်းကြည့်မယ်'

မုတ်ဆိတ်နှင့်လူသည် ပေါ့ကူးပေါင်ရှေ့သို့ ဖြည်းညင်းစွာ လျှောက်လာ၏။

'ကဲ...ခင်ဗျားနဲ့ ကျုပ်တို့ စကားပြောကြရအောင်'

ပေါ့ကူးပေါင်က ခန်းမကြီးတစ်ခုလုံးကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီးနောက်....

'ဒီနေရာမှာ လူများတယ်၊ လျှို့ဝှက်အပ်သော စကားကို ပြောဖို့မသင့်ဘူး'

မုတ်ဆိတ်နက်နှင့်လူက သဘောတူသည်။

'ကောင်းပြ၊ ဒီလိုဆိုရင် ခန်းမကြီးရဲ့အနောက်ဘက်မှာ အခန်းတစ်ခုရှိတယ်၊ အဲဒီမှာ သွားပြောကြစို့'

မုတ်ဆိတ်နှင့်လူက ကွန်လုံဝမ်အား အချက်ပြ၍ ထွက်ခွာသွား၏။

ပေါ့ကူးပေါင်နှင့် မုတ်ဆိတ်နှင့်လူတို့ အခန်းထဲမှထွက်သွားလျှင် ထွက်သွားချင်း ကွန်လုံဝမ်က စားပွဲကိုလက်ဖြင့် အသာပုတ်လိုက်၏။

'အခု သိုင်းလောကမှာ ဝုမ်ဂိုဏ်းကို ခုခံဆန့်ကျင်နေတဲ့ အဓိကဂိုဏ်းဟာ 'ကျုံတာရှိန်'ဂိုဏ်း မဟုတ်တော့ဘူး၊ ဒီဆယ်နှစ် အတွင်းမှာ အရှိန်အဟုန်အားကြီးလာတဲ့ ကျွန်လုဂိုဏ်းဟာ ငါတို့ရဲ့ အဓိကရန်သူ ဖြစ်လာပြီ'



အလံအဖွဲ့ခွဲခေါင်းဆောင် လေးယောက်သည် ငြိမ်သက်စွာ နားထောင်နေကြသဖြင့် ကွန်လုံဝမ်က ဆက်ပြောလေ၏။

'ကျွန်လုဂိုဏ်းမှာ သိုင်းပညာထူးချွန်တဲ့ သိုင်းသမားတွေ အများကြီး ရှိရုံမကဘူး၊ ပညာဉာဏ်ကြီးမားတဲ့ ထန်ရှ ဆိုတာလဲ ရှိနေတယ်၊ ကျွန်လုဂိုဏ်းဟာ ငါ့ကို ခွန်အားချင်းကော၊ ပညာချင်းပါ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ဂိုဏ်းကြီးဖြစ်တယ်၊ အဲဒီ သိုင်းသမား အားလုံးကို မင်းတို့ရဲ့စွမ်းအားနဲ့ သုတ်သင်ရှင်းလင်းပစ်ဖို့လိုတယ်'

ဆောင်အလံအဖွဲ့ခွဲခေါင်းဆောင် ကူပါချီက ရုတ်တရက် ထရပ်လျက် ဦးညွှတ်ဂါရဝပြုလေ၏။

ကွန်လုံဝမ်က ခွင့်ပြုစကားပြောသည်။

'ကူပါချီ၊ ဘာပြောချင်သလဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် နည်းနည်းတင်ပြချင်ပါတယ်၊ တစ်နေ့နေ့ တစ်ရက်ရက်ကိုချိန်းပြီး ကျွန်လုဂိုဏ်းက သိပ်သီးပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့ ချိန်းဆိုပြီး သိုင်းပွဲမှာ ယှဉ်ပြိုင်ရှင် မကောင်းဘူးလား ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မကောင်းဘူး၊ ဒါက အမြစ်မပြတ်ဘူး၊ ဒါက အမြစ်မပြတ်တဲ့ ကိစ္စမျိုး သိပ်မလုပ်ချင်ဘူး၊ သူတို့ကလဲ တစ်ယောက်ချင်းတိုက်မှာ မဟုတ်ဘူး၊ အုံနဲ့သင်းနဲ့ တိုက်ခိုက်ဖို့ ပြင်ဆင်နေကြတယ်၊ ငါတို့ကလဲ သူတို့လိုပဲ တန်ပြန်ပြင်ဆင်ရမယ်'

ကျွန်လုံဝမ်သည် စကားကို ခေတ္တဖြတ်ပြီး သူ၏အတွင်းဝတ်ရုံထဲသို့ လက်နှိုက်လိုက်၏။

လက် ပြန်ထုတ်ခဲ့သောအခါ စာအိတ်လေးအိတ် ထွက်လာသည်။

သူက စာအိတ်လေးအိတ်ကို မြှောက်ပြပြီး....

'ဒီစာအိတ်တွေဟာ မင်းတို့ အလံအဖွဲ့ခွဲခေါင်းဆောင်လေးယောက်ကို ပေးဖို့ပဲ၊ မင်းတို့ထမ်းဆောင်ရမယ့် တာဝန်တွေကို ဒီအထဲမှာတိတိကျကျရေးထားတယ်၊ ကဲ...တစ်ယောက်စီယူကြ'

ကျွန်လုံဝမ်က စာအိတ်လေးအိတ်ကို ပစ်ပေးလိုက်ရာ စာအိတ်များသည် ခေါင်းဆောင်လေးယောက်စီသို့ ခွဲဝေရောက်ရှိသွားသည်။

ရွှေအလံအဖွဲ့ခွဲခေါင်းဆောင် ကူပါချိုက စာအိတ်ကို ဖောက်ဖတ်၍ အော်လိုက်၏။



'မြက်ရိုင်းလွင်ပြင်တိုက်ပွဲ ဆိုပါကလား'

ကျွန်လုံဝမ်က ခေါင်းညိတ်လိုက်၏။

'မှန်တယ်၊ မြက်ရိုင်းလွင်ပြင်တိုက်ပွဲပဲ၊ မင်းတို့လေးယောက်လုံး ကိုယ်စီတိုက်ပွဲဝင်ရမယ်'

အလံအဖွဲ့ခွဲခေါင်းဆောင် လေးယောက်စလုံး တစ်ပြိုင်နက်အရပ်ကာ ဦးညွှတ်ပြီး အာမဝန္တ ခံကြလေ၏။

'စိတ်ချပါဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ရဲ့အသက်ကို ပဓာနထားပြီး ရှပ်ရှပ်ချချ တိုက်ခိုက်ယယ်လို့ ကတိပေးပါတယ်'

ကျွန်လုံဝမ်သည် ပါးစပ်ဟ၍ ရယ်မောသည်။

မျက်နှာတုကြီး စွပ်ထားသဖြင့် ရယ်သော်လည်း ရယ်သည့်ပုံ ထွက်မလာပေ။

'အားလုံးကို အားကိုးတယ်'

ကျွန်လုံဝမ်က ဆက်၍အမိန့်ပေးလိုက်၏။

'အချိန်ဆိုတာ စောင့်ရယ်လို့မရှိဘူး၊ အဲဒီသတ်မှတ်ထားတဲ့ လွင်ပြင်မှာ ပြင်ဆင်စရာရှိတာတွေကို သွားပြီး ပြင်ဆင်ထားရမယ်၊ မင်းတို့အားလုံး အဲဒီကို သွားကြပေတော့'

www.burmeseclassic.com

www.burmeseclassic.com



အရှေ့၊ အနောက်၊ တောင်၊ မြောက် အလံအဖွဲ့ခွဲခေါင်းဆောင် လေးယောက်တို့သည် ဦးညွှတ်ဂါရဝပြုပြီး နောက် ထွက်ခွာသွားလေတော့၏။

တုထန်ဟိုသည် ခြေသံများ တဖြည်းဖြည်း ဝေးကွာသွားသည်ကို ဂရုစိုက်၍ နားထောင်နေ၏။

ကွန်လုံဝမ်ကမူ ထိုလေးယောက်ကို အစအဆုံး တွေ့မြင်နေရဟန်တူ၏။

အကန့်ကြာအောင်ကြည့်ပြီးသောအခါ၌ သူ့ဇနီးအား တိုးတိုးပြောလျက် ပေါ့ပါးသောအဟုန်ဖြင့် ခန်းမအပြင်သို့ လိုက်ထွက်သွားလေ၏။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

တုထန်ဟို မျက်လုံးကို ဖွင့်စောင်း ကြည့်လိုက်သောအခါ ကိုယ်ကျပ်အကျႌအနက်ရောင် ဝတ်ဆင်ထားသည့် ကိုယ်ရံတော် ဆယ့်နှစ်ယောက်သည် ခန်းမကြီးထဲ၌ တိတ်ဆိတ် ငြိမ်သက်စွာ ရပ်၍ စောင့်ရှောက်နေကြကြောင်း တွေ့လိုက်ရသည်။

'ခန်းမကြီးရဲ့ အနောက်ဘက် အဆောင်ထဲသွားပြီး စကားပြောတဲ့ မုတ်ဆိတ်နက်နဲ့၊ ပေါ့ကူးပေါင်လဲ ခုထက်ထိ ထွက်မလာကြသေးဘူး၊ ဘာတွေများ ဒီလောက် ပြောနေသလဲ မသိဘူး'



သူသည် သစ္စာဖောက် ပေါ့ကူးပေါင်အကြောင်း တွေးနေသဖြင့် သူ၏သေရေးရှင်ရေးကိစ္စကို မေ့လျော့နေမိ၏။

ထူးခြားသည့်အချက်မှာ ဂိုဏ်းချုပ်ကြီးကတော်ပင် ဖြစ်၏။

သူမသည် ဝင်စကတည်းက ပန်းပုရုပ်ကြီးကို ချထားသည့်အလား လုံးဝလှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်နေခဲ့သည်။

အတန်ကြာမှ သူမ၏ လက်ကို ဝှေ့ယမ်းပြီး ကိုယ်ရံတော်ဆယ့်နှစ်ဦးအား အမိန့်ပေးလေ၏။

'မင်းတို့ ဆယ့်နှစ်ယောက်စလုံး အပြင်ထွက်ကြ၊ ငါ အေးအေးဆေးဆေး နေချင်တယ်'

ကိုယ်ရံတော် ဆယ့်နှစ်ယောက်သည် မည်သည့် စကားမျှ မပြောရဲဘဲ အရိုအသေပေးပြီး ထွက်ခွာသွားကြလေ၏။

တုထန်ဟိုအား ခေါ်ဆောင်သွားရန် အမိန့် မပေါ်သဖြင့် တုထန်ဟိုအား ကြမ်းပြင်ပေါ်၌ သည်အတိုင်း ထားပစ်ခဲ့ကြသည်။

'ကွန်လုံဝမ်ဟာ လူတိုင်းအပေါ်မှာ မာရေကျောရေ ဆက်ဆံတယ်၊ သူ့ဇနီးအပေါ်ကျတော့ အတော်ကလေး ကြင်ကြင်နာနာရှိပုံရတယ်'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟို တွေးတောနေစဉ်မှာပင် လှမ်းဆွတ်ဖွယ်ကောင်း[illegible]သော ပလေ့သံသည် ပျံ့လွင့်လာလေတော့၏။

တုထန်ဟိုသည် ပလေ့သံကြားရာသို့ လိုက်လံရှာဖွေရာ [illegible] ပလေ့သံရှင်မှာ ဂိုဏ်းချုပ်ကြီးကဘော် ဖြစ်နေကြောင်း အံ့[illegible] ဖွယ်ရာ တွေ့ရှိရလေ၏။

ပလေ့သံမှာ လွန်စွာ ကြေကွဲဖွယ် ကောင်းလှသည်။

တုထန်ဟိုပင်လျှင် ပလေ့သံကို ကြားပြီးနောက် ပူဆွေး[illegible] တစ်ခုကို ခံစားရသလိုဖြစ်လာ၏။

'ဂိုဏ်းချုပ်ကြီး ကဘော်...ဒီလို ပူဆွေး ဝမ်းနည်း[illegible] ကောင်းတဲ့ တေးသံမျိုးကို မမှတ်ပါနဲ့တော့'

တုထန်ဟိုမှာ မျက်ရည် ကျလုလုအထိ ခံစားလာရသဖြ[illegible] အော်ဟစ်တားဆီးမိတော့သည်။

တုထန်ဟို၏ အော်သံကြောင့် ပလေ့သံသည် ရုတ်တရ[illegible] ရပ်ဆိုင်းသွား၏။

သို့သော် ချက်ချင်းလိုလိုပင် ပလေ့သံ ပြန်ပေါ်လာ၏။

သည့်တစ်ကြိမ်တွင်မူ ပလေ့သံသည် လှမ်းဆွတ် ကြေကွဲ[illegible] အသံမျိုးတော့ပေ။



သံစဉ်များကလည်း အလွန်ဘဲ ထူးဆန်းသည်။

အနိမ့်အမြင့် အပြောင်းအလဲ အလွန်မြန်သည်။

ထိုသံစဉ်ကို လိုက်ပြီး တုထန်ဟိုမှာ အသက်ပြင်းပြင်း ရှူ လိုက်၊ လျှော့ချ၍ရှူလိုက်ဖြင့် အပြောင်းအလဲ ပြုလုပ်နေမိသည်။

ဤပလေ့သံသည် စိတ်တက်ကြွမှုကို ဖြစ်ပေါ်စေသည်၊

အားမာန်ကို ဖြစ်ပေါ်စေသည်။

ဘဝကို အနိုင်မခံ အရှုံးမပေး ရင်ဆိုင်မည်ဟူသော အသိမျိုး ဖြစ်ပေါ်စေသည်။

တုထန်ဟိုမှာ ဘဒ်အတွင်း ပလေ့သံ၏ သိမ်းချုပ်မှုကို ခံလိုက်ရလေ၏။

'ဖင်'

တုထန်ဟို အံ့ဩသွား၏။

သူ၏ ပိတ်နေသည့် သွေးကြောများ အလိုလို ပြန်ပွင့်သွား လေပြီတကား။

သူသည် သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ သွေး ကြောများ ပွင့်လျှင်ပွင့်ချင်း လှုပ်ရှားခြင်းမပြုပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပလွေသံ ရပ်ဆိုင်းသွားလေ၏။

ဂိုဏ်းချုပ်ကြီးကတော်၏ လျှို့ဝှက်သော အဆင်အပြင်သည် အလွန်တရာ စိတ်ဝင်စားဖွယ် ကောင်း၏။

ထိုအချက်ကို တုထန်ဟို ထုတ်ဖော်ချင်သော်လည်း သူမ၏ ကျေးဇူးတရားကြောင့် ဖော်ထုတ်ချင်သည့်ဆန္ဒကို မျိုသိပ်လိုက် ရတော့သည်။

သူ့ခွေးကြောမျှားကို ပြန်ပွင့်သွားစေနိုင်သည့် အစိကအကြောင်းတရားမှာ ပလွေသံပင် မဟုတ်ပါလား။

'ဂိုဏ်းချုပ်ကြီးကတော်က သူ့အား အဘယ်ကြောင့် ကျိုးကူညီသည်ကို သူနားမလည်ပေ။

မည်သို့ပင်ဖြစ်စေ ကျေးဇူးကတော့ တင်ရပေမည်။

တုထန်ဟိုသည် ဖြည်းညင်းစွာ ထရပ်လိုက်၏။

ဂိုဏ်းချုပ်ကြီးကတော်က သူ့အား မည်သို့ကုံပြန်မည်ကို စောင့်ကြည့်သည်။

ဂိုဏ်းချုပ်ကြီးကတော်သည် သူ ထလာသည်ကို မြင်သောအခါ သလွန်ပေါ်မှ ဖြည်းညင်းစွာထပြီး အနောက်ဆောင်သို့ ဝင်သွားလေ၏။



တုထန်ဟိုမှာ စဉ်းစားရတော့သည်။

'အဲဒီအဆောင်ထဲကို ပေါ်ကူးပေါင်တို့ ဝင်သွားကြတာပဲ၊ အခုအချိန်မှာတော့ သူတို့ မြို့ချင်မှ ရှိတော့မယ်၊ ဂိုဏ်းချုပ်ကြီးကတော်က ငါ့ကိုတွင်လမ်းပြတာလားမသိဘူး၊ လိုက်ကြည့် ရင်ကောင်းမယ်'

တုထန်ဟိုသည် နောက်ဆုံး၌ ဂိုဏ်းချုပ်ကြီးကတော် ဝင်သွားသည့် အဆောင်ထဲသို့ လိုက်ဝင်သွား၏။

ထိုအဆောင်ထဲ၌ ဂိုဏ်းချုပ်ကြီးကတော်သည်းမရှိ၊ ပေါ်ကူးပေါင်တို့လည်း မရှိတော့ပေ။

ရှေ့ဆက်လျှောက်သောအခါ မြေအောက်ခန်းသို့ ဆင်းရသည့် လှေကားထစ်များကို တွေ့ရသည်။

တုထန်ဟို ခေတ္တစဉ်းစားသည်။

'သူတို့ ငါ့ကိုမမ်းထားတာပဲ၊ သက်ချင်ရင်လဲ လွယ်လွယ် ကလေးသတ်နိုင်တယ်၊ မြေအောက်ခန်းဟဲ အကျဉ်းချဖို့အတွက် တော့ ဂိုဏ်းချုပ်ကြီးကတော်ဟာ ဒီလို အကူးတက လုပ်နေ မှာ မဟုတ်ပါဘူး'

တုထန်ဟိုသည် ရဲရဲတင်းတင်းပင် မြေအောက်ခန်းထဲသို့ ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မည်းမှောင်သော မြေတိုက်ခန်းထဲ၌ ဆက်လက်လျှောက်သောအခါ မြေတိုက်ခန်းမဟုတ်ဘဲ မြေအောက်ဥမင်လမ်းသာ ဖြစ်ကြောင်း နားလည်သဘောပေါက်လာရသည်။

မြေအောက် ဥမင်လမ်းကား အလွန်တရာ ရှည်လျားလှ၏။ ဤဘက်သို့ ဆုံးမှုဆုံးပါတော့မလားဟု ထင်မှတ်ရလောက်အောင် ရှည်လျားသည်။

သို့သော် နောက်ဆုံး၌ အလင်းရောင် ကျောက်ကျောက်ကလေးတွေ့လိုက်ရသဖြင့် ထွက်ပေါက်သို့ ရောက်ရှိပြီဖြစ်ကြောင်း သိလိုက်ရသည်။

သူသည် လှေကားထစ်ကလေးများကို ဆက်တက်လာပြီးနောက်မှ တံခါးကိုတွန်းဖွင့်လိုက်သည်။ ထိုအပေါက်မှအေးမြလတ်ဆတ်သောလေကို ရှူရှိုက်လိုက်ရသည်။

ညအချိန်လည်း မဟုတ်တော့ပေ။

နံနက်မိုးသောက် အလင်းရောက်နေပေပြီ။

'အင်း...ဒီနေရာဟာ ကွန်လုံဝမ်ရဲ့ စခန်းနဲ့ သိပ်ကွာမှာ မဟုတ်ဘူး၊ သူ့အစောင့်အရှောက်တွေ ရှိနေဦးမှာ သေချာတယ်၊ ဒီနေရာမှာ ပြေးလွှားသွားတာထက် ငုံ့ခြေရှေ့ သွားတာကပိုကောင်းတယ်၊ ဒါမှ အစစ်အဆေးအမေးအမြန်းမခံရဘဲနဲ့ လွတ်မြောက်နိုင်မှာ'



တုသန့်ဟိုသည် အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ ခပ်အေးအေးပင် လျှောက်လာသည်။

သူ့ကိုသိသူ တပ်ပျာပုံစံသည်း လုံးဝမရှိပေ။

သူသည် စိတ်ထဲမှကျိတ်၍ပြောလိုက်၏။

'ဂိုဏ်းချုပ်ကြီးကတော့၊ ခင်ဗျားရဲ့ကျေးဇူး ကြီးမားလှပါတယ်၊ ကျုပ်ကိုသာ ကွန်လုံဝမ်စစ်ဆေးရင် သေပြီပေါ့၊ သူလျှိုဆိုတာ သိသွားပါလိမ့်မယ်၊ ခုလိုကာယဗေဒ ကျေးဇူးကို သင့်နေ့မှာပြန်ဆပ်မယ်လို့ ကျုပ် ကတိပေးပါတယ်ခင်ဗျာ'

သူလျှောက်သွားနေသည့် ခရီးစဉ်တစ်လျှောက်လုံး၌အပြည့် ကိုယ်ရံတော်များစွာ စောင့်ကြပ်နေကြသည်။

အချို့မှာ သစ်ပင်ပေါ်၌၊ အချို့မှာ ပင်စည်အောက်၌၊ အချို့မှာ ချုံဖုတ်အတွင်း၌ မှန်းကွယ်ပြီး စောင့်ကြည့်နေကြသည်။

သို့သော် မည်သူကမျှ တုသန့်ဟိုအား မဟန့်တားကြပေ။ မည်သည့်သူလျှိုမျှ ရန်သူ့နယ်ပယ်အတွင်း၌ ဤသို့ အေးအေးဆေးဆေး လမ်း၌လျှောက်နေလိမ့်မည်မဟုတ်ပေ။

ဤသို့ အစောင့်များက တွေးတောနေကြသည်။

ထို့ပြင် တုသန့်ဟိုဝတ်ဆင်ထားသည်မှာ ကိုယ်ရံတော်တို့၏ အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ကွန်လုံဝမ်၏ ခုခန်းနယ်ပယ်မှ လုံးဝလွတ်မြောက်သွားသည်။

ထိုအခါကျမှ သူလည်း ကိုယ်ဖော့ပညာသုံး၍အပြေး ခရီးဆက်ရတော့သည်။

ပြေးလွှားရင်း...

'အင်း...ငါ့ဝတ်စုံက ကိုယ်ရံတော် ဝတ်စုံ ဖြစ်နေတယ်။ ကျွန်လုဂိုဏ်းသားတွေတွေ့ရင် ပြဿနာဖြစ်မှာ သေချာတယ်။ ဒါပေမယ့်ခက်တာက ဒီအဝတ်အစားတွေကို လဲလှယ်ဖို့မလွယ်တာပဲ။ အင်း လေ...ပြဿနာဖြစ်တာမှဖြစ်တော့ ငါသိထားရသမျှကိုတော့ ကျွန်လုဂိုဏ်းကိုသွားပြီး သတင်းပို့ပေးရမှာပဲ။ ဒါဟာ ကျွန်လုဂိုဏ်း တစ်ဂိုဏ်းတည်းအတွက် သတင်းမဟုတ်ဘူး၊ ဆိုင်းလောကကြီးတစ်ခုလုံးကို ကယ်တင်မယ့် သတင်းလဲဖြစ်တယ်'

တုထန်ဟိုသည် အနား ပတ်ဝန်းကျင်၌ ယာတောအိမ်ကလေးတစ်လုံးတလေများ တွေ့ရနိုးဖြင့် ပြေးသည့်အရှိန်ကို လျှော့လိုက်သည်။

သို့သော် မည်သည့်ယာသမားအိမ်မျှ မတွေ့ရပေ။

ထို့ကြောင့် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အကွယ်၌ ဝင်ထိုင်ကာ ခေတ္တအနားယူလိုက်သည်။



ဤသို့အနားယူခြင်းက သူ့အတွက် ကောင်းသွား၏။

အကြောင်းမှာ ခပ်လှမ်းလှမ်း တစ်နေရာမှ အလွန်တရာ လျင်မြန်သောလူတစ်ယောက် ပြေးလွှား ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

တုထန်ဟို အံ့အားသင့်သွား၏။

'ဟာ...မြန်လှချည်လား။ ကိုယ်ဖော့ပညာသုံးပြီးပြေးတာလဲ မြန်တာပဲ။ ဒီလူကတော့လွန်တယ်၊ ဟာ...ဟုတ်ပြီ သူဟာ ကျွန်လုဂိုဏ်းရဲ့ ခြေမြန်တော် ပေါ်ကုန်းပေါင်ပဲ ဖြစ်မှာပေါ့။ ဘာဖြစ်လို့သူက ငါ့နောက်မှာ ကျန်ရစ်ခဲ့ကာလဲ မသိဘူး'

တုထန်ဟိုသည် ချက်ချင်း ပြေးလိုက်တော့၏။

သို့သော် ပေါ်ကုန်းပေါင်ကို သူမမီပါ။

အချိန် ကြာလာသည်နှင့် အမျှ သူသည် တဖြည်းဖြည်း နောက်၌ ကျန်ရစ်တော့သည်။

နောက်ဆုံး ပေါ်ကုန်းပေါင်ကို လုံးဝ မမြင်ရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ဗျူး...တကယ် မြန်တဲ့ကောင်ပဲ၊ ဒီလိုကောင်မျိုး ...ဖောက်ဖြစ်နေတာ ပိုပြီးကြောက်ဖို့ကောင်းတယ်၊ အာပဲမြန်မြန် ငါလဲ ဒီလမ်းကြောင်းအတိုင်းမဲ လိုက်ရမှာပဲ၊ ဒါမှ ကျွန်လု ဂိုဏ်းဆီ တန်းရောက်နိုင်မှာ'

ဖေါ့ကုန်းပေါ်တွင် ဤသို့ အလျှင် ရောက်ရှိသွားသည့်အတွက် တုထန်ဟိုအနေဖြင့် သိပ် စိတ်မချမ်းသာလှပေ။

ဖေါ့ကုန်းပေါ်အနေဖြင့် သူ့ကို မှတ်မိကောင်း မှတ်မိနိုင် ပေသည်။

ဤသို့စဉ်းစားရင်း ပြေးလွှားလာခဲ့ရာ လမ်းဆုံခွသို့ရောက် ရှိလာ၏။

မည်သည့်လမ်းသို့လိုက်ရမည်ကို တွေဝေ စဉ်းစားနေစဉ် မှာပင်...

'ဟေ့...ဘယ်သူလဲဟေ့'

အော်ဟစ် မေးမြန်းသံနှင့်အတူ လူတစ်ယောက် ခုန်ထွက် လာလေ၏။

'ဒီလူဟာ ကျွန်လုဂိုဏ်းက ကင်းသမားပဲဖြစ်ရမယ်၊ ငါ ကြောက်ရမယ့်ကျွန်လုဂိုဏ်းသားမဟုတ်ဘူး၊ ငါ့ဂိုဏ်းသားလို့ ခေါ်တဲ့ မကောင်းဆိုးဝါးဂိုဏ်းသားတွေကိုပဲ ကြောက်ရမယ်'



အပေါ်ကဖြူပြီး အဖာအထေးများစွာပါရှိသည့် မီးခိုးရောင် ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်သည် တောင်ဝှေး တစ်ချောင်းဖြင့် သူ့ရှေ့မှ တားဆီးလျက် ရှိနေလေ၏။

ဤပုံစံကား ကျွန်လုဂိုဏ်းသားတို့၏ ပုံစံပေတည်း။

တုထန်ဟိုမှာ ကျွန်လုဂိုဏ်းသားကို တွေ့မြင်လိုက်ရသဖြင့် စိတ်သက်သာရာရသွား၏။

ကျွန်လုဂိုဏ်းသားက...

'ခင်ဗျားရဲ့အဝတ်အစားကတော့ မကောင်းဆိုးဝါးဂိုဏ်းရဲ့ အဝတ်အစားပဲ၊ ကျွန်လုဝမ်ရဲ့ ကိုယ်ရံတော်ထဲက တစ်ယောက် ယောက်ဖြစ်နေတာတော့ သေချာနေပြီ၊ ဘာကိစ္စနဲ့ ဒီဘက်ကို နယ်ကျော်လာတာလဲ'

တုထန်ဟိုက ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် သေချာအောင် ပြန်မေးလေ၏။

'ခင်ဗျားဟာ ကျွန်လုဂိုဏ်းသား မှန်ပါတယ်နော်'

ထိုလူက တဟားဟားရယ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ခန္ဓာကိုယ်ပေါ်က အဝတ်အစားပဲ ပြန်ကြည့်ပါ တော့ဗျာ၊ ကျွန်လုဂိုဏ်းသား ဟုတ်မဟုတ် အဝေးကမြင်နိုင်ပါ တယ်'

'အဲဒီအဝတ်အစားကိုပဲ မယုံရတာပေါ့ဗျ၊ တခြားဂိုဏ်းသား တစ်ယောက်ယောက်က အဲဒီအဝတ်အစားဝတ်ပြီး အယောင် ဆောင်နေရင် ဘယ့်နှယ်လုပ်မလဲ'

ကျွန်လုဂိုဏ်းသားသည် တွေဝေစဉ်းစားသွား၏။

'ဟုတ်သယ်၊ ခင်ဗျားပြောတာမှန်တယ်၊ ဒါပေမယ့် ကျုပ် ကတော့ ကျွန်လုဂိုဏ်းသား အစစ်ပါဗျာ၊ ခင်ဗျားဒီလိုမေးနေပုံ ထောက်ရင် ခင်ဗျားမှာ အထူးကိစ္စတစ်ခုခုတော့ ရှိနေပုံရပြီ'

ဤသို့ တွေးခေါ်နိုင်ခြင်းအတွက် ကျွန်လုဂိုဏ်းသားကိုပင် ချီးကျူးရပေမည်။

များသောအားဖြင့် သိုင်းလောကမှ သိုင်းသမားများသည် မိမိတို့နှင့် ဂိုဏ်းချင်းမတူလျှင် ရန်သူအဖြစ် သတ်မှတ်လေ့ ရှိကြ ပေသည်။

ဤဂိုဏ်းသားကမူ ရန်သူဟု မသတ်မှတ်သေးသည့်အပြင် အခြေအနေများကို စေ့စေ့စပ်စပ်စုံစမ်းနေပေသေးသည်။

တုဆန်ဟိုက....



'ကျုပ် ခင်ဗျားတို့ရဲ့ ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထုံနဲ့ တွေ့ချင်ပါတယ်၊ တွေ့ခွင့်ရအောင် ဆောင်ရွက်ပေးပါလားဗျာ'

'ခင်ဗျားနာမည် မသိရဘူးလား'

'သိရပါတယ်၊ တုဆန်ဟိုပါ'

'ကိစ္စက အရေးကြီးလို့လား'

'ကြီးတာပေါ့ဗျာ၊ ခင်ဗျားတို့ ကျွန်လုဂိုဏ်းအတွက် သာမက ဘူး၊ သိုင်းလောကကြီးတစ်ခုလုံးအတွက်ပါ အရေးကြီးပါတယ်'

'ကောင်းပြီ၊ ခင်ဗျားမှာ ရှိသမျှလက်နက်တွေကို ထားခဲ့ရ မယ်'

တုဆန်ဟိုသည် အထွေအထူးစကားမပြောတော့ဘဲ သူ့ ခါး၌ ပတ်ထားသည့် ကျာပွတ်ကို ဖြုတ်ယူကာ ကျွန်လုဂိုဏ်း သား၏လက်သို့ လှမ်းပေးလိုက်သည်။

ကျွန်လုဂိုဏ်းသားက သူ၏တောင်ဝှေးဖြင့် ချိတ်ယူလိုက် သည်။

ကျွန်လုဂိုဏ်းသားက....

'ကျုပ်တို့ဂိုဏ်းချုပ်ကြီးဟာ အလွန်သဘောကောင်းတယ်၊ သူနဲ့တွေ့ဆုံခွင့် တောင်းတဲ့လူ မှန်သမျှကို တွေ့ခွင့်ပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုအချိန်မှာတော့ အရင်ကလို လွယ်လွယ်ကူကူ မဟုတ်တော့ဘူး၊ ရန်သူတွေကလဲ များနေတယ် မဟုတ်လား၊ ဒါကြောင့်မို့ လက်နက်သိမ်းရတာပါ၊ ဒါတင်မကသေးဘူးဗျ၊ နောက် စည်းကမ်းတစ်ချက် ကျန်နေပါသေးတယ်'

တုယန်ဟိုက လျင်မြန်စွာပြော၏။

'အဲဒီစည်းကမ်းချက်ကို ပြောသာပြောပါဗျာ၊ ကျုပ်အဖို့ ကတော့ ဂိုဏ်းချုပ်ကြီးအို့ယန်ထုံနဲ့ မြန်မြန်တွေ့ဆုံဖို့ အရေးကြီးတယ်'

'အားတော့ နာပါတယ်ဗျာ၊ ခင်ဗျားအနေနဲ့ ဂိုဏ်းချုပ်ကြီး ရှေ့ဝင်ခွင့်ရဖို့အတွက် လက်နှစ်ဖက်ကို ကြိုးအတုပ်ခံရပါမယ်၊ အဲဒါကို သဘောမတူရင်တော့'

'သဘောမတူတဲ့နဲ့ ကျုပ် ပြန်ထွက်သွားရင်ကောဗျာ'

'မကောင်းဆိုးဝါးဂိုဏ်းတွေရဲ့ လုပ်နည်းလုပ်ဟန်အရဆိုရင်တော့ ခင်ဗျား ဘယ်ပြန်ထွက်သွားနိုင်မှာလဲ၊ ကျုပ်တို့ကတော့ မကောင်းဆိုးဝါးဂိုဏ်း မဟုတ်တဲ့အတွက် ဒီလိုမလုပ်ပါဘူး၊ ခင်ဗျားရဲ့ကျာပွတ်ကို ပြန်အပ်ပြီး ပြန်လွှတ်ပေးမှာပါ'

'ဒီလိုဆိုရင် ကျုပ်ကို ခင်ဗျားတို့ ဝိုင်းထားပြီးပြီလို့ ဆိုလိုတာလား'



ကျန်လုဂိုဏ်းသားက ခေါင်းညိတ်၏။

သူသည် စကားဆုံးသည်နှင့် လေချွန်လိုက်သည်။

လေချွန်သံသည် အလွန်စူးရှစွာ ထွက်ပေါ်လာ၏။

ကျန်လုဂိုဏ်းသားငါးယောက်သည် ပတ်ဝန်းကျင်ရှိ သစ်ပင်များ အကွယ်မှ ထွက်လာကြ၏။

'ကျုပ်တို့က လူများပေမယ့် ခင်ဗျားကို အနိုင်တိုက် နိုင်မယ်လို့ သေချာပေါက် မယုံကြည်ပါဘူး၊ ကျုပ်တို့ဂိုဏ်းကလဲ အနိုင်ကျင့်တဲ့ ကိစ္စမျိုးကို ရှောင်ရှားပါတယ်'

တုယန်ဟိုသည် ထွက်ပေါ်လာသော ငါးယောက်ကိုကြည့်ပြီး ပြုံး၍ ကျေနပ်သွား၏။

ကျန်လုဂိုဏ်းသားများမြန်ကြောင်း သေသေချာချာသိလိုက်ရ၍ဖြစ်သည်။

ခေါင်းဆောင်ဖြစ်သူ ကျန်လုဂိုဏ်းသားရှေ့သို့ တိုးသွားပြီး သူ၏လက်နှစ်ဖက်ကို စုပူး၍ ရှေ့သို့ထိုးပေးလိုက်၏။

'သူ့ရွာရောက်ရင် သူ့ထုံးစံ လိုက်ရမှာပေါ့ဗျာ၊ ရော့ပါ၊ ခင်ဗျားတို့ကြိုက်သလို ချည်နှောင်ပါ၊ ကျုပ်ကို လုံးဝအားမနာပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လုဂိုဏ်းသားသည် လွန်စွာစိတ်သဘောထားပြည့်ဝဟန်တူသည်။

တုသန်ဟိုအား ပြုံးကြည့်ပြီး သူ့ခါး၌ ချည်ထားသည့်ကြိုးနက်ကလေးကိုထုတ်ကာ တုထန်ဟို၏လက်နှစ်ဖက်ကို တင်းကျပ်စွာ တုပ်နှောင်လိုက်၏။

'ကဲ....ရပါပြီ၊ ကျုပ်နောက်က လိုက်လာခဲ့ပါတော့'

တစ်မိုင်ခန့် လျှောက်ပြီးသောအခါ ကြီးမားသော တဲကြီးတစ်လုံးကို တွေ့ရ၏။

ကျွန်လုဂိုဏ်းသားက တံခါးခေါက်လိုက်သည်။

တဲတံခါးပွင့်လာသောအခါ မျက်နှာနီနီကြီးပေါ်လာ၏။

တုထန်ဟို လန့်သွား၏။

ထိုသူကား ပေါ့ကုံးပေါင်ပေတည်း။

'ကောင်းရော၊ ဒီလိုသစ္စာဖောက်မျိုးက အိုယန့်ထုံးဘေးမှာ အမြဲရှိနေသတဲ့၊ အိုယန့်ထုံးကို လုပ်ကြံချင်ရင် လွယ်လွယ်လေးပဲ'

တုထန်ဟို တွေးတောနေစဉ်မှာပင် ပေါ့ကုံးပေါင်က မျက်လုံးပြူးမျက်ဆံပြူးဖြင့် လှမ်းကြည့်သည်။



'ဟင်....ဒီအကောင်က ကျွန်လုံခမ်ရဲ့ဂိုဏ်းက ကိုယ်ကျပ်အကျို...က် ကိုယ်ရံတော်ပဲ၊ အခုဖြစ်လို့ ဒီကိုရောက်လာရတာလဲ၊ ...မြန်မြန်သတ်ပစ်လိုက်စမ်း'

ကျွန်လုဂိုဏ်းသားသည် သူ့အထက် ဂိုဏ်းသား၏အမိန့်ကို အံ့ဩဖွယ်ကောင်းလောက်အောင် ဖီဆန်နေသည်ကို တုထန်ဟို တွေ့ရှိရလေ၏။

'သတ်လို့ဘယ်ဖြစ်မှာလဲ၊ သူဟာ ကျွန်လုဂိုဏ်းက သတ်မှတ်ထားတဲ့စည်းကမ်းကို အပြည့်အဝလိုက်နာပြီးပြီ၊ သူ့ကိုဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခွင့်ပေးလိုက်ရုံပဲ ရှိတော့တယ်'

'စည်းကမ်းတွေ ဘာတွေလုပ်မနေနဲ့၊ မသတ်ဘူးဆိုရင် သူ့မျက်လုံးကို ဖောက်ပစ်လိုက်မယ်'

'တာ....ဒီလိုတော့'

'ဒီလိုတွေ ဘာတွေလုပ်မနေနဲ့၊ ဂိုဏ်းချုပ်ကြီးက မင်းကို အပြစ်ပေးမယ်ဆိုရင် ငါ မင်းကိုယ်စား အပြစ်ခံယူမယ်'

တုထန်ဟိုသည် အခြေအနေမကောင်းကြောင်း ရိပ်မိသဖြင့် အတွင်းအားကို တိတ်တဆိတ်စုစည်းထားနေသည်။

ထို့နောက် ခပ်ရှိုင်းရှိုင်းပင် ပြောချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းလို ကျွန်လုဂိုဏ်းရဲ့ ဆရာ့ဖောက်က ငါ့ကို ခုက္ခပေး ရမှာလား၊ မင်းစိတ်ထဲမှာ ငါ့သေမှ မင်းရဲ့လျှို့ဝှက်ချက်တွေ လုံ မယ်လို့ ထင်နေတယ် မဟုတ်လား'

တုတန်ဟိုသည် ပေါ့ကိုးပေါင်ဒေါသတကြီး ထိုက်ခိုက်လ မည့် အသင့်အနေအထားကြီးသားလိုက်၏။

သို့သော် သူထင်သလို ဖြစ်မလာပေ။

ပေါ့ကိုးပေါင်၏မျက်နှာ၌ ဒေါသအရိပ်အယောင် လုံး ပေါ်မလာပေ။

'ဒီလူဟာ ရှုးနေပုံရတယ်၊ ကျွန်လုံ့ဝမ်ဟာ သူ့ ဂိုဏ်းသားတွေ ကို အဆိပ်နဲ့ ထိန်းချုပ်ဘတ်သတဲ့၊ အဆိပ်ဖြေဆေး မသော ရင် ရှုးသွပ်ပြီး သေရင်သေ၊ မသေရင် အသားတွေ ပုပ်နေ ပြီး သေရသတဲ့၊ ကဲ....ကဲ....ဒီလူမသေခင် ဂိုဏ်းချုပ်ကြီးရှေ့ မြန်မြန်ပို့လိုက်စမ်းပါ'

တုထန်ဟိုမှာ ပေါ့ကိုးပေါင်၏စကားကို ကြားပြီးနော ကြက်သေ သေသွားရလေတော့၏။

လုံးဝစကားမပြောနိုင်ဘဲ ဖြစ်သွားရတော့သည်။

## အခန်း (၉၁)

### အတွင်းသူလျှို ယခုခဖခက်

တုထန်ဟိုအား ခေါ်ဆောင်လာသည့် ကျွန်လုဂိုဏ်းသား သည်လည်း စကားအမျိုးမျိုးပြောနေသည့် ပေါ့ကိုးပေါင်အား သွားကြည့်မိလေ၏။

'ဒီလူ့မှာ အရေးကြီးတဲ့သတင်း ပို့စရာရှိတယ်လို့ ကျွန်တော် ဆပါတယ်၊ ခုလို ဂိုဏ်းချုပ်ကြီးဆီ ပို့ခွင့်ရတယ်ဆိုရင်....'

ပေါ့ကိုးပေါင်က ကြားဖြတ်၍ ပြောလေ၏။

'ရတယ်....ရတယ် ကိစ္စမရှိဘူး၊ ငါကိုယ်တိုင် သူ့ကို ဂိုဏ်း ချုပ်ကြီးရှေ့ရောက်အောင် ပို့ပေးလိုက်မယ်၊ သူ့ကို ထားခဲ့ တော့'

ထိုဂိုဏ်းသားသည် ချီတုံချတုံ စဉ်းစားနေသေးသည်

www.burmeseclassic.com



အတန်ကြာပြီးမှ တုထန်ဟိုး၏ ကျောက်ပွတ်ကို ပေါ့ကုံးပေါင်၏ လက်ထဲသို့ ပေးအပ်လိုက်သည်။

'ဒီကျောက်ပွတ်က သူ့လက်နက်ပါ၊ နောင်ကြီးလက်ထဲ တစ်ခါတည်း ပေးအပ်ခဲ့ပါတယ်'

ပေါ့ကုံးပေါင်က ကျောက်ပွတ်ကို လက်ခံယူလိုက်၏။

တုထန်ဟိုအား ခေါ်ဆောင်လာသည့် ဂိုဏ်းသားက တုထ ဟိုအား နှစ်သိမ့်မှုပေးပြီး နှုတ်ဆက်ခဲ့သည်။

'မိတ်ဆွေ...ခင်ဗျား ဘာမှမပူပါနဲ့၊ ယောဒီက နောင်ကြီး ပေါ့ကုံးပေါင်က မိတ်ဆွေကို ဂိုဏ်းချုပ်ကြီးခရှ့အရောက် ဆောင်ပေးလိုက်လိမ့်မယ်'

တုထန်ဟိုက ဘာမျှ ပြန်မပြောပေ။

ငြိမ်သက်စွာ စောင့်၍ နားထောင်နေသည်။

ထိုလူသည် ကျောက်ပွတ်ပေးအပ်ပြီးသည်နှင့် ထွက်ခွာသွား

ထိုလူပျောက်ကွယ်သွားသောအခါ ပေါ့ကုံးပေါင်က စက်စက် ရယ်လေ၏။



'ဟော ကောင်....မင်းကိုယ်မင်း လည်လှပြီဆိုပြီး လူစွဲသလိုပဲ ကောင်၊ ခုတော့ ဘာတတ်နိုင်သလဲ၊ မင်းလက်မှာ ချည်နှောင် ထားတဲ့ကြိုးက တာကယ့်ကြိုးကွ၊ အတွင်းအားထုတ်ပြီး ရုန်းလို့ပဲ ဖြုတ်ဖြုတ် မပြုတ်နိုင်ဘူး၊ ဂိုဏ်းချုပ်ကြီးအဆင့် ရောက်နေရင် တော့ မပြောတတ်ဘူးပေါ့ကွာ'

တုထန်ဟိုက တည်ငြိမ်စွာ ပြောလေ၏။

'ကျုပ်လက်ကကြိုးကို မဖြေလဲ ခင်ဗျားအနေနဲ့ ကျုပ်ကို မနိုင်နိုင်ပါဘူး၊ ကျုပ်က လူတော်ကြီးမဟုတ်ပေမယ့် သိမ်ညှိတဲ့ လူလဲမဟုတ်ဘူး'

'ဟား...ဟား...ဟား၊ တော်တော်အပြောကြီးတဲ့ကောင်ပဲ၊ သိပ်မကြီးကျယ်နဲ့'

'ခင်ဗျားက ခြေမြန်တော်သိုတော့ ကျုပ်အနေနဲ့ ခင်ဗျားကို လွတ်အောင်မပြေးနိုင်ပါဘူး၊ ဒီတော့ကျုပ်ထွက်ပြေးမှာကိုတော့ စိတ်မပူပါနဲ့၊ အဲ...ဒါပေမယ့် ကျုပ်နဲ့ ယှဉ်တိုက်ရင်လဲ ခင်ဗျား အတွက်တော့ သိပ်အခြေအနေကောင်းမယ် မထင်ဘူး'

'တော်တော်ကြီးကျယ်တဲ့ကောင်ပဲ'

'ခင်ဗျားကို ကျုပ် မေးခွန်းနှစ်ခု မေးမယ်၊ ခင်ဗျားအနေနဲ့ ကျုပ်ကို သတ်နိုင်မယ်ထင်ရင် ဖြေပေါ့ဗျာ'

'မေးစမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီလောက် ကျယ်ကျယ်လောင်လောင် ပြောနေလျက်နဲ့ ကျုပ်စကားသံကို ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံက ဘာဖြစ်လို့ မကြားတာလဲ'

ပေါ့ကူးပေါင်က ရယ်၏။

'ဟား...ဟား...ဟား၊ မင်းကိုယ်မင်း သိပ်တော်တယ်လို့ ထင်နေတယ်မဟုတ်လား၊ ကဲ...အခုကြည့် မင်းရှော်စားသောသမျှ အားလုံး မျက်စီးကုန်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ထက် မသိစ လောက်ကလေး နောက်ကျသွားတာကိုးကွ'

'ဘာ...ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံ ဒုက္ခရောက်သွားပြီလား'

ပေါ့ကူးပေါင်က အေးစက်စွာ ရယ်သည်။

'ဟင်း...ဟင်း...ဟင်း၊ ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေပါတယ်ကွာ'

တုထန့်ဟိုက တောက်တစ်ချက်ခေါက်ရင်း ပြောမိ၏။

'ပညာရှိထန့်ရှင်လိုလူမျိုး ဒီမှာရှိနေလျက်နဲ့ မင်းလို ကောက်ကျစ်တဲ့လူမျိုး ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံအားမှာ ရောက်နေနိုင်တာကတော့ အတော့်ကို အံ့သြစရာကောင်းနေတယ်'



တုထန့်ဟိုသည် ပေါ့ကူးပေါင်အား လေးစားစွာမဆက်ဆံတော့ပေ။

'အေး...မင်းဟာ ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံကိုရော ပညာရှိထန့်ရှင်ကိုပါ နောင် ဘယ်တော့မှ တွေ့ခွင့်မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါသတ်ပစ်တော့မှာမို့လို့ပဲ'

ပေါ့ကူးပေါင်ကလည်း ထိုစကားပြောပြီးသည်နှင့် တုထန့်ဟိုအား ကျားပွတ်ဖြင့် တိုက်ခိုက်တော့သည်။

တုထန့်ဟိုသည် ကျိုတိုက်ကွက်ကို မြှော်လင့်ပြီးသား ဖြစ်ပေသည်။

ထို့ကြောင့် ပေါ့ကူးပေါင် ရိုက်လိုက်သည်နှင့် သူကလည်း တစ်ချက်မျှ ရှောင်တိမ်းပြီး ပေါ့ကူးပေါင်၏ လက်ရင်းသို့ နှိပ်ပြီးဖြစ်သည်။

ထို့ပြင် တုထန့်ဟို၏ ခြေထောက်က ပေါ့ကူးပေါင်၏ ရင်ဘက်ကိုပင် ကန်ပြီးသား ဖြစ်သွားလေ၏။

ပေါ့ကူးပေါင်မှာ တုထန့်ဟို၏တုံ့ပြန်မှု လျှင်မြန်လှသောကြောင့် ခြေကန်ချက်မထိအောင် တခန်းကတန်း နောက်ဆုတ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟို၏ လေဝဲခြေကန် တိုက်ကွက်သည် အလွန်အရာ သုံးခဲသော တိုက်ကွက်ဖြစ်၏။

အသက်အန္တရာယ်နှင့်ကြုံသောအခါမှ ထုတ်သုံးတတ်သဖြင့် သက်စောင့်တိုက်ကွက် ဟူ၍ပင် ခေါ်ဆိုနိုင်ပေသည်။

ထိုတိုက်ကွက်မှာ ခြေထောက် တိုက်ကွက်ချည်း သက်သက် ဖြစ်၍ တုထန်ဟိုကဲ့သို့ လက်ကိုကြိုးချည်ခံထားရသူအဖို့ အလွန် တရာ အသုံးတည့်သော တိုက်ကွက်ဖြစ်ပေသည်။

တုထန်ဟိုသည် ခြေကန် တိုက်ကွက်ဖြင့် တစ်ချက်တည်း အသာစီးရသည်နှင့် ချက်ချင်းလိုလိုပင် မနားတမ်း ဝင်တိုက် တော့၏။

ပူးကပ်ခုန်ပျံ ခြေခတ်ခြင်းဖြစ်၍ ကျားမှတ်မှာ အသုံးမဝင် တော့ချေ။

ထို့ကြောင့် ပေါ်ကုန်းပေါင်မှာ အသေအလဲ ရှောင်တိမ်း နေရတော့သည်။

တုထန်ဟိုသည် ဤတိုက်ပွဲက မြန်မြန်အပြီးသတ်နိုင်မှ သူ့ အတွက် အခြေအနေကောင်းနိုင်မည်ကို သိသည်။



သို့သော် လက်နှစ်ဖက် မလွတ်လပ်သဖြင့် ပေါ်ကုန်းပေါင် ကဲ့သို့သော လူမျိုးကို လွယ်ကူစွာ ပွဲသိမ်း၍ မနိုင်ကြောင်းကို လည်း သဘောပေါက်နေမိ၏။

'အင်း....ဒီအတိုင်း တိုက်နေလို့ကတော့ သူကလဲ အပြင်း အထန်ခုခံနေမှာပဲ၊ ပရိယာယ်သုံးရမယ်'

တုထန်ဟိုသည် ပရိယာယ်သုံးရမည့်အကွက်ကို စဉ်းစားနေ သည်။

တစ်ကြိမ်တွင် ပေါ်ကုန်းပေါင်က သူ့အား လက်ဝါးဖြင့် ရိုက်ချ၏။

တုထန်ဟိုသည် တမင် အဖျားအနားအထိခံပြီး လဲချလိုက် တော့သည်။

ဝုန်းခနဲ မြည်ဟည်းသံနှင့်အတူ တုထန်ဟို လဲကျသည့် နေရာသို့ ပေါ်ကုန်းပေါင် လျင်မြန်ဖျတ်လတ်စွာ ရောက်ရှိလာ၏။
သူသည် တုထန်ဟိုအား အသေသတ်ရန် ချဉ်းကပ်လာခြင်း ဖြစ်သည်။

တုထန်ဟိုသည် ဘာကာယထိခြင်း မဟုတ်သဖြင့် ပေါ်ကုန်း ပေါင်အနားရောက်သည်နှင့် လေးကိုင်းမှပြန်လွှတ်သော မြား ညို့ကြိုးကဲ့သို့ လျှပ်တစ်ပြက် ခုန်ထကာ ပေါ်ကုန်းပေါင်အား ကန်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ပေါ်ကုံးပေါင် လွင့်စဉ်သွားသည်။

သိုင်းသခင်းတို့၏ ရှုံးတစ်လှည့် နိုင်တစ်လှည့် ဘဝမှာ ဤအတိုင်းပင် ဖြစ်သည်။

အနည်းငယ်သတိလစ်သွားသည်နှင့် ပေါ်ကုံးပေါင် တစ်ယောက် ရှုံးနိမ့်ခြင်းဆီသို့ ရောက်ရှိသွားသည်။

ပေါ်ကုံးပေါင်မှာ လက်မောင်းရင်းရှိ ချွန်ခနဲ့သေးကြောကို ထိထိမိမိကြီး အကန်ခံလိုက်ရသဖြင့် နောက်ထပ် ပြန်လှန်၍ မတိုက်ခိုက်နိုင်တော့ပေ။

တုထန်ဟိုက အေးစက်စက် ရယ်ရင်း....

'ကဲ...ဘယ့်နှယ်လဲ၊ နောက်တစ်ကြိမ် ငါထပ်ကန်လိုက်ရင် မင်းရဲ့ကလီစာတွေ အားလုံး ကျေမွကုန်မှာသေချာတယ်'

ပေါ်ကုံးပေါင်က အလျှော့မပေးမချေ။

'မင်း ကံကောင်းလို့ နိုင်သွားတာပါ'

'ကံကောင်းလို့ပဲ ဖြစ်စေ၊ ကံဆိုးလို့ပဲဖြစ်စေ၊ နိုင်တာက တော့နိုင်တာပဲ၊ ခုအချိန်မှာ မင်းကိုငါ သတ်နိုင်တယ်'



'အေးပတ်ပတ်လည်မှာ ငါတို့ ကျွန်လုဂိုဏ်းသားတွေချည်းပဲ၊ မင်းကော ပြေးလို့ လွတ်မယ်ထင်သလား'

တုထန်ဟိုက ခေါင်းညိတ်၏။

'ဒါတော့ ဟုတ်တယ်'

'ဒါဆိုရင် မင်း အရှုံးပေးပေတော့'

တုထန်ဟို၏စိတ်ထဲ၌ သာလာချည်သေးဟုအောက်မေ့မိ၏။

သို့သော် သူသည် ပရိယာယ်ကိုဆက်သုံးနေ၏။

'ဟားပါတော့၊ မင်းကို ငါ နှစ်ချက်မေးချင်တယ်'

'ဘာမေးမလဲ'

'ဂိုဏ်းချုပ်ကြီးက မင်းကို သိမ်အခွင့်အရေး ပေးလျက်နဲ့ ဘာဖြစ်လို့သစ္စာဖောက်ရတာလဲ၊ ငါတော့နားမလည်နိုင်ဘူး'

'လူတိုင်း အမြင် ဘယ်တူမလဲ၊ ကိုယ့်အမြင်နဲ့ ကိုယ်ပေါ့၊ မင်းနားမလည်တာကို ငါအပြစ်မတင်ပါဘူး'

တုထန်ဟိုသည် ကျွန်လုံဝမ်၏အဆိပ်ဓားမျှားအကြောင်းကို ချက်တကျကြားတွေးမိလိုက်သဖြင့် ပေါ်ကုံးပေါင်အား ရုတ်တရက် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ကွန်လုံဝမ်ရဲ့အဆိပ်များ သောက်ထားမိသလား'

'လူတစ်ယောက်ရဲ့ကြမ္မာနဲ့ အခြားတစ်ယောက်ရဲ့ကြမ္မာဟာ ဆပ်တူ မရှိနိုင်ဘူး'

တုထန်ဟိုက သက်ပြင်းချပြီး....

'ကောင်းပြီ၊ မင်းတို့ ဂိုဏ်းချုပ်ကြီးကိုရှာပါရစေဦး၊ တွေ့ပြီးလို့ ရှင်းလင်းပြီးတာနဲ့ မင်းရဲ့သွေးကြောကို ပြန်ဖွင့်ပေးမယ်'

ပေါ်ကုံးပေါင်က အေးစက်စက်ရယ်၍ ပြော၏။

'တွေ့ဖို့မလိုတော့ဘူး၊ တွေ့လို့ သူဟာ အသုံးမကျတော့ဘူး'

တုထန်ဟိုမှာ အကြီးအကျယ် ထိတ်လန့်သွားလေ၏။

'မင်း...မင်း ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို သတ်ပစ်လိုက်ပြီလား'

ပေါ်ကုံးပေါင် မျက်စိစုံမှိတ်လိုက်၏။

'အခုအချိန်ကစပြီး မင်းရဲ့မေးခွန်းကို တစ်ခုမှမဖြေတော့ဘူး'



'ကောင်းမယ်...ဒီတဲအိမ်က ဘယ်လောက်များ ကြီးလို့လဲ၊ ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို ငါဟာသာ မတွေ့ တွေ့အောင် ရှာနိုင်တယ်'

တုထန်ဟိုသည် ပေါ်ကုံးပေါင်အား တဲအိမ်၏အမှောင်ရိပ်ကျရာထောင့်ဆီသို့ ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။

'မင်းက စကားမပြောချင်တဲ့လူဆိုတော့ စကားပြောနိုင်တဲ့ အကြောကိုပါ ပိတ်လိုက်မယ်၊ ဒါမှ အပိုစကားတွေ မပြောနိုင်ဘဲနဲ့ ငြိမ်သွားမယ်'

တုထန်ဟိုသည် ပေါ်ကုံးပေါင်၏ အကြောကို ထိုးပိတ်ပြီး အတွင်းခန်းထဲသို့ ဝင်သွားတော့သည်။

အတွင်းခန်း၏တံခါးမှာ သာမန်တံခါး မဟုတ်ပေ၊

သစ်သားတံခါးကြီး ဖြစ်၏။

တုထန်ဟိုသည် တံခါးနားသို့ နားဖြင့်ကပ်၍ နားထောင်လိုက်ရာ တိုးညင်းသောအသံကိုပင် မကြားရဘဲ ရှိနေသည်။

ထို့ကြောင့် တံခါးကို တွန်းဖွင့်လိုက်၏။

လွယ်လွယ်ကူကူပင် ပွင့်သွားလေသည်။

www.burmeseclassic.com

ခုတင်တစ်လုံးပေါ်၌ လူတစ်ယောက် ခပ်ကောင်းကောင်း အိပ်နေသည်။

အတွင်းခန်းဖြစ်၍ အလင်းရောင် သိပ်မရသဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု ဟုတ်မဟုတ် သေချာစွာ မသိနိုင်ပေ။

'အဟမ်း...အဟမ်း ဂိုဏ်းချုပ်ကြီး ရှိပါသလားခင်ဗျာ'

တုထန်ဟိုက ချောင်းဟန့်၍ မေးလိုက်၏။

အိုယန်ထိုထံမှ မည်သည့်တုံ့ပြန်မှုမျှ ပြန်မလာပေ။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော် အခွင့်မပန်ဘဲ ဝင်လာမိတာကို ခွင့်လွှတ်ပါခင်ဗျာ'

ခုတင်ပေါ်၌ အိပ်နေသူကား လုံးဝမလှုပ်ပေ။

'အင်း...ခုတင်ပေါ်ကလူဟာ ဂိုဏ်းချုပ်ကြီး အိုယန်ထိုဟုတ်ရဲ့လား မသိဘူး၊ အို...ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ သေသေချာချာ ဆန်းစစ်ကြည့်ရတော့မှာပေါ့'

တုထန်ဟိုသည် ကြိုးချည်ခံထားရသော လက်နှစ်ဖက်ကို ရှေ့သို့ထုတ်ပြီး အိပ်သူအား ပက်လက်ဖြစ်သွားအောင် အသာလှည့်လိုက်သည်။



ဂိုဏ်းချုပ်ကြီး အိုယန်ထုပင် အမှန်ဖြစ်တော့၏။

ကြိုးချည်ခံရသော လက်နှစ်ဖက်ဖြင့် ရင်ဝသို့စမ်းသပ်လိုက်ရာ ဖြည်းညင်းစွာ နှလုံးခုန်နေသည်ကို တွေ့ရှိရသည်။

အသက် ရှိသေးသော်ငြားလည်း ဤသို့ နှလုံးခုန်ပုံမျိုးမှာ အားရဖွယ်ရာမဟုတ်ချေ။

သူသည် သွေးကြောများကို ရှာဖွေ၏။

သွေးကြောပိတ်ခံထားရပုံလည်း မရပေ။

'အင်း...ကြည့်ရတာ အဆိပ်မိနေပုံရတယ်၊ ဒါဆိုရင်ဒုက္ခပဲ။ အချိန်မီကယ်မှ ဖြစ်မယ်'

တုထန်ဟို တွေးနေစဉ်....

'ဟေ့...အထဲက ဘယ်သူလဲဟေ့'

တံခါးဝသို့ မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသည့် ကျွန်လူ ဂိုဏ်းသားနှစ်ဦး ရောက်ရှိလာသည်။

တုထန်ဟိုက...

'ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ခင်ဗျားတို့နဲ့ ဂိုဏ်းချုပ်ကြီး ရန်သူတွေလျှို့ဝှက်လုပ်ကြံမှုကို ခံလိုက်ရပြီ၊ မေ့မြောနေတယ်'

www.burmeseclassic.com



ကျန်လူ ဂိုဏ်းသားနှစ်ဦးမှာ တုထန်ဟိုး၏ စကားကြောင့် အကြီးအကျယ် မျက်စိမျက်နှာပျက်သွား၏။

ထိုသို့ မျက်နှာပျက်သွားသည်ကို တုထန်ဟိုးမြင်လိုက်၏။

'သိပ်လဲ စိတ်မပူပါနဲ့ဗျာ၊ လုပ်ကြံခံရတာမှန်ပေမယ့် အသက်တော့ ငွေ့ငွေ့ကလေး ရှိသေးတယ်ဗျာ၊ ကယ်လို့ ရနိုင်ပါသေးတယ်'

ညာဘက်၌ ရပ်နေသည့် ကျန်လူဂိုဏ်းသားက....

'ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီတဲထဲ ရောက်နေရတာလဲ၊ ဂိုဏ်းချုပ်ကြီးကို ခင်ဗျား ဘာလုပ်လိုက်သလဲ'

'ခင်ဗျားတို့က ဘာတွေလာပြောနေတာလဲ၊ ကျုပ်ရဲ့ လက်နှစ်ဖက်စလုံး ကြိုးချည်ခံထားရတာကိုလဲ ကြည့်ပါဦး။ ကျုပ်က ဂိုဏ်းချုပ်ကြီး အိုယန်ထု လို လူမျိုးကို ဘယ်လို ဒုက္ခပေးနိုင်မှာလဲ'

ဘယ်ဘက်က ရပ်နေသူက ဝင်ပြော၏။

'ခင်ဗျားရဲ့ လက်နှစ်ဖက်စလုံး ကြိုးချည် ခံထားရတာကို မြင်လို့ ကျုပ်တို့က ဝင်မတိုက်တာပဲ'



'ထားပါတော့...ထားပါတော့၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီး သာပြီးစစ်ဆေးကြည့်ပါဦး'

'ကျုပ်တို့ ဝင်မကြည့်ခင် ကျေးဇူးပြုပြီး ခင်ဗျားအခန်းထဲက င်ထွက်ပေးပါ'

ထိုလူနှစ်ဦးသည် တံခါးဝတစ်ဖက်တစ်ချက်၌ ဆုတ်၍ ရပ် ၏။

တုထန်ဟိုးသည် အပြင်သို့ထွက်သွားပြီးမှ ချက်ချင်းပြန်ဆုတ် သည်။

ကျန်လူဂိုဏ်းသားနှစ်ဦး၏ လက်ဝါးရိုက်အား နှစ်ခုသည် ခနဲ ထွက်ပေါ်လာ၏။

တုထန်ဟိုးက ဒေါသရောင်တောက်နေသည့် မျက်လုံးများ လှမ်းကြည့်ပြီး အော်လိုက်သည်။

'မင်းတို့က ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ၊ တိုက်ခိုက်ရင်လဲ ဖွင့်လင်းလင်းပြောမှပေါ့၊ ခုတော့ ခိုးကြောင်ခိုးဝှက်နဲ့'

တုထန်ဟိုးသည် ထိုလူနှစ်ယောက်ကို သံသယရှိသွား၏။

'ခင်ဗျားတို့နှစ်ယောက်ဟာ ပေါ့ကုံးပေါင်ရဲ့ လူယုံတပည့် ပဲဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဂိုဏ်းချုပ်ကြီး ယန်ထု ရဲ့အသက်ကို အကာအကွယ်ပေးရတော့မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မိုးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျွန်ုပ်လူဂိုဏ်း... နှစ်ယောက်မှာ အူကြောင်ကြောင် ဖြစ်သွားကြသည်။

ကုယန်ဟိုး၏စကားအဓိပ္ပာယ်ကို နားမလည်ကြပေ။

'ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျုပ်တို့က ဂိုဏ်းချု... ကြီး အိုယန်ထု ရဲ့ တပည့်တွေပါဗျ'

'ဒါဆိုရင် ကျုပ်လက်က ကြိုးကို ဖြည်ပေး'

'အို...မဟုတ်တာ၊ ခင်ဗျားအကြောင်း ဘာမှမသိသေး... ကျုပ်တို့က ဘယ်နှယ်ဒီကြိုးကို ဖြေပေးနိုင်မှာလဲ'

'ကျုပ် တောင်းဆိုချင်တာ နှစ်ချက်ပဲရှိတယ်၊ ဒါမှ ခင်... တို့ရဲ့ဂိုဏ်းချုပ်ကြီး အိုယန်ထု အသက်ရှင်လိမ့်မယ်၊ တစ်အား... ကျုပ်လက်က ကြိုးကိုဖြေပေး၊ နှစ်အချက် ပညာရှိဆန်ရှ... အငှေကို ခေါ်သွား၊ ပညာရှိထန်ရှင်နဲ့ တွေ့ပြီးရင် ခင်ဗျ... ကျုပ်ကို ကြိုက်သလိုလုပ်နိုင်တယ်'

'ခင်ဗျားပြောတဲ့စကားတွေကို ကျုပ်တို့က ဘယ်လိုယုံ... လဲ'

'မင်းမှာသစ္စာ လူမှာကတိပဲဗျာ၊ ကျုပ်က ခင်ဗျား... နယ်ပယ်ထဲ တစ်ယောက်တည်း ရောက်နေတဲ့လူပါ'



'ဟား...ဟား...ဟား၊ ဒီကတိကို ဘယ်သူက ယုံစားမှာလဲ'

ထိုအသံကား အခန်းဝ၌ ရပ်နေသူနှစ်ဦးက ပြောလိုက်သည့် ...ားသံမဟုတ်ပေ။

ကုယန်ဟိုမှာ ထိုလေသံကို ကြားဖူးပါသည်ဟု စဉ်းစား...၏။

မကြာမီ ထိုလေသံပိုင်ရှင်ကို ကိုယ်တွေ့မျက်မြင် တွေ့မြင်ရ...တော့သည်။

ထိုသူကား ပေါ့ကုံးပေါင်ပင်တည်း။

သူ့နောက်မှ ကပ်ဝင်လာသူမှာ ကျိုးတာကြည်ဖြစ်လေ၏။

ကျိုးတာကြည်က ပေါ့ကုံးပေါင်၏ သွေးကြောများကို ...ပေးလိုက်ပုံရသည်။

'အင်း...ဒါတော့သေပြီ၊ ပေါ့ကုံးပေါင်ရဲ့ ဆိုးရွားကောက်...မှုကို သူတို့ ဘယ်သူမှသိမှာမဟုတ်ဘူး၊ ပေါ့ကုံးပေါင်ဟာ ...ရဲ့လူ၊ ငါကတော့ ကွန်လုံဝမ်ရဲ့လူဆိုပြီး အပြုသံချင်းကြ...တော့မယ်'

www.burmeseclassic.com

ယခုအခါ ပေါ့ကုံးပေါင်း၊ ကျီးတာကြည်နှင့် စောစေ
ရောက်ရှိနေသည့် ကျန်လုဂိုဏ်းသားနှစ်ယောက်တို့သည် အ
ထဲသို့ ဝင်လာကြသည်။

ရှတ်တရက်တော့ တုထန်ဟိုအား မတိုက်ခိုက်ဝံ့သေးပေ၊

အဘယ်ကြောင့်ဆိုသော်....

တုထန်ဟိုမှာ ဂိုဏ်းချုပ်ကြီးအို့ယန်ထုံ အနီး၌ ရှိနေေ
ကြောင့် ဖြစ်သည်။

ပေါ့ကုံးပေါင်က တုထန်ဟိုအား လက်ညှိုးထိုး၍ ပြ

'ကျီးတာကြည်....ဒီကောင်ပဲ',

ကျီးတာကြည်က စိန်ခေါ်၏။

'ဟေ့ကောင်....ရှေ့ကို တက်ခဲ့စမ်း၊ မင်းနဲ့ ငါ တစ်ပွဲ
လမ်း အကွဲစမ်းကြည့်မယ်'

'ကျုပ် ခင်ဗျားတို့နဲ့ မတိုက်ချင်ဘူး၊ ကျုပ်လာတာက အ
ကိစ္စကြောင့်လာတာ၊ ကျုပ် တောင်းဆိုထားတဲ့ အချက်ေ
ခင်ဗျားတို့ စဉ်းစားကြပါဦး'

ကျီးတာကြည်က....



'ဟေ့....အာမှ စဉ်းစားဖို့မလိုဘူး၊ ရှေ့ကိုသာ တိုးခဲ့'

တုထန်ဟိုက ရှင်းပြ၏။

'ခင်ဗျားတို့ ပွဲကား ချုပ်ကြီးရဲ့ သေရေးရှင်ရေးပဲ၊ ကျုပ်
လက်ထဲမှာရှိတယ်၊ ကျုပ်တောင်းဆိုတဲ့ အချက်တွေကို မလိုက်
လျှောရင် ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးကို သတ်ပစ်မယ်'

တုထန်ဟိုမှာ အခြေအနေ မကောင်းတော့သဖြင့် နိုင်ရာကို
ကိုင်ရတော့သည်။

ဤသို့ခြိမ်းခြောက်လျှင် ကျီးတာကြည်တို့က လူအင်အား
နှင့် ဝင်တိုက်နိုင်ပေသည်။

ကျီးတာကြည်သည် ပေါ့ကုံးပေါင်လို သစ္စာ ဖောက်
မဟုတ်ပေ။

ဂိုဏ်းချုပ်ကြီး အသတ်ခံရမည်ဆိုသောအခါ ရှေ့သို့မတိုး
ရဲပေ။

သူသည် ကျန်လုဂိုဏ်းနှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံတို့
အပေါ် သစ္စာရှိသူဖြစ်၏။

'မင်းက ဘာတွေ တောင်းဆိုထားသလဲ'

'ကျုပ်လက်ကကြိုးကို ဖြေပေးပါ၊ပြီးတော့ ပညာရှိ ထန်ရှင်ဆီ ပို့ပေးပါ'

'မင်း တောင်းဆိုချက်တွေကို လိုက်လျောမယ်၊ ဒါပေမယ့် မင်းလဲ ကတိတည်ရမယ်၊ ငါတို့ဂိုဏ်းချုပ်ကြီးကို ဘာမှမလုပ်ရဘူး'

'စိတ်ချပါ...ကျုပ် ကတိတည်ပါတယ်၊ ကြိုးသာ ဖြေပေးပါ'

ထိုစဉ် ပေါ့ကုံးပေါင်က ဝင်၍ကန့်ကွက်၏၊

'ကျိုးတာကြည်...သူ့စကားကို မယုံနဲ့'

ကျိုးတာကြည်က ခေါသဖြင့် ပြန်ခအော်သည်၊

'မယုံလို့ဖြစ်မလား၊ ဂိုဏ်းချုပ်ကြီးက သူ့လက်ထဲမှာဖြစ်နေတယ်၊ သူသတ်သွားတော့ ဘယ်နှယ်လုပ်မလဲ'

တုဏ်နှိုကှ နှစ်သိမ့်လိုက်၏၊

'စိတ်ချပါဗျာ၊ ကျုပ်က ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို ကြည်ညိုလေးစားတဲ့လူပါ၊ နောက်တော့ ကျုပ်အကြောင်းကို ခင်ဗျားတို့သိလာမှာပါ'



ကျိုးတာကြည်သည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံ၏ သေရေးရှင်ရေးကို စိုးရိမ်ပူပန်သဖြင့် ရှေ့ခန်းသို့တိုးလာပြီး တုထန်ဟိုး၏လက်မှ ကြိုးကို ဖြေပေးသည်၊

ထို့နောက် ပေါ့ကုံးပေါင်ပေါက်ထဲမှ ကျောက်ပွတ်ကို ယူပြီး ရှေ့သို့ ချပေး၏၊

'ကဲ...မင်းထွက်သွားလို့ရပြီ'

တုထန်ဟိုးသည် ကျောက်ပွတ်ကိုခါး၌ပတ်ပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို ပွေ့ချီလိုက်သည်၊

ကျိုးတာကြည်မှာ မျက်စိမျက်နှာ ပျက်သွားတော့၏၊

'ဟေ့...ဟေ့...မင်း ဒါ ဘာလုပ်တာလဲ၊ ကတိတည်စမ်းပါ'

'ကျုပ် ကတိတည်ပါတယ်ဗျာ၊ ခင်ဗျားလဲ ကတိတည်ဖို့ လိုသေးတယ်၊ ကျုပ်ကို ပညာရှိ ထန်ရှင်ဆီ ပို့ပေးဦးလေ'

'ငါတို့ဂိုဏ်းချုပ်ကြီးကို ချတင်ပေါ်ပြန်ချထားပါ၊ မင်းကို ခေါ်သွားပေးမှာပေါ့၊ မင်း ဆရာကြီး ထန်ရှင်ဆီရောက်ရင်ပြီးတာပဲမဟုတ်လား'

တုထန်ဟိုးက ခေါင်းခါ၏၊

www.burmeseclassic.com



'ဒါက ခင်ဗျားတို့နယ်ပယ်ပဲ၊ အပြင်မှာ ကျန်လုဂိုဏ်းသား တပ်ထောင်အာဘိုလ်ထုနဲ့ ဝိုင်းပြီး ကျုပ်ကိုတိုက်ခိုက်ရင် ကျု လဲ သူ့ရဲကောင်းမဟုတ်တော့ အဖမ်းခံရမှာပဲ၊ ကျုပ်သေတာ က အကြောင်းမဟုတ်ဘူး၊ ခင်ဗျားတို့ ကျန်လုဂိုဏ်းကြီး ဒုက္ ရောက်မှာ အကြောင်းဗျ'

ပေါ့ကုံးပေါင်က အေးစက်စက်ရယ်ပြီး....

'မင်းစကားကိုတော့ ငါက လုံးဝမယုံဘူး'

ပေါ့ကုံးပေါင်က ရုတ်တရက် ဝင်တိုက်သည်။

တုထန်ဟိုသည် အိုယန်ထုံကို လက်မှမလွှတ်ဘဲ ပေါ့ကုံး ပေါင်ကို ခြေထောက်ဖြင့် လှမ်းချခတ်သည်။

'ဘာလဲ....ဂိုဏ်းချုပ်ကြီး အိုယန်ထုံ သေအောင် ခင်ဗျာ လုပ်တာလား၊ ခင်ဗျားကတော့ ဘာမှမှာလဲ၊ ဂိုဏ်းချုပ်ကြ သေရင် အေးတာပဲလို့ ယူဆထားတဲ့လူမဟုတ်လား'

ကျိုးတာကြည်က အရေးတကြီး တားလေ၏။

'ပေါ့ကုံးပေါင်....မလုပ်နဲ့၊ ဘာမှမလုပ်နဲ့၊ ဂိုဏ်းချုပ်ကြ ဒုက္ခရောက်လိမ့်မယ်'

ပေါ့ကုံးပေါင် နောက်ဆုတ်သွား၏။



'ဒီအရှုံးစကားကို နားမထောင်နဲ့ ကျိုးတာကြည်၊ ဒီကော ပေါက်တတ်ကရတွေ လျှောက်ပြောနေတာ'

တုထန်ဟိုက ဒေါသဖြင့် ပြန်အော်သည်။

'ငါမရှုံးဘူး၊ မင်းသာ အတွင်းလူလျှိုလုပ်ပြီး ဂိုဏ်းချုပ်ကြ အိုယန်ထုံ ဒုက္ခရောက်အောင် လုပ်နေတာ၊ ငါက ကျန်လုံဝမ် မြက်ရိုင်းလွင်ပြင် တိုက်ပွဲထဲမှာ ကျန်လုဂိုဏ်းနဲ့ တခြားဂိုဏ် အကျော်အမော်တွေ ဒုက္ခရောက်မှာစိုးလို့ အရေးတကြီး လ သတင်းပို့ရတာ'

ကျိုးတာကြည် ထိတ်ခနဲ ဖြစ်သွား၏။

'ဘယ်က အတွင်းသူလျှိုလဲ'

တုထန်ဟိုက....

'ကျုပ်ရှင်းပြလဲ ခင်ဗျား ယုံမှာမဟုတ်ဘူး၊ ခင်ဗျားတို့ဂို ထဲမှာ ကျန်လုံဝမ်ရဲ့ သစ္စာကိုခံနေတဲ့ အတွင်းသူလျှိုရှိနေတာ အဲဒီလူက ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို လုပ်ကြံတာဗျ'

ကျိုးတာကြည်က အံ့သြစွာ မေး၏။

'အဲဒီအတွင်းသူလျှို ဘယ်သူလဲ'

'ကျုပ်အနေနဲ့ ခုအချိန်မှာ နာမည်ထုတ်မပြောနိုင်ဘူးဗု ပညာရှိထန်ရှင်ဆီ အရောက်ပို့ရင်တော့ ကျုပ်ပြောပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကုံးပေါင်က တားဆီးလိုက်၏။

'ကျီးတာကြည့်...ဒီကောင့်စကားကို အရမ်းမယုံနဲ့၊ ဂိုဏ်းချုပ်ကြီး သေနေပြီလားမသိဘူး၊ သူ့မှာ တခြားအကြောင်း ရှိလိမ့်ဦးမယ်'

ကျီးတာကြည့်မှာ ပေါ့ကုံးပေါင်ကဲ့သို့ သစ္စာဖောက် မဟုတ်ပေ။

လွန်စွာ ရိုးသားသူလည်းဖြစ်၏။

'အေး...ဟုတ်တယ်၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ သေနေမှတော့ ငါတို့ အသလုပ်လို့ရတော့မှာလဲ'

တုထန်ဟိုက...

'ကောင်းပြီ၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ မသေသေးပါဘူး၊ အသက်ငွေ့ငွေ့ကလေးရှိနေပါသေးတယ်၊ ခင်ဗျားလာစမ်းသပ်ကြည့်ပါ'

ပေါ့ကုံးပေါင် ရှေ့သို့တိုးဝင်လာ၏။

'ငါ သွားစမ်းကြည့်မယ်၊ ဂိုဏ်းချုပ်ကြီး အသက်ငွေ့ငွေ့ ရှိသေးတယ်ဆိုရင်တော့ ဆရာကြီးဟုန်ရှင်ဆီ ခေါ်သွားမယ်၊ မဟုတ်ရင်တော့ သူ့ကို အသေဝိုင်းတိုက်မယ်'



တုထန်ဟိုက ခါးသီးစွာ ပြောသည်။

'ပေါ့ကုံးပေါင်.. မင်း ရှေ့ကိုတိုးမလာနဲ့၊ မင်းကို လုံး မယုံဘူး၊ ဒီအခန်းထဲမှာရှိတဲ့ လူလေးယောက်ထဲမှာ မင်း တစ်ယောက်ကိုပဲ ငါမယုံဘူး၊ ကျန်တဲ့သုံးယောက်ထဲက ကြိုက် တဲ့လူထွက်ခဲ့၊ လာစမ်းလှည့် စမ်းလို့ရတယ်'

ကျီးတာကြည့်သည် ပေါ့ကုံးပေါင်ကို ဆွဲဖယ်ပြီး...

'ဖယ်စမ်း၊ ငါစမ်းမယ်'

သူသည် တုထန်ဟိုအနီးသို့ ချဉ်းကပ်သွား၏။

တုထန်ဟိုက အို့ယန်ထုံအား စမ်းသပ်ရန် ခွင့်ပြုသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ နှလုံးသားများ ဖြည်းညင်းစွာ ခုန်နေသေးကြောင်း ကျီးတာကြည့် လက်ခံသွား၏။

ကျီးတာကြည့်က မျက်မှောင်ကြုတ်ပြီး တုထန်ဟိုအား မေးလေ၏။

'မင်း ဘာအဆိပ် သုံးလိုက်သလဲ'

တုထန်ဟိုက အေးစက်စက်ရယ်သည်။

'နောင်ကြီး...ကျီးတာကြည့်၊ ခင်ဗျားပဲ စေ့စေ့ချာချာ စဉ်းစားစမ်းပါဦး၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံရဲ့ သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအား ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားအသိ၊ ကျုပ်က သူ့စိမ်းလူ၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံလို လူမျိုးကို ကျုပ်က ဘယ်လိုလုပ်ပြီး အနီးကပ် လုပ်ကြံနိုင်မှာလဲ၊ စဉ်းစားပါ… သေသေချာချာ စဉ်းစားပါ'

ကျိုးတာကြည် တွေဝေသွားသည်။

ဤကဲ့သို့သော လူစိမ်းတစ်ယောက်က ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ အား မည်သည့်နည်းနှင့်မျှ လုပ်ကြံခြင်း မပြုနိုင်ကြောင်း သူ သဘောပေါက်လာပေသည်။

ထို့ကြောင့် ခေါင်းအဆတ်ဆတ်ညိတ်ပြီး….

'အင်း….မင်းပြောတာ ဟုတ်နိုင်တယ်၊ ကောင်းပြီ၊ မင်းကို ဆရာကြီးထန်ရှင်ဆီ ခေါ်သွားပေးမယ်'

တုထန်ဟိုသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံ အား သက်သောင့် သက်သာဖြစ်အောင် ပွေ့ချီပြီး….,

'နောင်ကြီး ကျိုးတာကြည်…. ကျုပ် အပြင်ထွက်တာ နဲ့ ခင်ဗျားတို့ ဂိုဏ်းသားတွေကို ဆယ်ပေအကွာက စောင့်ခိုင်းပါ၊ ကျုပ်အနားကပ်လာရင်တော့ ကျုပ်က နိုင်ရာကိုင်မှာပဲ၊ အဲဒီ အခါကျတော့မှ အားလုံးမျက်နှာပျက်စရာတွေဖြစ်ကုန်လိမ့်မယ်၊ အထူးသဖြင့် ပေါ့ကူးပေါင်အနေနဲ့ ကျုပ်နားကို မကပ်ဖို့ပဲ'

ကျိုးတာကြည်သည် ပေါ့ကူးပေါင်အား မသက်မသာလို ကြည့်၏။



'ပေါ့ကူးပေါင်….ဒီလူဟာ မင်းကို ရန်ရှာဖို့ လာသလိုပဲ'

ပေါ့ကူးပေါင်က စိတ်ပျက်လက်ပျက် ပြော၏။

'ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်လုံး သူ့လက်ထဲရောက် နေတော့ ငါတို့အနေနဲ့ ဘာတတ်နိုင်တော့မှာလဲကွာ၊ သူပြောတဲ့ အတိုင်း လုပ်ရုံပဲရှိတော့တယ်'

တုထန်ဟိုသည် စိတ်ထဲ၌ တွေးသည်။

'အင်း….ဒီလူနှစ်ယောက်ဟာ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံရဲ့ သက်တော်စောင့်နှစ်ယောက်ဖြစ်ပေမယ့် တစ်ယောက်ကသစ္စာရှိ တယ်၊ တစ်ယောက်က သစ္စာမဲ့တယ်၊ ကျိုးတာကြည်ကတော့ ပေါ့ကူးပေါင်အပေါ် သံသယစဉ်ရှိပုံရတယ်'

တုထန်ဟိုသည် အတွေးစကိုဖြတ်၍….

'ကဲ….ရှေ့ကသွားကြ၊ ကျုပ် နောက်ကလိုက်ခဲ့မယ်'

ကျိုးတာကြည်၊ ပေါ့ကူးပေါင်နှင့် ကျန်လုဂိုဏ်းသားနှစ်ဦး တို့မှာ မတတ်သာဘဲ ရှေ့မှဦးဆောင်ထွက်သွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

### ဝေဒနာဖြစ်သွားသော စေတနာ

တုထန်ဟို တွက်ဆထားသည့်အတိုင်းပင် တဲခန်းပေါ်ပတ်ပတ်လည်၌ ကျုန်လုဂိုဏ်းသားများ ဝိုင်းဝိုင်းလည်နေသည်။

သူတို့သည် မီးတောက်မတတ် မျက်လုံးများဖြင့် တုထန်ဟိုအား ဝိုင်းကြည့်နေကြသည်။

အချို့ကမူ စိုးရိမ်ပူပန်သော မျက်လုံးများဖြင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုအား လှမ်းကြည့်နေကြသည်။

တုထန်ဟိုသည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သည်မှာ ကြာခဲ့ပြီ။

ပွဲကြီးပွဲငယ်အမျိုးမျိုး နွှဲခဲ့ဖူးသည်မှာလည်း အမှန်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယခုကဲ့သို့သော မီးတောက်မဘဲ မျက်လုံးများဖြင့် ဝိုင်းကြည့်နေသူများကို မမြင်ဖူးခဲ့ပေ။

သူ့တစ်သက်၌ ပထမဆုံးအကြိမ် ကြက်သီးမွေးညင်းထခဲ့မိလေ၏။

ကျီးတာကြည်က လက်နှစ်ဖက်ကို ခါယမ်းပြကာ....

'ဖယ်ကြ၊ ဘယ်သူမှဝင်မရှုပ်ကြနဲ့၊ ဂိုဏ်းချုပ်ကြီးကို ထိခိုက်သွားမှာ စိုးရိမ်ရတယ်'

ကျန်လုဂိုဏ်းသားများမှာ အားမတန်၍ မာန်လျှော့ကြရသည်။

အားလုံး နောက်ဆုတ်ပေးကြသည်။

ကျီးတာကြည်သည် ကျန်လု ဂိုဏ်းသားများကို ဖယ်ရှားဝေါက်ငန်းရင်း ရွှေ့မှထွက်သွားရာ မကြာမီ တွဲတစ်လုံးဆီသို့ ရောက်ရှိသွား၏။

ကျန်လုဂိုဏ်းသားများမှာမူ နောက်က ကပ်၍ လိုက်ပါလိုက်ပါနေကြ၏။

တုထန်ဟိုမှာ သတိကြီးစွာ ထားနေရ၏။

ထိုတံခါးသည် ပွင့်ထသွား၏။



အထဲ၌ ပညာရှိထန်ရှင်သည် ယပ်တောင်ကိုခတ်ရင်း စဉ်းစားနေ၏။

ကျီးတာကြည်သည် တဲတံခါးဝ၌ရပ်၍ ဦးညွှတ် ဂါရဝပြုသည်။

'ဆရာကြီး....ကျွန်တော့်ကို ဝင်ခွင့်ပြုပါ'

ထန်ရှင်က ယပ်တောင်ကိုခေါက်သိမ်းပြီး လှမ်းကြည့်လိုက်သည်။

လူစုလူဝေးကြီးကို တွေ့လိုက်ရသောအခါ အလွန် အံ့သြသွားသည်။

'ဘာကိစ္စလဲ'

'ဟောဒီလူက ဆရာကြီးထန်ရှင်ကို တွေ့ချင်လို့တဲ့'

တုထန်ဟိုသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံကို ပွေ့ချီပြီး ရှေ့သို့ထွက်လာ၏။

'ကျွန်တော် တုထန်ဟိုပါ'

ပညာရှိထန်ရှင်၏မျက်နှာမှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို တွေ့လိုက်ရသည်နှင့် ချက်ချင်း ညှိုးမှိုင်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ကဲ... အထဲကို ကြွပါဦး'

'ဆရာကြီးထန်ရှင်၊ ဂိုဏ်းချုပ်ကြီးအို့ယန်ထူ ရဲ့ဒဏ်ရာဟာ သိပ်ပြင်းထန်ပါတယ်၊ အဲဒီဒဏ်ရာကို စစ်ဆေးပေးပါဦး၊ ခေတ္တကြာ အသက်မမီဘဲ ဖြစ်နေပါဦးမယ်'

ထန်ရှင်သည် ကျိုးတာကြည်၊ ပေါ်ကုန်းပေါင်တို့ကိုတစ်ချက်မျှ ကြည့်ပြီး....

'ကဲ...မင်းတို့အားလုံးထွက်သွားကြပေတော့၊ ငါ့တဲ ပတ်ဝန်းကျင်မှာလဲ ဘယ်သူမှမရှိစေနဲ့'

ပေါ်ကုန်းပေါင်က အလျှင်စလိုပင်ပြော၏။

'ဆရာကြီး၊ ဒီလူကိုမယုံပါနဲ့၊ သူကဂိုဏ်းချုပ်ကြီးကို သတ်မယ်လို့ အကြံကိုင်လာခဲ့ပါတယ်၊ သူဟာ....'

ထန်ရှင်က လက်ဝါးကာ၍ တားဆီးလိုက်၏။

'စိတ်ချပါ၊ ဒီလူကိုငါမယုံပါဘူး၊ မင်းတို့သာခပ်ဝေးဝေးကို ရှောင်နေပါ'

ကျိုးတာကြည်နှင့်ပေါ်ကုန်းပေါင်တို့မှာ ထပ်မံ၍မပြောသာတော့သဖြင့် ထွက်ခွာသွားကြရတော့သည်။



တဲတံခါးအနီးသို့ ကပ်ဝိုင်းလာသူများကို ကျိုးတာကြည်က အော်ငေါက် လွှတ်နေသည်။

မကြာမီ လူအားလုံး ရှင်းသွားသည်။

ထန်ရှင်က တဲအတွင်းရှိ ခုတင်တစ်လုံးကို ညွှန်ပြပြီး....

'မိတ်ဆွေကြီး....ဂိုဏ်းချုပ်ကြီးကို အဲဒီခုတင်ပေါ် တင်ထားလိုက်ပါ'

တုထန်ဟိုသည် သူ့အား ပျော့ပျောင်းစွာ ဆက်ဆံသည့် ထန်ရှင်အား အံ့သြသလိုတစ်ချက်ကြည့်ပြီးနောက် ဂိုဏ်းချုပ်ကြီး အို့ယန်ထူကို ခုတင်ပေါ်သို့ အသာအယာ တင်ပေးလိုက်လေ၏။

'မိတ်ဆွေကြီးတုထန်ဟိုးခင်ဗျား အဝေးကြီးကလာခဲ့ရတာ ဆိုတော့ ပင်ပန်းနေမှာပဲ၊ ထိုင်ပါ'

'ကျွန်တော်မထိုင်တော့ပါဘူး၊ ဆရာကြီးတို့ ကျွန်လုဂိုဏ်းအတွက် သတိပေးဖို့ ပြေးလာခဲ့တာပါ၊ ဆရာကြီးလဲ ပညာရှိသတိဖြစ်ခဲဆိုတာလို ဖြစ်နေပြီနဲ့တူပါရဲ့'

ထန်ရှင်က မချိပြုံး ပြုံးသည်။

'နှာမည်းကျော် တိဗက် ကျွာပွတ်ဘုရင်ကြီးရဲ့ စေတနာကို ကျေပ် လေးစားပါတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး၊ဂိုဏ်းချုပ်ကြီး အို့ယန်ထု ဟာ သေလုမြောပါး အသိပ်မိနေပါတယ်၊ အရင်ဆုံး စစ်ဆေးကြည့်ပါဦး'

ထန်ရှင်က ခေါင်းခါ၏။

'မသေနိုင်ပါဘူး'

'အဲဒီလိုတော့ ပေါ့ပေါ့ဆဆ မပြောခဲ့နဲ့ပါလေ၊ စမ်းသပ်ကြည့်ပါဦး၊ စမ်းသပ်ပြီးရင်တော့ ကြိုက်သလိုပြောပါ'

'မိတ်ဆွေကြီး၊ ကွန်လုံဝမ်ရဲ့ ကိုယ်ရံတော် အင်္ကျီဝတ်ပြီး ဘယ့်နှယ် ကျန်လုဂိုဏ်းရဲ့နယ်ပယ်ထဲ ရောက်နေရတာလဲ'

'ဟုတ်တယ်၊ ကိုယ်ရံတော် အင်္ကျီ ဝတ်ခွင့်ရလို့ လျှို့ဝှက်သတင်းတွေ သိခွင့်ရခဲ့တယ်၊ ဒါကြောင့် ဒီကို ပြေးလာခဲ့တာပဲ၊ ဆရာကြီးထန်ရှင်သိပ်အချိန်မဖြုန်းပါနဲ့ဗျာ၊ ဂိုဏ်းချုပ်ကြီး အို့ယန်ထု ရဲ့အသက်ကို အချိန်မီကယ်တင်ပေးပါ'

ထန်ရှင်က သက်ပြင်းချသည်။

'မိတ်ဆွေကြီးရဲ့စေတနာတွေဟာ ကျုပ်အတွက်တော့ ဝေဒနာတွေပါပဲဗျာ၊ ကျုပ်တို့ရဲ့ချွေးနဲ့သွေးနဲ့ရင်းပြီး စီစဉ်ခဲ့တဲ့ အစီအစဉ်ကြီးတစ်ခုလုံးလဲ အလကားဖြစ်သွားရတော့တာပါဗျာ'



'ဗျာ'

တုထန်ဟိုမှာ ပညာရှိထန်ရှင်၏စကားကို ကြားလိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်အံ့ဩသွားလေတော့၏။

'ဆရာကြီးရဲ့စကားကို ကျွန်တော်တော့ ဘာမှနားမလည်တော့ဘူးဗျာ'

ထန်ရှင်က သက်ပြင်း ချပြန်သည်။

'ဂိုဏ်းချုပ်ကြီးအို့ယန်ထု လိုလူမျိုးကို ဘယ်သူက လုပ်ကြံချင်တိုင်း လုပ်ကြံလို့ရမှာလဲဗျာ၊ သူက သာမန်လူမှမဟုတ်ဘဲ'

'ဆရာကြီး....ကျွန်တော့်ကို ရှင်းရှင်းပြောပါသားခင်ဗျာ'

'ဒီပုဂ္ဂိုလ်ဟာ အို့ယန်ထု အတုလား အစစ်လား မိတ်ဆွေကြီး စစ်ဆေးကြည့်ပါဦး'

တုထန်ဟို ထိတ်လန့်သွား၏။

'ဟာ....ဟုတ်တာပဲ၊ ဒီလူဟာ အို့ယန်ထု အတုဖြစ်နိုင်တာပေါ့၊ ရုပ်ပြောင်းရုပ်လွှဲလုပ်ထားရင် ဘယ်သူ သိနိုင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ခုတင်အနီးသို့ ချဉ်းကပ်ပြီး အသေအချာ လေ့လာသည်။

သူတွေ့ရသလောက်ကတော့ အိုယန်ထု အစစ်ဖြစ်နေ၏။

ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်ထားသည့် အခြေအနေများကိုလည်း လုံးဝမတွေ့ရပေ။

ထန်ရှင်က တုထန်ဟိုစဉ်းစားရ ခက်နေသည်ကို ကြည့်ပြီး ပြုံးလိုက်၏။

'မိတ်ဆွေကြီး တုထန်ဟို၊ ဂိုဏ်းချုပ်ကြီးအိုယန်ထု နေရာမှာ တခြားအတုတစ်ယောက်ကို အစားထိုးထားရင်ခင်ဗျားလို ပြင်ပပုဂ္ဂိုလ်ကို လိမ်ကောင်းလိမ်နိုင်မယ်၊ ဒါပေမယ့် ပေါ့ကုံးပေါင်လို ပုဂ္ဂိုလ်မျိုးကို လိမ်ညာလို့ မရနိုင်ပေဘူး'

တုထန်ဟို၏မျက်နှာမှာ ဝင်းပသွား၏။

'ဒါဖြင့် ဆရာကြီးက အတွင်းသစ္စာဖောက် ရှိနေတာကို အစောကြီးကတည်းက ရိပ်မိနေပြီ ဆိုတဲ့သဘောပေါ့'

ထန်ရှင်က ခေါင်းညိတ်သည်။

'ဟောဒီခုတင်ပေါ်က ပုဂ္ဂိုလ်ဟာ ဂိုဏ်းချုပ်ကြီး အိုယန်ထု အစစ်ဖြစ်ရုံတင်မကဘူး၊ ပေါ့ကုံးပေါင်တိုက်ကျွေးလာတဲ့ အဆိပ်ကိုလဲ တကယ်အမိခံထားရပါတယ်'



'ဗျာ'

'ဟုတ်တယ်၊ ဂိုဏ်းချုပ်ကြီးဟာ ပေါ့ကုံးပေါင်ရဲ့ အဆိပ်မိထားတာအမှန်ပဲ၊ အခြေအနေက အဲဒီလိုလုပ်မှလဲ ဖြစ်တော့မှာကိုး'

တုထန်ဟိုသည် တဖြည်းဖြည်း သဘောပေါက်လာ၏။

ထို့ကြောင့် သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။

'ဆရာကြီးတို့ရဲ့အကြံဟာ သိပ်ကောင်းပါတယ်၊ ဒါပေမယ့် အန္တရာယ်ကလဲ တကယ်ကြီးတာပဲ၊ ဂိုဏ်းချုပ်ကြီး အိုယန်ထုံ တကယ်သေသွားနိုင်တာလဲ ထည့်တွက်သင့်တာပေါ့'

ထန်ရှင်က ခေါင်းညိတ်၏။

'မိတ်ဆွေကြီး ပြောတာကိုလဲ ကျုပ်တို့ ထည့်တွက်ထားပါတယ်၊ ခင်ဗျား အရေးတကြီးမေးလာတာ ဒီသတင်းကိုမေးဖို့ပဲ မဟုတ်လားဗျာ'

တုထန်ဟိုမှာ ပျားတုပ်ခံလိုက်ရသလို ဖြစ်သွား၏။

မိမိက ကျန်လူဂိုဏ်းအတွက် သေရေးရှင်ရေး ဖြစ်သည်ဟု ယူဆပြီး အမောတကော ပြေးလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လုဂိုဏ်းမှ ပညာရှိထန်ရှင်သည် ထိုအရေးကိစ္စကြီးကို ကြိုတင်သိမြင်ပြီးခဲ့လေပြီ။

ဂိုဏ်းချုပ်ကြီးအို့ယန့်ထုံအား တစ်ပြန်ရှိသေးသည့်မြက်ရှိုင်းလှုပ်ပြင်တိုက်ပွဲအကြောင်းကိုလည်း ဤပညာရှိကြီး အနေဖြင့် ကြိုတင်သိထားကောင်း သိထားနိုင်ပေသေးသည်။

ထန်ရှင်သည် သက်ပြင်းချကာ အတွင်းအိတ်ထဲမှ ပုလင်းငယ်တစ်လုံးကို ထုတ်လိုက်သည်။

ထိုပုလင်းငယ်ထဲမှ ဆေးလုံးနှစ်လုံးကိုထုတ်ကာ အို့ယန့်ထုံ၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

'သိပ်မကြာပါဘူး၊ အလွန်ဆုံး နာရီဝက်ပါပဲ၊ ကဲ...မိတ်ဆွေကြီးထိုင်ပါ၊ ခဏလောက်အော့ စောင့်ကြည့်ပါဦး'

ထန်ရှင်၏စကား မှန်လှသည်။

နာရီဝက်ခန့်ကြာသောအခါ အို့ယန့်ထုံထံမှ သက်ပြင်းချသံ ထွက်ပေါ်လာပြီး ဖြည်းညင်းစွာ ထထိုင်သည်။

အို့ယန့်ထုံက ထန်ရှင်အားလှမ်းကြည့်ပြီး ချီးကျူးစကားပြောလေ၏။

'နောင်ကြီးထန်ရှင်ရဲ့အဆေးဟာ ဘယ်တော့မှ မှားတယ်လို့ မရှိဘူး၊ အမြဲမှန်တာပဲ'



ပညာရှိထန်ရှင်နှင့် တုထန်ဟိုတို့သည် တမန်းကဘန်းထရပ်ကာ ဦးညွှတ်ဂါရဝပြုကြလေ၏။

အို့ယန့်ထုံသည် တုယန်ဟိုအား မြင်လိုက်ရသဖြင့် အံ့ဩသွားသည်။

ခုတင်ပေါ်မှ ချက်ချင်းထလာ၏။

'ဟိုဗက်ဏ သူရဲကောင်းကြီး တုထန်ဟိုပါလား'

'သူရဲကောင်း မဟုတ်ပါဘူးခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးတို့ရဲ့ ကျွန်လုဂိုဏ်းထဲမှာ အတွင်းသူလျှိုရောက်ရှိနေတာကို သိသိချင်း လာရောက် အကြောင်းကြားတာပါ'

'ကျေးဇူးတင်ပါတယ်လေ၊ လူကဲခတ်ရတာ အင်မတန် ခက်ပါတယ်၊ အပြင်ပန်းကတော့ သစ္စာရှိပုံပဲ၊ အတွင်းစိတ်ကတော့ ကောက်ကျစ်နေတယ်၊ ကျုပ်ရဲ့သက်တော်စောင့်ပေါ့ကျူးပေါင်ဟာ ကွန်လုံဝမ်ရဲ့ သစ္စာတော်ခံ ဖြစ်နေတော့ ကျုပ်တို့အဖို့ လုပ်ရကိုင်ရတာ အတော်ကလေး ကသိကအောက် ဖြစ်ရတာ အမှန်ပါပဲဗျာ'

အို့ယန့်ထုံက လက်ကိုဝှေ့ယမ်းပြပြီး....

'ကဲ...လာကြပါ၊ အတွင်းခန်းထဲမှာ စကား ပြောကြရအောင်၊ မိုပြီးလုံလုံခြုံခြုံရှိအောင် အတွင်းခန်းထဲကို သွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်နှင့် တုထန်ဟိုတို့လည်း နောက်ပါးမှ ကပ်လိုက်သွားကြရသည်။

တုထန်ဟိုကမူ ဖြစ်ပျက်နေသည်တို့ကို မျက်လှည့်ပြနေသကဲ့သို့ ထင်မှတ်မိလေ၏။

အတွင်းခန်းထဲ၌ ကြိမ်စားပွဲ၊ ကြိမ်ကုလားထိုင် များကို အဆင်သင့်ခင်းကျင်းထားသည်။

ဂိုဏ်းချုပ်ကြီးအို့ယန်ထု ထိုင်ပြီးနောက် ထန်ရှင်နှင့် တုထန်ဟိုတို့လည်း ဝင်ထိုင်သည်။

ထန်ရှင်က ယပ်တောင်ကိုခတ်ပြီး ခပ်ဖြည်းဖြည်းပြော၏။

'ကဲ...မိတ်ဆွေကြီးတုထန်ဟို၊ ခင်ဗျား ပြောချင်တာတွေ ပြောပြလို့ရပါပြီ'

တုထန်ဟိုက....

'ကျွန်တော် သတင်းပေးဖို့ လာခဲ့တဲ့ အကြောင်းတစ်ခုက ဂိုဏ်းချုပ်ကြီးနဲ့ ဆရာထန်ရှင်တို့ သိပြီးတဲ့ အကြောင်းအရာပဲ၊ ပေါက်ကုန်းပေါင်ကို အခုအချိန်မှာမဖမ်းရင် ဘယ်အချိန်သွားဖမ်းတော့မှာလဲ'

ထန်ရှင်က ခေါင်းခါ၏။



'ဂိုဏ်းချုပ်ကြီး သေတယ်ရှင်တယ်ဆိုတဲ့ သတင်းအတိအကျ မသိရသေးရင် သူ မပြေးသေးပါဘူး၊ သူတိုက်ထားတဲ့ အဆိပ်ကို သူ ယုံကြည်မှာ သေချာပါတယ်'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော်တွေ့ကြုံခဲ့ရတဲ့အကြောင်းတွေကို ခရေစေ့တွင်းကျ ပြန်ပြောပြပါမယ်၊ အဲဒီထဲမှာ ဂိုဏ်းချုပ်ကြီးနဲ့ ဆရာထန်ရှင် လိုချင်တဲ့ အကြောင်းအရာတွေ ပါလာပါလိမ့်မယ်'

တုထန်ဟိုသည် သူ မည်သို့မည်ပုံ ကျွန်းလုံဂိုဏ်းအတွင်းသို့ ရောက်ရှိသွားခဲ့ရသည်ကို ခရေစေ့တွင်းကျ ရှင်းပြသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုက အံ့သြစွာ မေးလေ၏။

'ကျွန်းလုံဝမ်ဆီမှာ ဇနီးရှိတယ်လို့ ကျုပ်ဖြင့် တစ်ခါမှမကြားဘူး၊ မိတ်ဆွေကြီးပြောတဲ့ စကားအတိုင်းဆိုရင်တော့ အကျိမ်းဝတ်ထားတဲ့ အမျိုးသမီးဟာ ကျွန်းလုံဝမ်ရဲ့ ဇနီးဖြစ်ဖို့ သေချာနေပြီပေါ့၊ သူက ဘာဖြစ်လို့ မိတ်ဆွေကြီးကို ပြန်လွှတ်ပေးရတာလဲ'

'ကျွန်တော်လဲ ဒီအချက်ကို အံ့သြနေတယ်၊ သူက ဘာဖြစ်လို့ ကျွန်တော့်ကို ကယ်တင်လိုက်ရသလဲ၊ ကျွန်တော် လုံးဝသဘောမပေါက်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး စကားမပြောမိကြတော့ဘဲ အတွေး ကိုယ်စီနှင့် ငြိမ်သက်သွားကြလေ၏။

တုထန်ဟိုကမူ ကွန်လုံဝမ်၏ဇနီးက သူ့အား အဘယ် ကြောင့် လွှတ်ပေးသည်ကို လုံးဝ စဉ်းစား၍မရဘဲ ရှိနေသည်။

နာရီဝက်ခန့် ငြိမ်သက်ပြီးနောက် ထန်ရှင်၏ ယပ်တောင် ခတ်သံ တဖျပ်ဖျပ် ထွက်ပေါ်လာ၏။

'ကွန်လုံဝမ်ရဲ့ ဇနီးဟာ သစ္စာဖောက်တော့ မဖြစ်နိုင်ဘူး ကွန်လုံဝမ်ဟာ သူ့ဇနီးကိုအလိုလိုက်အကြိုက်ဆောင်ထားရမယ့် သဘောမျိုးရှိလိမ့်မယ်၊ သူဟာ ကွန်လုံဝမ်ရဲ့ဒေါသကို ဂရုမစိုက် ဘဲ ဒီလိုလုပ်ပြတာကိုက သူ ဘယ်လောက် အဆင့်မြင့်နေတယ် ဆိုတာ သက်သေပြနေတယ်'

BURMESE CLASSIC

အိုယန်ထုံက ခေါင်းခါ၏။

'နောင်ကြီးထန်ရှင်ရဲ့ အယူအဆတွေကို ကျုပ် အမြဲပဲလက်ခံ ခဲ့တယ်၊ ဒီတစ်ကြိမ်မှာတော့ လက်မခံနိုင်တော့ဘူး၊ ကွန်လုံဝမ် ဟာ မိန်းမတစ်ယောက်အပေါ် ဒီလောက် လိုက်လျောမယ့် လူစားမျိုးမဟုတ်ဘူး'

ထန်ရှင်က ပြုံး၍ပြော၏။



'ဂိုဏ်းချုပ်ကြီး...ကွန်လုံဝမ်ဟာ ချွတ်ယွင်းချက် အတော် နည်းတဲ့လူ ဖြစ်ပါတယ်၊ သူဟာ မကောင်းတဲ့ဘက်မှာ ပြတ်ပြတ် သားသား မကောင်းခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်၊ ဒီလို လူမျိုးဟာ ဇနီးမယားနဲ့ ပတ်သက်ရင် ပျော့ကွက် ရှိတတ်ပါ တယ်၊ ဒါဟာ သူတို့ရဲ့ စိတ်ဓာတ်လို့ ဆိုနိုင်ပါတယ်'

'တစ်မျိုးပဲ၊ နောင်ကြီးရဲ့ အယူအဆကို ကျုပ်တော့ သိပ် ဘဝင်မကျလှဘူး'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံက သူ့ အယူအဆကို ပျော့ပျောင်း စွာ ပြောပြသည်။

တုထန်ဟိုက ရှင်းပြ၏။

'ကျွန်တော် သူတို့ဆီက ထွက်ပြေးသွားတာသိရင် သိသိချင်း မြေလှန်ရှာနိုင်ပါတယ်၊ တရားခံဟာ အက်ဂျီစိမ်းနဲ့ အမျိုးသမီး ဆိုတာသာ သိသွားရင်တော့ အကြီးအကျယ် ပြဿနာပဲ'

ထန်ရှင်က ခေါင်းခါ၏။

'အဲဒီအမျိုးသမီးက ကွန်လုံဝမ်အကြောင်း မသိဘဲ မရှိပါ ဘူး၊ သူပိုင်တယ်ထင်လို့ လွှတ်ပေးလိုက်တာပါ၊ ကျုပ်စိတ်ထင် တော့ ခင်ဗျားကိစ္စဟာ သူတို့အဖို့ ဘာမှ ပြဿနာမဖြစ်နိုင်ဘူး လို့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထိုက် ပြုံး၍…

'တဲ…ကဲ…ဒီကိစ္စကိုခဏဘေးဖယ်ထားလိုက်ပါဦး၊မြက်ရိုင်းလွင်ပြင်တိုက်ပွဲအကြောင်း နည်းနည်းထပ်ပြောပါဦး'

တုထန်ဟိုကလည်း စေ့စေ့စပ်စပ်ပြန်ဖြေပြသည်။

အို့ယန်ထုံက တုထန်ဟို၏စကားဆုံးသည်နှင့် ထန်ရှင်ဘက်သို့ လှည့်၍ပြောသည်။

'နှောင်ကြီးထန်ရှင်… ကွန်လုံဝမ်ရဲ့ လုပ်နည်းကို ကျုပ်တို့လျှော့တွက်လို့ မဖြစ်ဘူးနဲ့တူတယ်'

ထန်ရှင်သည် ထိုင်ရာမှထရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

မြက်ရိုင်းလွင်ပြင် တိုက်ခိုက်နည်းကို မည်သည့်နည်းနှင့် မယ်ဖျက်နိုင်မည်ကို စဉ်းစားနေကြောင်း တုထန်ဟိုကော ဂိုဏ်းချုပ်ကြီး အို့ယန်ထုံပါ သဘောပေါက်သည်။

အတန်ကြာ စဉ်းစားပြီးမှ ထန်ရှင်က တုထန်ဟိုအား လေးလေးနက်နက် မေးမြန်းလေ၏။

'မိတ်ဆွေကြီး တုထန်ဟို…ကိုယ်ကျုပ်အကျိုးနက်ကိုယ်ရံတော်ဂိုဏ်းထဲမှာ ထပ်မံပါဝင်လှုပ်ရှားဖို့အတွက် မိတ်ဆွေကြီး သတ္တိရှိသေးရဲ့လားမသိဘူး'



တုထန်ဟိုက အေးစက်စက် ရယ်လေ၏။

'ဘယ်သူမဆို ကိုယ့်အသက်ကို ခင်တွယ်စမြဲပဲ၊ ဒါပေမယ့် အများအကျိုးအတွက် အသက်စွန့်ရမယ်ဆိုရင်တော့ ကျွန်တော့် အသက်ကို မနှမြောပါဘူး'

'သာဓုဗျာ၊ သာဓု…သာဓု'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက သာဓုခေါ်သည်။

ထန်ရှင်က…

'ကျွန်တော့်အစီအစဉ်အတိုင်း ဆောင်ရွက်မယ်ဆိုရင်တော့ မိတ်ဆွေကြီးတုထန်ဟိုအနေနဲ့ ပြောသလောက် ဘေးအန္တရာယ်ရှိမှာမဟုတ်ပါဘူး'

'စိတ်ချပါ၊ ဆရာကြီးရဲ့ အစီအစဉ်ကို ကျွန်တော် လိုက်နာပါ့မယ်'

တုထန်ဟိုအနီးသို့ထန်ရှင်ကပ်သွားပြီး နှစ်ကိုယ်ကြားတိုးတိုးပြန်ကြားလေတော့၏။

တုထန်ဟိုက ကျေနပ်စွာ ခေါင်းညိတ်၏။

'ဆရာကြီးရဲ့ ဥာဏ်ပညာကတော့ တကယ်ကောင်းတာပဲ၊ ဘယ်သူမှ အဲဒီလိုထင်မှာတော့ မဟုတ်ပါဘူး၊ကဲ…ကျွန်တော်သွားပါတော့မယ်၊ ခွင့်ပြုပါဦး'

www.burmeseclassic.com

www.burmeseclassic.com



တုဆန့်ဟိုသည် ထန့်ရှင်နှင့်ဂိုဏ်းချုပ်ကြီးအို့ယန့်ထု တို့အား ဦးညွှတ်ဂါရဝပြုပြီး တဲအတွင်းမှ ထွက်ခွာသွားလေတော့၏။

အို့ယန့်ထုသည် လွန်စွာ ပင်ပန်းနွမ်းနယ်နေဟန်ရှိသည်။ ထန့်ရှင်အား ကြင်နာစွာ ကြည့်သည်။

'နောင်ကြီး ထန့်ရှင်...ခုတလော နောင်ကြီး သိပ်ပင်ပန်း နေတယ်၊ ခဏတဖြုတ် အနားယူရင် ကောင်းမယ်'

ထန့်ရှင်က ပြုံး၍...

'အနားယူနေပါတယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် တစ်ခု လောက် အစီရင်ခံချင်ပါတယ်'

'ဘာများလဲ နောင်ကြီးထန့်ရှင်ရဲ့'

'မြက်ရိုင်းလွင်ပြင်တိုက်ပွဲ ခင်းကျင်းမယ့် နေရာကို သွား စစ်ဆေးချင်ပါတယ်'

'အဲဒါမမှားဘူး၊ နောင်ကြီးတစ်ယောက်တည်း သွားချင် တာလား'

'ကျွန်တော် သဘောအရတော့ တက်မုဆရာတော်တို့၊ ဖေ ကုံးလျှန်တို့၊ ကျိုးတာကြည်တို့၊ ပေါ့ကုံးပေါင်တို့ ပါသင့်စေချင် ပါတယ်၊ တက်မုဆရာတော်နဲ့ ဖေကုံးလျှန်တို့ ပါဝင်ဖို့ကိစ္စ ကတော့ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် သူတို့ကို မေတ္တာရပ်ခံရင် ကောင်းမယ်ထင်ပါတယ်'



အို့ယန့်ထုက ခေါင်းခါလိုက်၏။

'တက်မုဆရာတော်တို့ ဖေကုံးလျှန်တို့ ပါလာကတော့ ထား ပါတော့၊ ဘယ့်နှယ် ပေါ့ကုံးပေါင်က ပါလာရတာလဲ၊ သူ့ကို ခေါ်သွားတဲ့အတွက် ကျုပ်တို့ ပိုပြီး အကျိုးမဲ့တော့မပေါ့'

'သူ့ကို တမင်ခေါ်သွားတာပါ ဂိုဏ်းချုပ်ကြီး၊ မြက်ရိုင်း လွင်ပြင်တိုက်ပွဲ ခင်းကျင်းမယ့်နေရာကို ကျွန်တော်တို့ လေ့လာ သွားတယ်ဆိုတာ သူတို့သိစေချင်တယ်'

'နောင်ကြီးထန့်ရှင်ရဲ့ သဘောပဲလေ'

'ကျွန်တော် စိုးရိမ်ထားတဲ့ အချက်တစ်ချက်ကိုလဲ အခွင့်သင့် ...န်း ဂိုဏ်းချုပ်ကြီးကို တင်ပြထားရဦးမယ်'

အို့ယန့်ထု၏ မျက်ခုံးများ မြင့်တက်သွား၏။

'ဘာ...ဘယ်လို'

'သိပ်လဲ မစိုးရိမ်ပါနဲ့ ဂိုဏ်းချုပ်ကြီး၊ အခုနောက်ပိုင်း ကွန် ...မ်ရဲ့ အစီအစဉ်တွေဟာ ကျွန်တော့်ကို သိုင်းပညာနဲ့ ယှဉ် ...မယ့်အစီအစဉ်မျိုး မဟုတ်ဘဲနဲ့ ဉာဏ်ပညာချင်း ယှဉ်တိုက် ... အစီအစဉ်မျိုးတွေ ဖြစ်လာပါတယ်'

အို့ယန့်ထု တွေဝေသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ....

'ဟုတ်တယ်၊ မြက်ရိုင်းလွင်ပြင် တိုက်နည်းဗျူဟာဟာ ဒီ
သဘောပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ သူဟာ ကျွန်တော့် ထက် သိုင်းပညာသာတာ
မှန်ပါတယ်၊ ဉာဏ်ပညာမှာတော့ ကျွန်တော့် ကိုမမီခဲ့ဘူး၊ အခု
သူဟာ ကျွန်တော့် စိတ်ကူးမျိုးနဲ့ ကျွန်တော့် ကို တိုက်ဖို့ကြံလ
တော့ အတော်စဉ်းစားစရာ ကောင်းလာတယ်'

'သူ့ စိတ်ကူး အကြံဉာဏ်တွေ ကောင်းလာတယ်လို့ ယူဆ
လား'

'တစ်ချက်က အဲဒီလိုစိတ်ကူးလို့ရတယ်၊ နောက်တစ်ချက်
ဖြစ်ဖို့ခဲယဉ်းပေမယ့် ဖြစ်နိုင်တယ်ဆိုတဲ့ အချက်တိုလဲ လုံးဝ
ဖျက်ပစ်လို့မရတဲ့ အချက်တစ်ချက် ဖြစ်နေပါတယ်'

'အလို....ဘာများပါလိမ့် နောင်ကြီးထန်ရှင်'

'ကျွန်တော့် ဆရာဟာ သူမကွယ်လွန်မီ သူ့ အကြောင်း
ပြောပြခဲ့ပါတယ်၊ သူ့မှာ ဂိုဏ်းတူညီ ရှိခဲ့တဲ့အကြောင်း၊ အဲ
ဂိုဏ်းတူညီဟာ သူ့ ထက် အတော်ကလေး ငယ်ရုံမက တင့်တ
လှပလေ ရှိတဲ့အတွက် ဆရာဘိုးဘိုးက ဆရာရဲ့ ဂိုဏ်းတူညီကို
ထုတ်ပစ်ခဲ့တဲ့အကြောင်း ပြောပြခဲ့ပါတယ်၊ ဆရာ့ ဂိုဏ်းတူ
ဟာ ဆရာ့လိုပဲ အင်မတန် စိတ်ကူးစိတ်သန်း ကောင်းတယ်
ဆိုပါတယ်'



'နောင်ကြီး ထန်ရှင်က အဲဒီနောင်ကြီးရဲ့ ဂိုဏ်းတူ ဦးလေး
ကို တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး၊ ဆရာဘိုးဘိုးက နှင်ထုတ်ပြီးတဲ့နောက်
တစ်ခါမှ မတွေ့တော့ဘူးလို့ ဆိုပါတယ်'

'ဒါဆိုရင် သူ အသက်ရှင်လျက် ရှိချင်မှရှိတော့မှာပေါ့'

'အဲဒီလိုလဲ အသေအချာတော့ မပြောနိုင်သေးဘူး၊ ဘာဖြစ်
လို့လဲဆိုတော့ ဆရာမသေခင်က ဆရာ့ဆီကို စာတစ်စောင်
ရောက်လာတယ်၊ ဆရာက အဲဒီစာကို မီးရှို့ပစ်ခဲ့တယ်၊ ဒါပေ
မယ့် စာအထောင့်စွန်းကလေးတစ်ခုဟာ မီးမလောင်ဘဲ ကျန်ရစ်
ခဲ့တယ်၊ အဲဒီအထောင့်စွန်းမှာ နာမည်ကလေးတစ်လုံးပဲ ကျန်ရစ်
ခဲ့တယ်'

'နောင်ကြီးထန်ရှင်ရဲ့ ဂိုဏ်းတူဦးလေးခဲ့စာလို့ နောင်ကြီးက
ယူဆသလား'

'ယူဆပါတယ်၊ ဘာဖြစ်လို့သဲဆိုတော့ အဲဒီနောက်ပိုင်းဆရာ
မကျန်းမာတဲ့အခါမှာ သူ့ညီလေးကို တွေ့ချင်တဲ့ အကြောင်း
မကြာခဏပြောခဲ့လို့ပါပဲ၊ အဲဒီ ဂိုဏ်းတူဦးလေးဟာ ဉာဏ်
ကောင်းတယ်၊ မဆိုကောင်း မပြောကောင်း အဲဒီ ဂိုဏ်းတူ
ဦးလေးကိုသာ ကွန်လုံဝမ် သိမ်းသွင်းမိသွားခဲ့ရင် ကျွန်တော်
တို့အဖို့ အတော်ကလေး ဦးနှောက် ခြောက်ရတော့မယ်၊ အခု

www.burmeseclassic.com

www.burmeseclassic.com



တလော ကွန်လုံဝမ် အစီအစဉ် ပြောင်းလာတာတွေဟာ ကျွန်တော် ဂိုဏ်းတူဦးလေးရဲ့ လက်ချက်များလားလို့ မကြာခဏ တွေးခဲ့မိပါတယ်'

'နောင်ကြီးထန်ရှင်ရဲ့ ဂိုဏ်းတူဦးလေးအကြောင်းကို ကွန်လုံဝမ် သိထားလို့လား'

'သိတာပေါ့၊ ဒါကြောင့်မို့ စိုးရိမ်နေရတာပါ၊ ကျွန်တော်တို့ရဲ့ ဂိုဏ်းတူဦးလေးသာ ကွန်လုံဝမ်ထဲကရှိနေရင် မြက်ရိုင်းလွင်ပြင်တိုက်ပွဲဟာ တကယ်ဖြစ်တော့မှာပဲ'

အိုယန်ထုံက ထန်ရှင်၏ပူပန်မှုကို နှစ်သိမ့်လိုက်၏။

'နောင်ကြီးထန်ရှင်၊ ဒီအဖြစ်မျိုးက ဖြစ်တောင့် ဖြစ်ခဲပါ၊ ဒီလောက် စိတ်ပူမနေပါနဲ့၊ နောင်ကြီးရဲ့ ဂိုဏ်းတူ ဦးလေးကို လူရှာဖွေထောက်လှမ်းချင်မှ တွေ့မှာပါ'

အိုယန်ထုံသည် စကားကို ခေတ္တဖြတ်ပြီးနောက်....

'တဲ....နောင်ကြီး ဒီမှာ ခေတ္တစောင့်ပါ၊ မြက်ရိုင်းလွင်ပြင်တိုက်ပွဲခင်းကျင်းမယ့် မြက်ရိုင်းလွင်ပြင်ဆီ သွားဖို့ ကျုပ် စီစဉ်လိုက်ဦးမယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် စကားဆုံးသည်နှင့် တဲအတွင်းမှ ထွက်ခွာသွားတော့၏။



ထန်ရှင်တစ်ယောက်တည်း တွေးတောဝေးမေ့လျက် ကျန်ရစ်ခဲ့သည်။

မကြာမီ ဂိုဏ်းချုပ်ကြီးအိုယန်ထုံသည် တက်မုဆရာတော်၊ ဖေကုန်းလျန်တို့နှင့်အတူ တဲအတွင်းသို့ ပြန်လည် ရောက်ရှိလာလေသည်။

လမ်းခရီး၌ မည်သည့်နေရာသို့ သွားမည်ဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီး အိုယန်ထုံက ရှင်းပြလာခဲ့သည်။

တက်မုဆရာတော်သည် ထန်ရှင်ကို တွေ့သည်နှင့် လက်အုပ်ချီ၍ ဂါရဝပြုသည်။

'တဲ....သွားကြစို့'

အိုယန်ထုံက....

'ဆရာတော် ခေတ္တသည်းခံပါ၊ တပည့်တော် မြင်းလှည်း၊ မြင်းရထားတွေ စီစဉ်ထားပါတယ်'

ထိုအချိန်မှာပင် ကျိုးတာကြည် ရောက်ရှိလာသည်။

'ဂိုဏ်းချုပ်ကြီး၊ မြင်းတွေ မြင်းရထားတွေ အဆင်သင့်ဖြစ်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဒီကိုခေါ်လိုက်ပါ'

ကျိုးတာကြည် လက်ခုပ်တီးလိုက်သောအခါ မြင်းများ၊ မြင်းလှည်းများ၊ မြင်းရထားများ ရောက်ရှိလာ၏။

ပေါ့ကုံးပေါင်သည် ထိုမြင်းရထားများကို ကြိုးကြပ်လာသည်။

ဂိုဏ်းချုပ်ကြီး အို ယန်ထု အား ဦးညွှတ်ဂါရဝပြုပြီး မြင်းရထား တံခါးများကို အဆင်သင့်ဖွင့်ပေးထား၏။

'ကဲ...အားလုံး ကြွကြပါ'

ထန်ရှင်သည် သူ၏ အထူးစီမံထားသော မြင်းရထားပေါ်သို့ တက်သည်။

တက်မုဆရာတော်၊ ပေကုံးလျှန်တို့က အခြား မြင်းလှည်းပေါ်သို့ တက်သည်။

ကျိုးတာကြည်နှင့် ပေါ့ကုံးပေါင်တို့က တစ်ဦးချင်းမြင်းစီး၍ လိုက်ကြသည်။

အို ယန်ထု သည် ပေါ့ကုံးပေါင်၏ မျက်နှာရိပ် မျက်နှာကဲကို မသိမသာ အကဲခတ်၏။



ပေါ့ကုံးပေါင်မှာ တစ်ချက်မျှ မျက်နှာမပျက်ပေ။

'အင်း...အတွင်းသူလျှိုများ တယ်ကြောက်စရာကောင်းတာပဲ၊ ငါမသိတဲ့သူလျှို ဘယ်နှစ်ယောက်ဘောင်ကျန်နေသလဲမသိသေးဘူး'

ဂိုဏ်းချုပ်ကြီး အို ယန်ထု သည် စိတ်ထဲမှ မသက်မသာ ပြောမိသည်။

မကြာမီ မြင်းရထားများ တစ်ဟုန်ထိုး ခရီးစတင်ကြတော့သည်။

မြင်းများ၊ မြင်းရထားများဖြင့် ခရီးနှင်ကြသဖြင့် မြက်ရိုင်းလွင်ပြင်သို့ လျင်မြန်စွာ ရောက်ရှိလာသည်။

သူတို့သည် မုတ်ဆိတ်နက်နှင့်လူ ပန်းချီဆွဲသည့် နေရာဥပင်ရပ်နားမိကြ၏။

ထန်ရှင် အောက်သို့ဆင်းသောအခါ အခြားလူများလည်း အားလုံးပင် အောက်သို့ဆင်းကြသည်။

အောက်ရောက်သည့်အခါတွင်မှ မြေပြင် အနေအထားကို ထန်ရှင်တစ်ယောက်သာ လှည့်ပတ်စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ က ထန်ရှင်အား လှမ်းပြောသည်။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ ရုတ်ရုတ်သဲသဲနဲ့ ဒီလိုထွက်လာတာကို ကွန်လုံဝမ်ရဲ့တက်တော်သားတွေ မသိဘဲ ရှိပါ့မလား'

ထန်ရှင်က ပြုံး၍ပြော၏။

'ဘယ်မသိဘဲ ရှိလိမ့်မလဲ၊ ကွန်လုံဝမ်ဟာ မျက်စိကြီး နားကြီးပဲ၊ သူမသိအောင် ဘာမှလုပ်လို့မရဘူး'

အို့ယန်ထုံနှင့် ထန်ရှင်တို့သည် ပေါ့ကုံးပေါင်အား စောင်း၍ပင်မကြည့်ဘဲ ထိုစကားကို ပြောနေကြလေ၏။

ထန်ရှင်သည် ချုံပုတ်များ၊ ချိုင့်ဝှမ်းများအကြား တစ်လျှောက်လည်း လျှောက်နေ၏။

တက်မုဆရာတော်နှင့် ဖေကုံးလျှန်တို့သည် ထန်ရှင်၏သဘောထားနှင့် ဉာဏ်ပညာကို သိရှိထားကြသဖြင့် တစ်ခွန်းတလေမျှ ဝင်ပြောခြင်းမရှိဘဲ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေကြလေ၏။

ထန်ရှင်သည် နေရာအတော်များများကို လှည့်ပတ်သေချာလာပြီးနောက် တက်မုဆရာတော်တို့ ရပ်နေသည့် နေရာသို့ ပြန်လျှောက်လာ၏။



'မြက်ရိုင်းလှိုင်ဖြင် တိုက်ခိုက်နည်း ခင်းကျင်းနိုင်တဲ့နေရာဟာ ဒီနေရာပါပဲ'

အို့ယန်ထုံ၊ တက်မုဆရာတော်နှင့် ဖေကုံးလျှန်တို့သည် သိုင်းလောကကြီး၏ အနာဂတ်အတွက် စိတ်ပူပန်နေကြသည်။

ကျိုးတာကြည်သည် ထန်ရှင်လျှောက်သည့်နေရာတိုင်းလိုက်လျှောက်တာ အကာအကွယ်ပေးလျက် ရှိသည်။

ပေါ့ကုံးပေါင်ကမူ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို သိုက်ပါစောင့်ကြှောက်နေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ပေါ့ကုံးပေါင်၏ လှုပ်ရှားမှုကို မျက်လုံးထောင့်မှ အမြဲတမ်း အကဲခတ်နေ၏။

ယခုအချိန်အထိ ပေါ့ကုံးပေါင်သည် အမှားအယွင်းတစ်ခုမျှ မလုပ်အသေးပေ။

'အင်း....တကယ့်လူပဲ၊ တိဗက်ကြီး ကုထန်ဟိုတာ သူ့အကြောင်း အခက်များများ ဖောက်သည်ချလိမ့်မယ်ဆိုတာ သူမသိဘဲနေဘူး၊ ဒါပေမယ့် သူ့ရုပ်မြင်ကြ တောင်းသွန်းလှတယ်၊ အင်းလေ....သူဘယ်လောက် ဟန်ဆောင်နိုင်မလဲဆိုတာ ကို စောင့်ကြည့်ရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန့်ထု တွေးနေသည့်ပုံစံမှာ ပေါ်ကူးပေါင်အကြောင်းမဟုတ်ဘဲ မြက်ရိုင်းလွင်ပြင် တိုက်ပွဲအကြောင်း စဉ်းစားတွေးတောနေသည့် ပုံစံမျိုးပေါက်နေသည်။

ထို့ကြောင့် ပေါ်ကူးပေါင်လည်း အထူးဣန္ဒြေရလျက် ရှိနေပေသတည်း။

## အခန်း ( ၉၃ )

## တန့်ဖိုးကြီးသောလောင်းကစား

'ဟေ့...ဘယ်သူလဲဟေ့၊ ခိုးကြောင်ခိုးဝှက်နဲ့'

ဖေကူးလျှန်၏ အော်သံကြောင့် ဆိုင်းသမားကြီးများအားလုံး ခေါင်းဆောင်ကြည့်မိကြ၏။

ထိုအခါ ချုံပုတ်တစ်ခုထဲမှ အစိမ်းရောင် ဝတ်စုံရှည်ကြီး ဝတ်ဆင်ထားသည့် ရသေ့ငယ်တစ်ပါး ပေါ်ထွက်လာသည်။

ထိုရသေ့ငယ် ဤနေရာအထိ ချဉ်းကပ် လာနိုင်စွမ်းရှိပုံကို အားလုံးက အံ့ဩနေကြလေ၏။

ထိုရသေ့ငယ်က....

'ထန့်ရှင်ဆိုတာ ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျိုးတာကြည်မှာ အလွန်တရာဒေါသထွက်သွား၏။

အဘယ့်ကြောင့်ဆိုသော် ပညာရှိထန်ရှင်အား သိုင်းလောကရှိ မည်သည့် သိုင်းသမားများကမျှ (ရန်သူမှအပ) ထန်ရှင်ဟူ၍ မခေါ်ခဲ့ဖူးပေ။

ဆရာကြီး ဟူ၍လည်းကောင်း၊ နောင်ကြီး ဟူ၍ လည်းကောင်း နာမမိသေသနများ တပ်ပြီးသာ နာမည်ကို ခေါ်ဝေါ်ကြသည်။

'ရသေ့....မင်းက ငယ်ငယ်ကလေးပဲရှိသေးတယ်၊ ဘာဖြစ်လို့ ဆရာကြီးကို ထန်ရှင်လို့ ရိုင်းရိုင်းစိုင်းစိုင်း ခေါ်ရတာလဲ'

ထန်ရှင်က ကျိုးတာကြည်အား လှမ်း၍တားမြစ်လိုက်၏။

'ကျိုးတာကြည် မင်း အသာနေလိုက်ပါ'

ထန်ရှင်သည် ရှေ့သို့ထွက်လာပြီး ထိုရသေ့ငယ်နှင့် မျက်နှာချင်း ဆိုင်လိုက်၏။

'ကျုပ်ကထန်ရှင်ပဲ၊ ဘာကိစ္စရှိပါသလဲ'

ရသေ့ငယ်သည် ထန်ရှင်အား ရင်ဆိုင် တွေ့သောအခါ ဦးညွှတ်ဂါရဝပြု၏။



'ကျွန်တော်က အသက်အမိန့်နဲ့ ဆရာ့ကို လာဖိတ်ခေါ်ရတာပါ၊ ကျွန်တော့်စကားမှားသွားရင် ခွင့်လွှတ်ပါ'

'ဘယ်သူ့အမိန့်နဲ့ လာတာလဲ'

'ဘယ်သူ့အမိန့်လဲဆိုတာတော့ ပြောလို့ မဖြစ်ပါဘူး'

ထန်ရှင်က ရယ်၍....

'အဲဒါတော့လွန်လွန်းသွားပြီ၊ ကိစ္စကလဲ သိပ်အရေးကြီးပုံမရဘူး'

'ဒီလိုတော့ မဟုတ်ပါဘူး၊ ဆရာကြွခဲ့ရင် မလိုက်ဘဲနေခဲ့လို့ရပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည် ထိုရသေ့ငယ် ရောက်လာသည့်ကိစ္စ၌ တစ်ချက်မျှ ဝင်မပြောခဲ့ပေ။

ရသေ့ငယ်၏ နောက်ဆုံးစကားကို ကြားသည့်အခါတွင်မူ အဘော်ကလေး စိတ်ဆိုးသွားခဲ့သည်။

'မင်းဘာတွေ လာပြောနေတာလဲ၊ ထွက်သွားစမ်း ဒီကအမြန်ထွက်သွား'

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ငယ်သည် အိုယန်တုံအစုး ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။

'ဆရာကြီးရဲ့ ဝတ်စားဆင်ယင်ပုံအရ ကျွန်တော်ခန့်မှန်းရမယ်ဆိုရင် ဆရာကြီးဟာ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအိုယန်ထု ဖြစ်ရမယ်'

အိုယန်ထုမှာ စိတ်မရှည်ချင်တော့ပေ။

'မင်း ဘယ်ဂိုဏ်းကလဲ၊ ရှင်းရှင်းပြောစမ်း၊ အားလုံးကို စော်ကားသလို လုပ်မနေနဲ့'

'ဒီလို ဘယ်ရမလဲ'

ထိုသို့ဝင်ပြောသူမှာ ဖေကုံးလျှန်ဖြစ်၏။

သူသည် စကားဆုံးသည်နှင့် ရသေ့ငယ်ကို ဆတ်ဝါး တစ်ချက်ရိုက် ချလိုက်၏။

'ဝုန်း'

'တာ'

ရသေ့ငယ်မှာ အလွန်တရာ လျင်မြန်၏။



ရိုပ်ခနဲ ခုန်ဆုတ်သွားရုံမျှမက သူ့လက်ထဲသို့ ဓားတစ်ချောင်းလည်း ရောက်ရှိလာသည်။

ရသေ့ငယ်က....

'ခင်ဗျားရဲ့ ဝတ်စားဆင်ယင်ပုံအရတော့ ခင်ဗျားဟာ ကျွန်လုဂိုဏ်းသား မဖြစ်နိုင်ဘူး'

'ဟား...ဟား...ဟား....ငါ့ကို သိုင်းလောကသား တော်တော် များများကသိထားကြတယ်လို့ ငါက ထင်မှတ်ထားတယ်၊ မင်းကတော့ လုံးဝမသိပါကလား'

ဖေကုံးလျှန်သည် တရကြမ်းဝင်ရှိတ်ခိုက်၏။

ရသေ့ငယ်၏သိုင်းပညာမှာ မညံ့လှပေ၊

လွယ်ကူစွာ ခုခံရှောင်တိမ်းနိုင်ခဲ့ပေသည်။

တက်မုဆရာတော်သည် ရသေ့ငယ်၏ ဓားသိုင်းကိုကြည့်ပြီး ဘန်းဓားကွက်များဖြစ်ကြောင်း သိရှိလိုက်သည်။

အိုယန်ထုနှင့် ဖေကုံးလျှန်တို့လည်း ထိုအချိန်တွင် သိပြီး ...လပြီ။

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်က....

'ကျေးဇူးပြုပြီး နှစ်ယောက်စလုံး ရပ်တန်းက ရပ်လိုက်ကြပါ'

နှစ်ယောက်စလုံး ခုန်၍ နောက်ဆုတ်ကြလေ၏။

တက်မှုဆရာတော်က ရသေ့ငယ်အား ချောင်စွာ မေးမြန်းသည်။

'ရသေ့ငယ်က ဟူတန်းဂိုဏ်းက ထင်ပါရဲ့'

ရသေ့ငယ်က ခေါင်းကိုသိမ်းပြီး လက်အုပ်ချီ၏။

'မှန်ပါတယ်၊ တပည့်တော်ဟာ ဟူတန်းဂိုဏ်းကပါ၊ ဆရာတော်ကတော့ ရှောင်လင်ကျောင်းတော်က တက်မှုဆရာတော်လို့ ထင်ပါတယ်'

တက်မှုဆရာတော် အံ့အားသင့်သွားသည်။

'ဂိုဏ်းချုပ်ကြီးအိုယန်တု နဲ့ ကျုပ်ကို မှန်ကန်စွာခန့်မှန်းနိုင်တဲ့ရသေ့ငယ်၊ ဒကာကြီး ထန်ရှင်ကိုတော့ ဘာဖြစ်လို့ မှန်ကန်စွာ မခန့်မှန်းနိုင်တာလဲ'

ရသေ့ငယ်က....



'ဆရာက သိုင်းပညာမှမတတ်ဘဲ ဆရာတော်'

အားလုံး ဟိုက်ခနဲ ဖြစ်သွားလေ၏။

သိုင်းပညာတတ်သူများကို ရသေ့ငယ်အနေဖြင့် ခန့်မှန်းနိုင်သည် ဟူလို....

ထန်ရှင်က အားလုံးကိုအချက်ပြသည်။

ဂိုဏ်းချုပ်ကြီးအိုယန်တု အား ဂါရဝပြုပြီး ခွင့်ပန်သည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ဒီရသေ့ငယ်နဲ့ ခေတ္တလိုက်သွားပါရစေ'

အိုယန်တုက တိုးတိုးပြော၏။

'နောင်ကြီးထန်ရှင်....အရဲမကိုးနဲ့နော်'

ထန်ရှင်က တိုးတိုးပြန်ပြော၏။

'သူတို့ ကျွန်တော့်ကို ဘာမှမလုပ်ရဲပါဘူး'

'ဒါဖြင့်လိုက်သွားလေ'

အိုယန်တုသည် ရသေ့ငယ်အား သံသယမျက်လုံးများဖြင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ငယ်က ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား လက်အုပ်ချီပြီး ဂါရဝပြုသည်။

ထန်ရှင်က....

'ရသေ့ငယ် သွားကြစို့'

ရသေ့ငယ်က ပြုံး၍ ချီးကျူး၏။

'ဆရာထန်ရှင်ရဲ့နာမည်ဟာ သိုင်းလောကမှာ အသစ်တက[illegible] မွှေးပျံ့ပါတယ်၊ အခု လက်တွေ့ တွေ့ရတော့မှ သူ့ရဲ့ကော[illegible] ပီသတဲ့ စိတ်ဓာတ်ကိုပါ တွေ့ရပါတယ်၊ ဆရာကြွပါ၊ ကျွန်တေ[illegible] လမ်းပြသွားပါ့မယ်'

ကျိုးတာကြည့်သည် အခန့်မသင့်ပါက ရသေ့ငယ်အား [illegible] ခိုက်ပီဘ်ဆို့ရန် ဟန်ပြင်ထားရာမှ လမ်းဖယ်ပေးလိုက်ရလေ[illegible]

ထန်ရှင်နှင့် ရသေ့ငယ်တို့လည်း ထွက်ခွာသွားကြတော့[illegible]

တက်မုဆရာတော်က....

'ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၊ ဟိုရသေ့ငယ်ကို သိသ[illegible]



'ဟင့်အင်း၊ မြင်တောင် မမြင်ဖူးဘူး'

'ဒကာကြီးထန်ရှင် လိုက်သွားတာကို ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးက ခွင့်ပြုလိုက်ရတာလဲ'

'နောင်ကြီးထန်ရှင်ဟာ စိတ်ကူးစိတ်သန်း ကောင်းပါတယ်၊ ဒါကြောင့်မို့ လွှတ်လိုက်တာပါ'

'ကျုပ်စိတ်ထင်တော့ ဒကာကြီး ထန်ရှင်ဟာ သိုင်းပညာ တတ်ထားလိမ့်မယ်၊ ဒါပေမယ့် တမင် လျှို့ဝှက်ထားတာ ဖြစ်လိမ့်မယ်'

'ဟာ...မဟုတ်တာ၊ နောင်ကြီး ထန်ရှင်ဟာ သိုင်းပညာ လုံးဝမတတ်ပါဘူး၊ အတွေ့အမြင်များတဲ့အတွက် ပညာဉာဏ်ကြီးတဲ့အတွက် သိုင်းကွက်သဘောတရားတွေကိုတော့ သိကောင်း သိလိမ့်မယ်၊ သူ့မှာ အတွင်းအားဆိုတာ လုံးဝမှ မရှိဘူးတဲ့'

'ဟင်...ဒါဆို ပြဿနာဖြစ်ပြီး တိုက်လားခိုက်လားလုပ်ရင် သူ ဒုက္ခဖြစ်ပြီပေါ့'

'ဒီလိုလဲ မဟုတ်ပါဘူး၊ နောင်ကြီး ထန်ရှင်ဟာ ပြဿနာ ဖြစ်တဲ့အထိ အရောက်မခံပါဘူး၊ ရန်သူကို တစ်ခုခုအကြောင်းပြပြီး မခြိမ်းခြောက်နိုင်ရင် သူ လွယ်လွယ်ကူကူ မလိုက်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခေါ် ဂိုဏ်းချုပ်ကြီး အို့ယန်ထု အနေဖြင့် ပြောရည်သာ ပြောရသည် စိတ်ထဲကတော့ ပူလောင်လှလေပြီ။

ယခု ထွက်သွားခြင်းမှာ ကွန်လုံဝမ်နှင့် တွေ့ဆုံချိန်ကလို ပြင်ဆင်ပြီးမှ ထွက်သွားခြင်းမဟုတ်ပေ။

မည်သို့မျှ ပြင်ဆင်ချိန်မရဘဲ ရှောင်တခင် ထွက်သွားရခြင်း ဖြစ်ပေသည်။

သို့သော် ဂိုဏ်းချုပ်ကြီးသည် လူ၏ စိုးရိမ် သော က ကို ကောင်းစွာ ဖုံး၍ထားနိုင်ခဲ့လေ၏။

အို့ယန်ထုက ကောင်းကင်ကို မော့ကြည့်ပြီး....

'ကဲ...ကျုပ်တို့လဲ ဒီမှာစောင့်ခဏစခန်းချကြဦးစို့၊ တအောင့် လောက်ကြာရင် နောင်ကြီးထန်ရှင် ပြန်လာမှာပါ'

ဖေကုံးလျှန်က ဝင်ပြောလာ၏။

'ဂိုဏ်းချုပ်ကြီး....ကျွန်တော်တော့ နောင်တော်ကြီးထန်ရှင် ပြန်ရောက်လာနိုင်မယ် မထင်တော့ဘူး'

အို့ယန်ထု အံ့ဩသွား၏။



'ဘာဖြစ်လို့....'

'ဟိုရှသေ့ငယ်ကို ကျွန်တော် မယုံလို့ပေါ့'

'ဘာဖြစ်လို့ မယုံရမှာလဲ၊ သူ့သိုင်းကွက်တွေက ဟူတန်း သိုင်းကွက်တွေပဲ'

'ကွန်လုံဝမ်က လူလည်ပါ၊ ဟူတန်းသိုင်းကွက်တင်မကဘူး ရှောင်လင်ကျောင်းရဲ့ သိုင်းကွက်တွေပါ တတ်ထားတဲ့လူပါ သူက အဲဒီရသေ့ငယ်ကို ဟူတန်းဂိုဏ်းကထင်အောင် တ ဉာဏ်ဆင်ပြီး လွှတ်လိုက်တာ၊ နောင်တော်ကြီး ထန်ရှင်က သိုင်းပညာမတတ်တော့ ဒီတစ်ကြိမ်မှာ မလွယ်တော့ဘူး'

အို့ယန်ထုက ခေါင်းခါ၏။

'သိုင်းပညာ မတတ်တာတော့ မှန်တယ်၊ ဒါပေမယ့် သူ့ ဉာဏ်စွမ်းက သိုင်းပညာတတ်သူတွေထက် သုံးဆလောက် ပိုသာ တယ်၊ ဒီဉာဏ်စွမ်းနဲ့ပဲ သူ့အသက်သူ ကယ်လာခဲ့တာပဲ'

'ဒီတစ်ကြိမ်မှာတော့ နောင်တော်ကြီးထန်ရှင်ဟာ သူ့ကိုယ် သူ မကယ်နိုင်တော့ပါဘူး၊ ကွန်လုံဝမ်ဟာ သူ့အပေါ် အခဲမကျေ စိတ် သိပ်ကြီးနေတယ်'

'ကျုပ်ကတော့ နောင်ကြီး ထန်ရှင် ပြန်လာစေချင်လို့ တာဝန်ခံတယ်'

www.burmeseclassic.com

'ဒါဖြင့် ဂိုဏ်းချုပ်ကြီးနဲ့ကျွန်တော်လောင်းကြေးစားကြေး လုပ်ကြမလား'

'ဒကာကြီး ဖေကုံးလျှန်....'

တက်မုဆရာတော်က ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကဲ့သို့သော ပုဂ္ဂိုလ်မျိုးအား ဤသို့ မပြောသင့်ကြောင်း ဝင်ရှုပ်ဟန့်တားရန် ဟန်ပြင်သည်။

အို့ယန်ထုံက တက်မုဆရာတော်၏ သဘောကိုသိ၍ လက်ကာပြလိုက်၏။

သူစိတ်ရှိသည့်အတိုင်း ပြောပါစေဟု ခွင့်ပြုသည့်သဘောပင်။

'ကောင်းပါပြီ နောင်ကြီးဖေကုံးလျှန်က ဘယ်လိုလောင်းကြေး တင်ချင်သလဲ'

'ဂိုဏ်းချုပ်ကြီးရဲ့ သဘောက ဘယ်လိုရှိသလဲတော့ မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်အသက်ကို လောင်းကြေးတင်ပါတယ်၊ နောင်တော်ကြီးထန်ရှင် ပြန်မလာနိုင်စေရဘူးလို့ ကျွန်တော် တစ်ထစ်ချ ယုံကြည်တယ်'

'ဟာ...အသက်နဲ့ လောင်းကြေးတင်တာကတော့ မကောင်းပါဘူး၊ သိပ်ပြင်းထန်လွန်းပါတယ်'



'ဒါဖြင့် ဂိုဏ်းချုပ်ကြီးက ဘယ်လိုလောင်းကြေး တင်ချင်ပါသလဲ'

'ကျုပ်သဘောအရတော့ ကျုပ်ရှုံးရင် နောင်ကြီး ဖေကုံးလျှန်ရဲ့ နောက်ပါးစေအဖြစ် တစ်သက်လုံး လိုက်ပါမယ်၊ သိုင်းလောကထဲကလဲ ထွက်ခွာပါ့မယ်'

'ဟာ....ဒါကတော့....'

ဖေကုံးလျှန်မှာ တွန့်သွားသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ ဂုဏ်သိက္ခာကို ထောက်ထားပြီး လက်မခံဝံ့သလို ဖြစ်သွားသည်။

သို့သော်....

'တကယ်လို့ ကျွန်တော် ရှုံးသွားရင်ကော....'

အို့ယန်ထုံက ပြုံး၍ပြော၏။

'ခင်ဗျား ရှုံးသွားရင်တော့ ကျုပ်ရဲ့ ကျွန်လုဂိုဏ်းထဲ ဝင်ရမယ်၊ တစ်သက်လုံးလို့ မဆိုလိုပါဘူး၊ ဆယ်နှစ်[illegible]ပါ၊ ဆယ်နှစ်ပြည့်ရင် ထွက်လိုက ထွက်နိုင်ပါတယ်'

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အိုယန်ထုံနှင့် ဝါဆန်းတောင်မှ သိုင်းသမားကြီး ဖေကုံးလျှန်တို့၏လောင်းကစားမှုကြီးမှာ ကြောက်ခမန်းလိလိ တန်ဖိုးကြီးလှပေသည်ဟု တွေးမိပြီး တက်မုဆရာတော်မှာ သက်ပြင်းချလိုက်မိသည်။

'အင်း....သိုင်းလောကရဲ့ ဂိုဏ်းသိက္ခာချင်း ယှဉ်ပြိုင်မှုဟာ အခြားလောကတွေရဲ့ ဂိုဏ်းသိက္ခာချင်း ယှဉ်ပြိုင်မှုထက် ကြောက်စရာ ပိုကောင်းပါကလား'

တက်မုဆရာတော်မှာ ဝင်တားလိုသည်။

သို့သော် သူဝင်တား၍လည်း မဖြစ်နိုင်ကြောင်း သိနေ၏။

သူ့အရှိန်နှင့်သူ လွှတ်ပေးခြင်းသာ အကောင်းဆုံးဖြစ်နိုင်ကြောင်း တက်မုဆရာတော် သဘောပေါက်လိုက်ပေသည်။

ဖေကုံးလျှန်မှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် လူစားမျိုးဖြစ်ရာ ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၏ အဆိုပြုချက်ကို ချက်ချင်းပင် လက်ခံလိုက်လေ၏။

ဖေကုံးလျှန်က....

'ကဲ.... အားလုံးအကြား အားလုံးအသိပဲ၊ ကျုပ်တော်တို့ ဒီနေရာမှာ အနည်းဆုံး သုံးရက်စောင့်မယ်၊ နေဒင်တော်ကြီး



ထန်ရှင် ပြန်မလာရင် ကျုပ်တော်အနိုင်၊ နောင်တော်ကြီးထန်ရှင် ပြန်လာရင် ကျုပ်တော်အရှုံး'

အိုယန်ထုံက ခေါင်းညိတ်၏။

'ဒီကပဲ စခန်းချပြီး စောင့်ကြစို့'

❖

ကျိုးတာကြည်သည် လက်မြှောက်အချက်ပြလိုက်၏။

ကျန်လုဂိုဏ်း၏ ရှစ်ယောက်သော ဂိုဏ်းသားများသည် ရွက်ထည်တဲဖျင်များကို လှည်းများပေါ်မှ ယူချလာပြီး ဂိုဏ်းချုပ်ကြီး အိုယန်ထုံ၊ တက်မုဆရာတော်နှင့် ဖေကုံးလျှန်တို့ နားနေနိုင်အောင် လျင်မြန်စွာ ရွက်ထည်တဲထိုးကြလေ၏။

ဂိုဏ်းချုပ်ကြီးအိုယန်ထုံက တက်မုဆရာတော်နှင့် ဖေကုံးလျှန်တို့အား ဦးစားပေး၍ နေရာချထားပေး၏။

သို့သော် တက်မုဆရာတော်ရော ဖေကုံးလျှန်ပါ ရွက်ထည်တဲထဲသို့မဝင်ကြပေ။

အပြင်မှသာ အခြေအနေကို စောင့်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဗညာရှိထန်ရှင်နှင့် ရဒေသငယ်တို့ ထွက်ခွာသွားသည့်ဘက်မှ ဟိန်းဟောက်သံများ သဲ့သဲ့ကလေး ထွက်ပေါ်လာသဖြင့် အားလုံး ခေါင်းထောင် ကြည့်မိကြသည်။

ကျွန်လုပ်ဂိုဏ်း ရှစ်ခေါင်းဆက်အဖွဲ့နှင့် ကျီးတာကြည်တို့မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကျီးတာကြည်မှာ သည်းမခံနိုင်တော့ဘဲ....

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော်တို့အဖွဲ့ အဲဒီဘက်ကို သွားရောက်စစ်ဆေးပါရစေ'

အိုယန်ထု က အေးစက်စက်တားမြစ်လိုက်၏။

'မလိုဘူး၊ နောင်ကြီးထန်ရှင်ဟာ သူ့အပေါ် ကျရောက်လာမယ့်ဘေးအန္တရာယ်ကို သူ့ရဲ့ ဉာဏ်စွမ်းဉာဏ်စနဲ့ ဖယ်ရှားနိုင်တယ်'

ထိုစဉ် အဝေးမှ လင်းခနဲ့ လက်ခနဲ့ အရောင်များ ထွက်ပေါ်လာပြန်သည်။

တက်မုဆရာတော်မှာ ခုန်ထမိလေ၏။

'ဂိုဏ်းချုပ်ကြီး၊ ကျုပ် အဲဒီဘက်ကို သွားရောက် စစ်ဆေးလိုတယ်၊ ကျုပ်တို့ အားပတ်ပတ်လည်မှာ သိုင်းသမားတွေ အများကြီးဝိုင်းရံထားသလားလို့ ခံစားနေရတယ်'



'ဆရာတော် စိတ်မပူပါနဲ့၊ အဲဒီသိုင်းသမား အများကြီးကို နောင်ကြီးထန်ရှင်ဟာ ဉာဏ်စွမ်းကို တံတားခင်းပြီးဖြတ်ကျော်လာပါလိမ့်မယ်'

'ဂိုဏ်းချုပ်ကြီး၊ အဲဒီ ဓားရောင်ဟာ သာမညဓားရောင် မဟုတ်ဘူး၊ ဓားသိုင်းပညာမှာ အထွတ်အထိပ်ရောက်နေတဲ့သိုင်းသမားတွေရဲ့ ဓားရောင်ပဲ၊ သိုင်းလောကမှာ ဒီလို ဓားသိုင်းပညာမျိုးတတ်တဲ့လူ အင်မတန် ရှားပါတယ်'

'ဆရာတော်သိသလောက် ဘယ်နှစ်ယောက်လောက် ရှိမလဲ၊ လက်ချိုးရေလို့ ရနိုင်မလား'

ဆရာတော်သည် အနည်းငယ် စဉ်းစားလိုက်၏။

'အလွန်ဆုံး ငါးယောက်ပဲရှိမယ်'

'ဒီလောက် ဓားသိုင်းပညာကောင်းရင် ကိုယ်ဖော့ပညာမှာလဲ သိပ်ညံ့မှာမဟုတ်ပါဘူး၊ ဆရာတော် လက်ခံသလား'

'လက်ခံပါတယ်'

'ဒါဆိုရင် ဆရာတော် အခုနေသွားစုံစမ်းရင်လဲ အဲဒီလူ အဲဒီနေရာမှာမရှိနိုင်တော့ပါဘူး၊ သူ အဝေးကြီးကိုရောက်သွားရောပေါ့'

'ကျုပ်က ဒကာကြီးထန်ရှင်အတွက် စိုးရိမ်...'

အိုယန်ထု က ဖြတ်၍ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'စိုးရိမ်လို့အပိုပဲ ဆရာတော်၊ ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီးထန်ရှင်ဟာ မသေပြီဆိုရင်လဲ့ အခုကတည်းက သေနေလောက်ပါပြီ၊ ဆရာတော်သွားလဲ သူ့အသက်ကိုမမီနိုင်တော့ပါဘူး၊ ဒါပေမယ့် တပည့်တော်ကတော့ နောင်ကြီးထန်ရှင်အတွက် ပူပန်ပေမယ့် အသက်သေဆုံးနိုင်လောက်တဲ့အထိတော့ မပူပန်ပါဘူး၊ နောင်ကြီးဟာ မုချပြန်လာပါလိမ့်မယ်'

တက်မုဆရာတော်မှာ ဆက်၍မပြောနိုင်တော့သဖြင့် ခေါ်ရောင်လက်သည့်နေရာသို့ ဧဒေးမောယင်း ပညာရှိထန်ရှင်အတွက် ဆုမွန်ကောင်းများ တောင်းပေးနေတော့သည်။

အို့ယန်ထုံလည်း ဘိုနေရာသို့ မျှော်ငေးရင်း ခပ်တိုးတိုးပြောသည်။

'နောင်ကြီးထန်ရှင်ဟာ သိုင်းပညာတော့ မတတ်ပါဘူး၊ ဒါပေမယ့် သူ့ဦးနှောက်က သိုင်းပညာထက် ကြောက်စရာကောင်းတယ်၊ သိုင်းပညာတတ်တဲ့လူကိုလဲ အနိုင်ယူနိုင်တယ်၊ ကျုပ် သူ့အတွက်မစိုးရိမ်ဘူးမဟုတ်ဘူး၊ စိုးရိမ်တယ်၊ ဒါပေမယ့် ကျုပ်ရဲ့အသည်းနှလုံးတစ်နေရာမှာလဲ နောင်ကြီး ထန်ရှင်ပြန်လာလိမ့်မယ်ဆိုတဲ့အသိဟာ အလိုလိုခိုဝင်နေတယ်'

ဖေကုံးလျှံကလည်း ဂိုဏ်းချုပ်ကြီးအို့ယန်ထုံနှင့် လောင်းကြေးစားကြေးပြုလုပ်မိသည်ကို နောင်တရဟန်ဖြင့် ပြောနေလေ၏။



'အမှန်အတိုင်းပြောရရင် ကျုပ်စိတ်ထဲမှာ နောင်တော်ကြီးထန်ရှင် ပြန်လာစေချင်တာပါပဲဗျာ၊ ကျုပ်ရှုံးတဲ့အတွက်ဘာမှ စိတ်မကောင်းမဖြစ်ပါဘူး၊ တကယ်ပြောတာပါ၊ ကျုပ်စိတ်ထဲမှာ ဟိုရမသေကိုသိပ်ပြီးစိတ်မချဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီရသေ့ဟာ ယောင်ယောင်ကလေးနဲ့ အားလုံးလိုလို သိနေတာကိုးဗျ၊ ကျုပ်စိတ်ထဲမှာ ကွန်လုံဝမ်ရဲ့လက်ချက်ပဲလို့ ထင်မိပါတယ်'

တက်မုဆရာတော်က သူ့ထင်မြင်ချက်ကို ဝင်ပြောသည်။

'ကျုပ်ကတော့မထင်ဘူး၊ရသေ့ရဲ့ခေးကွက်က သိပ်ကောင်းတယ်၊ ဟွာတန်းဂိုဏ်းက ထူးချွန်တဲ့သိုင်းသမားတစ်ယောက်လိုပဲ ကျုပ်ယုံတယ်'

ဖေကုံးလျှံမှာ လူ့မှုစိတ်တိုဆိုသည့် အမျိုးအစားထဲက ဖြစ်ရာ ချက်ချင်းပင် သူ၏ မူလစိတ် ပေါ်လာသည်။

'ဒါဆိုရင် ဆရာတော်ကပါ တပည့်တော်နဲ့ လောင်းကြေးတင်ချင်သေးသလား'

တက်မုဆရာတော် မည်သို့မျှပြန်မပြောနိုင်မီ ကျွန်လုဂိုဏ်းသား ကျိုးတာကြည်၏အော်ဟစ်သံကို ကျယ်လောင်စွာ ကြားလိုက်ကြလေ၏။

'ဆရာကြီးထန်ရှင် ပြန်လာနေပြီ'

www.burmeseclassic.com

## အခန်း (၉၄)

## တိုက်ခိုက်နည်း၏ အလယ်ဗဟို

ကျိုးတာကြည်၏အော်သံသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုမှ အစ ကျန်လိုဂိုဏ်းသား နှစ်ယောက်အဖို့ အဆင်း အားလုံးကို တစ်ပြိုင်တည်း ထရုပ်စေခဲ့လေ၏။

မှန်၏။

သူတို့မြင်တွင်းထဲ၌ ပညာရှိထန်ရှင်သည် သူ၏လက်ဂွင်တော် ခေါ်ကယပ်တောင်ကြီးကို အဖျပ်ဖျပ်ခတ်ရင်း လူသာမန်တို့၏ ခြေလှမ်းအတိုင်း လျှောက်လာနေသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏နှဖူး၌ ချွေးများသီးလာ၏။ သူ့ခန္ဓာကိုယ်မှ ထွက်သည့်ချွေးများသည် သူ၏အဝါရောင် ဝတ်စုံကို စိုရွဲစေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ထန်ရှင် တစ်လှမ်းချင်း လျှောက်လာတိုင်း သူ့ အသည်းနှလုံးများ ငလျှင်လှုပ်ခါသကဲ့သို့ လှုပ်ကာ ခါယမ်းသွားသည်။

မျက်လုံး၌ မျက်ရည်များ ဝေ့တက်လာသဖြင့် ထန်ရှင်၏ ပုံသဏ္ဌာန်မှာ ဝေဝါးသွားခဲ့သည်။

ဂိုဏ်းချုပ်ကြီးသည် ထန်ရှင်အနီးသို့ ရောက်လာသည့်အခါမှ တိုးညင်းစွာ မေးမြန်းပေ၏။

'နောင်ကြီး ဘာမှမဖြစ်ခဲ့ဘူးနော်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ စိတ်လှုပ်ရှားခံစားမှုကို ချက်ချင်းပင် သိမြင်လိုက်သဖြင့် ကပျာကယာ ဦးညွှတ်ဂါရဝပြုပြီးနောက် ဂိုဏ်းချုပ်ကြီး၏ လက်အစုံကို ပြေး၍ဖမ်းကိုင်လေ၏။

'ဂိုဏ်းချုပ်ကြီး...ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် ဂိုဏ်းကြီးရဲ့အကျိုးကို ခေါက်မြောက်အောင် မထမ်းဆောင်နိုင်သေးဘဲနဲ့ ကျွန်တော် မသေသေးပါဘူး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုသည် ဟင်းခနဲသက်ပြင်းချကာ...



'နောင်ကြီးထန်ရှင်....နောင်ကြီးလဲ ဒီသို့ အရဲမစွန့်သင့်ဘူး၊ ကျုပ်ကလဲ မိုက်မိုက်ကန်းကန်း ခွင့်မပြုသင့်ဘူး၊ နောင်ဆိုရင် တော့ ဒီထက် ချင့်ချင့်ချိန်ချိန် လုပ်ရတော့မှာပဲ'

ဂိုဏ်းချုပ်ကြီးအို့ယန်ထု၏ စကားများကို ကြားရသောအခါ ပညာရှိထန်ရှင်ပင်လျှင် သူ့ခံစားမှုကို ချုန်းဖြင့် မအုပ်နိုင်တော့ဘဲ မျက်ရည်များ ဝေကျလာတော့၏၊ ဂိုဏ်းချုပ်ကြီးသည် သူ့အား တစ်အူတုံဆင်း ညီရင်းအစ်ကိုကဲ့သို့ သံယောဇဉ်ကြီးမားလှသည် မဟုတ်ပါလော။

'နောင်ဆိုရင် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ကျွန်တော် လိုက်နာဆောင်ရွက်ပါ့မယ်ခင်ဗျာ'

ထိုစဉ် ပညာရှိထန်ရှင်အား လက်နှစ်ဖက်က တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ဂိုဏ်းချုပ်ကြီးက ခပ်ဖွဖွ ဖက်နေ၏။

ထိုသူကား ဖေကုံးလျှန်တည်း၊

ဖေကုံးလျှန်လည်း မျက်ရည်များ စီးစုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီးထန်ရှင်... နောင်တော်ကြီး ပြန်လာတဲ့အတွက် ကျုပ်မျက်ရည်ကျရတဲ့အထိ ဝမ်းသာမိပါတယ်ဗျာ'

ထိုအခါကျမှ အားလုံး ရယ်နိုင်မောနိုင် ဖြစ်ကြရတော့၏

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက...

'နောင်ကြီးထန်ရှင်...ကျုပ်တို့ကျန်လုဂိုဏ်းမှာ လက်မော တစ်ခု တိုးလာပြီဗျ။ ဒါကို နောင်ကြီးသိမှာ မဟုတ်သေးဘူး'

'ဗျာ...'

ပညာရှိသန့်ရှင်မှာ ထိုစကား၏ အတိမ်အနက်ကို မဖော် ထုတ်နိုင်မီ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ နေရာ၌ပင် လဲ သွားတော့သည်။

'ဂိုဏ်းချုပ်ကြီး'

ကျိုးတာကြည်က စိုးရိမ်တကြီး လှမ်းခေါ်ပြီး ရိပ်ခနဲ ခု ရောက်ရှိလာ၏။

ပွေ့ပိုက်ရန် ဟန်ပြင်လိုက်စဉ် ထန်ရှင်က တားမြစ်လို လေ၏။



'ကျိုးတာကြည်...ဘာမှစိတ်မပူနဲ့၊ နှလုံးသွေး ဦးနှောက်ထဲကို ထိုးတက်သွားတာပါ၊ ခံစားရမှု များလွန်းလို့ ဒီလို ဖြစ်သွားတာပါ၊ ကိစ္စမရှိဘူး'

ဆက်မှုဆရာတော်သည် အို့ယန်ထုံအနီးသို့ ကပ်လာပြီး နှလုံးသွေးကြောကို အသာအယာ နှိပ်ပေးလေ၏။

ဆရာတော်က ဂိုဏ်းချုပ်ကြီး အို့ယန်ထုံနှင့် ဖေကျိုးလျှို့တို့ လောင်းကြေးစားကြေး လုပ်ကြပုံကို အသေးစိတ် ရှင်းပြသည်။

ထန်ရှင်မှာ ကြေကွဲစွာ ပြုံး၍ပြောသည်။

'ဂိုဏ်းချုပ်ကြီးဟာ တပည့်တော်သိုင်းပညာမ တတ်တဲ့အတွက် တစ်နေရာရာကို ထွက်သွားတိုင်း အစိုးရိမ်ကြီးပါတယ်၊ ဒါပေမယ့် သူ့မျက်နှာကတော့ မစိုးရိမ်တဲ့အတိုင်း အမြဲတမ်း ဟန်ဆောင်တတ်တယ်၊ အခု တပည့်တော် ပြန်လာတော့ ဂိုဏ်းချုပ်ကြီးရဲ့ စိုးရိမ်ပူပန်မှုဟာ ဝမ်းသာမှုဆီကို ချက်ချင်း ကူးပြောင်းပြီး မေ့မြောတဲ့အထိ ဖြစ်သွားရတာပါပဲ'

ဆက်မှုဆရာတော်၏ နှိပ်နယ်ပေးမှုကြောင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ မကြာမီပင် ပြန်လည်သတိရလာသည်။

အားလုံး 'ဟင်း' ချလိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးသည် ထထိုင်မိသည်နှင့် ထန်ရှင်အား မေးခွန်းထုတ်လေတော့၏။

'နောင်ကြီးထန်ရှင်...ဟိုရသေ့ငယ်ဟာ ကွမ်လုံ့ဝမ်ရဲ့ အစေအပါးများလား'

ထန်ရှင်က ခေါင်းခါ၏။

'မဟုတ်ပါဘူး၊ ဟူတန်းဂိုဏ်းသားပါ'

'သူက ဘာကိစ္စနဲ့ နောင်ကြီးထန်ရှင်ကို လာခေါ်ရတာလဲ'

'ဆေးတစ်ဖိုရဲ့ အာနိသင်ကို ခေါ်မေးတာပါ'

အားလုံးပင် ဟင်ခနဲ ဖြစ်သွားကြရ၏။

ဆေးအာနိသင် မေးရုံကလေးမျှဖြင့် ထန်ရှင်အား ကျိုးလာမခေါ်သင့်ဟု အားလုံးက ယူဆကြသည်။

အို့ယန်ထုံက ပြုံး၍ပြောသည်။

'ဟင်း...ဟူတန်းဂိုဏ်းသားတွေဟာ ဘာမှ မဖြစ်စလောက်ကိစ္စကလေးကို မြူးသနားလုပ်ခဲ့ကြတာပဲ၊ သူတို့ရဲ့ မဖြစ်စလောက်ကိစ္စကလေးဟာ ကျန်လုဂိုဏ်းအတွက်တော့ အလွန်တရာကြီးမားတဲ့ အမြတ်အစွန်းကြီးကို ရစေခဲ့တာပဲ'



ပညာရှိထန်ရှင်က မေကုံးလျှန်အား ဦးညွတ်ဂါရဝပြု၍ ပြော၏။

'ကျုပ်တို့တစ်တွေဟာ ရန်သူကို ရင်ဆိုင်ဖို့ အင်အား သိပ်လိုနေတယ်၊ ဒီလိုအချိန်မျိုးမှာ နောင်ကြီးမေကုံးလျှန်လို့ ပုဂ္ဂိုလ်မျိုး ကျန်လုဂိုဏ်းထဲ ရောက်လာတဲ့အတွက် ကျုပ်တို့ဝမ်းသာလို့ မဆုံးတော့ပါဘူးဗျာ'

ဝါဆန်းတောင်မှ ဝါစဉ်ကြီး သိုင်းသမားကြီးမှာ သူ့အား လွန်စွာအားကိုးအားထားပြုကြောင်း သိလိုက်ရသဖြင့် ကျန်လုဂိုဏ်းထဲသို့ ဝင်ရခြင်းအတွက် မည်သို့မျှ စိတ်အနှောင့်အယှက်ဖြစ်ပုံမရပေ။

ထန်ရှင်အား ပြန်လည်၍ ဂါရဝပြုပြီး...

'ကျုပ်နဲ့ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ တို့ ထားခဲ့တဲ့ ကတိစကားအရ ခုအချိန်ကစပြီး ကျုပ်ဟာ ကျန်လုဂိုဏ်းသား ဖြစ်သွားပါပြီ၊ ကျုပ်အတွက် ကျရောက်လာတဲ့တာဝန်ကို ဦးလည်မသုန် ဆောင်ရွက်မယ်လို့ ရဲရဲကြီး ကတိပြုပါတယ်၊ ခိုင်းချင်ရာခိုင်းကြပါ'

သူ၏ တည်ငြိမ်သော မျက်နှာက သူ့စကားများကို ပို၍ လေးနက်စေခဲ့ပေသည်။

ထန်ရှင်သည် သူ့ယပ်တောင်ကို ရှုပ်သိမ်းရင်း...

www.burmeseclassic.com

www.burmeseclassic.com



'အင်း... စိတ်လှုပ်ရှားစရာ အချိန်တွေလဲ ပြီးဆုံးသွားပြီ၊ ဝမ်းသာစရာတွေလဲ ပြီးဆုံးသွားပြီ၊ မပြီးဆုံးသေးတာကတော့ ဝမ်းဗိုက်ရဲ့ ဆာလောင်မှုကို ဖြည့်တင်းဖို့ပဲ'

ထန်ရှင်၏ စကားကြောင့် လူအားလုံး ရုတ်တရက် ဆာလောင်လာကြလေ၏။

သူတို့အားလုံး မည်သည့်အစားအစာမျှ မစားခဲ့ရသေးပေ။

ထန်ရှင်သည် ကျိုးတာကြည့်အား အမိန့်ပေးလိုက်၏။

'ကျိုးတာကြည့်၊ ငါ့မြင်းရထားထဲမှာ အသီးအနှံတွေ ပါတယ်၊ ရက်ရှည်ခံတဲ့ အသီးအနှံတွေ ပါတယ်၊ တစ်ဝက်လောက် ယူခဲ့၊ ဒီမှာရှိတဲ့လူအားလုံး တစ်ဝက်ဆိုရင် လုံလောက်တယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ့ အံ့အားသင့်သွား၏။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ဒီမှာ အဆောင်ကြာကြာနေဦး မလိုလား'

'ကျွန်တော် သဘောအရတော့ စောင့်နေနိုင်ရင် ကောင်းမယ်ထင်တာပဲ'

တက်မုဆရာတော်က ဝင်မေး၏။

'ဘာကိုစောင့်မှာလဲ'



ထန်ရှင်က....

'ကျွန်လုံဝမ်ကို စောင့်တာလေ၊ တပည့်တော်တို့နားနေတဲ့ နေရာဟာ မြောက်ရိုင်းလှော်ပြင်ဗျူဟာရဲ့ အလယ်မဗဟိုချက် ဖြစ်ဖို့များတယ်၊ ကျွန်လုံဝမ်သာ ဒီနေရာကို မရောက်ခဲ့ရင် သူ့တိုက်ခိုက်နည်း အောင်မြင်မှာ မဟုတ်ဘူး'

'ဒကာကြီးထန်ရှင်က ဒီနေရာကစောင့်ရင်း အပြတ်တိုက်မလို့လား'

'တိုက်ဖို့တော့ မဟုတ်ပါဘူး၊ သူတို့ တိုက်ခိုက်နည်းရဲ့ အလယ်ဗဟိုမှာ ခု ယက်သက်တစ်ချောင်း ထောင်ပေးထားတဲ့ သဘောမျိုးလောက်ပဲ ဖြစ်ပါတယ်'

'ဒါဆိုရင် လူလိုဦးမယ်ထင်တယ်'

'အခုပါလာတဲ့ လူရှစ်ယောက်ဆို လုံလောက်ပါတယ်'

တက်မုဆရာတော်သည် ခပ်လှမ်းလှမ်း၌ အသီးအနှံများ စားသောက်နေသည့် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်ကို မသိမသာ စောင်းငဲ့ကြည့်လိုက်၏။

'ကျွန်လုံဝမ်ရဲ့ ကြီးမားတဲ့တိုက်စစ်ကို ဒီရှစ်ယောက်နဲ့ ဘယ်လိုများ ခုခံမလဲမသိဘူး'

ထန်ရှင်သည် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက် စားသောက်ပြီးသည်နှင့် ခေါ်ဆောင်ထွက်ခွာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်က....

'ဂိုဏ်းချုပ်ကြီး....ဒုက္ခကြီးထန်ရှင် ဘာတိုက်ကွက်တွေများ ချမှတ်ဦးမလဲ မသိဘူး'

'မသိဘူး ဆရာတော်၊ သူဟာ သူ့အစီအစဉ်မပြီးခင် ဘယ်သူ့ကိုမှသိမြင်ခွင့်မပေးဘူး၊ ဘာပဲဖြစ်ဖြစ် သူ့အစီအစဉ်ကတော့ များသောအားဖြင့် စိတ်ချရပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် မနီးမဝေး၌ ရပ်နေသည့် ပေါ့ကုံးပေါင်အား လှမ်းခေါ်လိုက်၏။

'ပေါ့ကုံးပေါင် ဒီကိုလာစမ်း'

'ဂိုဏ်းချုပ်ကြီးခင်ဗျား ဘာမျှားခိုင်းစရာ ရှိပါသလဲ'

'ငါ့အပေါ် မင်း ဘယ်လိုသဘောထားသလဲ'

'ကျွန်တော် ကျေးဇူးရှင်ကြီးအဖြစ် သဘောထားပါတယ်'

'ကျွန်လုဂိုဏ်းဟာ သိက္ခာရှိရှိ မြင့်မြတ်ရဲ့လား'

'သိက္ခာလဲရှိ၊ မြင့်လဲမြင့်မြတ်ပါတယ်'

'ကျွန်လုဂိုဏ်းသား ဖြစ်ရတာကို မင်းဂုဏ်ယူရဲ့လား'

'အသည်းနှလုံးထဲက ဂုဏ်ယူပါတယ်'

'ပညာရှိဟာ မပြောခင် သူ ဘာပြောရမယ်ဆိုတာကို စဉ်းစားပြီးမှ ပြောတယ်၊ လူမိုက်ကတော့ သူပြောပြီးမှ ပြောပြီးတဲ့ စကားကို ပြန်စဉ်းစားတယ်၊ မင်းကတော့ ပညာရှိလဲမဟုတ်ဘူး၊ လူမိုက်လဲမဟုတ်ဘူး၊ လူလိမ်ပဲ ဖြစ်တယ်'



'ကျွန်....ကျွန်....ကျွန်တော် ဂိုဏ်းချုပ်ကြီးကို မလိမ်ရဲပါဘူး ခင်ဗျာ'

ပေါ့ကုံးပေါင်က ထိတ်လန့်စွာ ပြော၏။

အို့ယန်ထုံက သေချာစွာ အကဲခတ်ပြီး....

'ငါ့ခိုင်းရင် မင်း သေရဲရဲ့လား'

'မငြင်းဝံ့ပါဘူးခင်ဗျာ'

'ကောင်းပြီ၊ မင်းရဲ့ဓားကို ထုတ်လိုက်စမ်း'

ပေါ့ကုံးပေါင် တုန်ဆုတ်တုန်ဆုတ် ဖြစ်သွား၏။

'ကျွန်....ကျွန်တော် ဘာအပြစ်များ ကျူးလွန်ခဲ့လို့လဲ'

အို့ယန်ထုံ စိတ်ဆိုးသွား၏။

'မင်းက ငါ့ကို ဒီလို စောဒကတက်ရဲသလား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ခန့်ထည်တရားနှင့် ပြည့်စုံပြီး လွန်စွာ သိမ်မွေ့၏။

ကျွန်လုဂိုဏ်းသားများအပေါ် ဒေါသဖြင့် ခြိမ်းခြောက်မောင်းမဲသည့်ဟူ၍ ပေါ့ကုံးပေါင် တစ်ကြိမ်တစ်ခါမျှ မခံရဘူးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ သူ့အား ခေါ်ယူ ကြိမ်းမောင်းနေသောအခါ ပေါ့ကုန်းပေါင်မှာ သွေးပျက်လာလေတော့၏။

အို့ယန့်ထု က အေးစက်စက်ရယ်ပြီး....

'မင်းရဲ့ အပြစ်တွေကို ငါတစ်ခုချင်း ရှာပြမယ်ဆိုရင် မင်း နားထောင်ရဲမလား၊ အဲဒီအပြစ်တွေ ရှာပြတာကို နားထောင်ရတာထက် ဓားထုတ်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တာက ပိုကောင်းမယ်လို့ ငါထင်တယ်'

ပေါ့ကုန်းပေါင်သည် ကျိုးတာကြည်ကို တစ်ချက်လှမ်းကြည့် ပြီး ဓားမြှောင်အိမ်ဆွဲထုတ်၏။

ထို့နောက် ဓားမြှောင်ကို ဖြည်းညင်းစွာ ထုတ်ယူသည်။

ပြောင်လဲ့သော ဓားသွားကိုကြည့်ပြီး လက်မှုဆရာတော်က မှတ်ချက်ချလေ၏။

'ဒီဓားသွားဟာ အဆိပ်အတော်ပြင်းထန်ပုံရတယ်'

အို့ယန့်ထု က လက်ဖြန့်တောင်းလိုက်၏။

'မင်းဓားကို စစ်ဆေးမယ်၊ ငါ့ကိုပေးစမ်း'

ပေါ့ကုန်းပေါင် တွန့်ဆုတ်တွန့်ဆုတ် လုပ်နေပြန်သည်။

'ဒါ...ဒါ...ဒါတော့'

ကျိုးတာကြည်သည် ဂိုဏ်းချုပ်ကြီး အို့ယန့်ထု နှင့် ကျန်လု ဂိုဏ်းအပေါ် အကြွင်းမဲ့ သစ္စာရှိသူ ဖြစ်၏။



ဂိုဏ်းချုပ်ကြီး ဤသို့စစ်မေးကတည်းက ပေါ့ကုန်းပေါင် မရိုးမသား တစ်ခုခုပြုလုပ်ပြီဟု သူယုံကြည်သည်။

'ပေါ့ကုန်းပေါင်၊ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို မင်း ဘယ် တုန်းက ဖီဆန်ခဲ့လို့လဲ'

သူသည် လျှပ်တစ်ပြက် ခုန်ဝင်လာပြီး ပေါ့ကုန်းပေါင်၏ လက်ထဲမှ ဓားကို ဝင်လုသွားသည်။

ထို့နောက် ဂိုဏ်းချုပ်ကြီး အို့ယန့်ထု အား ရိုသေစွာ လှမ်း ပေးသည်။

ဂိုဏ်းချုပ်ကြီး အို့ယန့်ထု က ဓားကို အသေအချာ စမ်း ဆေးပြီး....

'ဟယ်ကောင်းတဲ့ ဓားပါလား၊ ဓားအိမ်ပါ ပေးစမ်း'

ပေါ့ကုန်းပေါင်က ကျိုးတာကြည်အား ဓားအိမ်ပါ လှမ်း ပေးလိုက်သည်။

ထိုစဉ် ထန်ရှင်ရောက်လာသည်။

'ဂိုဏ်းချုပ်ကြီး၊ ပေါ့ကုန်းပေါင်ကို တစ်ကြိမ်တစ်ခါ မိုက် မှားခြင်းအတွက် ခွင့်လွှတ်ပါလို့ ကျွန်တော် တောင်းပန်ပါ တယ်'

အို့ယန့်ထု သည် ဓားကို ဓားအိမ်ထဲထည့်သွင်းပြီး ခေါင်း ညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်လဂိုဏ်းဟာ သွေးဆာနေတဲ့ လူသတ်ဂိုဏ်းမဟုတ်ဘူး သိုင်းပညာပြန့်ပွားအောင် ဖြန့်ဖြူးတဲ့ဂိုဏ်းပဲဖြစ်တယ်၊ သူ့ကို စောင့်ကြည့်လိုက်မယ်'

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီးကို အစီရင်ခံစရာ ရှိပါသေးတယ်'

'ဘာများလဲ'

'ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကွန်လုံဝမ်ရဲ့ ဘက်တော်သားတွေ ဝိုင်းထားပြီလို့ ယူဆရပါတယ်'

အိုယန်ထု အံ့အားသင့်သွား၏။

'တကယ်ပဲလား'

'တကယ်ပါပဲ၊ အဝိုင်းခံရတဲ့အထဲမှာ တခြားဂိုဏ်းသားတွေလဲ ပါပုံရပါတယ်'

'တခြားဂိုဏ်းသားတွေက ဘယ်လိုပါလာရသလဲ'

'ဒါကတော့ ကွန်လုံဝမ်ရဲ့ သီးခြားအစီအစဉ် ဖြစ်ပုံရတယ်၊ သူက ဘာတွေနဲ့မျှားပြီး ဒီစက်ဝန်းထဲရောက်အောင် လုပ်သလဲ မသိဘူး'

ထိုစဉ် လူနှစ်ယောက် ပြေးလာသည်။

တစ်ယောက်မှာ အကြီးအကျယ် ဒဏ်ရာရထားပုံရ၏။

တစ်ယောက်က အနည်းငယ် သက်သာပုံရသည်။



နှစ်ယောက်စလုံး သွေးများ စွန်းထင်းပေကျံနေ၏။

အိုယန်ထု တို့လူစု အနီးသို့ ရောက်လာသောအခါ နှစ်ယောက်စလုံး လဲကျသွားသည်။

တက်မူဆရာတော်က စစ်ဆေးကြည့်သည်။

'တစ်ယောက်က အတော်ဒဏ်ရာပြင်းထန်တယ်'

ထန်ရှင်က အဝေးသို့ ငေးကြည့်ပြီး....

'ကွန်လုံဝမ်ကတော့ သူ့အလုပ်စနေပြီ၊ နောက်ထပ် ဒဏ်ရာရမယ့်လူတွေ အများကြီးရှိဦးမယ်၊ ကျွန်တော်တို့ မသိခင် ဒီနယ်ထဲဝင်လာတဲ့ သိုင်းသမားတွေ အများကြီးရှိလိမ့်မယ်'

အိုယန်ထုက ခပ်စပ်စပ်စားစားဖြင့် ပြောသည်။

'ကျုပ်တို့ ဒီနေရာမှာ အခိုင်အမာ စခန်းချလို့ သင့်တော်ပါမလား'

ထန်ရှင်က....

'သင့်တော်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီ ဗဟိုချက်မနေရာကို ကွန်လုံဝမ်ကို မပေးနိုင်လို့ဘဲ၊ သူသာ ဒီနေရာရသွားရင် ကွန်လုံဝမ်ရဲ့အဖွဲ့ကို ကျွန်တော်တို့ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်တော့ဘူး'

တက်မူဆရာတော်က ဝင်ချီးကျူး၏။

'ဒကာကြီးထန်ရှင်က မြော်မြင်နိုင်စွမ်း ရှိပါပေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်၊ တပည့်တော်ကို သိပ်ပြီးမချီးကျူးပါနဲ့၊ ကျွန်တော် ဂိုဏ်းတူဦးလေးကိုသာ ကွန်လုံဝမ် သိမ်းသွင်းထားနိုင်တယ်ဆိုရင်တော့ အခြေအနေ တစ်မျိုး ပြောင်းသွားပါလိမ့်မယ်၊ ကျွန်တော်တို့အားလုံးအသက်ကို ဖက်နဲ့ ထုပ်ထားကြရပါလိမ့်မယ်'

ထိုစဉ် မြင်းခွာသံများတခွပ်ခွပ် ကြားရပြန်သည်။

မြင်းပေါ်တွင် လူနှစ်ယောက် မှောက်လျက် ပါလာ၏။

နှစ်ယောက်စလုံး သွေးများစို့ရွှဲနေသည်။

အို့ယန့်ထိုက....

'သူတို့ကို မြင်းပေါ်က မြန်မြန်ချလိုက်စမ်း'

ကျိုးတာကြည်နှင့် ပေါ့ကုံးပေါင်တို့သည် ထိုသူနှစ်ဦးကို မြင်းပေါ်မှ အသာအယာချလိုက်ကြသည်။

နှစ်ယောက်စလုံး အသက်မပျောက်နေကြပေပြီ။

'ဘုရား....ဘုရား...တအာယ်လှသတဲ့ပွဲကြီးပါလား'

မကြာမီ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် လျှောက်လာပြန်၏။

ထိုလူ၏ခန္ဓာကိုယ်ကြီးမှာ အလွန်တရာ ကြီးမားလှ၏။

ထန်ရှင်က....

'သူ့ကိုမြန်မြန်သွားတွဲလိုက်စမ်း၊ သူလဲ ဒဏ်ရာရလာတာပဲ'



ကျိုးတာကြည်က အပြေးအလွှားသွား၍တွဲသည်။

သို့သော် ထိုလူက ပြင်းထန်သောလက်သီးတစ်လုံးပစ်သွင်း၏။

ကျိုးတာကြည် လျင်မြန်လှသဖြင့် သူ့ ဦးခေါင်းအနီးမှ လက်သီး ကပ်၍သွားသည်။

နောက်ထပ် သုံးကွက် တိုက်သည့်တိုင် သိမ္မတီ ဘက်တော်စောင့် ကျိုးတာကြည်ကို ထိအောင်မတိုက်နိုင်ခဲ့ပေ။

နောက်ဆုံး ထိုလူကြီးမှာ လက်ကောက်ဝတ်ကို ဖမ်းဆုပ်အကိုင်ခံလိုက်ရ၏။

ထိုအခါကျမှ လဲကျသွားတော့သည်။

ကျိုးတာကြည်က ထိုလူကြီးကိုပွေ့ချီလာပြီး ထန်ရှင်၏ရှေ့၌ချထားပေးလိုက်၏။

ထန်ရှင် စစ်ဆေးသောအခါ ထိုလူကြီး၏ မျက်နှာပြင်မှာ စိမ်းညိုလျက်ရှိပြီး နားရွက်နှင့်နှာခေါင်းတို့မှ သွေးများယိုစီမ့်ထွက်နေကြောင်း တွေ့ရသည်။

'ဒီလူ့ကိုမကယ်နိုင်တော့ဘူး အတွင်းဒဏ်ရာက သိပ်ပြင်းထန်နေတယ်၊ သွေးကြောတွေလဲ ပြတ်ကုန်ပြီ'

ထိုစကားမဆုံးမီမှာပင် ရသေ့နှစ်ပါး ပြေးလာပြန်သည်။

ထန်ရှင်တို့ရှေ့ရောက်သောအခါ နှစ်ပါးစလုံး လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်သည် အိတ်ထဲမှ ဆေးပုလင်းထုတ်ကာ ထိုရသေ့နှစ်ပါးအား ဆေးတစ်လုံးစီ တိုက်ကျွေးလိုက်လေ၏။

အိုးယန်ထုံက အသံကိုနှိမ့်၍ မေးသည်။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ ဒီလိုသာကယ်နေရင် တယ်နှစ်ယောက်ကယ်နိုင်မှာလဲ'

'ကယ်နိုင်သမျှ ကယ်ရမှာပဲ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ကယ်လိုက်တဲ့ သိုင်းသမားတွေက ဂိုဏ်းချုပ်ကြီးရဲ့ မေတ္တာစေတနာကို သိုင်းလောကတစ်ခုလုံး တုန်ဟည်းအောင် မောင်းခတ်၍ ကြော်ငြာလိုက်ပါလိမ့်မယ်'

ကျီးတာကြည်က အော်ပြန်၏။

'နောက်ထပ် လာနေပြန်ပြီ'

သည်တစ်ကြိမ်လာနေသူကား အဘိုးအိုဖြစ်၏။

သူသည် ဆံပင်ဖားလျား ချထားသော မိန်းမငယ် တစ်ယောက်ကို ပွေ့ချီလာသည်။

ကျီးတာကြည်က အဘိုးအိုကို ဆီးကြိုလိုက်၏။

'ဆရာကြီး၊ ရှေ့ဆက်ဖို့ လမ်းမရှိတော့ဘူး၊ ဒီမှာပဲနားပါဦး'

အဘိုးအိုက ခေါင်းညိတ်၏။

'ကျုပ်သမီး ခဏချာပြင်းထန်နေတယ်၊ သူ့ကိုကုသဖို့လိုနေတယ်'



ထန်ရှင်က ရှေ့သို့ တိုးလာ၏။

'ဆရာကြီး၊ ကျွန်တော် ဆေးပညာ နည်းနည်းပါးပါး တတ်မြောက်ထားပါတယ်၊ ကျွန်တော်ကုသပေးရင် ဖြစ်ပါ့မလား'

အဘိုးအိုက ခေါင်းခါ၏။

'မလိုဘူး၊ ကျုပ်ကိုယ်တိုင် ဆေးကုတတ်တယ်၊ ဆိတ်ငြိမ်အေးချမ်းပြီး ဘေးကင်းတဲ့ နေရာတစ်နေရာ ရှာဖို့ပဲ လိုတယ်၊ ကျုပ်သမီးကိုကျုပ်ပဲ ကုမယ်'

ထန်ရှင်က ရှင်းပြ၏။

'ဒီမြက်ရိုင်းကွင်းတစ်ခုလုံးမှာ ဒီနေရာဟာ ဘေးအကင်းဆုံး သစ်ပင်ကြီးတချို့လဲရှိတယ်၊ ချုံပုတ်တွေလဲရှိတယ်၊ ကြိုက်တဲ့အကာအကွယ်အတွင်းမှာ ကုသနိုင်ပါတယ်'

အဘိုးအိုသည် သူ ပွေ့လာသည့်မိန်းကလေးကို ကြည့်ကာ ညည်းညူမြည်တမ်းလေ၏။

'ကြော်...အဖေအသုံးမကျတော့ သမီးကို လုံခြုံအောင် အကာအကွယ် မပေးနိုင်ဘူးပေါ့၊ ငါ့သမီးလေး ငါ့ကြောင့် ဒုက္ခရောက်ရရှာတယ်'

ထန်ရှင်က အဘိုးအိုအား နှစ်သိမ့်မှုပေးသည်။

'ဆရာကြီး...ဒီနေရာမှာ ကျွန်တော်တို့လူတွေ အစောင့်ချထားပါတယ်၊ အချိန်ဟာ ရွှေထက်တန်ဖိုးရှိပါတယ်၊ အချိန်ရှိတုန်း ဆရာကြီးရဲ့သမီးကို ဆေးကုပါ၊ ရန်သူတွေ လောလောဆယ် တိုးဝင်မလာနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အတိုးအိုက မော့ကြည့်၏။

'ကျေးဇူးတင်ပါတယ်၊ ကျုပ်သမီးကို ကျုပ် ကုသ... တော့မယ်'

သူသည် မြက်ပင်ထူထပ်သောနေရာတွင် သမီးဖြစ်သူကို ... ထားလိုက်သည်။

သူသည် အလွန်တရာကျော်ကြားလှသော ဂိုဏ်းချုပ်ကြ... အိုယန်ထုံ၊ တက်မုဆရာတော်နှင့် ဝါဆန်းသူရဲကောင်း... ဖေကုံးလျှန်တို့ကိုပင် နှုတ်ဆက်ခြင်း မပြုပေ။

ထန်ရှင်က...

'ဆရာကြီး လိုအပ်တဲ့ ဆေးဝါးများရှိရင် ကျွန်တော့်... ပြောပါ'

'မလိုဘူး'

အတိုးအိုက ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

ထန်ရှင်သည် နောက်ထပ်ဒဏ်ရာရသူများ ရောက်လာ... သဖြင့် အတိုးအိုကို ညွှန်ခံစကား မပြောနိုင်တော့ပေ။

နောက်ထပ်ရောက်လာသူများကို စစ်ဆေးကုသနေရတော... သည်။

အိုယန်ထုံက ထန်ရှင့်အနီးသို့ ချဉ်းကပ်လာသည်။

'နောင်ကြီး ထန်ရှင်.... စောစောက အတိုးအိုကို ကျ... တစ်ကြိမ်တစ်ခါမှ မမြင်ဖူးဘူး'



ဖေကုံးလျှန်က ဝင်ပြောသည်။

'သူဟာ နန့်အုန်စန်ပဲ၊ လူပြောတော့ များပါတယ်၊ ဒါပေ...ယ့် သိုင်းလောကထဲတော့ အထွက်နည်းတာဗျ'

ထိုစဉ် ငယ်သံပါအောင် အော်လိုက်သည့် အသံတစ်သံကို ...ြားလိုက်ရသဖြင့် သူတို့ စကားပြတ်သွားသည်။

ပေါ့ကုံးပေါင် ပြေးထွက်သွားပြီး မိန်းမကြီးတစ်ယောက် ...ို ဖေးမတွဲကူထွက်လာ၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ စစ်ဆေးသောအခါ တစ်ကိုယ် ...ုံး ဒဏ်ရာအထပ်ထပ် ရသောကြောင်း တွေ့ရှိရသည်။ အသက်ရှင်ဖို့ ခဲယဉ်းလှချေ၏။

မိန်းမကြီးက....

'ရှင်ဟာ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ပဲလား'

'ဟုတ်ပါတယ်'

'ဂိုဏ်းချုပ်ကြီး....တွေ့ရတာ ဝမ်းသာ...'

မိန်းမကြီးသည် စကားပင် ဆုံးအောင်မပြောနိုင်တော့ဘဲ အသက်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုံက သက်ပြင်းချပြီး....

'ကွန်လုံဝမ်ဟာ အတော်ရက်စက်တာပဲ၊ တွေ့သမျှ မြင်သ... လူအားလုံးကို သတ်နေတော့တာပဲ'

ထန့်ရှင်က....

'ဂိုဏ်းချုပ်ကြီး....သူ့ဆီမှာ ဆေးတစ်မျိုး ရှိတယ်၊ ဆေ... သောက်ပြီးရင် လူမှန်းသူမှန်း မသိတော့ဘူး၊ ဘီလူး သဘ... စိတ်ပေါက်ပြီး သတ်ဖြတ်တော့တာပဲ'

ထိုစဉ် ဓားခုတ်သံများ ကြားလိုက်ရလေ၏။

ထန့်ရှင်က....

'ကွန်လုံဝမ်ရဲ့ ယောက်ျားတွေ ရောက်လာပြီ၊ လက်ရွေး... ဂိုဏ်းသား နှစ်ယောက်ကိုတော့ မှာထားခဲ့ပါတယ်၊ ရန်... တွေရဲ့အင်အား သိပ်ကြီးရင် မခံနဲ့ နောက်ဆုတ်ခဲ့လို့'

အို့ယန်ထုံက....

'ဒီလိုဆိုရင် ကျုပ်ကိုယ်တိုင် ကြီးကြပ်မှ ဖြစ်တော့မယ်'

ဂိုဏ်းချုပ်ကြီးသည် ပြေးထွက်သွားရာမှ လှမ်းအော်သွား...

'ကျီးတာကြည်....နောင်ကြီးထန့်ရှင်ကို ဂရုစိုက်... မခွာနဲ့'

အို့ယန်ထုံ ပြေးထွက်သွားသည့်ဘက်သို့ ဖေကုံးလျှန်လည်း ပြေးလိုက်သွားသည်။



ထန့်ရှင်က ကျီးတာကြည်နှင့် ပေါ့ကုံးပေါင်တို့အား အမိန့်ပေးလိုက်သည်။

'ဒဏ်ရာရတဲ့လူတွေကို ဂူတွေကြား ပို့ထားလိုက်၊ သေတဲ့ လူတွေတော့ ရှိပေစေတော့'

ပေါ့ကုံးပေါင်နှင့် ကျီးတာကြည်တို့သည် ထန့်ရှင်၏ အမိန့်အတိုင်း လျင်မြန်စွာ ဆောင်ရွက်ကြလေ၏။

တက်မုဆရာတော်က ထန့်ရှင်အား လှမ်း၍ စကားပြော သည်။

'ဒကာကြီးထန့်ရှင်၊ ကျုပ်တို့အင်အားက ဝေနိုး...ကျန်ရစ် ခဲ့တယ်၊ အဲဒီအင်အားနဲ့ ပြန်ဆက်မိဖို့ မကြိုးစားသင့်ဘူးလား'

'ကြိုးစား...လဲ အလကားပဲ၊ သိုးနှ...ရီအတွင်း ဘယ်သူမှ တော်တို့ ရဲ့စစ်ကို ဖောက်လာနိုင်ဘူး၊ ကုလည်းစုဘ်တို့ရဲ့ လ...ရွေးစင် ရှစ်ယောက် ဒဏ်ရာရနေတော့ သူတို့ကို ပါကွ ကျုံကုန် ဗျူဟာနဲ့ ခုခံလို့ရနိုင်ပါတယ်၊ ကျုန်လုဂိုဏ်း အင်...တော့ သေရေးရှင်ရေး ပွဲပဲပဲ ဘုရား'

မကြာမီ ဖေကုံးလျှန် ပြန်လည်ရောက်ရှိလာ၏။

အပြေးအလွှားပင်။

'နောင်ကြီးထန့်ရှင်၊ ရန်သူအင်အား သိပ်များတယ်၊ ကြို တင်သတင်းလာပို့တာပါ၊ ကဲ....ကျုပ်ကတော့ ဂိုဏ်းချုပ်ကြီး ဆီ သွားလိုက်ဦးမယ်'

ဖေကုံးလျှန် ပြေးထွက်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသော လူနှစ်ယောက်သည် လက်ရွေးစင်တပ်သား ရှစ်ယောက်ကို ထိုးဖောက်ပြီး အတွင်းသို့ ကျံဝင်လာသည်။

ထန်ရှင်က ယမ်းဘောင်ခတ်၍ ကြည့်နေ၏။

ကျိုးတာကြည် ခုန်ထွက်သွားသည်။

'မင်းတို့ ဘယ်လောက်ခံနိုင်ရည်ရှိသလဲဆိုတာ ခုမှပဲ လက်တွေ့ စမ်းသပ်ရတော့မယ်'

သူသည် ရေလှိုင်းကျော်က ဘောင်ရိုက်သိုင်းကွက်ဖြင့် တိုက်ခိုက်သည်။

ရှေ့မှဓားကိုင်သူတစ်ဦး အင့်ခနဲ လဲကျသွား၏။

ကျိုးတာကြည် အံ့ဩသွားသည်။

'ဘယ်နှယ်လဲ ငါ့လက်သီးဘောင် သူ့ဆီမရောက်သေးဘူး၊ သူက ဘယ့်နှယ်လဲကျသွားတာလဲ၊ အမောမခံနိုင်ဘူးနဲ့တူတယ်'

ကျိုးတာကြည်တွေးနေစဉ် ကျန်တစ်ယောက်က ဓားဖြင့် လှမ်းထိုးသည်။

ဓား သူ့ဆီမရောက်မီ ထိုလူလဲကျသွားပြန်၏။

'ဟ....ဘယ်လိုဖြစ်ကုန်တာလဲ'

ကျိုးတာကြည်သည် ထိုလူကြီး၏ဓားကို ကောက်ယူလာပြီး ထန်ရှင်ရှိရာသို့ လျှောက်လာ၏။



ထန်ရှင်က ချုံပုတ်ထဲ၌ သမီးဖြစ်သူအား ဆေးကုသနေသည့် အဘိုးအိုအား သွား၍ ဂါရဝပြုသည်။

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

ကျိုးတာကြည် အံ့ဩသွားသည်။

ထို့ကြောင့် လဲကျသူနှစ်ယောက်၏ မျက်နှာများကို အသေအချာ ငုံ့ကြည့်မိသည်။

နှစ်ယောက်စလုံး၏မျက်နှာများ စိမ်းပြာနေလေ၏။

အဆိပ်သင့်သည့် လက္ခဏာပေတည်း။

ထိုအခါကျမှ ကျိုးတာကြည် သဘောပေါက် သွားသည်။

သူနှင့်တိုက်ခိုက်မည့် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်သည့် ရန်သူနှစ်ဦးကို အဘိုးအိုက အဆိပ်လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်ခြင်းသာ ဖြစ်တော့သည်။

ကျိုးတာကြည်က ချုံပုတ်အနီးသို့တိုးကပ်သွားပြီး....

'ဆရာကြီး....ကျုပ်ကို ကူညီလိုက်တာ ခင်ဗျားလား'

'ထွက်သွားစမ်း'

အဘိုးအိုက ပြန်အော်သည်။

ထန်ရှင်က ကျိုးတာကြည်ကို နှစ်သိမ့်လိုက်၏။

'ကျိုးတာကြည်၊ သူဆေးကုနေတယ်၊ သွားမနှောင့်ယှက်နဲ့'

ကျိုးတာကြည်က ထန်ရှင်အား လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးထန်ရှင်၏ အဘိုးကြီးရဲ့လက်နက်ပုန်းပညာက သိပ်ကြောက်စရာပဲ'

'သွားမစပ်စုနဲ့၊ မင်းဟိုတောစပ်မှာ သွားစောင့်နေ၊ ဒဏ်ရာရတဲ့လူတွေ ထပ်လာနိုင်သေးတယ်'

ကျီးတာကြည် ထွက်သွားခိုက်မှာပင် အလင်းတန်းတစ်ခုသည် ထန်ရှင်ရှိရာသို့ ဦးတည်ပျံသန်းလာ၏။

ထန်ရှင်မှာ ကြက်သေသေသွား၏။

'ထန်း'

ကျီးတာကြည်မှာ အတန်ငယ် လှမ်းသွားသဖြင့် ထန်ရှင်အား မကူညီနိုင်ပေ။

ထိုအခါ တက်မုဆရာတော်က အနီးရှိ ကျောက်ခဲတစ်လုံးဖြင့် လှမ်း၍ပစ်ခတ်လိုက်သဖြင့် အလင်းတန်းသည် ဘေးသို့ လွဲချော်သွားပြီး မြက်ခင်းပေါ်သို့ ကျသွား၏။

ဓားတစ်ချောင်း။

ပညာရှိ ထန်ရှင်တစ်ယောက် သေဘေးမှ သီသီကလေး ကင်းလွတ်ခဲ့ ရှုံ့ခဲ့ပြန်လေပြီ။

ထန်ရှင်က ထိုဓားကိုကြည့်ပြီးရယ်၏။

ထို့နောက် တက်မုဆရာတော်အား ဦးညွှတ်ဂါရဝပြုသည်။

'ဆရာတော်သာမကယ်ရင်တော့ တန်ရှင်ဟာ ဓားပျံကြီးအောက်မှာ သေနေရတော့မှာပဲ'



'ဒကာကြီးထန်ရှင်၊ ဒီဓားကို ပစ်လွှတ်လိုက်တဲ့လူရဲ့အတွင်းအားဟာ အံ့မခန်း၊ ချီးကျူးစရာကောင်းတယ်၊ ကျုပ်တော့အကိုက်အနယ်ယှဉ်ပြိုင်ရတော့မှာပဲ၊ ကျုပ်တောင်းပန်ချင်တာကတော့ ဒကာကြီး ထန်ရှင်အနေနဲ့ ဒကာကြီးစီမံထားတဲ့အထားမြင်းရထားတွေအတွင်းမှာနေပြီး အကဲခတ် ညွှန်ကြားဖို့ပါပဲ'

ထန်ရှင်က လက်အုပ်ချီ၍ လျှောက်ထားသည်။

'ကျေးဇူးအင်မတန်တင်ပါတယ်ဘုရား၊ တပည့်တော် မြင်းရထားထဲဝင်နေပါ့မယ်'

လူသည် သူ၏သတ္တိကို အလွဲသုံးစားလုပ် သူမဟုတ်ပေ။

ဆရာတော်၏ စေတနာဖြင့် ညွှန်ကြားသည့် အချက်ကို ချက်ချင်း လိုက်နာ လုပ်ဆောင်သည်။

ထိုစဉ် အိုးသန့်ထူး၏အော်သံသည် အဝေးမှ လွင့်ပျံလာလေတော့၏။

'ကျီးတာကြည်...မင်းက နောင်ကြီးထန်ရှင်နဲ့ပေါင်းရေးကိုတာဝန်ယူပေါ့၊ နောင်ကြီးထန်ရှင်သာဒဏ်ရာရရင် မင်းအပြစ်ပဲ'

ကျီးတာကြည်သည် မြင်းရထားအနီးသို့ ချဉ်းကပ်လာ၏။

တက်မုဆရာတော်သည်း မြင်းရထား အနီးသို့ ကပ်လာသည်။

'ဒကာကြီးထန်ရှင် ဘာဖြစ်လို့ ချက်ချင်း တိတ်ဆိတ်သွားရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကွန်လုံဝမ် ဂိုဏ်းသားတွေ ရှေ့ကိုတိုးလာတာပဲဖြစ်မယ်'

ထိုစဉ် လေတိုးသံကြားရပြီး ဂိုဏ်းချုပ်ကြီးအို့ယန်ထုနှင့် ဖေကုန်းလျှန်တို့ ထန်ရှင်၏မြင်းရထားအနီးသို့ ရောက်ရှိလာ၏။

အို့ယန်ထုက စီးတိုးမေး၏။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ရဲ့ လက်ရွေးစင် ရှစ်ယောက်နဲ့တင် မခုခံနိုင်တော့ဘူး၊ တက်မုဆရာတော်နဲ့ နောင်ကြီးဖေကုန်းလျှန်တို့ပါ ပူးပေါင်းခုခံမှ ကျုပ်တို့ အချိန်နည်းနည်း ပိုပြီးတောင့်ခံနိုင်မယ်'

ထိုစဉ်မှာပင် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက် နောက်ဆုတ်လာလေ၏။

'ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ဘယ်သူလဲ ရှေ့ထွက်ခဲ့ပါ'

အို့ယန်ထုသည် ပြန်လှန် အဖြေပေးရန် ဟန်ပြင်လိုက်၏။

သို့သော် ဖေကုန်းလျှန်က သူ့ထက် လျင်မြန်စွာ အော်လိုက်သည်။

'မိုက်မိုက်ရိုင်းရိုင်း အော်လိုက်တာ ဘယ်သူလဲ၊ သိုင်းလောကစည်းကမ်းကို မင်းနားမလည်ဘူးလား'

'ကျွန်တော်ဟာ ဝမ်ဂိုဏ်းက တောင်အလံအဖွဲ့ ခေါင်းဆောင် ကူပေါ်ချီဖြစ်ပါတယ်၊ အလံအဖွဲ့ခွဲခေါင်းဆောင် လေးယောက်ထဲက တစ်ယောက်ဖြစ်ပါတယ်'



'မင်းလို အလံအဖွဲ့ခေါင်းဆောင်တစ်ယောက်ကများ ငါတို့ဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်မျိုးကို ရှေ့ထွက်ခိုင်းရသလား၊ ထွက်ချင်းထွက်ရင် မင်းက ထွက်ရမယ်'

'ဟင်း....ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ရဲ့ အမိန့်မို့လို့သာ ဒီလိုသည်းခံနေတာ၊ မဟုတ်ရင် ဖိုင်းတိုက်ဖို့ အမိန့်ပေးလိုက်ပြီ'

'စကားမရှည်နဲ့၊ တွေ့ချင်တဲ့လူက အရင်ထွက်လာရမယ်'

ကူပေါ်ချီ၏အသံသည် ရုတ်တရက် တိတ်ဆိတ်သွား၏။

အတန်ကြာမှ ပြန်ပေါ်လာသည်။

'ကောင်းပြီ၊ ကျုပ် ကူပေါ်ချီ ခုပဲ ထွက်လာခဲ့မယ်'

အို့ယန်ထုက ထန်ရှင်နှင့်လှည့်၍ တိုင်ပင်၏။

'နောင်ကြီးထန်ရှင် ခုချိန်မှာတော့ ကျုပ်တို့ဟာ ပိုက်ကွန်ထဲက ငါးတွေလို ဖြစ်နေတယ်၊ ဒါ့ကြောင့် မတိုက်ခိုက်ဘဲနဲ့ လူလွှတ်ဆွေးနွေးတာ အကောင်းဆုံးပဲ'

ထန်ရှင်က ရယ်၍ပြော၏။

'လူ လူလွှတ်ပြီး ဆွေးနွေးမှာပေါ့ ဂိုဏ်းချုပ်ကြီးရဲ့၊ ကျွန်တော်တို့က ဘာအကာအကွယ်မှမရှိဘဲနဲ့ သူတို့ရဲ့ မြက်ရိုင်းလွင်ပြင်ဗျူဟာရဲ့ အလယ်ဗဟိုကို ဘယ်လိုဖွင့်ရမလဲ၊ ဟင်း...ဟင်း....ဟင်း'

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို အို့ယန်ထွ လုံးဝမတွေးမိပေ။

မိမိတို့မှာ ပင်မဌာနချုပ်နှင့် လုံးဝ အဆက်ပြတ်နေသူများ ဖြစ်၏။

သို့သော် ကွန်လုံဝမ်က ထိုသို့ထင်ထားလိမ့်မည်မဟုတ်ချေ။

ဒီလူတွေ အားကိုးရှိလို့ ဒီလောက် အကျင့်ရဲတာဟု တွေးထင်လိမ့်မည်သာ ဖြစ်သည်။

တက်မုဆရာတော်က လှတ်ခံနဲ့ အော်လိုက်သည်။

'ကွန်လုံဝမ်ရဲ့ ကိုယ်စားလှယ်တွေ ရောက်လာပြီ'

အားလုံး လှမ်းကြည့်လိုက်ရာ ငွေရောင်စောင်ပွေးကို ထမ်းထားသည့်သန်မာထွားကျိုင်းသော လူကြီးနှင့် မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ကြရ၏။

❁

## အခန်း (၉၅)

## သည်းထိတ်ရင်ဖို တိုက်ပွဲများ

'ကျိုးတာကြည်.... အဲဒီပုဂ္ဂိုလ် နှစ်ယောက်ကို သွားကြိုလိုက်စမ်း'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု က တီးတိုးအမိန့်ပေးလိုက်၏။

ကျိုးတာကြည်က ဦးညွှတ်ဂါရဝပြုပြီး သွားရောက် ထွက်ကြိုသည်။

လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်၏ ပါကွာ တိုက်ခိုက်ခြင်းသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု ၏ ပတ်ပတ်လည်၌ ပိတ်ဆို့ထားရာ ညှော်သည်နှစ်ယောက်သည် ရှတ်တရက် ဝင်မလာနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်တောင်ဝှေး ကိုင်ထားသည့် ကျင်ရှယ်ပေါင်သည် သူ၏ ကြီးမားလေးလံလှသော တောင်ဝှေးကို ဝှေ့ယမ်းရင်း လက်ရွေးစင် ဂိုဏ်းသားများအား ခြိမ်းခြောက်နေလေ၏။

'လမ်းဖယ်ကြစမ်း၊ သေချင်ကြလို့လား'

ကျိုးတာကြည်သည် ပါ့ကွာ တိုက်ခိုက်နည်း၏ နောက်ကွယ်မှ ကျင်ရှယ်ပေါင်၏ လူ့ဘီလူးတမျှ ကြီးမားထွားကျိုင်းလှသော ခန္ဓာကိုယ်ကြီးကို ကြည့်၍....

'ဩော်.... အတော်ကို ထွားကျိုင်းတဲ့ ခန္ဓာကိုယ်ကြီးပဲ၊ ခန္ဓာကိုယ်ကြီးသလောက် သိုင်းပညာ ကြီး၊ မကြီးဆိုတာတော့ ခန့်မှန်းလို့ မရနိုင်ဘူး'

သူသည် အတွေးစကိုဖြတ်၍ လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်အား အမိန့်ပေးလိုက်၏။

'လမ်းဖယ်ကြ၊ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ ဧည့်သည်တော်ကို ဆီးကြိုကြရမယ်'

လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်တို့သည် ပါ့ကွာ တိုက်ခိုက်နည်းကို ရုပ်သိမ်းပြီး ဖယ်ရှားပေးကြ၏။

မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်သည့် အဘိုးအိုက ရှေ့တက်၍ ပြီး ဦးဆောင်လျှောက်လာ၏။

ကျိုးတာကြည်က နှုတ်ဆက်သည့်အနေဖြင့် ဦးညွှတ်ဂါရဝ ပြုသည်။



အဘိုးအိုကလည်း ပြန်လည်ဂါရဝပြု၏။

'ဆရာကြီးက....'

ကျိုးတာကြည်က နာမည်မေးရန် ဟန်ပြင်၏။

အဘိုးအိုက ချက်ချင်း ဖြတ်၍ပြောသည်။

'ကျုပ်နာမည် ကူပါချီ၊ တောင်အလံအဖွဲ့ခွဲခေါင်းဆောင်'

ကျင်ရှယ်ပေါင်ကလည်း....

'ကျုပ်ကတော့ ကျင်ရှယ်ပေါင်ပဲ၊ ဆရာကြီးရဲ့ တပည့်ပါ'

ကျိုးတာကြည်က ဦးညွှတ်ဂါရဝပြုပြီး....

'ကျုပ်ကတော့ ကျိုးတာကြည်ပါ'

ကူပါချီက ရှေ့မှ လျှောက်သွားနေသည်။

ကျင်ရှယ်ပေါင်နှင့် ကျိုးတာကြည်တို့က နောက်မှ ရင်ပေါင်တန်းလိုက်ရင်း စကားပြောလာ၏။

ကျင်ရှယ်ပေါင်က ကျိုးတာကြည်အား တလေးတစား ...ဆိုသည်။

'ကျွန်လှုဂိုဏ်းက သံမဏိကိုယ်ရံတော်နှစ်ဦး အကြောင်းကို ...ကြားဖူးတာ ကြာပြီ၊ ခုမှပဲ ကိုယ်တွေ့မျက်မြင် တွေ့ရ...တယ်'

'သံမဏိကိုယ်ရံတော်ဆိုတဲ့စကားက သိပ်ပြီး အဘင်စား လွန်...းတာပါ၊ ဒီလောက်လဲ မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား၊ ခင်ဗျားက သိပ်နိမ့်ချတာကိုး၊ သံမဏိ
ကိုယ်ရံတော်ကို ခြေတစ်လှမ်း ဖြတ်ကျော်သွားနိုင်တဲ့ လူဟာ
လူတော်ပဲလို့ သိုင်းလောကက ပြောကြဆိုကြတယ်၊ ကျုပ်ကတော့
သိပ်တော့ မယုံချင်ပါဘူးဗျာ၊ ပြီးတော့မှ ပညာချင်း ဖလှယ်
ကြတာပေါ့'

ကျီးတာကြည်လည်း ရယ်၍ပြောသည်။

'ကျုပ်ထဲ ခင်ဗျားနဲ့ ဖလှယ်ချင်ပါတယ်၊ ကျီးမဲ့ချင်
ကျီးပဲ ပါစေဗျာ'

'ဟား....ဟား....ဟား'

ကျင်ရှယ်ပေါင်နှင့် ကျီးတာကြည်တို့သည် ရန်သူများဖြစ်
ပြားသော်လည်း ပွင့်လင်းသူများဖြစ်၍ တဟားဟား ရယ်မော
ရင်း စကားပြောဆိုလာကြသော်။

သူတို့သည် တစ်ဦးကိုတစ်ဦး အလစ် လုပ်ကြမည့်သူ
မဟုတ်ပေ။

ကျီးတာကြည်သည် ကျင်ရှယ်ပေါင်ထမ်းလာသည့် မငွေ
တောင်ခွေးကို မသိမသာ အကဲခတ်ကြည့်၏။

အလွန်တရာ ကြီးမားသော သံတောင်ခွေးကြီးဖြစ်ကြောင်း
ရိပ်မိသည်။

'ဒီလောက်ကြီးတဲ့ သံတောင်ခွေးကြီးကို ကိုင်နိုင်ပုံထော
ရင် သူ့ရဲ့ခွန်အား၊ လက်မောင်းအား၊ လက်ဖျံအားဟာ တကယ့်

ကို သန်စွမ်းပုံရတယ်၊ သူနဲ့ ယှဉ်တိုက်တဲ့အခါမှာ သတိတော့
ထားရမယ်'

မကြာမီ သူတို့သည် ဂိုဏ်းချုပ်ကြီး အိုယန်ထု၏ရှေ့သို့
ရောက်ရှိလာလေ၏။

အတိုးအိုက အိုယန်ထုအား ဂါရဝပြုသည်။

'ကျွန်တော် တောင်အလံအဖွဲ့ခွဲခေါင်းဆောင် ကူပါချိုပါ၊
ဂိုဏ်းချုပ်ကြီး အိုယန်ထုလို့ ထင်ပါတယ်'

အိုယန်ထုကလည်း ဂါရဝပြုသည်။

'ဆိုပါ....အာကိစ္စလဲ'

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်က စေလွှတ်ဆွေးနွေးခိုင်းလို့ပါ'

'ပြောပါ၊ ကျုပ် နားထောင်ကြည့်ပါမယ်'

ကူပါချိုက ပတ်ဝန်းကျင်ကို မျက်စိတစ်ချက်ဝေ့ကြည့်ပြီး....

'ဂိုဏ်းချုပ်ကြီးတို့အားလုံး ဒီနေရာမှာ အဝိုင်းခံနေရပါပြီ၊
ဗိုက်ကွန်ထဲက ငါးဘဝ ရောက်နေပြီဆိုတာ သဘောပေါက်ပါ
ရဲ့လား'

အိုယန်ထုက ပြုံး၍ပြော၏။

'ဒါက ကျုပ်တို့ပူရမယ့် အချက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကူပါချီက ဆက်ပြော၏။

'ခင်ဗျားတို့ရဲ့ ဘေးပတ်ပတ်လည်မှာ မီးလောင်ပေါက်ကွဲနိုင်တဲ့ ပစ္စည်းတွေ ဖြန့်ထားပါတယ်၊ ခင်ဗျားတို့ အတောင်ပေါက်ပြီး ပျံနိုင်ရင်တော့ လွတ်မြောက်ပါလိမ့်မယ်၊ အဲဒီလိုမဟုတ်ရင်တော့....'

အိုယန်ထုံ စိတ်ပူသွားသည်။

သိုဆော် မျက်နှာကတော့ ပြုံးနေသည်။

'မီးတစ်တို့လောက် တို့လိုက်တာနဲ့ ဆယ်မိုင်ပတ်လည်ကြီး ပြာဖြစ်သွားစေရမယ်ဆိုတဲ့ အစီအစဉ်မျိုးပေါ့၊ သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ'

ကူပါချီသည် လုံးဝ ဂရုမစိုက်သည့် ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ကိုကြည့်၍ မျက်နှာပျက်သွား၏။

'ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်က ခင်ဗျားတို့ ပြာဖြစ်သွားမှာကို မကြည့်လိုဘူး၊ ဒါကြောင့် ကျွန်တော့်ကို....'

အိုယန်ထုံက ဖြတ်၍ပြောလိုက်၏။

'ဒီလိုဆိုရင် ကွန်လုံဝမ်ဟာ အင်မတန် ကြင်နာတတ်တဲ့ နှလုံးသားပိုင်ရှင် ဖြစ်နေတာပေါ့၊ ကျုပ်တို့သိထားတဲ့ ကွန်လုံဝမ်နဲ့ တခြားစီ ဖြစ်နေတာပဲ'



'ဒီတစ်ကြိမ်မှာတော့ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးက စေတနာ အပြည့်အဝနဲ့ ပြောကြားလိုက်တာပါ'

'ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့ဂိုဏ်းချုပ်ကြီးကို ပြန်ပြောလိုက်ပါ၊ စေတနာကို လေးစားပါတယ်လို့'

ကူပါချီက....

'ခင်ဗျားပြောပုံအရ၊ ခင်ဗျားတို့ဟာ ဒီနေရာက လုံးဝမထွက်ခွာဘူးလို့ ဆိုချင်တာလား'

ဖေကုံးလျှန်က ဝင်ပြောတော့သည်။

'ခင်ဗျားစကားအဓိပ္ပာယ်ကို နားမသည်ဘူးလား၊ ခင်ဗျားကို ကလေးလေးတွေကို ရှင်းပြသလို ရှင်းပြနေရမှာလား'

ကူပါချီသည် ဖေကုံးလျှန်ကို အေးစက်သော မျက်လုံးများဖြင့် လှမ်းကြည့်ပြီးနောက် ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ကြည့်သည်။

ထို့နောက်....

'ကျင်ရွှယ်ပေါင် ငါတို့ပြန်ကြစို့'

ကူပါချီသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံကိုတော့ ဂါရဝပြုနှုတ်ဆက်ရန် သတိရပေသေးသည်။

ကူပါချီနှင့် ကျင်ရွှယ်ပေါင်တို့ပြန်ထွက်သွားပြီးသည့်နောက် အိုယန်ထုံက ထန်ရှင်နှင့် တိုင်ပင်နှီးနှောခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'နေ့ခင်ကြီးထန်ရှင် ဒီလူရောက်လာတာကို ကျုပ်တော့သိပ်မသက်သာဘူး'

ထန်ရှင်က အဝေးမှ မြက်ရိုင်းတောကြီးကိုကြည့်ရှုပြီး....

'ကျွန်တော်တို့ ဒီဓားမထွက်ခွာမချင်း သူတို့ရဲ့ မြက်ရိုင်းလွင်ပြင်တိုက်ခိုက်နည်းဗျူဟာ မအောင်မြင်နိုင်ဘူး၊ ဒီတော့ ကျွန်တော်တို့ ဒီနေရာကို ဘယ်လောက်အရေးထားတယ် မထားဘူးဆိုတာကို ထောက်လှမ်းရင်း ကျွန်တော်တို့အင်အားကို ထောက်လှမ်းရင်း ဒီလူရောက်လာတာပဲ'

'ဒီလောက် အရေးကြီးတဲ့နေရာကို သူတို့က ဘာကြောင့် အပိုင်အမာ ခြေကုပ်မယူတာလဲ'

'ကျွန်တော်တို့က နည်းနည်းလေး အချိန်စောသွားတယ် ဂိုဏ်းချုပ်ကြီး၊ လက်မတင်ကလေးပဲ ဆိုပါတော့၊ ကွန်လုံဝမ်ယာ မျက်စပ်ပိုးဝင်ဆိုတာလို အဲတော်ကလေး နေမထိ ထိုင်မသာ ဖြစ်နေမှာသေချာပါတယ်'

ထိုအချိန်တွင် တောပတ်ပတ်လည်မှ ခရာသံများ ဆူညံသွားသည်။

ထန်ရှင်က သူ၏မြင်းလှည်းမောင်းသမားအား အမိန့်ပေးလိုက်၏။

'အပေါ်မှာ သားရေချုပ်ကြီးတွေ ရှိတယ်၊ မြင်းတွေပေါ် အုပ်ပေးထားလိုက်၊ မင်းလဲ အကာအကွယ်ယူထား၊ ကွန်လုံဝမ် တစ်ခုခုလုပ်တော့မယ်'



ထန်ရှင်၏ သတိပေးစကားကြောင့် တက်မုဆရာတော်၊ ဖေကုံးလျှန်၊ ပေါ်ကုံးပေါင်၊ ကျိုးတာကြည်နှင့် အိုယန်ထုံတို့မှာ သတိဝီရိယများ ပို၍နိုးကြလာ၏။

ကျိုးတာကြည်က....

'ဂိုဏ်းချုပ်ကြီး သူ့သမီးကို စေးကပ်နေတဲ့ အဘိုးအိုရဲ့ လုံခြုံရေး....'

အဘိုးအိုသည် ပါကွာတိုက်ခိုက်နည်းဗျူဟာ၏ပြင်ပ၌ ရှိသော ချုံကြီးတစ်ခုအတွင်း၌ ရောက်ရှိနေသည်။

အိုယန်ထုံက တစ်ချက် လှမ်းအကဲခတ်ပြီး ခေါင်းခါလိုက်သည်။

'နေပါစေ၊ အဲဒီနေရာကို ဘေးအန္တရာယ်ရောက်မှာ မဟုတ်ဘူး၊ ကွန်လုံဝမ်က ငါတို့ရှိတဲ့နေရာကို မဲတိုက်မှာ သေချာတယ်'

ထိုသို့ပြောနေစဉ်ပင် ခလချွန်သံများ ကြားလိုက်ရလေ၏။

သို့သော် ထိုအသံများမှာ တကယ့်လေချွန်သံများ မဟုတ်ပေ။

လေထဲ၌ မြားတံများ တရှီးရှီးဖြတ်ခန်းလာရာမှ ထွက်ပေါ်လာသည့် အသံများဖြစ်တော့သည်။

ထန်ရှင်သည် သူ့မြင်းရထားတံခါးကို မပိတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် လုံခြုံသော အကာအရံနောက်၌ ကွယ်ရှိုဆိုင်လိုက်သည်။

တက်မုဆရာခတော်၊ ဖေကုံးလျှန်၊ ပေါ့ကုံးပေါင်၊ ကျိုးတာကြည်နှင့် အို့ယန်ထုံတို့သည် သူတို့၏ အင်္ကျီလက်စရှည်များကို ခေါ့ယမ်း ခါထုတ်ကြရလေတော့၏။

အချို့သော မြားများသည် ထန်ရှင်၏ မြင်းရထား ကိုယ်ထည်သို့ လည်းကောင်း၊ မြင်းများကို အုပ်ဆိုင်းထားသည့် သားရေချပ်ကြီးများပေါ်သို့ လည်းကောင်း လာရောက်ထိမှန်သည်။

ကွန်လုံဝမ် မြားမိုးရွာလေပြီ။

ရထားအောက်၌ ရပ်နေကြသည့် ဝါစဉ်ကြီး သိုင်းဆရာကြီးများမှာလည်း လုံးဝအနားမယူနိုင်ဘဲ သူတို့၏အင်္ကျီအများ၊ ဝတ်ရုံရှည်ကြီးများနှင့် အင်္ကျီလက်စရှည်ကြီးများကို တဖြုန်းဖြုန်းခါယမ်းနေကြရလေ၏။

အခါရပ်သည်နှင့် မြားထိပြီး ဇီဝိန်ကြွေသွားနိုင်ပေသည်။

တက်မုဆရာတော်က....

'ဒီပွဲမျိုးက ခါတိုင်းပွဲမျိုးမဟုတ်ဘူး၊ လက်နက်သုံးမှ ဖြစ်တော့မယ်'

ဝါစဉ်ကြီး သိုင်းသမားကြီးများသည် များသောအားဖြင့် လက်နက်ကိုင်ဆောင်လေ့ မရှိကြပေ။



သူတို့၏လက်များ၊ ခြေထောက်များသည်ပင် ကြောက်မက်ဖွယ်ကောင်းသော လက်နက်များ၏ သဘာဝရှိနေကြ၍ ဖြစ်သည်။

သို့သော် ယခုကဲ့သို့ အဝေးမှ မြားများကို အုပ်နှင့်ချီ၍ ပစ်ခတ်လာသည့်အခါတွင်မူ သူတို့၏ခြေလက်များနှင့် ခုခံရန် မတတ်နိုင်တော့ပေ။

ထို့ကြောင့် ဆရာခတော်က လက်နက်များကို ဘောင့်တာမိခြင်း ဖြစ်တော့သည်။

ဖေကုံးလျှန်ကလည်း ထောက်ခံသည်။

'ဟုတ်တယ်၊ လက်နက်လိုတယ်၊ လက်နက်....လက်နက်ကအယ်မှာရှာရမှာလဲ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည်လည်း လက်နက်ရရှိရန်ကို အမြန်အသန် စဉ်းစားရတော့၏။

ဤတွင်းမြင်၌ လက်နက်ရရန် မလွယ်ပေ။

'လက်နက်အတွက် မပူပါနဲ့၊ ကြိုက်တဲ့လက်နက်ကို ယူကြပါ၊ လက်နက်ယူနေစဉ်အတောအတွင်း တစ်ယောက်ကို တစ်ယောက်က အကာအကွယ်ပေးကြပါ'

တန်ရှင်၏အော်သံသည် လှည်းထဲမှ ထွက်ပေါ်လာသည်နှင့် ထို့အပြင် လှည်းထဲမှ သစ်သားတန်းရှည်တစ်ခု ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတန်းရှည်တွင် ခေါင်းလုံး ဒေါင်း၊ မြွေး၊ ဆုံး ခက်ရင်းခွ ကြီးတပ်ထားသည့် ကြိုးတပ်သံတူအစရှိသော လက်နက်မျိုးစုံပါရှိသည်။

အို့ယန်းထုံ ပင်လျှင် အံ့ဩသွား၏။

ကျွဲမြင်းရထား၏ ဆန်းကြယ်ပုံကို ထန့်ရှင်အပြင် သိသူတစ်ဦးမှာ ကျန်လူဂိုဏ်း၏ လေ့ကျင့်ရေးမှူးကြီး ကွမ်းစန့်စင်ဖြစ်၏။

ဝါးစဉ်ကြီး သိုင်းဆရာကြီးများသည် စိတ်ကြိုက် လက်နက်များကို ဆွဲယူပြီး ခုခံကြတော့၏။

မြွေတံများ၏လေချွန်သံ၊ ထိုမြွေတံများကို ခေါင်းလုံမျှားက ပယ်ရှင်းသံများသည် တရှဲ့ရှဲ့ တစီစီမြည်နေတော့၏။

ထိုမြွေတံများ ဝင်လာကာ ကည့်က သက်ရှေးစင်ဂိုဏ်းသား ရှစ်ယောက်တို့၏ ပါ့ကွာတိုက်ခိုက်နည်းလည်း စတင်လှုပ်ရှားနေလေပြီ။

တစ်ချိန်တည်းမြင်တွေ့ရသူများမှာ ဆယ်ယောက်တန်းစီလာသော လူနံရံကြီးဖြစ်၏။

သူတို့သည် လက်တစ်ကမ်းအကွာစီ သစ်ပြားများဖြင့် ခါးနှံ့ ကွပ်ညှပ်ခံထားကြသည်။

ခြေလက်များကမူ ကောင်းစွာ လှုပ်ရှားနိုင်သည်။



ထို့ကြောင့် လူဆယ်ယောက်သည် တစ်ပြိုင်တည်းပင် ရင်ပေါင်တန်းပြီး တက်လာနိုင်ခြင်း ဖြစ်သည်။

ထိုဆယ်ယောက်သည် ပါ့ကွာ တိုက်ခိုက်နည်း အတွင်းသို့ ဝင်တိုး၏။

ဓားဒီရောင်များ ဖွေးဖွေးလက်တောက်နေသည်။

ရင်ပေါင်တန်း၍ ဝင်လာသူများကြောင့် ပါ့ကွာတိုက်ခိုက်နည်းပင် နှေးကွေးသွားသည်။

အဝေးမှပစ်သွင်းနေသည့် မြွေးများလည်း ရပ်ဆိုင်းသွားသည်။

ထို့ကြောင့် အို့ယန်းထုံအနေဖြင့် ပါ့ကွာ တိုက်ခိုက်နည်း ဗျူဟာကို ရင်ဆိုင်လာသူများအား အနေသာအချော ဆန်းစစ်ပြီး လေ့လာခွင့်ရသောလေ၏။

ဖေကူးလျှိုကမူ ထန့်ရှင်၏မြင်းရထားထဲမှ လက်နက် မျိုးစုံပါလာပုံကို တအံ့အဩ ဖြစ်နေ၏။

"နောင်ကြီးထန့်ရှင်ရဲ့ မြင်းရထားက အံ့ဩစရာပါပဲဗျား"

ထန့်ရှင်က ပြုံး၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့...ရှိပါတယ်၊ ဓား၊ လှံ၊ လေး၊ မြှားစတဲ့လက်နက်တွေတင်မကပါဘူး၊ အဆိပ်ငွေ့၊ အဆိပ်ခိုး၊ အဆိပ်ငွေ အဆိပ်အပ် အစရှိတဲ့ ပစ္စည်းမျိုးစုံလဲပါပါတယ်၊ ဒါတွေ တော့ မသုံးမဖြစ်တော့တဲ့အခါကျမှ ထုတ်သုံးပါတယ်'

ထိုအချိန်တွင် ပါကွာတိုက်ခိုက်နည်းဗျူဟာနှင့် ကွန်လုံဝမ်၏ လူဆယ်ယောက်တို့ အပြင်းအထန်တိုက်ခိုက်နေကြလေပြီ။

သို့သော် ခေါ်ခေါ်က တို့ နှေးခဲ့သော တိုက်ခိုက်နည်း ဗျူဟာသည် ယခုအခါ ပြန်လည်သွက်လက်လျက် ရှိနေခဲ့လေပြီ။

အကြောင်းမှာ ဤသို့ဖြစ်၏။

လူနံရံ ဆယ်ယောက်စလုံး တိုက်ခိုက်နိုင်ခဲ့စဉ်က အခြေအနေနှင့် ထိုလူဆယ်ယောက်ထဲမှ နှစ်ယောက် သေဆုံးသော အခြေအနေတို့ လုံးဝမတူတော့ပေ။

လူသေနှစ်ယောက် တန်းလန်းပါနေသဖြင့် ကျန်ရှစ်ယောက်မှာ လူသေနှစ်ယောက်ကိုပါ သယ်ဆောင်၍ တိုက်ခိုက်နေကြသဖြင့် ပါကွာတိုက်ခိုက်နည်းဗျူဟာကို မယှဉ်နိုင်တော့ပေ။

မကြာမီ ကျန်ရှစ်ယောက်ထဲမှ နှစ်ယောက် သေပြန်သည်။

တက်မုဆရာတော်မှာ ကွန်လုံဝမ်၏ ထူးထူးဆန်းဆန်းအစီအစဉ်ကိုကြည့်ပြီး ဘုရားတမိလာလေ၏။



သို့သော် ရောသံအစ်ချက် ထွက်ပေါ်လာပြီးသည့်နောက်တွင် လူနံရံ ခြောက်ယောက်တို့သည် တဖြည်းဖြည်း နောက်ပြန်ဆုတ်သွားလေတော့၏။

ထိုနေရာတစ်ဝိုက်ရှိ မြက်ခင်းစိမ်းစိမ်းတို့မှာ သွေးများ ဖုံးလွှမ်းနေသဖြင့် မြက်ခင်းနီနီဖြစ်ကုန်တော့၏။

မတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

အို့ယန်ထိုက ညည်းညူလိုက်၏။

'ကွန်လုံဝမ်...ကွန်လုံဝမ်၊ အဘော်ရက်စက်တာပဲ၊ ကိုယ့်လက်အောက်က လူတွေရဲ့ အသက်ကို လုံးဝတန်ဖိုးမထားတဲ့လူပဲ'

မြင်းရထားထဲမှ ထန်ရှင်၏အသံ ထွက်ပေါ်လာ၏။

'ဒီလူတွေတော့ ဆေးတစ်မျိုးသောက်ထားကြရတယ်၊ သူတို့ရဲ့ အသိစိတ် ကင်းမဲ့နေတော့ သေရမှာကို မကြောက်တော့ဘူး၊ သူတို့ကိုကယ်ချင်ရင်တော့ အဲဒီဆေးကို ဖြေနိုင်တဲ့ ဖြေဆေး ပြန်တိုက်ဖို့ပဲ'

'ကွန်လုံဝမ်ကတော့ ဒါမျိုးကို သိပ်ဖြစ်တယ်'

အို့ယန်ထုက မှတ်ချက်ချ၏။

တက်မုဆရာတော်ကလည်း ဝင်၍ထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအဆိပ်မျိုးမိသားတဲ့လူငယ်တစ်ဦးကို ကျုပ်တို့ဝမ်ဂေဟာထဲမှာ တွေ့ခဲ့ရအားပေါ့၊ ဒကာကြီး ဖေကူးလျှန်လည်း တွေ့ပါတော့ခဲ့လေ'

'ဟုတ်တယ်...တပည့်တော်လဲ တွေ့ပါတယ်'

ဖေကူးလျှန်ကလည်း ဝန်ခံ၏။

ဖေကူးလျှန်က ဆက်ပြော၏။

'တပည့်တော်စိတ်ထဲမှာ ကွန်လုံဝမ် တကယ်ပဲ သိုင်းပညာကောင်းခဲ့သားဆိုတာ သံသယ ရှိနေပါတယ်ဘုရား'

'ဘာဖြစ်လို့လဲ'

'သူက အဆိပ်ဆေးတွေ တကယ်သုံးတာကိုး၊ သိုင်းပညာကောင်းရင် ဒီလောက်အဆိပ်ဆေးသုံးဖို့မလိုဘူးထင်ပါတယ်'

ထန်ရှင်က ဝင်ပြော၏။

'နောင်ကြီးဖေကူးလျှန်၊ ကွန်လုံဝမ်ဟာသိုင်းပညာကောင်းတယ်ဆိုတာကိုတော့ သံသယမရှိပါနဲ့၊ ကျုပ်က သူနဲ့ ဆရာတူတပည့်ဆိုတော့ သူ့အခြေအနေအမှန်ကို အခြားလူထက် ပိုပြီးသိပါတယ်'

ကွန်လုံဝမ်နှင့် ပညာစမ်းခဲ့ဖူးပြီးဖြစ်သော အိုယန်ဖုန်နှင့် တက်မုဆရာတော်တို့သည် ခပ်မဆိတ်ပင် နေနေကြလေ၏။



'ဟော...ဟိုမှာ ကြည့်စမ်း၊ အဝေးမှာ ဓားလှံတွေကို ရောင်ပြန်ဟပ်နေတဲ့ အရိပ်အယောင်တွေ တွေ့နေကြရတယ်'

တက်မုဆရာတော်က ညွှန်ပြသဖြင့် အားလုံး လှမ်းကြည့်ကြသည်။

တရိပ်ရိပ် လှုပ်ရှားနေသည့် လူရိပ်များကိုလည်း တွေ့ရသည်။

'ဒါ...တိုက်ပွဲ ဖြစ်နေတာပဲ၊ အဲဒီနေရာဟာ ကွန်လုံဝမ်ရဲ့လူတွေ ဝိုင်းထားတဲ့နေရာပဲ၊ ဘာဖြစ်လို့ အဲဒီနေရာမှာ တိုက်ပွဲဖြစ်ရတာလဲ'

ဖေကူးလျှန်က မခန့်မှန်းနိုင်သဖြင့် မေးခွန်း ထုတ်လိုက်သည်။

အိုယန်ဖုန်က သက်ပြင်းချ၍ ပြောသည်။

'အဲဒီလူ ဘယ်သူလဲမသိဘူး၊ တခြား ဂိုဏ်းသားတွေဟာ အလဲလဲအပြိုပြိုနဲ့ ဒီကိုရောက်အောင် ပြေးလာနိုင်ခဲ့ကြတယ်၊ သူလွတ်မလွတ်ကိုတော့ ဘုရားမှသိမှာပဲ'

မည်းမည်းအရိပ်များသည် ပြန့်ကျဲသွားလိုက်၊ စုသွားလိုက် နေရာရွှေ့သွားလိုက်ဖြင့် အမျိုးမျိုး ပြောင်းလဲနေသည်။

လွတ်မြောက်ရန် ကြိုးစားနေသူအား အထပ်ထပ် ဝန်းရံပိတ်ဆို့နေကြောင်း သိသာထင်ရှားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထိုက စဉ်းစဉ်းစားစား ပြော၏။

'အဲဒီဘက်မှာ ကျေးရွာကလေးတစ်ရွာ ရှိတယ်မဟုတ်လား'

'ဟုတ်ကဲ့...ရှိပါတယ်'

ကျိုးတာကြည်က ဝင်၍ပြောပြ၏။

'အဲဒီ သိုင်းသမားတွေဟာ အဲဒီ ကျေးရွာက ထွက်လာတာ ဖြစ်မယ်'

ထိုစဉ် လူရိပ်တစ်ခုသည် ရှေ့မှ ခုန်၍ထွက်ပြီး ခုန်ပျံ ပြေးသွားနေကြောင်း တွေ့ရ၏။

နောက်မှ တစ်သီကြီး လိုက်နေကြသည်။

ထိုပုံစံအတိုင်း ပြေးပါက ရှေ့မှလူရိပ် လွတ်လာနိုင်သည်။

သို့သော် မြက်ရှိုင်းလွင်ပြင်အတွင်း ကွန်လုံဝမ်က ကင်းဘယ် နှစ်ထပ် ချထားမှန်းမသိပေ။

လူတစ်စုသည် ပုန်းကွယ်ရာမှ ဝုန်းခနဲထကာ ရှေ့မှပြေးလာ သူအား တားဆီးကြပြန်၏။

ထို့ကြောင့် နောက်မှလူများ မီလာပြီး ရှုပ်ရှုပ်ထွေးထွေး တိုက်ခိုက်ကြပြန်တော့သည်။

ထွက်ပြေးလာသူအတွက် စိုးရိမ်နေဆဲမှာပင် လူရိပ်သည် ထိုလူအုပ်အား ထိုးဖောက် ထွက်ပြေးလာနိုင်ပြန်သည်ကို အံ့ဩ ဖွယ်ရာ ထပ်မံတွေ့ကြရပြန်သည်။



ဖေကျားလျှန်က...

'တကယ့်လူပဲ၊ သူ့ဓားသိုင်းဟာ အဆင့်လွန်နှင့်ထဲ ရောက် နေပြီ၊ သိုင်းလောကမှာ ကျော်ကြားနေတဲ့ သိုင်းသမားပဲ ဖြစ် ရမယ်'

တက်မုဆရာတော်က လက်အုပ်ချီ၍ ဆုမွန်ကောင်းတောင်း နေ၏။

'အဲဒီလူ လွတ်မြောက်ပါစေလို့ ဆုတောင်းပါတယ်'

ကွန်လုံဝမ်သည် ဂယ်ပေါက်မှန်သမျှ ပိတ်ဆို့ထားသဖြင့် အဆီးအတားတွေ့ရသူတိုင်း ဗဟိုချက်မရှိရာသို့ ပြေးလွှားလာတတ်ကြ သည်။

ယခုလည်း ထိုလူသည် အို့ယန်တို့ ရှိရာသို့ ရှေ့ရှုပြေးလာ နေပေသည်။

ထိုစဉ် လမ်းခုလတ်မှ ကင်းပုန်းဝပ်သူ တစ်စုက ထပ်မံ တားဆီးပြီး တိုက်ခိုက်ပြန်သည်။

တက်မုဆရာတော်က စိတ်ပျက်လက်ပျက် ပြောလေ၏။

'ကွန်လုံဝမ်ရဲ့ ကင်းပုန်းတွေက ကုန်နိုင်တော့ဘူး၊ ဘယ်အချိန်တများ ချထားသလဲမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးရိပ်ရိပ်တိုက်ပွဲကို မြင်တွေ့ရပြန်သည်။

သူ့အား ဝိုင်းထားသူများမှာ မြက်ပင်များ အပိုင်းဖြတ်ခံရသကဲ့သို့ လဲကျကုန်သည်။

လူအုပ်ထဲမှ တစ်ရှူးထိုး ပြေးထွက်လာပြန်သည်။

အို့ယန်ထုံက....

'ဒီလူရဲ့ဓားပညာ သိပ်ကောင်းတယ်၊ ဒီလိုလူမျိုး ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားတွေကြောင့် သေရတယ်ဆိုရင် သိပ်နှမြောဖို့ကောင်းတယ်၊ ဆရာတော်နဲ့ နောင်ကြီး ဖေကုံးလျှန် ဘယ်လိုသဘောရသလဲ'

တက်မုဆရာတော်က....

'သူ့ကို ကယ်ဖို့ပြောတာ မဟုတ်လား၊ ကျုပ်လဲ ဂိုဏ်းချုပ်ကြီးနဲ့ တစ်သဘောတည်းပါပဲ'

ဖေကုံးလျှန်ကလည်း ထောက်ခံ၏။

သို့သော် စကားကမဆုံးပေ။

ခဏရပ်နားပြီးမှ ဆက်ပြော၏၊

'ဂိုဏ်းချုပ်ကြီး ရှေ့နရစ်ခဲ့ပါ၊ ကျုပ်နဲ့ ဆရာတော် သွားပြီးကူပါ့မယ်'

ဖေကုံးလျှန်က ဂိုဏ်းချုပ်ကြီး တစ်ဦး၏ ဂုဏ်သိက္ခာကို ထောက်ထားပြီး ဤစကားကိုပြောခြင်း ဖြစ်သည်။



ထိုစဉ် တက်မုဆရာတော်က တိုက်ပွဲကိုကြည့်ပြီး လှမ်းပြောသည်။

'ကျုပ်တို့သွားဖို့ မလိုတော့ဘူး၊ သူ ရန်သူ့ စည်းဝိုင်းထဲက ဖောက်ထွက်လာနိုင်ပြီ'

ဖေကုံးလျှန် ကြည့်လိုက်သောအခါ လူပုံသဏ္ဍာန်ကို သဲသဲကွဲကွဲ မြင်လာရပေပြီ။

ထိုလူသည် ခွဲပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး တစ်စုံတစ်ယောက်အား ပခုံး၌ထမ်းထား၏။

ထမ်းထားခံရသူမှာ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

စင်စစ် သွေးများစွန်းပေနေပြီဖြစ်၍ အဖြူတစ်ကွက် အနီတစ်ကွက် ဖြစ်နေပေပြီ။

'ဟာ...လူတစ်ယောက်ကို ထမ်းထားလျက်နဲ့ ဒီယောက်ခွဲဖောက်ထွက်လာနိုင်တာ အတော် အံ့ဩစရာကောင်းတာပဲ'

ကျိုးတာကြည်က ချီးကျူးအော်ဟစ်လိုက်မိသည်။

လူလုံးသူလုံး သဲသဲကွဲကွဲ မြင်လာရပြီဖြစ်၍ ထိုလူ လွတ်မြောက်တော့မည်ဟုထင်နေကြစဉ်မှာပင်လူထွားကြီးနှစ်ယောက်သည် မြက်ခင်းထဲမှ ခုန်ထွက်လာကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဒီအထိတောင် အစောင့်က ရှိနေပါသေးကလား'

တက်မုဆရာတော်က မသက်မသာ ရေရွတ်လိုက်မိသည်။

လူထွားကြီးနှစ်ယောက်သည် ထိုလူကို ပိတ်ဆို့ တိုက်ခိုက်ကြ၏။

တစ်ဦးက ဓားကိုင်ထားပြီး ကျန်တစ်ဦးက ကခလောက်တံ နှစ်ချောင်းကို ကိုင်ထား၏။

ထွက်ပြေးလာသူသည် ထိုလူထွားကြီးနှစ်ဦးကို တစ်ရှူးထိုး ဝင်တိုက်တော့၏။

လက်နက်များထိခတ်သံကို အို့ယန်ထု တို့နေရာမှကောင်းစွာ ကြားနေရ၏။

ထိုလူသည် ရုတ်တရက် မဖောက်ထွက်နိုင်ဘဲ ရှိနေသည်။

ဓားသမားက ရှေ့ပိုင်းမှ တိုက်ခိုက်လျှင် ကလောင်တံ နှစ်လက်ကိုင်သူက နောက်မှ တိုက်ခိုက်သဖြင့် လူထမ်းထားသူမှာ အကြိမ်ကြိမ် နေရာရွှေ့၍ ခုခံနေရသည်။

သို့သော် ထိုလူ၏ လှုပ်ရှားပုံမှာ သွက်လက်မြဲ သွက်လက်နေသဖြင့် အတွင်းအား ကောင်းကြောင်း အကဲခတ်၍ရသည်။

တစ်ခဏကြာသောအခါတွင် တစ်ယောက်သမားကတိုက်ခိုက်ဖြစ်လာပြီး နှစ်ယောက်သမားက ခံစစ်ဖြစ်လာကြောင်း အကဲဖြတ်ရ ထွေ့ရှိလာရ၏။



လူထွားကြီးနှစ်ယောက်သည် အသက်ကို ပဓာနမထားဘဲ ချပ်ရှပ်ချချ တိုက်ခိုက်နေသဖြင့် ထိုလူသည် တိုက်ပွဲကို အမြတ်မဖြတ်နိုင်သေးပေ။

ထိုအချိန်တွင် ကွန်လုံဝမ်၏ နောက်လိုက်များသည် အပြေးအလွှား ခုန်ပျံသိုက်လာကြပေပြီ။

ထိုစစ်ကူများ ရောက်လာလျှင် တစ်ယောက် သမား အဖို့ မလွယ်ခတော့ပေ။

တက်မုဆရာတော်က သက်ပြင်းချ၍ ပြောသည်။

'အများနဲ့တစ်ယောက် ယှဉ်ပြိုင်ပြီး သူ လွတ်ထွက်လာတဲ့ပွဲတာ မနည်းတော့ဘူး၊ အခုလို အကြိတ်အနယ် ယှဉ်ပြိုင်နေရတုန်းမှာ အများနဲ့ ထပ်တိုက်ရဦးမယ်ဆိုရင်တော့ သူ မလွယ်တော့ဘူး၊ ဒီကြားထဲ မိန်းကလေးတစ်ယောက်ကိုလဲ ထမ်းထားရသေးတော့….'

သက်တံရောင်ဓားရွက်များ တဖျပ်ဖျပ်ပေါ်လာပြီးနောက် အားခနဲ အော်သံ ထွက်ပေါ်လာသည်။

ထိုသူမှာ ကလောင်တံလက်နက် ကိုင်ဆောင်သူဖြစ်၏။

ဓားကိုင်ထားသူမှာ တစ်ချက် အံ့အားသင့်သွား၏။

ထိုအချိန်မှာပင် သူ့ပြိုင်ဘက်၏ ဓားသည် သူ့လည်းချောင်းသွေးကို ဖောက်သောက်သွားတော့သည်။

'အား….'

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးလာသူသည် ဓားကိုဆွဲနုတ်ပြီး ထိုလူ့ကို ကန်ထုတ်လိုက်ရာ ဓားကိုင်လူထွားကြီး၏ ခန္ဓာကိုယ်သည် လေထဲ၌ ပျံထွက်သွားပြီး နောက်မှလိုက်လာသည့် ကွန်လုံဝမ်၏ လူများအကြားသို့ ရောက်ရှိသွား၏။

'ဟာ....'

ထိုလူများက ဝိုင်းဖမ်းလိုက်ကြ၏။

သူ့ကိုယ်တခြား အသက်တခြား ဖြစ်သွားခဲ့ပေပြီ။

'ငါ့နောက် လိုက်ရဲတဲ့လူတွေ အဲဒီလိုပဲသေကြရမယ်၊ လိုက်ခဲ့ရင် လိုက်ခဲ့ကြစမ်း'

ထိုလူ၏အော်သံသည် မြက်ရိုင်းလွင်ပြင်အတွင်း မျိုဝင်သွား၏။

ထို့နောက် တစ်ဟုန်ထိုး ပြေးထွက်လာလေတော့သည်။

'တကယ်ကောင်းတဲ့ ဓားသိုင်းပဲ၊ ဟူဘန်းဂိုဏ်းကတော့ လက်မှိုင်ချရမယ်'

ဖေကုံးလျှန်က ချီးကျူးလိုက်၏။

သူ ချီးကျူးပြီး တစ်ခဏအကြာတွင် ထိုလူသည် ပါကျာ တိုက်ခိုက်နည်း ရှေ့သို့ ရောက်ရှိလာလေ၏။

အို့ယန်ထုံက အော်ဟစ်အမိန့်ပေးလိုက်၏။

'လမ်းဖွင့်ပေးလိုက် မြန်မြန်'

လက်ရွေးစင်ဂိုဏ်းသားနှစ်ဦးသည် ချက်ချင်း လမ်းဖွင့်ပေးလေ၏။



ထိုလူသည် တစ်ဟုန်ထိုး ပြေးဝင်လာ၏။

တစ်ကိုယ်လုံး သွေးများ ချွေးများ စိုရွှဲနေပေပြီ။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက....

'မောင်ရှင် လက်ထဲက မိန်းကလေးကို ချပါ၊ ခေတ္တခဏ အနားယူပါ၊ ဒီမှာရှိနေသူတွေအားလုံးဟာ မိတ်ဆွေတွေချည်း ပါပဲ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည်လည်းကောင်း၊ တက်မုဆရာတော်သည်လည်းကောင်း၊ ဖေကုံးလျှန်သည်လည်းကောင်း ဤလူငယ်ကို တွေ့မြင်ဖူးခဲ့ကြပြီးလေပြီ။

ထိုလူငယ်သည် သူတို့အတွက် မျက်နှာစိမ်း မဟုတ်တော့ပေ။

ထိုလူငယ်ကား ဆန်ကွမ်းချီပေတည်း။

ဆန်ကွမ်းချီသည် ဤပုဂ္ဂိုလ်များအားလုံးကို မိမှန်စိတ်ထားဖြင့် တစ်ကြိမ်တစ်ခါမျှ မဆက်ဆံခဲ့ရဖူးသေးပေ။

သူ့စိတ်ထဲတွင်မူ ထိုသူအားလုံးသည် လူဆိုးဖြစ်နေခဲ့၏။

ယခင်က သူဆက်ဆံခဲ့ရချိန်ကို သူ မမှတ်မိတော့ပေ။

အဆိပ်ဆေးမိနေခဲ့သည် မဟုတ်ပါလား။

သူသည် ထမ်းလာသည့် မိန်းကလေးကို မြက်ခင်းပေါ်၌ အသာချထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထုနှင့်တကွ လူအားလုံးတို့ အံ့အားသင့်သွားကြသည်။

ခန့်ညားသော ရုပ်ရည်၊ အဝါရောင် အမှာအထွေးသတ်ရှိ၊ သူ့အား စဘင် ကြိုဆိုနှုတ်ဆက်ခြင်း ဟူသော အချက်များကို ပေါင်းစပ်၍ သူကား ကျွန်လုဂိုဏ်းချုပ်ကြီး ဖြစ်ချိမ့်မည်ဟု စဉ်းစားလိုက်၏။

ထို့ကြောင့် ဦးညွှတ်ဂါရဝပြုလိုက်သည်။

အို့ယန်ထုက ချီးကျူးလိုက်၏။

'မောင်ရင့် လက်သိုင်းပညာကို လှေပေါ်မှာ တွေ့ခဲ့ဖူးတယ်၊ ဒါတွေကို မောင်ရင်ကတော့ သိမှာမဟုတ်ဘူး၊ အဆိပ်ဆေး မိနေခဲ့တာကိုး၊ ဓားသိုင်းပညာကိုတော့ အခုမှပဲ တွေ့မြင်ရ တော့တယ်၊ တကယ့် ထိတ်ဆိတ်ဖွယ် ဓားသိုင်းပညာပါပဲ'

ဆန်ကွမ်းချီက ဒုတိယအကြိမ် ဂါရဝပြုလိုက်ပြီး သူ့ခန့်မှန်း ချက်ဖြင့် မေးမြန်းလိုက်လေ၏။

'ဆရာကြီးဟာ ဂိုဏ်းချုပ်ကြီး အို့ယန်ထု ပါလားခင်ဗျာ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုက ခေါင်းညိတ်ပြလေ၏။

❀

အခန်း (၃၆)

မအောင်မြင်သော ဆွေးနွေးပွဲ

'မောင်ရင့်နာမည်က ဘယ်သူလဲ'

'ကျွန်တော့်နာမည်က ဆန်ကွမ်းချီပါ'

ဖော့ကုန်းလျှံသည် မြက်ခင်းပေါ်၌ လဲကျနေသည့် မိန်း ကလေးကို လက်ညှိုးထိုးပြီး...

'ကျုပ်မှတ်မိပြီ ဒါ...ဒါ...ဟို ဝမ်ဂေဟာထဲက မိန်းကလေး ပဲ၊ ကွန်လုံဝမ်ရဲ့ တပည့်မဟုတ်လား'

'ဟုတ်ပါတယ်၊ ကွန်လုံဝမ်ရဲ့မွေးစားသမီးကြီး ပါ၊ အခု တော့ ကွန်လုံဝမ်က သူ့ကို သစ္စာဖောက်အဖြစ်သတ်မှတ်ထားပါတယ်'

အို့ယန်ထုက မေးလိုက်၏။

'သူ့ကို မောင်ရင်က ကယ်လာခဲ့တယ်ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စကိုပြောရမယ်ဆိုရင်အရှည်ကြီးပဲ၊ ကျွန်တော်မပြောရင်လဲ ကျွန်တော့်ကိုအထင်လွဲကြလိမ့်မယ်၊ ကျွန်တော် မှတ်မိသလောက် ပြန်ပြီးပြောပြပါ့မယ်'

သူနှင့်သူ့ညီတော်ယွမ်ရှောက်တို့ဗက်မှ ကျောက်ပွတ်ဘုရင်ကြီးတို့ထန်ဟိုနှင့် မိတ်ဆွေဖြစ်ခဲ့ပုံ၊ ဝမ်ဂေဟာထဲသို့ ရည်ရွယ်ချက်မရှိဘဲရောက်ခဲ့ပုံ၊ သူအဆိပ်မိပုံ၊ ပြန်လည်သတိရလာပုံ၊ ကွန်လုံဝမ်က သူ၏မွေးစားသမီးကို မည်သို့ဒုက္ခပေးသွားပုံ စသည်တို့ကို ပြန်လှန်ရှင်းပြရလေတော့၏။

ထက်မှုသရာတော်က...

'အဲဒီ အရုပ်ဆိုးဆိုးလူငယ်ကော ဘယ်မှာလဲ'

'သူက တပည့်တော်ရဲ့ညီတော်လေ၊ သူ့နာမည်က ယွမ်ရှောက်ပါ'

'အင်း...ဒီကာလေး ဆန်ကွမ်းချီရဲ့ညီတော် ယွမ်ရှောက်ရဲ့ ကိုယ်ဖော့ပညာကတော့ အံ့မခန်းပဲ၊ ကျုပ်တစ်သက်မှာ ဒီကာလေးညီရဲ့ကိုယ်ဖော့ပညာကို အတော်ဆုံးလို့ သတ်မှတ်ပါတယ်'

ဆန်ကွမ်းချီသည် ဟိုဟိုသည်သည် လျှောက်ကြည့်၏။

အို့ယန်ထိုက...

'မောင်ရှင် ဘာရှာတာလဲ'

'ဆရာကြီးတို့ အထဲမှာ အဆိပ်ဖြေပေးနိုင်မယ့်လူ မရှိဘူးလား'



ထိုသို့ပြောနေစဉ် ခရာမှုတ်သံကြားရ၍ နောက်အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူ လူဆယ်ယောက်ကို ကျင်ရှယ်ပေါင်က ဦးဆောင်လျက် ပါ့ကွာတိုက်ခိုက်နည်းရှေ့သို့ ဝေါဆောင်လာကြောင်း တွေ့ရှိရသည်။

ကျိုးတာကြည်သည် ထန်ရှင်၏လက်နက်စင်မှ သံတောင်ဝှေးကြီးတစ်ချောင်းကို ဆွဲယူလိုက်သည်။

ထို့နောက် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံထံ၌ အခွင့်ပန်လေ၏။

'ဂိုဏ်းချုပ်ကြီး သူ့ရဲ့ငွေရောင်တောင်ဝှေးကြီးဟာအခေါင်လေးလုံးရှိပါတယ်၊ သူ့အင်အားလဲ အတော်ကြီးမားပုံရပါတယ်၊ ကျွန်တော် သွားရောက်ယှဉ်ပြိုင်ပါရစေ'

အို့ယန်ထုံက ခေါင်းညိတ်၏။

'တိုက်တာလဲကြည့်တိုက်ပေါ့၊ ပါ့ကွာတိုက်ခိုက်နည်းကိုတော့ မထိခိုက်စေနဲ့'

'ဟုတ်ကဲ့...စိတ်ချပါ'

ကျိုးတာကြည် ပြေးထွက်သွားသည်။

ထိုအချိန်တွင် ဆန်ကွမ်းချီသည် သတိမေ့မြောနေသည့် နိုင်ချစ်နော်ကို ပခုံးထက်တွင် ပြန်၍ ထမ်းတင်လိုက်ပြီး ခေါင်းရှည်ကို ညာလက်မှကိုင်လိုက်၏။

ခရီးဆက်ထွက်မည့် ပုံစံပင်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီက ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား နှုတ်ဆက်လိုက်၏။

'ဆရာကြီး....ကျွန်တော်တို့သွားတော့မယ်'

ကျင်းရွှယ်ပေါင်ထံသို့ အာရုံရောက်နေသည့်အိုယန်ထုံသည် လှည့်ကြည့်ရန် ဟန်ပြင်နေသော ဆန်ကွမ်းချီကိုတွေ့ရသောအခါ အလွန်ဘာရာ အံ့သြသွား၏။

'ဟာ....ဘယ်လိုလဲမောင်ရင်၊ သွားတော့မလို့လား'

'မသွားလို့မရဘူးလေ၊ ဒီမိန်းကလေးက ဒဏ်ရာသိပ်ပြင်းထန်နေတယ်၊ အသက်လဲ ငွေ့ငွေ့ပဲရှိတော့တယ်၊ ဒီမှာအကြာကြီး ဆက်နေလို့ မဖြစ်တော့ဘူး'

အိုယန်ထုံက ခေါင်းကိုခါယမ်းပြီး ပြော၏။

'မောင်ရင့် လက်သိုင်း၊ ဓားသိုင်း ပညာတွေကတော့ အံ့မခန်းပါပဲ၊ ဒါပေမယ့် ကွန်လုံဝမ်ရဲ့ လက်အောက်မှာလဲ တကယ့်ထိပ်သီးသိုင်းသမားတွေရှိနေသေးတယ်၊ အဲဒီလူတွေဟာ အခုမောင်ရင် ကျော်ဖြတ်ခဲ့တဲ့ လူတွေ တော်တော်များများထက် အမှန်တကယ်အစွမ်းထက်ပါတယ်၊ အဲဒီလူတွေနဲ့တွေ့ရင် သူတို့ကို ခုခံရတာ တစ်ဖက်၊ မိန်းကလေးကို သယ်ဆောင်ရတာ တစ်ဖက်နဲ့ မောင်ရင်ဒုက္ခဖြစ်လိမ့်မယ်၊ မိန်းကလေးကိုယ်တိုင်လဲ ခုခံနေချိန်အတွင်းမှာ သေဆုံးသွားနိုင်တယ်'

ဆန်ကွမ်းချီ ခေါင်းတွင်တွင်ခါသည်။



'ဒီမှာ သူသေမှာကို ထိုင်စောင့်နေတာထက် သူ့ အသက်ကလေး နည်းနည်းပိုရှည်အောင် ဆွဲထားပေးနိုင်မယ့် သမားတော်တစ်ယောက်ယောက်ကို မရ ရအောင်ရှာရမှာပဲ၊ ကျွန်တော် ညီလေးပြန်မရောက်လာခင် သူ သေမသွားစေချင်ဘူး၊ ဒီမိန်းကလေး အသက်ရှင်လျက်ရှိနေတုန်း ကျွန်တော့် ညီကလေး မြင်သွားစေချင်ပါတယ်'

အိုယန်ထုံက....

'သူ ဘယ်လိုဒဏ်ရာမျိုး ရထားသလဲ၊ ကျုပ်ကြည့်ပေးလို့ဖြစ်မလား'

'သူ ခံနေရတာ အရှိုးစိမ့် အဆိပ်အပ်ဒဏ်ပဲ'

အိုယန်ထုံမှာ ဟင်ခနဲဖြစ်သွား၏။

'ဒါဆိုရင် ကွန်လုံဝမ် လက်ချက်ပဲ ဖြစ်ရမယ်'

ဆန်ကွမ်းချီက ကွန်လုံဝမ် မည်သို့ဒုက္ခပေးခဲ့ပုံကို အသေးစိတ်ရှင်းပြလိုက်မြန်၏။

'အဲဒီအတိုင်း ပါပဲ၊ ဒီမိန်းကလေးကသာ ကွန်လုံဝမ်ရဲ့ စကားကိုဆက်ပြီးနားထောင်မှင် အချိန်ပိုင်းနဲ့ အဆိပ် ပြေနိုင်တဲ့ ဖြေဆေးကို သူ ယူလို့ရပါတယ်၊ ဒါပေမယ့် သူက အဲဒီ အဆိပ်ဖြေဆေးကို လက်ခံမယူဘူး၊ အဆိပ်ဒဏ်ခံပြီး အသေခံဖို့ ဆုံးဖြတ်ခဲ့တယ်'

'အာဂ မိန်းကလေးပဲ'

အိုယန်ထုံက မှတ်ချက်ချလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းကလေးကို ပြန်ချစေကာ အဆိပ်အပ်ကို စမ်းသပ်ကြည့်၏။

သူ စမ်းသပ်သော်လည်း မရပေ။

'ဟင်း....နောင်ကြီးထန်ရှင်ကို ခေါ်ပြီး စမ်းသပ်ခိုင်းမှပဲ ဖြစ်တော့မယ်'

အို့ယန်ထု ညည်းညူလိုက်သံသည် အဧတာ်ကလေး ကျယ်လောင်၏။

ထိုအသံကြောင့် သမီးဖြစ်သူအား ဆေးကုသနေသည့် အဘိုးကြီးသည် ချုံပုတ်အတွင်းမှ ခေါင်းပြူထွက်လာလေသည်။

'သူ့ဒဏ်ရာကို ကျုပ်ကြည့်ပေးမယ်'

ထိုအဘိုးအို ဆေးပညာနှင့်ပတ်သက်၍ မည်မျှ နားလည်တတ်ကျွမ်းသည်ကို ဆန်ကျွမ်းချီ မသိပေ။

သူသိသည်မှာ နိုင်ချစ်နော် သေလုဆဲဆဲဖြစ်နေသည်ဆိုသည့် အချက်ကိုသာတည်း။

ရေနစ်သူသည် ကောက်ရိုးမျှင်ကလေးတစ်မျှင်ကိုမှ ဆွဲကိုင်သကဲ့သို့ ဆန်ကျွမ်းချီလည်း ဘာဘာညာညာ မစဉ်းစားတော့ဘဲ နိုင်ချစ်နော်ကို ပွေ့ချီကာ ထိုချုံပုတ်ဆီသို့ သယ်ယူသွားလေသည်။



အဘိုးအိုသည် နိုင်ချစ်နော်ကို လှမ်းယူလိုက်၏။

'မင်း အပြင်မှာနေ၊ ငါစစ်ဆေးကြည့်မယ်'

'ဟုတ်ကဲ့၊ ဆရာကြီးစိတ်ကြိုက် ကုသပါ'

ဆန်ကျွမ်းချီသည် ခြေလှမ်း သုံးလေးလှမ်းမျှဆုတ်ပြီး ရပ်နေလိုက်သည်။

ထိုစဉ်....

'ဒေါင်....ဒေါင်....ဒေါင်'

သံချောင်းနှစ်ချောင်း ထိခတ်ရိုက်မိသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သေချာပါသည်။

ကျိုးတာကြည်နှင့် ကျင်ရှယ်ပေါင်တို့ အပြတ်အသတ် တိုက်ခိုက်နေကြခြင်းသာတည်း။

သံချောင်းနှစ်ချောင်း ရိုက်ခတ်သံသည် အလွန်တရာ ကျယ်လောင်လှ၏။

ထိုပတ်ဝန်းကျင် တစ်ခုလုံး ထိုအသံကြီးသာ ဖုံးလွှမ်းနေသည်။

တော်ရုံတန်ရုံလူသာဆိုလျှင် နားစည်အမြှေးပင် ပေါက်ကွဲသွားနိုင်ပေသည်။

ကျင်ရှယ်ပေါင်သည် ခန္ဓာကိုယ်ကြီးမားသလို အမှန်တကယ်လည်း အားအင်ကြီးမား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဆဲတွင် အတွင်းအားကလည်း မနိုးပြန်သေးရာ သူ၏ ရိုက်ချက်များသည် မထိခိုက်နိုင်သည့်အချိန်၌ လေထဲတွင် တာဟူး ဟူး အသံမြည်နေတော့သည်။

ထိုအချိန်မှာ နေလုံးကြီး ခေါင်းပေါ်တည့်တည့် ရောက်နေသည့်မွန်းတည့်ချိန်ဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ရှားစွာ တွေ့မြင်နေရသည်။

အရပ်လေးမျက်နှာ တစ်ခေါ်တစ်မျှော် အရပ်ဆီမှ လူတန်းကြီးများ ချီတက်လာနေသည်ကို အို့ယန်ထုံ တွေ့လိုက်ရသောအခါ စိတ်ထဲ၌ မသက်မသာဖြစ်သွားတော့သည်။

'သိုင်းလောကမှာ ပြဿနာဖြစ်ရင် သိုင်းပြိုင်ပွဲ ကျင်းပပြီး ပြဿနာကို ဖြေရှင်းကြတာပဲ၊ အတော်ဆုံး သိုင်းသမားတွေသာ ဝင်ပြိုင်ကြတော့ ပြဿနာကို လွယ်လွယ်ကူကူ ပြီးပြီးပြတ်ပြတ် ဖြေရှင်းနိုင်ခဲ့တယ်၊ ခုတော့ ဒီလိုမဟုတ်တော့ဘူး'

အို့ယန်ထု မသက်မသာ ပြောနေသည့် သဘောကို တက်မှူ ဆရာတော် ကောင်းစွာနားလည်သည်။

ဆရာတော်ကိုယ်တိုင် များပြားလှသော သိုင်းသမားတပ်ကြီးကို မြင်နေရသည်ကိုး။

အို့ယန်ထု က ဆက်ပြော၏။

'အခုတိုက်ပွဲဟာ သိုင်းလောကမှာ စာတမ်းတင်ရမယ့် တိုက်ပွဲပဲဖြစ်လိမ့်မယ်၊ တက်လာတဲ့ ရန်သူတွေကို ကြည့်စမ်းပါဦး၊ လူရှုပ်ဆိတ်တပ်ကြီး ချီတက်လာတာကျနေတာပဲ'



အချိန်အတော်ကြာမျှ ငြိမ်သက်နေခဲ့သည်။

ထန်ရှင်၏မြင်းရထားအတွင်းမှ ထန်ရှင်၏အသံ ပြန်လည်ထွက်ပေါ်လာသည်။

'ရန်သူတွေ အများကြီးဝိုင်းရံထားတာ မှန်ပါတယ်၊ ဒါပေမယ့် သူတို့အားလုံး တစ်ပြိုင်နက်ဝင်မတိုက်ပါဘူး၊ ပါကွာ တိုက်ခိုက်နည်းကို အနိုင်တိုက်နိုင်မယ့် တပ်စသဘောမျိုးနဲ့ပဲ တိုက်ကြမှာပါ၊ အဲဒီလို အကြိမ်ကြိမ်တိုက်ပြီးလို့မှ မနိုင်ရင်တော့ သူတို့အားလုံး တိုက်ချင်တိုက်လိမ့်မယ်'

အို့ယန်ထု က နားစိုက်၍ နားထောင်နေ၏။

အတန်ကြာမှ....

'ကွန်လုံဝမ်ကို ကျုပ်တို့ ယုံလို့မရဘူး၊ သူ့အကြောင်းကို နောင်တော်ထန်ရှင်က ပိုသိတာပဲ၊ ဒီလူက မနိုင်ရင် နိုင်တဲ့နည်းနဲ့ လုပ်မှာ သေချာတယ်၊ အခုတောင် ကျုပ်တို့က အချိန်အတော်ကြာကြာ တောင့်ခံခဲ့ပြီးပြီ'

ထန်ရှင်က....

'သူတို့ အလုံးအရင်းနဲ့ မတိုက်သေးပါဘူး၊ ဒါက ကျွန်တော်တို့ကို ခြိမ်းခြောက်နေတာပါ၊ ကျွန်တော်တို့ဘက်က တကယ်လုပ်ဆောင်ရမယ့်အပိုင်းကတော့ လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက် ဒဏ်ရာမရအောင် တတ်နိုင်သမျှ ဝိုင်းကာကွယ်ပေးရမယ့် အချက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု က ပြန်မေး၏။

'နောင်ကြီး ထန်ရှင်၊ ကွန်လုံဝမ်ဟာ ခုထက်ထိ ပါကွာ ဗျူဟာရဲ့ သော့ချက်ကို ကြည့်မထွက်သေးဘူးလို့ ယူဆသလား'

ထန်ရှင်ထံမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

'ကွန်လုံဝမ်ဟာ အင်မတန် ဉာဏ်များတယ်၊ ပါကွာနည်း ရိုးရိုးဆိုရင် သူကြည့်ထွက်တာ ကြာလှပြီပေါ့'

'အခုဟာက ထူးခြားနေလို့လား'

'ထူးခြားတယ်၊ ပါကွာနည်းချည်းသက်သက် ဆိုရင်တော့ လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်ထဲက တစ်ယောက် ဒဏ်ရာ ရတာနဲ့ ဒီဗျူဟာ ပျက်စီးသွားနိုင်တယ်၊ အခု ကျွန်တော် စီမံထားတဲ့ ဗျူဟာကတော့ နှစ်ယောက် ဒဏ်ရာ ရသွားပေမယ့် ကျန်တဲ့ ခြောက်ယောက်နဲ့ ခုခံနိုင်တယ်၊ အဲ...သုံးယောက်တော့ အထိခံလို့ မရဘူး၊ သုံးယောက် ထိပြီးရင်တော့ ကျွန်တော်တို့ ရှုံးပြီလို့သာ မှတ်ပါတော့'

ထိုသို့ ဆွေးနွေးနေစဉ် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်တို့သည် သူတို့၏စည်းကို ကျိုးပေါက်လိုက်၏။

တစ်ဦးနှင့်တစ်ဦး ပို၍ နီးကပ်သွားသည်။

လှုပ်ရှားမှု ပိုသွက်လာပြီး အပြောင်းအလဲ ပိုမြန်လာသည်။



ကျင်ရှယ်ပေါင်၏ နောက်လိုက် ဆယ်ယောက်က ပါကွာ တိုက်ခိုက်နည်း ဗျူဟာကို ဖြိုဖျက်သည်။

ကျင်ရှယ်ပေါင်က ကျိုးတာကြည်ကို အနိုင်ယူရန် ကြိုးစားသည်။

သို့ရာတွင် ကျင်ရှယ်ပေါင်တို့သည် မည်သည့်ဘက်ကမျှ အနိုင်မရရှိဘဲ ရှိနေ၏။

ထန်ရှင်က ခပ်တိုးတိုး ပြော၏။

'ဂိုဏ်းချုပ်ကြီး... ပါကွာနည်း ပီလို့ သိပ်သည်းသွားပြီ၊ ကျင်ရှယ်ပေါင်လောက်ကို မမှုတော့ပါဘူး၊ ကျိုးတာကြည်ကို မြန်မခေါ်လိုက်ရင် ကျွန်တော့်လူတွေ လှုပ်ရှားရတာ ပိုကောင်းသွားမှာ မဟုတ်ဘူး'

အို့ယန်ထု က ချက်ချင်း အမိန့်ပေးသည်။

'ကျိုးတာကြည်...ပြန်ဆုတ်ခဲ့တော့'

ကျိုးတာကြည်က ကျင်ရှယ်ပေါင်၏ ငွေရောင်တောင်ဝှေးကြီးကို ကန့်လန့်ဖြတ် ခုခံရင်း...

'ကျင်ရှယ်ပေါင်...ကျုပ်ရဲ့ ဂိုဏ်းချုပ်ကြီးက ပြန်ခေါ်နေပြီ၊ ဘာအကြောင်းများရှိလို့လဲ မသိဘူး၊ ခင်ဗျားနဲ့ ကျုပ်ရဲ့ပွဲကို သရေပွဲအဖြစ် ခေတ္တခဏ ရပ်ထားကြရအောင်၊ ခင်ဗျား သဘောတူသလား'

'ရတယ်...ရတယ်၊ ခင်ဗျား စိတ်ကြိုက် လုပ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျင်ရှယ်ပေါင်က ခုန်ဆုတ်သွားသည်။

ကျိုးတာကြည်သည် သံတုတ်ကိုထမ်း၍ ဂိုဏ်းချုပ်ကြီး ဒ

ယန်ထု ရှေ့သို့ အမြန်ပြေး ဝင်လာ၏။

ကျင်ရှယ်ပေါင်ကမူ သူ့လူဆယ်ယောက်ကိုဝင်ကူရန်အကူ

ချောင်းနေ၏။

ပါ့ကွာ တိုက်ခိုက်နည်း၏ ဟာကွက်ကို စောင့်ကြည့်သေ

လည်း မမြင်ရဘဲ ဖြစ်နေသည်။

'တော်တော် အကျက်စိတ်တဲ့ ပူးပေါင်းတိုက်ကွက်ပဲ၊ သူ

ဆီက ပညာရှိထန့်ရှင်ကတော့ တော်ပါပေ့ကွာ၊ သိုင်းပည

မတတ်ပေလို့ပဲ၊ တတ်များတတ်ရင် သိုင်းလောကကြီးတစ်ခု

သူ့ခြေဖဝါးအောက် ရောက်သိမ့်မယ်'

ကျင်ရှယ်ပေါင်က စိတ်ထဲမှကျိတ်၍ ပြောနေ၏။

ကျိုးတာကြည်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုအား ဂါ

ပြုလေ၏။

'ဂိုဏ်းချုပ်ကြီး.... ဘာများ အရေးတကြီးကိစ္စ ဖြစ်ေ

လာခဲ့ပါသလဲ ခင်ဗျာ'

'ရှင်းရှင်းပြောရရင်တော့ ငါတို့ဘက်က လူအလျော့ခံ

လို့ပဲ၊ အဲဒီသို ပြောလိုက်တော့ မင်းရဲ့စွမ်းရည်ကို ငါက အ

အမှတ်မပြုရာကျလိမ့်မယ်၊ အမှန်ကတော့ အဲဒီကျင်ရှယ်ပေ

မင်းဟာ လက်ရည်တူပဲရှိတယ်၊ နောက်ဆုံး အတွင်းအား

ပြိုင်ရတဲ့အဆင့် ရောက်သွားရင် မင်း သို့မဟုတ် သူ တစ်ယော



ယောက် ဒုက္ခရောက်မှာ သေချာတယ်၊ သူ ဒုက္ခရောက်တာ အရေးမကြီးဘူး၊ ကွန်လုံဝမ်ဘက်မှာ လူစားထိုးနိုင်တဲ့ဂျွတွေ အများကြီးရှိတယ်၊ ငါ့မှာသာ မရှိတာ၊ မင်း သဘောပေါက်ရဲ့လား'

'သဘောပေါက်ပါတယ် ခင်ဗျာ'

'အေး...ဒါပါပဲ၊ ငါတို့က ရှိသမျှအင်အားကို တခါပြေးသား အပွန်းမခံနိုင်ဘူး၊ ငါတို့ကိုယ်တိုင် ပါ့ကွာ တိုက်ခိုက်နည်းကို ဝင်ကူဖို့ အမြဲ အသင့်ဖြစ်နေကြရတယ်၊ ဒီလက်ရွေးစင်ရှစ်ယောက်ကို ငါတို့ အထိမခံနိုင်ဘူးလေ'

'ဟုတ်....ဟုတ်ကဲ့'

ထိုစဉ် တခွပ်ခွပ် အသံများ ကြားရပြီးနောက် မြက်ရိုင်းလွင်ပြင်ဘက်မှ မြင်းအုပ်စုတစ်စု ပြေးလာကြောင်း တွေ့လိုက်ရသည်။

ရှေ့ဆုံးမှလူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၍ ချွမက အစိမ်းရောင် ဝတ်ရုံရှည်ကြီးကိုပါ ခြုံလာ၏။

ထိုဝတ်ရုံကြီးသည် လေထဲ၌ တလွင့်လွင့် မျောနေသည်။

ထိုသူ၏ မျက်နှာမှာ ထုံးစံအတိုင်း မျက်နှာသေကြီးနှင့်ပင်။

www.burmeseclassic.com



ထူးဆန်းသည်ကား မဟုတ်ပေ။

သားရေတု မျက်နှာကြောင့် မျက်လုံးနှစ်လုံးမှအပ အခြား မျက်နှာ အင်္ဂါအစိတ်အပိုင်းများ မလှုပ်ရှားနိုင်ဘဲ ရှိခြင်းသာ

မြင်းရထားပေါ်မှ ထန်ရှင်က…

'ဟော…ကျွန်လုံဝမ် လာနေပြီ'

ခရာသံကြောင့် ပါ့ကွာ ဗျူဟာကို ဖြိုဖျက်ရန် ကြိုးစားနေသော လူဆယ်ယောက်နှင့် ကျင်ရှယ်ပေါင်တို့လည်း နောက်သို့ ဆုတ်သွားကြလေ၏။

❀

ကျွန်လုံဝမ်အဖွဲ့သည် မြင်းကို ဒုန်းစီးလာကြရာ မကြာမီ ပါ့ကွာနည်းရှေ့သို့ ရောက်ရှိလာကြ၏။

သူ့နောက်တွင် လူရှစ်ယောက် ပါရှိလာရာ တောင်အလ အဖွဲ့ခေါင်းဆောင် ကူပါချိုသည်း ပါဝင်လာ၏။

ဖေကူးလျှန်က…

'ဂိုဏ်းချုပ်ကြီး…ဒီလူတွေ အားလုံး ကျွန်လုံဝမ်ရဲ့ လက် အောက်က အရေးပါ အရာရောက်တဲ့လူတွေချည်း ဖြစ်ရမယ်၊ ကျုပ်စိတ်ထင် အလံအဖွဲ့ခေါင်းဆောင် လေးယောက်စလုံး ဒီမှာပါလာရမယ်'



အိုယန်ထုက သဘောကျ၏။

'အများကြီး ဖြစ်နိုင်ပါတယ် နောင်ကြီးဖေကူးလျှန်၊ ဘာ ဖြစ်လို့လဲဆိုတော့ ကျုပ်တို့က သူ့အတွက် တန်ဖိုးကြီးတဲ့ နေရာ ကို ခြေကုပ်ယူထားတယ် ဆိုတော့ တကယ့် အင်အားမရှိဘဲ ဒီနေရာကို ဝင်မယူရဲဘူးလို့ သူ့စိတ်ထဲ မှတ်ထင်ထားပုံရတယ်'

ဖေကူးလျှန်သည် ရဲစွမ်းသတ္တိရှိမှုမှာ ဒါဇင်းယမ့်တော် ရှင်ရှပ်ချုရှု သွားလာလှုပ်ရှားတတ်သူဖြစ်၍ ယခုကဲ့သို့ ကျွန် လုံဝမ်တို့အဖွဲ့ရောက်ရှိလာသောအခါ သူ၏တိုက်ခိုက်ရေး စိတ် ဓာတ်သည် ဆူကြွလာလေ၏။

'ဂိုဏ်းချုပ်ကြီးကျွန်လုံဝမ်နဲ့ သူ့ အရေးပါတဲ့ခေါင်းဆောင် တွေ ရောက်လာတာ သိပ်ကောင်းတယ်၊ ခေါင်းဆောင်တွေ အချင်းချင်းတိုက်ပြီး အနိုင်အရှုံး ဆုံးဖြတ်လိုက်ရင် ဝယ်သား တွေ မသေတော့ဘူးပေါ့'

ဖေကူးလျှန်သည် တက်မှုဆရာတော်တို့ဘက်သို့ လှည့်၍ တိုင်ပင်လိုက်၏။

'ဆရာတော်…တပည့်တော်ကျွန်လုံဝမ်နဲ့ယှဉ်တိုက်ဖို့စိန်ခေါ် မယ်၊ ဆရာတော်သဘောက ဘယ်လိုလဲ'

'သဘောမဲပေါ့၊ ကျုပ်က အသက်ရှစ်ဆယ်ရှိနေတဲ့ဘုန်းကြီး အိုကြီးပဲ၊ သေရမှာကို လုံးဝမကြောက်တဲ့လူမဟုတ်ဘူး၊ ဒကာ ကြီးတိုက်လို့မနိုင်ရင် ကျုပ်လဲဝင်တိုက်မှာပေါ့'

ဖေကူးလျှန် ကျေနပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟန်ကျလိုက်လေ၊ တပည့်တော်တို့လူစုကတော့ တကယ့် တက်ညီလက်ညီ လူစုပါပဲ'

ဆရာတော်၏လက်ထဲ၌ကြီးမားသော ဓားကြီးတစ်ချောင်း ရှိသည်။

ဆရာတော်သည် ယန်ရှင်ထုတ်ပေးထားသည့်လက်နက်စင်မှ လှံရှည်တစ်ချောင်းကို သွားယူလိုက်သည်။

'ကျုပ်တို့ မျှော်လင်ကျောင်းဟာ လှံကို မသုံးကြဘူး၊ ကျုပ်တော့ ဒီနေ့အဖို့ စည်းဖောက်ပြီး လှံကိုသုံးလိုက်ဦးမယ်'

ဖေကုန်းလျှန်နှင့် တက်မုဆရာတော်တို့အပြန်အလှန်ပြောနေသည့်စကားများကို အိုယန့်ထုံ ကောင်းစွာ ကြားသိလေရာ ချက်ချင်းတားမြစ်လေ၏။

'ဆရာတော်နဲ့ နောင်ကြီး ဖေကုန်းလျှန်တို့ သိပ်ပြီး စိတ်မလောကြပါနဲ့၊ ရန်သူ့အင်အားက အဆမတန် ကြီးမားများပြားနေတယ်၊ ကျုပ်တို့အကြမ်းဖက်ရင်ကျုပ်တို့ပဲ နာလိမ့်မယ်'

ဖေကုန်းလျှန်က ဆင်ခြေပေးသည်။

'ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့အနေနဲ့ သူတို့ခေါင်းဆောင်ပိုင်းကို စိန်ခေါ်တာဟာ အဲဒီအင်အားမမျှလို့ပေါ့၊ အင်အားချင်းတိုက်ရင် ကျုပ်တို့ရှုံးမယ်၊ ရှေးရိုးစကားရှိတယ် မဟုတ်လား၊ မြွေကိုသတ်ချင်ရင် ခေါင်းကိုအရင်ဖြတ်ရမယ်၊ သိမ်းငှက်ကို ဖမ်းချင်ရင် တောင်ပံကို အရင်ဖြတ်ရမယ်၊ အရေးကြီးတာက ဒီခေါင်းဆောင် တွေပဲ၊ သူတို့ လေးယောက်ထဲက ခေါင်းဆောင် လေးငါးယောက် သေသွားရင် သူတို့ နောက်က လူတွေလဲ နောက်တွန့်သွားလိမ့်မယ်၊ ကျုပ်နဲ့ ဆရာတော်ကို တိုက်ဖို့ ခွင့်ပြုပါခင်ဗျာ'



ဂိုဏ်းချုပ်ကြီးအိုယန့်ထုံသည် ဖေကုန်းလျှန်၏ တင်ပြချက်ကို စိတ်ဝင်စားသွား၏။

သဘောတူချင်သလိုလို ဖြစ်သွား၏။

သို့သော် ယန်ရှင်က....

'နောင်ကြီးဖေကုန်းလျှန်ရဲ့အကြံကမဆိုးပါဘူး၊ ဒါပေမယ့် အကောင်းဆုံးလို့ မဆိုနိုင်သေးပါဘူး'

ဖေကုန်းလျှန်က....

'အကောင်းဆုံး မဟုတ်ပေမယ့် ဒီထက်ကောင်းတဲ့ အကြံဉာဏ်လဲ ကျုပ်တို့ဆီမှာ မရှိတော့တာပဲ'

'နောင်ကြီး ဘယ်လိုအတပ်ပြောနိုင်ပါသလဲ၊ နောင်ကြီးနဲ့ တက်မုဆရာတော်ရဲ့ သိုင်းပညာဟာ အင်မတန် အဆင့်အတန်းမြင့်ပါတယ်၊ ဒါပေမယ့် ဟိုလူတွေဟာလဲ နှယ်နှယ်ရရ မဟုတ်ပါဘူး၊ ဒီတော့ အနိုင်ရဖို့ ဆိုတာလဲ မသေချာပါဘူး၊ နောက်တစ်ချက်က နောင်ကြီးစိန်ခေါ်တိုင်း ကွန်လုံဖမ်က ထွက်မှာ မဟုတ်ဘူး၊ ဒီလူက သူ့ကိုယ်သူ သိုင်းလောကရဲ့ ဓကိုင်ဦးသျှောင်လို့ ထင်နေတဲ့လူ'

တက်မုဆရာတော်က ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဟုတ်တယ်၊ သူ့ကိုယ်သူ အဲဒီလို ထင်ရလောက်အောင်ထဲ သိုင်းပညာ ကောင်းနေတာကိုး'

ထန်ရှင်က ဆက်၍ရှင်းပြ၏။

'ကျုပ်သန္တာတော့ ကျုပ်တို့ရဲ့အင်အားကို ထုတ်မပြချင်ဘူး။ ဒီရဲတော်ရှစ်ယောက်ရဲ့ ပါ့ကွာ တိုက်ခိုက်နည်းဗျူဟာမတစ်ပါးပေါ့။ ကျုပ်တို့ရဲ့အင်အားကို သိမ်းဆည်းထားလေလေ ကွန်လုံဝမ်က အတွေးနဲ့ ကြောက်လေလေပဲ၊ ပါ့ကွာနည်းကို မကျိုးပေါက်အောင် ထိန်းပေးထားနိုင်ရင် ကျုပ်တို့ရဲ့ လုံခြုံမှုဟာ အမြဲတမ်းရှိနေတာပေါ့'

အိုယန်ဘူက ဖျောင်းဖျသိုက်၏။

'နှောင်ကြီးဖေကျုံးလျှန်း၊ စိတ်အေးအေးထားပြီးစဉ်းစားပါဦး'

တက်မှုဆရာတော်က...

'ဒီအာဘကြီးထန်ရှင်ရှင်းပြတာလဲ မဆိုးပါဘူး၊ ကျုပ်တို့တွက်မတိုက်ခင် ကွန်လုံဝမ် ဘာပြောမလဲဆိုတာ စောင့်ကြည့်သင့်ပါတယ်'

ထိုအချိန်တွင် ဝတ်ရုံစိမ်းနှင့် ကွန်လုံဝမ်သည် ပါ့ကွာတိုက်ခိုက်နည်းဗျူဟာရှေ့၌ စောင့်ဆိုင်းနေလေပြီ။

အိုယန်ထုံအာ ရှေ့သို့ထွက်သွားပြီး သိုင်းလောက ထုံးစံအတိုင်း ဂါရဝပြုနှုတ်ဆက်လေ၏။



ကွန်လုံဝမ်ကမူ ပြန်လည်နှုတ်မဆက်ရုံမျှမက ရှိုင်းရှိုင်း စိုင်းစိုင်းပင် ပြောနေသည်။

'အိုယန်ထုံ...ထန်ရှင်ကို ခေါ်လိုက်ပါ'

'ဘာကိစ္စရှိလို့လဲ၊ ကျုပ်ကိုပြောလဲ ဖြစ်ပါတယ်'

'ခင်ဗျားကိုပြောလို့ မဖြစ်နိုင်လို့ပေါ့၊ ကျွဲပါးစောင်းတီးသလို ဘာနားလည်မှာလဲ'

အလွန်တရာ ရိုင်းပျစော်ကားလိုက်သည့် စကားပင်။

သို့သော် အိုယန်ထုံက ပြုံးနေ၏။

'ကွန်လုံဝမ်၊ ကျုပ်က ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်တယ်၊ ခင်ဗျားက ကျုပ်နဲ့စကားမပြောနိုင်ဘူးဆိုရင် ကျုပ်က အစစ်မတိုက်တွန်းဘူး၊ ဒါပေမယ့် ပညာရှိ ထန်ရှင်ကိုတော့ ကျုပ်အမိန့်နဲ့ ခေါ်မပေးနိုင်ဘူး၊ ရှင်းပြီလား၊ ကဲ...ခင်ဗျား ပြန်ပေတော့'

ကွန်လုံဝမ်မှာ မခံတတ်သာဘဲ ဖြစ်သွားရတော့သည်။

'ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ခင်ဗျားတို့ရဲ့ ပါ့ကွာ တိုက်ခိုက်နည်းကို ကျုပ်နားလည် သဘောပေါက်နေပြီဆိုတာ ကျုပ်ပြောပြထားပါရစေ၊ ဒါဆိုရင် ခင်ဗျားတို့ကို နိုင်ဖို့ မခက်တော့ဘူးဆိုတာလဲ သိနိုင်လောက်ပြီ၊ ခင်ဗျားရဲ့ တပည့်ရှေ့ သွေးမြေမကျခင် ပြန်ဆုတ်သွားရင် ခင်ဗျားတို့အတွက် အများကြီး ကောင်းတယ်ဆိုတာ ကျုပ်လာပြီး အကြံဉာဏ်ပေးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု က ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။

ရယ်လည်း ရယ်စရာဖြစ်နေ၏။

'ကိစ္စမရှိပါဘူး၊ ဂီအကြံဉာဏ်နဲ့ ပတ်သက်ပြီး အဆုံးအဖြတ်ပေးတဲ့အခါမှာ ထန်ရှင်မသိုပါဘူး၊ ကျုပ်တို့ကိုယ်တိုင်ပဲ အဆုံးအဖြတ်ပေးနိုင်ပါတယ်၊ ခင်ဗျားတို့ ကြိုက်သလောက် ဝိုင်းတိုက်ကြပါ၊ ကျုပ်တို့ ဒီနားက တစ်ဖဝါးမှမခွာပါဘူး'

ကွန်လုံဝမ်က အေးစက်စွာ ပြော၏။

'ကျုပ် ထင်ထားတာမမှားဘူး၊ ခင်ဗျားနဲ့ပြောရင် ကျုပ်ပဲ အာခြောက်မယ်ဆိုတာ မျှော်လင့်ထားခဲ့ပြီးပြီ၊ အခုတော့ ကျုပ်မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာတာပဲ'

ကွန်လုံဝမ်သည် သူ့လူများကို လက်မြှောက် အချက်ပြပြီး မြင်းဇက်ကြိုးကို ဆွဲလှည့်သည်။

လူ နောက်ပါအားလုံး မြင်းဇက်ကြိုး ဆွဲလှည့်ကြသည်။

ဆွေးနွေးပွဲကား မအောင်မြင်ဘဲ တစ်စခန်း ရပ်သွားခဲ့လေပြီ။

## အခန်း (၄၃)

## ပထွေသံ၏ အကူအညီ

'ကွန်လုံဝမ်း...ရပ်လိုက်စမ်း'

ထိုသို့ အော်ဟစ်လိုက်သူကား ဝါဆန်းတောင်၏ ဂုဏ်ကိုယ်တော် သိုင်းသမားအဖြစ် ကျော်ကြားခဲ့သော ဖေတုံ လျှန်ပင်တည်း။

ကွန်လုံဝမ်၏ မြင်းဇက်သည် ဤမှာဘက်သို့ ပြန်လှည့်လာသည်။

'ငါ့ကို ဘယ်သူ ခေါ်တာလဲဟေ့'

ကွန်လုံဝမ်၏ ခက်ထန်သော အသံက နှင်းအူမထက် ထွက်ပေါ်လာသည်။

www.burmeseclassic.com



ဖေကုံးလျှန်သည် ဤအသက်အရွယ်အထိ မည်သူ၏ ထိန်းချုပ်မှုကိုမျှ မခံဘဲ လွတ်လပ်စွာ လှုပ်ရှားခဲ့သူ ဖြစ်ပေသည်။

သွားချင်ရာသွား၊ လာချင်ရာလာ၊ လွတ်လပ်စွာ လှုပ်ရှားခဲ့သူ ဖြစ်သည်။

သူသည် စိတ်နောက်ကိုယ်ပါ လုပ်ချင်ရာလုပ်ပြီးမှ မှားသည် မှန်သည်ကို ဆုံးဖြတ်သူဖြစ်၏။

ယခုအချိန်မှသာ ဂိုဏ်းချုပ်ကြီး အိုယန်ထုနှင့် ဆောင်းကြေးစားကြေး မြှုလုပ်မိရာမှ ကျွန်လုဂိုဏ်းအတွင်းသို့ ရောက်ရှိခဲ့သူဖြစ်ရာ အဖွဲ့အစည်း၏ ဩဇာအာဏာကို ဆက်ခံရန်မှာ သူ့အတွက် အသားမကျဘဲ ဖြစ်နေသည်။

သူ့တစ်ကိုယ်တည်း လုပ်ချင်ရာ လုပ်တတ်သည့် ဗီဇစိတ်ကို မထိန်းသိမ်းနိုင်သဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု၏ သတိပေးချက်ကို မေ့လျော့ကာ ဤသို့ လှမ်းခေါ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဖေကုံးလျှန်က ရှေ့သို့ထက်လာပြီး....

'ကျုပ် ဖေကုံးလျှန်ပဲ၊ ခင်ဗျားက အင်အားရှိတယ် ဆိုပြီး ကျုပ်တို့ကို အနိုင်ယူချင်လို့လား'

ကွန်လုံဝမ်က အေးစက်စွာကြည့်ပြီး....

'ဘာလဲ၊ မင်းက ငါနဲ့တိုက်ချင်လို့လား'

'တိုက်တော့ ဘာဆန်းသလဲ၊ အလွန်ဆုံး တစ်ယောက် ယောက် သေရုံပဲ၊ ဘာမှမဆန်းကြယ်ဘူး'



'မင်း အတော် သေချင်ပုံရနေတယ်'

'သေခြင်းတရားဆိုတာ ဘယ်လူ့ အပေါ်မဆို ကျရောက်တတ်တယ်၊ ခင်ဗျားကိုယ်တိုင်က တစ်သက်လုံး အသက်ရှင်နေသိမ့်မယ် လို့ မထင်နဲ့'

ကွန်လုံဝမ်က အေးစက်စက်ရယ်လေ၏။

'ဖေကုံးလျှန်၊ မင်းကို ငါအထင်သေးလို့ ဒီစကားပြောတာ မဟုတ်ဘူး၊ မင်းက ငါ့ပြိုင်ဘက်မဟုတ်လို့ ဒီလိုပြောတာ၊ မင်း မယုံရင် ငါ့လက်ထောက် တစ်ယောက်ယောက်နဲ့ စမ်းကြည့်ပါလား၊ မင်းအမြင်မှန်ရလိမ့်မယ်'

ဖေကုံးလျှန်သည် စိတ်လိုက်မာန်ပါ စိန်ခေါ်ပြီးသောအခါမှ သူသည် ယခင်ကလို တစ်ကိုယ်တော် မဟုတ်တော့ကြောင်း၊ အသင်းအပင်း အဖွဲ့အစည်း၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိနေသူတစ်ဦးဖြစ်ကြောင်း သူ့ကိုယ်သူ နားလည်လာသည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား ကပျာကယာ လှည့်၍တီးတိုး တောင်းပန်လိုက်ရတော့သည်။

'ဂိုဏ်းချုပ်ကြီး၊ ကျုပ်မှားသွားပြီ၊ ခွင့်လွှတ်ပါ....'

အိုယန်ထုမှာ အတွေ့အကြုံ အလွန်ရင့်ကျက်သူဖြစ်၍ ယခုအချိန်မှ နောက်ဆုတ်ခိုင်းလျှင် ကွန်လုံဝမ်အား ကြောက်ရွံ့ရာ ကျတော့မည်ဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီး ဖေကုံးလျှန်၊ ကွန်လုံဝမ်ဟာ သိုင်းပညာအလွန် ကောင်းတယ်၊ သူ့တပည့်တွေလဲ ကောင်းမှာ သေချာပါတယ် သတိထားပြီးပါ'

ဖေကုံးလျှန်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို ဦးညွှတ် ဂါရဝပြုပြီးနောက် ခါးချည်တစ်ချောင်းဆွဲ၍ ပါ့ကွာ စစ် တာရှေ့ မြက်ခင်းလွင်ပြင်သို့ ထွက်ခွာသွားလေတော့၏။

တက်မုဆရာတော်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား နှု သိမ့်လိုက်၏။

'ဂိုဏ်းချုပ်ကြီး၊ သိပ် စိတ်မပူပါနဲ့၊ ကျုပ် လိုက်သွားပြီ ပွဲကို ထိန်းပေးပါ့မယ်'

တက်မုဆရာတော်သည် ခါးတစ်ဖက်၊ လှံတစ်ဖက်ကိုင်၍ လျက် ဖေကုံးလျှန်နောက်သို့ လိုက်သွားလေတော့၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံမှာ တက်မုဆရာတော်အား လုံး တားမြစ်နိုင်ခွင့်မရှိချေ။

သူ့ဂိုဏ်းဝင်ဖြစ်သော ဖေကုံးလျှန်လိုလူမျိုးက စိတ်နော ကိုယ်ပါ လုပ်သွားပြီးသည့်နောက် မိမိတို့နှင့် တန်းတူရည်



လားရောက် ပူးပေါင်းသော ရှောင်လင်ကျောင်း ဆရာတော် တစ်ပါးအား မည်သို့မျှ တားမြစ်နိုင်လိမ့်မည် မဟုတ်ပေ။

အိုယန်ထုံသည် မြင်းရထားအနီးသို့ကပ်သွားပြီးသက်ပြင်း ချသည်။

'ဖေကုံးလျှန်ဟာ ဂိုဏ်းဝင်စလူ ဖြစ်နေတော့ သူ့နဂို စိတ်ဓာတ်ကို ချိုးနှိမ်လို့ မရသေးဘူး၊ သူ စိတ်နောက်ကိုယ်ပါ လုပ်သွားတဲ့ကိစ္စဟာ နောင်ကြီးထန်ရှင်ရဲ့ အစီအစဉ်ကို ကမောက် ကမျက်ဖြစ်အောင် လုပ်သလို ဖြစ်သွားငေ်တော့ ကြမ္မာငင်တဲ့ ကိစ္စလို့ပဲ ဆိုရတော့မှာပဲ'

ထန်ရှင်က ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို ပြန်လည်နှစ်သိမ့်မှု ပေးလေ၏။

'ဂိုဏ်းချုပ်ကြီး ခွင့်ပြုလိုက်တာ မှန်ပါတယ်၊ ကျွန်တော်တို့ စစ်ကူတွေလဲ ရောက်မိန်းနေပါပြီ၊ သူတို့ သိုင်းပညာလဲ သိပ် မဆိုးတော့ သိပ်ဆိုးဆိုးရွားရွား မဖြစ်နိုင်ဘူးလို့ မျှော်လင့်ရ တာပဲလေ'

ထိုအချိန်တွင် ဖေကုံးလျှန်နှင့် တက်မုဆရာတော်တို့သည် ကွန်လုံဝမ်တို့အုပ်စုနှင့် မျက်နှာချင်းဆိုင်လျက် ရှိနေပေပြီ။

ကွန်လုံဝမ်ကမူ ဤတိုက်ပွဲသည် သူ့အတွက် လက်ရည်မျှ သောတိုက်ပွဲဟုယူဆထားသည့်အလား အေးအေးဆေးဆေး ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပါကွာစစ်ဗျူဟာကို ခင်းကျင်းကြသည့် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်အား မျက်လုံးထောင့်မှ အကဲခတ်နေသည်။

ကွန်လုံဝမ်၏ လက်ထောက်များထဲမှ ရှေ့ထွက်လာသူမှာ တောင်အလ်အဖွဲ့ခေါင်းဆောင် ကူပါချီ ဖြစ်၏။

'ခင်ဗျားတို့ ရှစ်ယောက်စလုံး ဝင်ကြမှာလား၊ ဒါမှမဟုတ် တစ်ယောက်ချင်း ဝင်မှာလား'

'ကျုပ်တို့က ရှစ်ယောက်ဝင်ရင် ခင်ဗျားတို့က တစ်ပြုံလုံး ဝင်မှာလား၊ ဟုတ်တယ်လေ သစ္စာမရှိတဲ့ ဂိုဏ်းဆိုတော့ ကြိုမေးထားရတာပေါ့'

ကူပါချီက အေးစက်စက်ရယ်ပြီး....

'ကဲ....ခင်ဗျားနဲ့ ကျုပ် တစ်ယောက်ချင်း တိုက်ကြတာပေါ့၊ ဘယ်လိုသဘောရသလဲ'

'ကျုပ်ကလဲ အဆင်သင့်ပဲ'

ဖေကုံးလျှန်နှင့် ကူပါချီတို့သည် အသက်အရွယ်၊ အရပ်မတိမ်းမယိမ်းရှိကြသဖြင့် အတွဲညီသည်ဟု ဆိုရပေမည်။

ဘိုင်းပညာကိုမူ မြိုင်ပွဲကျမှသာ အကဲခတ်ရပေတော့မည်။

ကူပါချီက မာန်သွင်း ခုန်ဝင်လာပြီး ဖေကုံးလျှန်ကို လက်ဝါးဖြင့် ခုတ်သည်၏။



ဖေကုံးလျှန်က နောက်သို့ ခုန်ရှောင်သွား၏။

ကူပါချီက အေးစက်စက်ရယ်ပြီး....

'ဘာဖြစ်လို့ နောက်ကို ခုန်ရှောင်သွားရတာလဲ၊ ၃ချတောင် မစရသေးဘူး ရှောင်တာက အရင်ပဲလား'

'မရှောင်ပါဘူး၊ ခင်ဗျားက ဘာဖြစ်လို့ လက်နက်မထုတ်တာလဲ'

'ကျုပ်စိတ်ထင် လက်နက်သုံးစရာတောင် မလိုဘူးလို့ ထင်ပါတယ်'

'ဟား....ဟား....ဟား'

ဖေကုံးလျှန်က ရယ်နေစဉ် ကူပါချီက ကြောက်မက်ဖွယ်ရာ လက်သီးများ ပစ်သွင်းနေသည်။

အတွင်းအားထုတ်၍ တိုက်ခိုက်ပြီး ထိုးနှက်ခြင်းဖြစ်၍ လေတိုးသံ တဟူးဟူး ထနေသည်။

ဖေကုံးလျှန် ထိတ်လန့်သွား၏။

'ဒီလူ့ကို အထင်သေးလို့မရဘူး၊ သူ့အတွင်းအားကအတော်နက်ရှိုင်းတာပဲ၊ တစ်ချက်ထိရင် အသက်ထွက်သွားနိုင်တယ်'

သူ ဤသို့ တွေးတောနေစဉ်လည်း နောက် တစ်ကြိမ် လက်သီးတစ်လုံး ဝင်လာသောအခါ သူကလည်း အတွင်းအား ထုတ်၍ လက်ဝါးဖြင့် တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်း....'

ဖေကုံးလျှန် ဤသို့ မိုက်မိုက်ကန်းကန်း လုပ်လိမ့်မည်ဟု ကူပါချီ မထင်ခဲ့။

လုပ်လျှင်လည်း အတွင်းဒဏ်ရာ ရသွားမည်ဟု မှတ်ယူခဲ့၏။

သို့သော် တကယ်တမ်း ထိပ်တိုက် တွေ့လိုက်ရသောအခါ နှစ်ဦးစလုံး တုန်ခါသွားပြီး နှစ်ယောက်စလုံး နောက်ဆုတ်သွားရလေ၏။

ကူပါချီမှာ မခံချိမခံသာ ဖြစ်သွား၏။

'နောက်လက်သီးတစ်ချက်ယောက် ခံမည်ဦးမလား'

ဖေကုံးလျှန်က အေးစက်စက်ရယ်ပြီး....

'ကျုပ်က အဲသလိုတော့မှ မငြင်းဘူး'

'ကောင်းပြီ၊ ကျုပ်တို့ စည်းကမ်းတစ်ခု သတ်မှတ်ကြမယ်၊ မြေကြီးပေါ်မှာ စက်ဝိုင်းတစ်ခု ဝိုင်းထားမယ်၊ အဲဒီထဲမှာ ပြိုင်မယ်၊ အပြင်ထွက်သွားတဲ့လူက အရှုံး၊ ရှုံးကျနပ်ရဲ့လား'

ဖေကုံးလျှန်က စကားမပြောတော့ဘဲ သူ့နောက်ကျောတွင် ချိတ်ထားသည့် ဓားကို ဆွဲထုတ်ကာ မြေပြင်ပေါ်၌ စက်ဝိုင်းကြီး တစ်ခု ဝိုင်းလိုက်၏။



သူ့ဓားဦးသည် အုံ့ဆြဖွယ်ကောင်းလောက်အောင် မြေကြီးထဲ နစ်ဝင်သွားပြီး ထိုးခြစ်သွား၏။

ထို့နောက် သူ့ဓားကို စက်ဝိုင်းအနေ၌ စိုက်ထားလိုက်၏။

'အဆင်သင့်ဖြစ်ပြီ'

ဖေကုံးလျှန်၏ စကားမဆုံးမီပင် ကူပါချီက လက်သီးဖြင့် ထိုးလိုက်၏။

လေလှိုင်း တဟူးဟူးထသွား၏။

ဖေကုံးလျှန်ကလည်း အတွင်းအားထုတ်လျက် ရှေးနည်း အတိုင်း ခုခံ၏။

သည်တစ်ကြိမ်တွင်မူ နှစ်ယောက်စလုံး မြဲမြံခိုင်ခိုင် ရပ်နိုင် ကြ၏။

ကူပါချီသည် စိတ်ထဲ၌ တွေးနေ၏။

'အင်း.... ဖေကုံးလျှန်ဟာ ဒါကြောင့်လဲ ဂိုဏ်းချုပ်ကြီး ကွန်လုံဝမ်ကို စိန်ခေါ်ရဲတာကိုး'

ကူပါချီ၏လက်သီး၌ပါရှိသော အတွင်းအားသည် တစ်ဆင့် ထက်တစ်ဆင့် မြင့်တက်လာ၏။

ဖေကုံးလျှန်လည်း ထိတ်လန့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာယ်လိုလဲ၊ လက်နက်ချင်းယှဉ်ဦးမလား'

ကူပါချီ၏အသံကိုကြားလိုက်ရလျှင် ဖေကိုးလျှန်သည် သူ့လက်နှစ်ဖက်ကို မြှောက်ထားလိုက်၏။

လက်ဝါး နှစ်ဖက်သည် တဖြည်းဖြည်း အရောင်ပြောင်းလာ၏။

ကွန်လုံဝမ်သည် အငြိမ်မနေနိုင်တော့ပေ။

လှမ်းအော် သတိပေးလေတော့၏။

'သတိထား',

'ဂိုဏ်းချုပ်ကြီး....စိတ်ချပါ'

ဖေကိုးလျှန်က....

'ခင်ဗျား တကယ် သတ္တိရှိလို့လား၊ ကျုပ်ရဲ့ လက်ဝါးကိုတကယ်ခံရဲသလား'

ကူပါချီက အေးစက်စက် ပြန်ပြော၏။

'ဘာဖြစ်လို့ မခံရဲရမှာလဲ'



'ဝုန်း'

ဖေကိုး လျှန် ရိုက်ချသောအခါ ကူပါချီကလည်း ပြန်လည်ခုခံ၏။

ကူပါချီ တုန်ခါသွား၏။

'နောက်တစ်ချက်'

'ဝုန်း'

ဖေကိုးလျှန်ကအော်ဟစ်ရင်း ရှေ့တစ်လှမ်းတိုး၍ ရိုက်ချပြန်၏။

ဖေကိုးလျှန်၏ ပြင်းထန်သောရိုက်ချက်၌ အပူဓာတ်တစ်ခု ပါဝင်ကြောင်း ကူပါချီ သတိပြုမိသည်။

ထိုအချက် အရိုက်ခံလိုက်ရသဖြင့် စက်ဝိုင်းအစွန်းသို့ရောက်ရှိသွားသည်။

'နောက်တစ်ချက် အရိုက်ခံရဲသေးသလား'

ဖေကိုးလျှန်က အော်ဟစ်လိုက်၏။

ကူပါချီမှာ တစ်ကိုယ်လုံး တုန်နေပေပြီ။

ထိုအချိန်မှာပင်....

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ဖေကုန်းလျှန်၏ လက်ဝါးကို ကူပါချီ ခံနိုင်တော့သဖြင့် ရင်ဝတည့်တည့်သို့ အရိုက်ခံလိုက်ရလေ၏။

ကူပါချီ၏ခန္ဓာကိုယ်လည်း လွင့်စဉ် ထွက်သွားတော့သည်။

ကွန်လုံဝမ်သည် အလွန်လျင်မြန်လှ၏။

မြင်းပေါ်မှ လျှပ်တစ်ပြက်ခုန်ဆင်း၍ လွင့်စဉ်လာသော ကူပါချီအား အချိန်မီ ဖမ်းမ တွဲယူထားလိုက်လေ၏။

ကူပါချီမှာ သွေးများ ထိုးအန်သည်။

ကွန်လုံဝမ်က ကူပါချီ၏ ချွန်ချွင်သွေးကြောကို ပိတ်ပေးပြီး ခပ်တိုးတိုးပြောလိုက်သည်။

'သွေးလှည့်ပတ်မှုကို ညှိပေးလိုက်'

ကွန်လုံဝမ်သည် ကူပါချီ အား အခြား လက်သောက်များ လက်ထဲသို့ ထည့်ပေးလိုက်ပြီး ဖေကုန်းလျှန်နှင့် ရင်ဆိုင်လေ၏။

ဖေကုန်းလျှန်က ကျေနပ်စွာ ရယ်မောလေ၏။

'ကွန်လုံဝမ်...ခင်ဗျားတော့ ကျုပ်လက်ဝါးကို မြည်းစမ်းချင်သေးသလား'

ကွန်လုံဝမ်က အေးစက်စက် ပြော၏။

'မင်းကိုယ်မင်း သေကြောင်းကြံတာပဲ'

'ခင်ဗျားကြောက်ရင် ကြောက်တယ်ပြောပါ'



'ကောင်းပြီ...မင်းစမ်းချင်သပဆိုစမ်းကြည့်ဘာပေါ့ မင်း လက်ဝါးကို ထုတ်လိုက်'

ဖေကုန်းလျှန်သည် သူ့လက်ဝါးကို အသင့်ပြင်ထားဆဲ ဖြစ်ရာ ကွန်လုံဝမ်က စိန်ခေါ်လိုက်သည်နှင့် ဝှန်းခနဲရိုက်ချ သည်။

ကွန်လုံဝမ်က ထိုလက်ဝါးကိုလက်ညှိုးဖြင့်ထိုးချွန်းလိုက်၏။

'အား'

ဖေကုန်းလျှန်မှာ စည်းဝိုင်းအပြင်သို့ လွင့်စဉ်ထွက်သွားလေတော့၏။

ကွန်လုံဝမ်၏ လက်ညှိုးအတွင်းအား သိုင်းကား လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေတော့သည်။

အိုယန်ထုံ သည် လျှပ်တစ်ပြက် ခုန်ထွက်လာပြီး ဖေကုန်းလျှန်ကို ပွေ့ချီယူသွားလေ၏။

အတွင်းအိတ်ထဲမှ ဆေးတစ်လုံးကိုထုတ်ယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည်။

'ဒဏ်ကြေဆေးလုံး...မြန်မြန်မျိုချလိုက်'

ဖေကုန်းလျှန်၏မျက်နှာမှာ ညိုမည်းနေ၏။

ချွေးသီးချွေးပေါက်ကြီးများသီး၍ စီးကျလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထု တိုက်ကျွေးသည့်ဆေးကို ကြိုးစား၍မျိုချလိုက်ရသည်။

ကွန်လုံဝမ်က အေးစက်စက်ရယ်မောရင်း....

'အို့ယန်ထုံ....ခင်ဗျားတော့ ကျုပ်နဲ့ ယှဉ်ပြိုင် ချင်သေးသလား'

ဂိုဏ်းချုပ်ကြီးအို့ယန်ထု မည်သည့်စကားမျှ ပြန်မပြောသေးမီ တက်မုဆရာတော်က ကွန်လုံဝမ်ရှေ့သို့ ခုန်ဝင်သွား၏။

'ဂိုဏ်းချုပ်ကြီးအို့ယန်ထု ခဏနေပါစေဦး၊ ဒကာကြီးနဲ့ ကျုပ် ပြိုင်ကြည့်ကြသေးတာပေါ့'

တက်မုဆရာတော်သည် မားနှင့်လှံကို ကြက်ခြေခတ်လျက် အသင့်ပြင်ထား၏။

ကွန်လုံဝမ်သည် စကားမပြော်တော့ဘဲ တက်မုဆရာတော်ဆီသို့ခုန်ဝင်ကာ သွေးကြောကို ထောက်လိုက်သည်။

ကျန်လက်တစ်ဖက်က တက်မုဆရာတော်၏ ညာဘက်လက်ကောက်ဝတ်ကို ဖမ်းဆုပ်လေ၏။

ကွန်လုံဝမ်၏ လှုပ်ရှားမှုမှာ အလွန်တရာ မြန်ဆန်လှသဖြင့် တက်မုဆရာတော်မှာ တိုက်ခိုက်ရန်မဖြစ်နိုင်တော့ဘဲရှောင်တိမ်းလိုက်ရတော့သည်။



ထိုတစ်ကွက်ဆုတ်ပေးလိုက်ရသဖြင့် တက်မုဆရာတော်မှာ နောက်ဆုံးပိုင်း၌လည်း တစ်ဆုတ်တည်းဆုတ်နေရတော့သည်။

သူ့လက်ထဲ၌ လက်နက်နှစ်ခုရှိနေသော်လည်း ထိုလက်နက်နှစ်ခုမှာ ခုခံရန်အတွက်သာ အသုံးဝင်တော့သည်။

'အင်း....ကွန်လုံဝမ်ရဲ့သိုင်းပညာဟာ တကယ်ထူးချွန်တာပဲ၊ ပထမတစ်ကြိမ်တိုက်ကတည်းက သူ့ပညာဟာ ငါ့ထက်သာခဲ့တယ်ဆိုတာ သိခဲ့ရတာပဲလေ'

တက်မုဆရာတော်မှာ စိတ်ထဲကပြောမိသည်။

ဆရာတော်သည် သတိစိုက်ယထားလျက် ခုခံနေရ၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုသည် ကျိုးတာကြည်အား လှမ်းခေါ်ပြီး မေကုံးလျှန်ကို အပ်လိုက်၏။

'သူ့အနားယူပါခွစေ၊ မင်းက အေးနွားက စောင့်ရှောက်ပေးလိုက်'

'ဟုတ်ကဲ့....အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ် ဂိုဏ်းချုပ်ကြီး'

ကျိုးတာကြည်သည် မေကုံးလျှန်ကို ပွေ့ချီ၍ ဆောင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးအို့ယန်ထုသည် တက်မုဆရာတော် အနေးနိမ့်နေကြောင်း တွေ့ရသဖြင့် ဝင်ကူရန် အသင့်ပြင်ဆင်လိုက်မိသည်။

သည်တစ်ပွဲ၌ တက်မုဆရာတော်သာ ရှုံးနိမ့်သွားလျှင် ကွန်လုံဝမ်သည် သူတို့၏ပျော့ကွက်ကို ရိပ်မိသွားပြီး အလုံးအရင်းနှင့်ဝင်တိုက်လာမည်ကို အို့ယန်ထု ရိပ်မိလေ၏။

ယခုပင်လျှင် ကွန်လုံဝမ်၏လက်အောက်များက လက်နက်ကိုယ်စီဆွဲထုတ်ကာ တိုက်ပွဲဝင်ရန် အလှုပ်လှုပ်တရွရွ ပြင်ဆင်နေကြသဖြင့်

ဂိုဏ်းချုပ်ကြီးအို့ယန်ထု ပူပန်သော တစ်ခဏအတွင်းပင် ထူးခြားသောပလွေသံသည် လေလှိုင်းအတွင်း၌ ပေါ်ပေါက်လာခဲ့လေတော့၏။

ပထမပိုင်း၌ အော်သံ မာန်သွင်းသံများအကြား ရောနှောနေခဲ့သော်လည်း မကြာမီ ပလွေသံသည် ပို၍ပို၍ ပီပြင်လာတော့သည်။

ထိုပလွေသံကို ကြားလိုက်ရသောအခါ ကွန်လုံဝမ်၏လက်သားများသည် ရုတ်တရက်တုံ့ ဆိုင်းသွားသည်။



ထိုအချက်သည် တက်မုဆရာတော်အတွက် အခွင့်ကောင်းပင် ဖြစ်သည်။

ဆရာတော်၏ခါးနှင့်လှံသည် တရိပ်ရိပ် ဖြာထွက်လာပြီး ကွန်လုံဝမ်၏တစ်ကိုယ်လုံးကို အုပ်ဆိုင်းသွားတော့သည်။

❀

ဂိုဏ်းချုပ်ကြီးအို့ယန်ထုမှာ တက်မုဆရာတော်အရေးသာလာသည်ကို မြင်လိုက်ရသဖြင့် လေပူတစ်ချက် မှုတ်ထုတ်ကာ ပလွေသံထွက်ပေါ်လာသည့်နေရာကို လိုက်ရှာမိ၏။

'ဒီပလွေသံက ဆရာတော်ကိုကယ်လိုက်တာပဲ၊ အလို...'

ပလွေမှုတ်နေသူကို တွေ့လိုက်ရသောအခါ အို့ယန်ထု အံ့သြသွားလေတော့၏။

ထိုသူကား ဆန်ကွမ်းချီပင် ဖြစ်လေတော့သည်။

ပလွေသံသည် တဖြည်းဖြည်းမြင့်တက်လာသည်။

ဆန်ကွမ်းချီ၏ ပလွေသံသည် သံစဉ်နှစ်မျိုး ရောနှောနေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုးမှာ အားမာန်တက်စေသည့် သံစဉ်မျိုးဖြစ်ပြီး ကျန်တစ်မျိုးမှာ ဝမ်းနည်းစေသည့် သံစဉ်ဖြစ်၏။

တက်မုဆရာတော်၏ ဓားနှင့်လှံသည်အလင်းတန်းကြီးတစ်ခုဖြစ်လျက် ကွန်လုံဝမ်အား အုပ်ဆိုင်းနေရာ ကွန်လုံဝမ်မှာ သူ့အား မထိစေရန် တတ်နိုင်သမျှ ကြိုးစား ခုခံနေရလေတော့သည်။

ကွန်လုံဝမ်ကို အကြီးအကျယ် ဒုက္ခပေးနေသည့် အရာမှာ ပလွေသံဝင် ဖြစ်တော့သည်။

ထိုပလွေသံ၏ ဝမ်းနည်းစေသည့် သံစဉ်က ကွန်လုံဝမ်အား လွန်စွာ စိတ်အနှောင့်အယှက် ဖြစ်စေသည်။

စိတ်အနှောင့်အယှက် ဖြစ်နေသဖြင့် တိုက်ကွက်ကို အစွမ်းကုန်မထုတ်နိုင်ဘဲ ဖြစ်နေခဲ့သည်။

သို့ရာတွင် တက်မုဆရာတော်၏ ဘက်တွင်မူ ကွန်လုံဝမ်နှင့် ပြောင်းပြန်ဖြစ်နေ၏။

ပလွေသံကြားတိုင်း တအားတက်ကာ ဆထက်ထမ်းပိုးတိုး၍ တိုက်ခိုက်နိုင်စွမ်းရှိလာ၏။

အားမာန်သံစဉ်သည် တက်မုဆရာတော်အတွက် အကျိုးရှိနေသည်။



ကွန်လုံဝမ်က မည်သို့ထိုးနှက်စေကာမူ ကျောက်တောင်ကြီးအား ဝါးခြမ်းပြားကလေးဖြင့် ထိုးကော်သလိုဖြစ်နေ၏။

ကွန်လုံဝမ်မှာ တဆုတ်တည်း ဆုတ်နေရတော့သည်။

အို့ယန်ထုက ကျိတ်၍ မှတ်ချက်ချ၏။

'သိပ်ထူးဆန်းတဲ့ ပလွေသံပဲ၊ ပလွေသံတစ်သံတည်းကတက်ကြွတဲ့အသံနဲ့ အားလျော့စေတဲ့ အသံနှစ်သံ တစ်ပြိုင်တည်း ထွက်ပေါ်လာအောင် ဘယ်လိုများ မှုတ်နေသလဲမသိဘူး'

တက်မုဆရာတော်က တစ်ဖက်သတ် ဖိနှိပ်တိုက်ခိုက်လာသောအခါ ကွန်လုံဝမ်မှာ မခံနိုင်တော့ပေ။

အထူးသဖြင့် သူ့အား နှိပ်စက်နေသည့် ပလွေသံကို နားမခံနိုင်တော့သဖြင့် တိုက်ပွဲစည်းအတွင်းမှ ခုန်ထွက်ကာ နောက်သို့ လှည့်ပြေးတော့သည်။

တက်မုဆရာတော်က လိုက်တိုက်ရန် ဟန်ပြင်နေစဉ် အပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့် အသက်သုံးဆယ်ခန့်ရှိ လူငယ်တစ်ယောက် ခုန်ထွက်လာဆီးလာလေ၏။

ထိုစဉ် ခရာသံများ စူးရှစွာထွက်ပေါ်လာပြီး ပတ်ဝန်းကျင်မှ ကွန်လုံဝမ်၏ဂိုဏ်းသားများ ရှေ့သို့ တိုးထွက်လာကြလေတော့၏။

www.burmeseclassic.com



အပြာရောင်ဝတ်စုံဝတ်ဆင်သည့်လူငယ်နှင့် တက်မုဆရာတော်သည် အကြိတ်အနယ် ယှဉ်ပြိုင်လျက် ရှိနေလေပြီ။

လူငယ်သည် အသက်ငယ်သော်လည်း သိုင်းပညာကောင်းလှ၏။

ဆရာတော်၏ ထိုးစစ်တိုက်ကွက်များကို ခုခံနိုင်ရုံမျှမက ပြန်လှန်လည်း ထိုးစစ်ဆင်နိုင်ပေသည်။

'ဩော်....ဒါကြောင့်လဲ ကွန်လုံဝမ် ဒီလောက် တက်လာတာပဲ၊ သူ့လက်အောက်က လူတွေ အားလုံး သိုင်းပညာ တကယ်တော်ကြတာပဲ'

ဆရာတော် တွေးတောနေစဉ်မှာပင် အိုယန်ထု ၏ မေတ္တာ ရပ်ခံသံကို ကြားလိုက်ရလေ၏။

'ဆရာတော်....မြန်မြန်ပြန်ဆုတ်ခဲ့ပါ၊ ဆရာတော်နဲ့ တိုင်ပင်စရာကိစ္စ ရှိနေပါတယ်'

တက်မုဆရာတော်သည် လူငယ်အား ပြင်းထန်စွာ ရိုက်ထုတ်လိုက်၏။

လူငယ် နောက်ဆုတ်သွားသောအခါ ဆရာတော် လည်း ခုန်ဆုတ်လာကာ ဂိုဏ်းချုပ်ကြီး အိုယန်ထု အနီးသို့ လာရပ်လေ၏။



'ဆရာတော်....ရန်သူတွေ စတင်လှုပ်ရှားနေပြီ၊ သူတို့ အင်နဲ့အားနဲ့ လှုပ်ရှားနေချိန်မှာ တပည့်တော်တို့ရဲ့ အင်အားကို အကွဲတပြားစီ ခွဲခြားထားလို့ မတော်ဘူး၊ ဒါကြောင့် ဆရာတော် ကို ပြန်ခေါ်လိုက်ရတာပါ'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'ဂိုဏ်းချုပ်ကြီးပြောတာ မှန်တယ်၊ ရန်သူ့အင်အား အသေမတန် များနေတယ်၊ ကျုပ်တို့ လူစုကွဲနေလို့ မဖြစ်ဘူး'

အိုယန်ထုက လက်ရွေးစင်ဂိုဏ်းသား နှစ်ယောက်အား ပါကွာ တိုက်ခိုက်နည်းဖြင့် လှုပ်ရှားရန် အမိန့်ပေးလိုက်၏။

ဂိုဏ်းသားနှစ်ယောက်သည် ပါကွာသိုင်းကွက် များကို စတင်ပြီး ရွှေ့လျားလေတော့၏။

ဝတ်စုံပြာ ဝတ်ဆင်ထားသည့် လူငယ်သည် ကွန်လုံဝမ်၏ လက်ထောက် လေးယောက်အနက် အသက်အငယ်ဆုံး ဖြစ်သည့် အနောက်အလံအဖွဲ့ ခေါင်းဆောင်ပင် ဖြစ်လေသည်။

သူသည် သူ့အဖော်အားလုံးကို ပြန်ဆုတ်ရန် အမိန့်ပေးလေ၏။

မကြာမီ ကွန်လုံဝမ် စောင့်ဆိုင်းနေသည့်နေရာသို့ ရောက်ရှိလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး....ကျွန်တော်တို့ ဆရာကြီး ကူပါချီကို ဖြန့်သယ်ပြီး ဆုတ်ခွာလာပါတယ်၊ ကျွန်တော့်အဖွဲ့တွေကတော့ ဝိုင်းတိုက်ဖို့ စတင်ချီတက်နေပါပြီ'

ကွန်လုံဝမ်က အံတစ်ချက်ကြိတ်လိုက်၏။

'ဟင်း....အဘော်ခုကွဲပေးတဲ့ ပလွေသံပဲ၊ ရှိစေဦး၊ တစ်နေ့တော့ တွေ့ကြဦးမှာပေါ့လေ၊ ဟို တရုတ်ဘုန်းကြီးကော'

'ဂိုဏ်းချုပ်ကြီးနောက်ကို သူက ဆက်လိုက်ဦးမလို့ပဲ၊ ကျွန်တော် ဝင်တားထားတာပဲ'

'တော်ကဲ... မတားဘဲ လွှတ်လိုက်ရင် ဒီဘုန်းကြီး ဘယ်တော့မှ ရှောင်လင်ကျောင်းကို ပြန်နိုင်မှာ မဟုတ်တော့ဘူး'

အနောက်အလံအဖွဲ့ခွဲ ခေါင်းဆောင်မှာ ခေါင်းငုံ့သွားလေတော့၏။

ကွန်လုံဝမ်က...

'ကောင်းပြီ၊ ခုအခြေအနေကို မင်း ဘယ်လိုသုံးသပ်မလဲ'

အနောက်အလံအဖွဲ့ခွဲ ခေါင်းဆောင် လူငယ်၏ ဦးခေါင်း ပြန်မော့လာ၏။

'ကျွန်တော့် စိတ်ထင် သူတို့ကျွန်လုဂိုဏ်းခေါင်းဆောင်တွေ လက်ထောက်တွေ ဒီနေရာမှာ လာစုနေတယ်လို့ ထင်တယ်၊ ဂိုဏ်းချုပ်ကြီးကလဲ ပြောထားတယ်မဟုတ်လား၊ ကျွန်တော်တို့



...မ်ဂိုဏ်းကို ယှဉ်ပြိုင်နိုင်တဲ့အဖွဲ့ဆိုလို့ ဒီကျွန်လုဂိုဏ်းတစ်ဂိုဏ်းပဲ ...ဘယ်လို့၊ အခုအချိန် ကျွန်တော်တို့ ဒီနေရာကို ခဏ လက်...ှောင်ထားပြီး သူတို့ဌာနချုပ်ကို သွားတိုက်ဖို့ကောင်းပါတယ်'

ကွန်လုံဝမ်က ဦးခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလေ၏။

'အဲဒီလိုလုပ်လို့ မဖြစ်ဘူး'

'ခင်ဗျာ....'

'ကျွန်လုဂိုဏ်းထဲက ထန်ရှင်ဟာ တစ်ခုခု အကွက်ဆင်ထား...ယ်၊ အခု ငါတို့ဘေးပတ်ပတ်လည်ကအင်အားတွေ ဒီလောက်...နေတာတောင် သူဟာ ငြိမ်ပြီး စောင့်ကြည့်နေတယ်၊ ဒီဇကို...်မမှာ သူ ထောင်ချောက် တစ်ခုခု ဆင်ထားမယ်ဆိုတာ...ချာတယ်၊ သူတို့ဂိုဏ်းချုပ်ရော လက်ထောက်ခေါင်းဆောင်...ရော ဒီနေရာမှာ စုနေတာကလဲ သူတို့ဌာနချုပ်ကို ငါတို့...းတိုက်အောင် တမင် ပရိယာယ်ဆင်တာပဲ ဖြစ်လိမ့်မယ်၊ ...ို့က အရူးမဟုတ်ဘူး၊ သူ့ပရိယာယ်ထဲ တိုးမဝင်ဘူး'

ကွန်လုံဝမ်သည် ခေတ္တခဏ နားပြီးမှ ဆက်ပြော၏။

'သူ့ရှေ့မှာ သံကြိုးခံတင်လို လည်ပတ်နေတဲ့ ဗျူဟာကို ...ာတိုက်ခိုက်နည်းဗျူဟာလို့ ခေါ်တယ်၊ ဒါပေမယ့် အဲဒီ...ခိုက်နည်းဗျူဟာကို သေသေချာချာ လေ့လာ ဂရုပြု...ပါ့ကွာစီစဉ်ပုံနိယာမနဲ့ တခြားစီ ဖြစ်နေပြန်တယ်၊ အဲဒီ...ကလဲ ထန်ရှင်ကို ကြောက်စရာ ဖြစ်နေခဲ့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ်က အဝေး၌ ခပ်ရေးရေးမြင်နေရသည့် ထန်ရှင်… မြင်းရထားကို လက်ညှိုးထိုးပြပြန်၏။

'အဲဒီမြင်းရထားကို ငါတစ်ကြိမ် မြင်ဖူးတယ်၊ ငါ့ကို အ… လုပ်သွားတုန်းက သူစီးလာတဲ့ မြင်းရထားပဲ၊ သူဟာ သူမ… မထင်မှတ်တဲ့အလုပ်တွေ သိပ်လုပ်တတ်တယ်၊ ဒါဟာ မကြာခ… အငိုက်မိခံရမလို ဖြစ်ခဲ့ရတယ်၊ အဲဒီမြင်းရထားဟာလဲ ထန်… ဆင်ထားတဲ့ ထောင်ချောက်တစ်ခုခုဖြစ်မှာ သေချာတယ်'

ကွန်လုံဝမ်က ချောင်းဟန့်ပြီး ဆက်ပြောပြန်၏။

'သူတို့ရဲ့ လက်ထောက် ခေါင်းဆောင်တွေ ဒီမှာစုနေတ… ဆိုပေမယ့် အကုန်မဟုတ်သေးဘူး၊ တချို့ ဘယ်ရောက်နေသ… အဲဒါကို စဉ်းစားရမယ်၊ သူက လက်တစ်ဆုပ်စာလောက် … ကလေးနဲ့ မြက်ရိုင်းလွင်ပြင်တိုက်ပွဲရဲ့ ဗဟိုချက်မနေရာကိုလာ… တပ်စွဲထားတယ်၊ သူ ဘာအားကိုးနဲ့ တပ်စွဲထားတာလဲ၊ အဲဒ… စဉ်းစားရမယ်၊ ထန်ရှင်နဲ့ ပတ်သက်လာရင် အားလုံး စဉ်း… ပြီးလုပ်မှ တော်ကာကျတယ်'

ဝတ်စုံပြာလူငယ်က ဦးညွတ်ဂါရဝပြုပြီး ပြန်ပြောလေ…

'ဟုတ်ကဲ့…ဂိုဏ်းချုပ်ကြီး၊ ဒီလောက် သတိပေးနေမှတော့ ဒီထန်ရှင်ဆိုတဲ့လူကို ကျွန်တော်တို့ လုံးဝ အထင်မသေးဝံ့တော့ ပါဘူး'

'အေး…အထင်မသေးရင် သူ့ကို နိုင်မှာပဲ၊ အထင်သေး… ငါတို့ ရှုံးမှာပဲ'



'ကျွန်တော်တို့ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲ ဂိုဏ်းချုပ်ကြီး'

'အခုတော့စောင့်ကြည့်နေရသေးတာပေါ့၊ မြက်ရိုင်းလွင်ပြင် တိုက်ပွဲစတာနဲ့ ငါတို့က အရက်စက်ဆုံး လုပ်ရတော့မှာပဲ'

'ဟုတ်ကဲ့… ကျွန်တော်တို့လူအုပ်စုများ ဒီဆယ်မိုင်ပတ်ဝန်းကျင် မှာ ချထားပါတယ်'

'အေး…မီးတစ်တို တိုလိုက်တာနဲ့ ဒီဆယ်မိုင်ပတ်ဝန်းကျင် တစ်ခုလုံး မီးဟုန်းဟုန်း တောက်သွားစေရမယ်၊ ကျုန်လုဂိုဏ်း သားမပြောနဲ့၊ ကျုန်လုဂိုဏ်းသားတွေ မဆောင်ထားတတ်တဲ့ မြွေ ရိုက် တုတ်ဘစ်ချောင်းတောင် မကျန်စေရဘူး'

ဝတ်စုံပြာ လူငယ်သည် ပြောရင်း ပြောရင်း ဒေါသထွက် လာသည့် ကွန်လုံဝမ်၏ လေသံကြောင့် စကားထောက်ခံ၍ မပြောဝံ့တော့ပေ။

ကွန်လုံဝမ်သည် ခါးထောက်ရင်း မာန်ပါပါ လှမ်းကြည့် နေ၏။

သူ့ မျက်စိထဲ၌ မီးဟုန်းဟုန်း တောက်နေသည့် မြက်ရိုင်း လွင်ပြင်ကြီးကို မြင်ယောင်လာမိတော့သည်။

သြော်…ကျားနှင့်ဆင် တကယ့် လယ်ပြင်မှာ တွေ့ဆုံမိကြ လေပြီ။

www.burmeseclassic.com

## အခန်း ( ၃၈ )

### သတိမလား၊ သေမလား

ဆန်ကွမ်းချို၏ပလွေသံသည် သစ်တောအစပ်မှသည် မြက်ရိုင်းကွင်းပြင်အထိ သာယာစွာ ပျံ့လွင့်လာသည်။

မြင်းရထားထဲမှ ဆန်ရှင်က အို့ယန်ကူ့အား လှမ်းပြော၏။

'ဒီ ကွန်လုံဝမ်ရှိလက်အောက်ငယ်သားတွေထဲမှာ တချို့က အသိစိတ် လုံးလုံးပျောက်တဲ့လူတွေပါတယ်၊ တချို့ကတော့ အသိစိတ်လုံးလုံးမပျောက်ဘူး၊ ဒါပေမယ့် အချိန်ပိုင်း အဆိပ်ဖြေဆေးကို သောက်ကြရတယ်၊ အခုချီတက်လာတဲ့ လူတွေက များလွန်းတယ်၊ လုံးလုံးအသိစိတ် မဲ့နေတဲ့လူတွေပဲ ဖြစ်မယ်'

www.burmeseclassic.com



ထိုလူဘုန်းကြီးများသည် ဆန်ကွမ်းချီ၏ ပလွေသံကြောင့် တုံ့ဆိုင်းသွားကြောင်း လူအားလုံး သတိပြုမိလိုက်ကြသည်။

အိုယန့်ထိုက…

'သူတို့ကို ဘယ်လို သတိရစေနိုင်မလဲ'

'အဆိပ်ဖြေဆေးကျွေးရင် သတိရတာပေါ့'

'နောင်ကြီးဆန်ရှင်ဆီမှာ အဆိပ်ဖြေဆေး မရှိဘူးလား'

'ရှိပေမယ့် ဒီလောက်များတဲ့လူတွေကို ဘယ်လို ကျွေးနိုင်မှာလဲ'

ထိုအချိန်တွင် ကွန်လုံဝမ်၏ တပည့်များသည် မြက်ရိုင်းလွင်ပြင်၌ ထိုင်ချလိုက်တော့သည်။

ဆန်ကွမ်းချီ၏ပလွေသံ၊ သူတို့၏ စိတ်ဓာတ်များကိုကြည်လင်သန့်ဆန်းသွားစေသဖြင့် အဆိပ်များသည် မခတ္တခဏ ငုပ်လျှိုးသွားခဲ့ရသည်။

ထို့ကြောင့် ဆန်ကွမ်းချီတို့ရှိရာ အလယ်ဗဟိုသို့ချီတက်လာခြင်းမရှိဘဲ ရောက်သည့်နေရာ၌ ထိုင်ချလိုက်ကြခြင်း ဖြစ်သည်။

ထိုအသံ ချက်ချင်းလိုလိုပင် ကျွဲချိုမှုတ်သံကို ကျယ်လောင်စွာ ကြားလိုက်ကြရသည်။



ထိုအခါ ကွန်လုံဝမ်၏တပည့်များသည် ဆတ်ခနဲ ထလာကြ၏။

ပလွေသံနှင့် ကျွဲချိုမှုတ်သံများ ရောနှောကြားနေရသဖြင့် သူတို့၏စိတ်ဓာတ်များသည်လည်း ဒွိဟ ဖြစ်လာကြရလေ၏။

ဆန်ကွမ်းချီသည် ကျွဲချိုမှုတ်သံကို ကြားလိုက်ရသည်နှင့် သူ့ပလွေကို မှုတ်ဆိုင်းရဲတော့ဘဲ ဆက်၍ဆက်၍ သီမှုတ်နေရတော့သည်။

သူ့အနေဖြင့် ကျွန်လုကိုတ်အား ကူညီနေခြင်းသာ ဖြစ်သည်။

ကျွဲချိုမှုတ်သံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။

ပလွေသံကလည်း သမုဒ္ဒရာလှိုင်းများအပေါ်၌ ယိမ်းထိုးပြေးလွှားနေသော လှေကလေးနှယ် ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

အိုယန့်ထူသည် ပလွေသံနှင့် ကျွဲချိုမှုတ်သံများကို ဂရုစိုက်နားထောင်ကြည့်သောအခါမှ ဆန်ကွမ်းချီနှင့် ကွန်လုံဝမ်တို့သည် အတွင်းအားပညာချင်း ယှဉ်ပြိုင်နေခြင်း ဖြစ်ကြောင်း ရိပ်မိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဆန်ကွမ်းချီအား ဂရုတစိုက် ကြည့်မိတော့၏။ ဆန်ကွမ်းချီမှာ ပင်ပန်း နွမ်းနယ်လွန်းလှသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး လဲကျတော့မလို ယိမ်းထိုးလျက် ရှိနေပေပြီ။

အိုယန်ထုံက တက်မုဆရာတော်အား....

'ဆရာတော် ပါ့ကွာဗျူဟာခင်းတဲ့ လက်ရွေးစင်ဂိုဏ်းသားရှစ်ယောက်ကို နည်းနည်းပါးပါးကူညီလိုက်ပါ၊ တပည့်တော်က ဆန်ကွမ်းချီဆိုတဲ့လူငယ်ကို ကူညီလိုက်ပါ့မယ်'

အိုယန်ထုံသည် မလှုပ်မယှက်နေသည့် ဆန်ကွမ်းချီ၏နောက်ကျောကို လက်ဖဝါးဖြင့်ထောက်၍ အတွင်းအား ပို့လွှတ်ကူညီသည်။

အိုယန်ထုံ၏ ကူညီမှုကြောင့် အနည်းငယ် တိုးညင်းလာသည့်ပလွေသံသည် တစ်ဖန်ကျယ်လောင်လာပေသည်။

ပလွေသံကျယ်လောင်လာသည့်တိုင် ကျဲချီမှုတ်သံကအဆက်မပြတ်ပေါ်ထွက်နေသဖြင့် အိုယန်ထုံလည်း ချွေးပြိုက်ပြိုက် ကျလာရပြန်လေ၏။

ထိုစဉ် ကံကောင်းထောက်မပြီး ကျဲချီသံ ရပ်ဆိုင်းသွားသဖြင့် ဆန်ကွမ်းချီရော အိုယန်ထုံပါ သက်သာရာ ရသွားခဲ့လေ၏။

ဆန်ကွမ်းချီလည်း အရှပ်ကြိုးပြတ်ဖြစ်သွားခဲ့သည်။



အိုယန်ထုံသည် သက်ပြင်းချပြီး ဆန်ကွမ်းချီအား ကြည့်လိုက်၏။

ဆန်ကွမ်းချီ၏ မျက်နှာတစ်ခုလုံးမှာ ဖြူရော်နေကြောင်း တွေ့ရှိရတော့သည်။

'မောင်ရင် ဒီဆေးလုံးကလေးမျိုချလိုက်ပါ၊ ကျန်ခန်းနေတဲ့ မောင်ရင့်အားတွေ ပြန်ပြည့်လာပါလိမ့်မယ်'

ဆန်ကွမ်းချီက ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လျက် ဆေးလုံးကိုယူ၍ မျိုချလိုက်လေသည်။

ထိုအချိန်တွင် ရာချီရှိသော ကွန်လုံဝမ်၏ တပည့်များမှာ မြက်ပင်များအကြား ပျောက်ကွယ်နေပြီး ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်ထားသည့် လူဆယ်ယောက်သာ တစ်ဟုန်ထိုးတိုးဝင်လာသည်။

ထိုအချိန်၌ လက်ရွေးစင် ဂိုဏ်းသားရှစ်ယောက်အနက် သုံးယောက်မှာဒဏ်ရာပြင်းထန်စွာရရှိနေပြီး ကျန်ခြောက်ယောက်မှာလည်းလဲပြိုလုမတတ် အားအင်ကုန်ခမ်းနေကြသဖြင့် ပါ့ကွာဗျူဟာမှာ ပျက်စီးလုမတတ် ဖြစ်နေ၏။

ထန်ရှင့် အော်ဟစ်အမိန့်ပေးသံသည် လက်ရွေးစင် ဂိုဏ်းသားများဆီသို့ ပျံ့လွင့်လာသည်။

'နန်ရိစိချ်ဗျူဟာကို ပြောင်းလိုက်'

www.burmeseclassic.com

www.burmeseclassic.com



ကျိုးတာကြည်ကလည်း ကူရှ် ဝင်အော်ပေးသည်။

'ရဲဘော်တို့ နန်ရှိစိရှာကို ပြောင်းပါ၊ နန်ရှိစိရှာကို ပြောင်းကြပါ'

လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်တို့သည် ချက်ချင်းပင် နန်ရှိစိရှာတိုက်ခိုက်နည်းဗျူဟာသို့ ပြောင်းလဲလိုက်၏။

နန်ရှိစိရှာဗျူဟာမှာ ပါ့ကွာဗျူဟာလောက် မသိမ်မွေ့ချေ။

သို့ရာတွင် ပါ့ကွာဗျူဟာကို အကောင်အထည်ဖော်နိုင်စွမ်း ရှိတော့မည်မဟုတ်ကြောင်း ထန်ရှင်သိနေသည့်ဖြစ်၍ နန်ရှိစိရှာဗျူဟာသို့ ပြောင်းခိုင်းခြင်း ဖြစ်ပေသည်။

ကိုယ်ကျော်အကျီအနက် ဝတ်ဆင်သူ ကွန်လုံဝမ် တပ်သား ဆယ်ယောက်သည် လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်ကို အပြင်းအထန် ထိုးခုတ်တိုက်ခိုက်ကြသည်။

လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်မှာလည်း သေလုနီးပါး ပင်ပန်းလှချေပြီ။

'ဆရာတော်၊ ကျေးဇူးပြုပြီး ကူညီတော်မူပါ'

အိုယန်ထု၏ မေတ္တာရပ်ခံသံကြောင့် တက်မုဆရာတော်မှာ လျှပ်တစ်ပြက် ခုန်ဝင်ပြီး ထိုးခုတ်တိုက်ခိုက်လေတော့၏။



မြက်ပင်များကို တံစဉ်ဖြင့်ရိတ်သိမ်းသကဲ့သို့ အကျီအနက်များမှာ အလဲလဲအပြိုပြို ဖြစ်ကုန်သည်။

ရန်သူ ဆယ်ယောက်အနက် ခြောက်ယောက်မှာ တက်မု ဆရာတော် လက်ချက်ဖြင့် သေဆုံးသွားသည်။

ကျန်ရှိလေးဦးမှာ ချက်ချင်းဆုတ်ပြေးသွား၏။

ထန်ရှင်က ဂိုဏ်းချုပ်ကြီး အိုယန်ထုအား တီးတိုး သတိ ပေးသည်။

'ဂိုဏ်းချုပ်ကြီး....အဲဒီအတိုင်းပဲ အမိန့်ပေးပါ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ကတော့ အင်အားကို ချွေထားပါ၊ သိပ်အရေးကြုံမှ ဝင်ကူပါ'

တက်မုဆရာတော်မှာ သွေးစွန်းနေသော လက်နက်များကို ကိုင်ဆောင်ပြီး အိုယန်ထု ရှိရာသို့ ပြန်လျှောက်လာ၏။

အိုယန်ထုက သက်ပြင်းချ၍ ပြော၏။

'တက်မုယ့်ပွဲပဲ၊ ကွန်လုံဝမ်ရဲ့တပ်သားတွေဟာ ကုန်ပဲမကုန်နိုင်တော့ဘူး၊ အဲဒီပုံအတိုင်းဆိုရင် ကျွန်ုပ်လုဂိုဏ်း၊ ရှောင်လင်ဂိုဏ်း၊ ဟွာဘန်းဂိုဏ်း၊ ခွန်းလွန်ဂိုဏ်းနဲ့ ဝါမေ့ဂိုဏ်း ငါးဂိုဏ်းပေါင်းရင်တောင် ကွန်လုံဝမ်ရဲ့ ဂိုဏ်းသား အရေအတွက်ကို လုံးဝမီမှာမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ကျီးတာကြည်အား အမိန့်ပေးလေ၏။

'ကျီးတာကြည်၊ လက်ရွေးစင်ဂိုဏ်းသားတွေ နားနေပါစေ၊ ဒဏ်ကြေဆေးတိုက်ပါ၊ အာဟာရတွေကျွေးပါ၊ ဒဏ်ရာရတဲ့ တပ်သားနှစ်ဦးကို ပြုစုကုသပါ'

ကျီးတာကြည်သည် ထန်ရှင်၏မြင်းရထားအတွင်းမှ ရိက္ခာများကို သယ်ယူသွားပြီး နားနေသည့် လက်ရွေးစင်တပ်သား ခြောက်ယောက်ကို ကျွေးမွေးသည်။

ဒဏ်ရာရတပ်သားနှစ်ယောက်ကိုမူ မြင်းရထားအနီးသို့သယ်လာပြီး ဒဏ်ရာများကို ဆေးထည့်ပတ်တီးစည်းပေး၏။

လက်ရွေးစင်တပ်သားများကား တကယ်ချီးကျူးလောက်သည်။

ထုသားပေသား ကျန်နေသော သူရဲကောင်းများပေတည်း။

ကွန်လုံဝမ် ငြိမ်နေခြင်းသည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံတို့အတွက် များစွာ အခွင့်အရေးရသွား၏။

အိုယန်ထုံသည် လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်ထံသို့ သွားရောက်ပြီး ချီးကျူးစကား ပြောကြားရာ ဂိုဏ်းသား ခြောက်ယောက်လုံးက ကပျာကယာထ၍ ဦးညွှတ်ဂါရဝပြုကြလေ၏။



'နားကြပါ၊ နားကြပါ၊ မင်းတို့ဟာ တပ်သား ရာပေါင်းများစွာ ထမ်းဆောင်ရမယ့်တာဝန်ကြီးကို ရှစ်ယောက်တည်းနဲ့ ထမ်းဆောင်ခဲ့ကြတယ်၊ မင်းတို့ရဲ့ ခန္ဓာကိုယ်ဟာ သာမန်အသွေးအသားနဲ့ တည်ဆောက်ထားပေမယ့် အခုတိုက်ပွဲမှာတော့ သံမဏိနဲ့ တည်ဆောက်ထားတယ်လို့ ထင်ရှတ် မှားရလောက်အောင် အစွမ်းပြနိုင်ခဲ့ကြတယ်'

ဂိုဏ်းသားခြောက်ယောက်စလုံးက တစ်ပြိုင်တည်း ပြောကြသည်။

'ဂိုဏ်းချုပ်ကြီးနဲ့ ကျန်လုဂိုဏ်းကြီးအတွက် ကျွန်တော်တို့အသက်ကို ပေးလှူဖို့ ဆုံးဖြတ်ထားပြီးပါပြီ ဂိုဏ်းချုပ်ကြီးခင်ဗျာ'

'အိမ်း....ကျန်လုဂိုဏ်းကို သစ္စာဖောက်သူတွေ သင်ခန်းစာယူစရာပါပဲကွယ်၊ မင်းတို့ကို ငါအများကြီး ကျေးဇူးတင်ပါတယ်၊ ကဲ...နားကြ၊ နားကြ၊ သူတို့ဆီက ခရာသံ သို့မဟုတ် ကျွဲချိုမှုတ်သံကြားရင်တော့ မင်းတို့ရဲ့ မူလနေရာကို ပြန်သွားပြီး နန်ရိစ်ရှုဗျူဟာကို ပြန်အကွက်ဖော်ကြပါ'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ထွက်ခွာသွားသောအခါမှ လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက် ပြန်လည်အနားယူကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ခရာသံမှုတ်သံများ ကြားလိုက်ရပြန်တော့သည်။

ဂိုဏ်းသားခြောက်ယောက်သည် ခုန်ထပြီး မူလနေရာ၌ သွားရပ်နေကြလေ၏။

သူတို့ မျှော်လင့်ထားသည့်အတိုင်းမင်းကွန်လုံဝမ်ဂိုဏ်းသားများသည် ဖွေးဖွေးလှုပ် ချီတက်လာပြန်တော့သည်။

ထန်ရှင်က ကျိုးတာကြည်အား လှမ်းခေါ်ပြီး တိုးတိုးမေးမြန်းလေ၏။

ကျိုးတာကြည်သည် မြင်းရထားမောင်းသမား နေရာပေါ်သို့ ခုန်တက်ပြီး မြင်းကြီးများပေါ်၌ အုပ်တင်ထားသည့် သားရေချပ်ကြီးများကို ဖယ်ရှားပစ်လိုက်သည်။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီးတို့ အနေနဲ့ ဒီမှာပဲ စောင့်နေကြပါ၊ ဒီလောက်များတဲ့ ရန်သူတွေကို သိုင်းပညာနဲ့ ခုခံဖို့မလွယ်တော့ဘူး'

သူသည်စကားဆုံးသည်နှင့် ကျိုးတာကြည်အား လှမ်းအော်အမိန့်ပေးလိုက်သည်။

'ကျိုးတာကြည်....မောင်းတော့'



ကျိုးတာကြည်သည် မြင်းဇက်ကြိုးကို ဆွဲလှုပ်ယမ်းခါလျက် မြက်ရိုင်းလွင်ပြင်ဆီသို့ မောင်းထွက်သွားတော့သည်။

လွန်းပုံသဏ္ဌာန်ရှိသည့် ပုံစံထူးခြားသော မြင်းရထားသည် မြက်ပင်များအကြား၌ ရှိမ်ခနဲ ရှိမ်ခနဲ ဖြတ်သန်း၍ မောင်းနှင်သွားသည်။

အိုယန်ထုက ရေရွတ်၏။

'အင်း....နှောင်ကြိုးထန်ရှင်တော့ တစ်ခုခု လုပ်တော့မယ်နဲ့တူတယ်'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ဒကာကြီးထန်ရှင်ကို ကွန်လုံဝမ် ကြောက်မယ်ဆိုလဲ ကြောက်စရာပဲ၊ သူက အစစအရာရာ ပြင်ဆင်ထားနိုင်တာကိုး'

သူတို့ စကားမဆုံးမီ ထန်ရှင်၏ မြင်းရထား နောက်မြီးမှ မီးခိုးငွေ့များ ထွက်လာသည်ကို တွေ့ရလေ၏။

ထိုအငွေ့များသည် မြင်းရထားပြေးရာလမ်းတစ်လျှောက်၌ အငွေ့တန်းကြီးအဖြစ်ကျန်ရစ်ခဲ့ရာမှ လေတိုက်လိုက်သောအခါ တဖြည်းဖြည်း ပျံ့နှံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမီးခိုးငွေ့များသည် ကျွန်လုံဝမ်၏ တပည့်လက်သားများ တန်းစီ၍တက်လာသည့်ဘက်သို့ တဖြည်းဖြည်း လွင့်သွားသည်။

မျှားမကြာမီ ထိုတပ်သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားတော့၏။

ထန်ရှင်သည် သူ့မြင်းရထားအတွင်း၌ အလွန်တရာ ပြင်းထန်သည့်အဆိပ်ငွေ့များကို သိုလှောင်ထားခဲ့သေးသည်တကား။

အိုယန်ထုံက မှတ်ချက်ချသည်။

'နောင်ကြီးထန်ရှင်ဟာ ကျွန်လုံဝမ်ထက် အဆိပ်ပညာမှာ တစ်ဖက်ကမ်းခတ်ပါတယ်၊ ဒါပေမယ့် သူဟာ သူ့အဆိပ်ကို မတော်မတရားတဲ့ နေရာမှာ မသုံးဘူး၊ အခုတော့ ကျွန်လုံဂိုဏ်းနဲ့ သိုင်းလောကကြီးတစ်ခုလုံးကို ကယ်တင်ဖို့အတွက် သူ စုဆောင်းထားတဲ့ အဆိပ်တွေကို မတတ်သာဘဲ အသုံးပြုနေရပြီ'

ထန်ရှင်၏ မြင်းရထားသည် ကွင်းတစ်ဝက်မျှ ဖြတ်သန်း မောင်းနှင်ပြီးနောက် အိုယန်ထုံတို့ရပ်နေသည့်နေရာသို့ပြန်လည် ရောက်ရှိလာ၏။



အိုယန်ထုံနှင့် တက်မုဆရာတော်တို့သည် မြင်းရထားအနီး သို့ ချဉ်းကပ်သွား၏။

ထိုအခါ စိတ်ထိခိုက်နေပုံရသော ထန်ရှင်အား တွေ့မြင် ကြရ၏။

အိုယန်ထုံသည် သူ့နောင်တော်၏ စိတ်ခံစားချက်ကို သိ၍ အားပေးလိုက်ရသည်။

'နောင်ကြီးထန်ရှင်...ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ အ ကိစ္စက သတ်မလား သေမလားဆိုတဲ့ကိစ္စပဲ၊ ကိုယ်ကမသတ်ရ သူတို့က ကိုယ့်ကို သတ်မယ့်အချိန်ပဲ၊ နောက်တစ်ချက်က သူ တော်တို့က ခုခံကာကွယ်သူတွေပါ၊ ကျွန်လုဂိုဏ်းနဲ့ ကျွန်ုင ဂိုဏ်းကြီးတွေအတွက် ခုခံကာကွယ်နေတဲ့ လူတွေပါ၊ အင်း ဆေးမပြီး ကျွန်လုံဝမ်စေသမျှ လုပ်နေရတဲ့ လူတွေအတွက်ဘေ စိတ်မကောင်းစရာပေါ့လေ'

ထန်ရှင်သည် အဝေးသို့ ငေးနေ၏။

မီးခိုးငွေ့ အဆိပ်များကိုလည်း မတွေ့ရတော့ပေ။

ကျွန်လုံဝမ်၏ တပ်သားများကိုလည်း မတွေ့တော့ပေ၊

အလောင်းများသည် မြက်ပင်များအောက်ရောက်ရှိနေပေ

တက်မုဆရာတော်မှ မျက်လွှာချတော်မူလျက် ဘုရားမျ တီးတိုးရွတ်ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးတကြည့်သည် မြင်းရထားပေါ်၌ မတ်တတ်ရပ်ကာ အားရကျေနပ်စွာ မျှော်ကြည့်နေ၏။

'ဆရာကြီးရဲ့ အစီအမံကတော့ သိပ်ကောင်းတာပဲ၊ အခု ဆိုရင် ကွန်လုံဝမ် ဆွေ့ဆွေ့ခုန်နေလောက်ပြီ'

အို့ယန်ထုံက ထန်ရှင် စိတ်ပြောင်းသွားစေရန် စကား လမ်းကြောင်း ပြောင်းလိုက်၏။

'နောင်ကြီးထန်ရှင်....ကျုပ်တို့ဆီကို ကွန်လုံဝမ် ထပ်လာ နိုင်သလား'

ထန်ရှင် ခေါင်းညိတ်၏။

'လာနိုင်တာပေါ့၊အခု ကျွန်တော် လုပ်လိုက်တဲ့အတွက် ကွန် လုံဝမ် ကျိန်းသေ ထပ်လာလိမ့်မယ်၊ နောက်ဆုံး ကျွန်တော် မျှော်လင့်ထားတဲ့ ဗုဒ်ကောင်ပါ ပေါ်ချင်ပေါ်လာလိမ့်ဦးမယ်'

'မနောင်ကြီးထန်ရှင်ရဲ့ မြင်းရထားထဲမှာ ဒီလိုလက်နက်တွေ ရှိလိမ့်မယ်လို့ ကျုပ်တော့ လုံးဝ ထင်မထားခဲ့ဘူး'

'အခြေအနေအရ ထုတ်သုံးလိုက်ရတာပဲလေ၊အများအတွက် ဆိုတော့ မတတ်သာဘဲ လုပ်လိုက်ရတာယ်၊ ကျွန်တော်တို့အခုနေနဲ့ ကွမ်းစန့်စင်နဲ့ လေးဆယ့်ရှစ်အဖွဲ့ ရောက်မလာမီ ကြွကြွခိုင် ခုခံ နေဖို့ လိုအပ်တယ်၊ လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်



အနေနဲ့ ဒီလောက် များပြားတဲ့လူတွေကို ဘယ်ခုခံနိုင်မှာတုန်းလဲ၊ အဲဒီလူတွေ တစ်ယောက်ချင်း လည်းနင်းပေးရင်တောင် လက်ရွေးစင်ဂိုဏ်းသား ခြောက်ယောက်လုံး အတူနိုင်မှာ မဟုတ်ဘူး၊ လက်ပန်းကျပြီး သူတို့ပဲ သေသွားနိုင်တယ်

တက်မုဆရာတော်က မျက်လုံးဖွင့်ကြည့်ပြီး [illegible] မေး၏။

'ဟုတ်ပါတယ်လေ၊ကောကြီးထန်ရှင်ပြောတာ မှန်ပါတယ် သူတို့ကို ဒီနည်းနဲ့မှ မသတ်ရင် ကျုပ်တို့ သေဖို့ပဲ ရှိတော့တယ်

တက်မုဆရာတော်အနေဖြင့် ကျွဲအခြေအနေကို နားလည် သဘောပေါက်သွားသဖြင့် ထန်ရှင်မှာ များစွာစိတ်သက် သာရာ ရသွားသည်။

'အဲဒါပဲဆရာတော်၊ ဂိုဏ်းချုပ်ကြီးပြောတဲ့ သတ်မသား သေမလားဆိုတဲ့ အခြေအနေမျိုးဆိုတော့ တပည့်တော်တို့ခမျာ ခုလို ရက်ရက်စက်စက်လုပ်ရတာပဲ၊ မတတ်သာလို့ လုပ်ရတဲ့ကိစ္စ ပါ၊ အခု ဟောဒီနေရာကနေ တပည့်တော်တို့ထွက်သွားကြည့် ကွန်လုံဝမ်က ဒီနေရာကို ချက်ချင်းဝင်ယူမယ်၊ ဟောဒီဆယ်မိုင် ပတ်ဝန်းကျင်မှာ ဝင်ခိုနေတဲ့ ဆိုပ်တန်းသိုင်းသမား အားလုံး သေမြဲသာမှတ်ပေတော့'

ဂ

တက်မုဆရာတော်က....

www.burmeseclassic.com

www.burmeseclassic.com



'ဒီသိုင်းသမားတွေက ဘာဖြစ်လို့ဒီနယ်ထဲ ဝင်လာကြရတာလဲ'

'တပည့်တော်လဲ တိတိကျကျတော့မသိသေးပါဘူး၊ တပည့်တော်စိတ်ထင်တော့ ကျွန်လုံဝမ်ဟာ ဒီနယ်ထဲမှာသိုင်းလောကသားတွေ မက်လောက်တဲ့ ပစ္စည်းတစ်ခုခုနဲ့ မျှားထားတယ်လို့ ထင်တာပဲ၊ ဥပမာပြောရရင် ရှားပါးတဲ့ သိုင်းကျမ်းလို ပစ္စည်းမျိုး တစ်ခုခုရှိနေတယ်ဆိုတဲ့သတင်းမျိုးပေါ့'

'ဟုတ်တာပဲ၊ သိုင်းလောကသား ဆိုတာကလဲသိုင်းပညာနဲ့ ပတ်သက်ရင် လူတွေ ရွှေငွေရတနာတွေမက်ကြတာထက် ပိုပြီးဆိုးတယ်၊ အသက်ကိုတောင်တန်ဖိုးမထားဘဲ ရှာတတ်ဖွေတတ်ကြတာကိုး'

တက်မုဆရာတော်က ညည်းညည်းညူညူ ပြောနေမိသည်။

ထိုအချိန်မှာပင် ကျွန်လုံဝမ်၏ လက်ချက်ဖြင့် ဒဏ်ရာရနေသော ဖေကုံးလျှန်အစ်ယောက် ပြန်လည် ထလာနိုင်သည်။

အို ယန်ထို၊ တက်မုဆရာတော်နှင့် ထန်ရှင်တို့မှာ များစွာအားတက်သွား၏။

ဖေကုံးလျှန်အခြေအနေကို ခမေးမြန်းကြသည်။

ဖေကုံးလျှန်က သူ့ရင်တတ်ကိုထုပြရင်း....



'ကျေးဇူးတင်ပါတယ် နောင်တော်တို့၊ ဖေကုံးလျှန်ပတော်တော်နဲ့မသေပါဘူး၊ အခုလဲမသေဘူး၊ နောင်လဲ မသေဘူး၊ သိုင်းလောကထဲက မကောင်းဆိုးဝါးတွေကို အမြစ်ပြတ်မသုတ်သင်ရသေးရင် ဖေကုံးလျှန် ဘယ်တော့မှ မသေနိုင်ဘူး'

တက်မုဆရာတော်သည် ဖေကုံးလျှန်စကားကြောင့် ပြုံးလေ၏။

'ဒီဓကားကြီးကတော့ တမလွန်ဘဝကို ရောက်ရင်တောင် ခုလိုတဇောက်ကန်း ပြောဦးလုပ်ဦးမှာ သေချာတယ်'

ဖေကုံးလျှန်သည် မြေပြင်၌ကျနေသည့် ဓား တစ်ချောင်းကောက်ယူပြီး သိုင်းကွက်ကစားလိုက်၏။

အို ယန်ထိုက....

'နောင်ကြီး ဖေကုံးလျှန် လုံးဝ သက်သာသွားပြီ နော်'

ဖေကုံးလျှန်က ရယ်မျှပြော၏။

'ဂိုဏ်းချုပ်ကြီးပေးတဲ့ ဒဏ်ကြေဆေးက အလွန်ကောင်းတာပဲ၊ ဖေကုံးလျှန်တို့ နောက်ထပ်ပွဲ ဆက်နွှဲနိုင်သေးတာပေါ့

www.burmeseclassic.com



ထိုစဉ်စာရာမှတ်သံကြားရပြီး အက်ကျီနက်ဝတ်ဆင်သူငါးဆယ်ခန့် ချီတက်လာကြပြန်လေ၏။

ဖေကျော်လျှန် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သို့သော် ထန်ရှင်၏တားမြစ်သံကြောင့် သူတို့ခနဲ ရပ်ဆိုင်းသွား၏။

'နောင်တော်တို့ ခေတ္တစောင့်ကြပါ၊ ရှေ့မှာရှိနေတဲ့ လက်ရွေးစင်ဂိုဏ်းသားခြောက်ယောက်လဲ နောက်ဆုတ်ကြပါ၊ ဒီလူတွေကို မြင်းရထားထဲကဘွားနဲ့ပဲ တိုက်ရဦးမယ်'

အိုယန်ထုက....

'နောင်ကြီးထန်ရှင်....ဒီလူတွေကိုတော့...'

ထန်ရှင်က ဖြတ်၍ပြောသေ၏။

'ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ဟာ အင်မတန် လည်တယ်၊ မိုက်ကန်းတဲ့စိတ်လဲရှိတယ်၊ အဲဒီနှစ်မျိုး ပေါင်းစပ်နေတဲ့ အတွက် သူ့ဂိုဏ်းသားတွေကို ခုလိုရက်ရက်စက်စက် အသေခံခိုင်းနေတာပဲ၊ ဂိုဏ်းချုပ်ကြီးပဲဖြစ်ဖြစ်၊ ကျွန်တော်ပဲ ဖြစ်ဖြစ် သူ့နေရာကို ခေတ္တခဏ ဝင်ကြည့်စမ်းပါ၊ ကိုယ့်လူတွေကို ဒီလို အမြောက်အမြား အသေခံခိုင်းမလား၊ သူကတော့အသေခံခိုင်းတယ်၊ အဲ....သူ့ရည်ရွယ်ချက်က ဘာလဲ'

ထန်ရှင်သည် စကားကိုဆုံးအောင်မပြောနိုင်ဘဲ မြင်းရထားပေါ်မှ ကျိုးတာကြည်အား လှမ်း၍အော်၍ အမိန့်ပေးလေ၏။



'ကျိုးတာကြည်...အဲဒီအုပ်စုရဲ့ ရှေ့ထိုက်တစ်ရာလောက်ကနေ ကာနံလန့်ဖြတ်မောင်းစမ်း၊ သိပ်လဲအနားမကပ်နဲ့'

ကျိုးတာကြည်က အလွန်တရာလျင်မြန်၏။

ထန်ရှင်၏စကားမဆုံးမီ မြင်းကြီးများ တဟုန်ထိုး ပြေးထွက်လျက်ရှိနေပေပြီ။

ထိုလူအုပ်ရှေ့ မြင်းရထားကြီး ဖြတ်ကျော်နေချိန်တွင် ထရှီးရှီးအသံများကြားလိုက်ရပြီး မြင်းရထားထဲမှ လက်ညှိုးခန့် လက်ခလယ်ခန့်ရှိသော အဆိပ်လူးမြှားများ လွင့်ထွက်သွားသည်။

ကွန်လုံဝမ်ဂိုဏ်းသားများမှာ သူတို့၏ လက်နက်များဖြင့် ရိုက်ပုတ်ဖယ်ထုတ်သော်လည်း အလွန်တရာ များပြားသော အဆိပ်မြှားများကို အားလုံးဖယ်ထုတ်ခြင်း မပြုနိုင်ကြချေ။

အတုံးအရုံး လဲကျ သေဆုံးကုန်သည်။

မကြာမီ မြင်းရထားသည် မူလနေရာသို့ ပြန်လည်ရောက်ရှိလာသည်။

တက်မူဆရာတော်က....

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဆိုင်းလောကထဲ ကျက်စားလာခဲ့တာ နှစ်ပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိပါပြီ၊ ဒီနေ့ပွဲလို အတုံးအရုံး လူသေတဲ့ပွဲမျိုးတော့ ကျုပ်တစ်သက်မှာ တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ရသေးဘူး'

အို့ယန်ထု လည်း သက်ပြင်းသာချမိတော့သည်။

ထန်ရှင်သည် မြင်းရထားပြတင်းဝမှ ခေါင်းပြူကြည့်ပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထုကို တောင်းပန်လေ၏။

'ဂိုဏ်းချုပ်ကြီး စောစောက ၊ မပြောမဆို စကားစမပြတ်ဘဲ ထွက်သွားတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျား'

'အို...နောင်ကြီးထန်ရှင်၊ ကွန်လုံဝမ်ဂိုဏ်းသားတွေ သိပ်နီးလာလို့ ထွက်သွားမှန်း ကျုပ်လဲသိပါတယ်၊ ဒါ တောင်းပန်စရာ မလိုပါဘူးဗျာ၊ ကဲ...မပြီးပြတ်သေးတဲ့ စကားကို ဆက်ပြောပါဦး နောင်ကြီးရာ'

'ဟုတ်ကဲ့၊ ကျွန်တော် ဆက်ပြောပါ့မယ်၊ ကွန်လုံဝမ်ဟာ ကျွန်တော်တို့လူစုကို တတိယတန်းစား ဒုတိယတန်းစား သိုင်းသမားတွေနဲ့ ပထမဦးဆုံး တိုက်ခိုင်းတယ်၊ ကျွန်တော်တို့သာ သိုင်းပညာနဲ့ ခုခံနေရင် သူမျှော်လင့်ထားသလို ကျိန်းသေ လက်ပန်းကျတဲ့မှာပေါ့၊ ကျွန်တော်တို့ရဲ့ လက်ရွေးစင်ဂိုဏ်းသားရှစ်ယောက်ကိုကြည့်ပါလား၊ ထုသားပေသားကျအောင် လေ့ကျင့်ပေးထားတဲ့လူတွေလဲ လက်ပန်းကျလာရတာပဲ၊ သူတို့က



နောက်ဆုံးအချိန်ကျမှ ထိပ်တန်း သိုင်းသမားတွေ၊ အလံအုပ်ခေါင်းဆောင်တွေနဲ့ ကျွန်တော်တို့ကို လာပြိုင်သိမ်းမယ်၊ ပြိုင်တာထက် ကြက်ကလေး ငှက်ကလေးတွေကိုဖမ်းသလို ဖမ်းဖို့လာကြပါလိမ့်မယ်၊ ခုအခြေအနေအတိုင်းဆိုရင်တော့ သူတို့တွက်ကိန်းလွဲပြီဆိုတာ သူတို့ နားလည် သဘောပေါက်သွားပါလိမ့်မယ်'

ထန်ရှင်သည် သူ၏ခေါက်ယပ်တောင်ကို ထုတ်၍ယပ်ခတ်လိုက်ပြီး တမျှင်းမျှင်းရယ်လိုက်၏။

'ကွန်လုံဝမ် တစ်ချက်ပဲ အကြည့်လွဲသွားတယ် ကျွန်တော် မြင်းရထားဟာ သူတို့ကို အကြီးအကျယ် ဒုက္ခပေးလိမ့်မယ်၊ သူတို့ လုံးဝတင်ထားမှာမဟုတ်ဘူး'

ထိုစဉ် ကျွဲချိုမှုတ်သံ ထွက်လာပြန်သည်။

အို့ယန်ထု ခေါင်းထောင် ကြည့်လိုက်ရသောအခါ လူနှစ်ဆယ်ခန့် မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းလာကြောင်း တွေ့လိုက်ရသည်။

ကွန်လုံဝမ်ဦးဆောင်သည့် သိုင်းသမားအုပ်စု ဖြစ်သည်ကို ရိပ်မိလိုက်သဖြင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံဝမ် လာနေသည်မှာ ခရီးအတော် လှမ်းနေသေးသဖြင့် မြက်ခင်းပတ်ပတ်လည်ရှိ အလောင်းများနှင့် လက်နက်များကိုကြည့်ပြီး ဖေကုံးလျှန်က မှတ်ချက်ချသည်။

'ပညာရှိ ထန်ရှင်ရဲ့ ကျော်ကြားမှုကို ဝါဆန်းတောင်မှာ ရှိစဉ်ကတည်းက ကျုပ်ကြားသိခဲ့ဖူးပါတယ်၊ သိုင်းပညာမတတ်တဲ့ သိုင်းလောကထဲမှာ ဒီလောက် ကျော်ကြားတာ ဟုတ်နိုင်ပါ့မလားလို့လဲ ကျုပ် ခဏခဏ တွေးမိဖူးပါတယ်၊ ဒီနေ့ကျမှ ပညာရှိထန်ရှင် ဘယ်လောက်စွမ်းတယ်ဆိုတာ ကျုပ် သိရတော့တယ်'

'ဟုတ်တယ်၊ကျုပ်လဲ ဒီနေ့ကျမှ ကိုယ်တွေ့သိရတော့တာပဲ'

တက်မုဆရာတော်က ဝင်၍ထောက်ခံ၏။

ဖေကုံးလျှန်က ဆက်ပြောသည်။

'ဟောဒီ လူသေတွေကိုကြည့်၊သူတို့ဟာ အနည်းဆုံး အသက်နှစ်ဆယ်ကနေ လေးဆယ်အတွင်း ရှိကြတယ်၊ ဒီနှစ်တွေအတွင်းမှာ သိုင်းပညာတွေကို ကြိုးစားသင်ယူခဲ့ကြရတယ်၊ ဟော… အခုကြည့်စမ်း၊ ဒီသိုင်းပညာရှင်တွေကို နောင်ကြီး ထန်ရှင်လို ကြက်တစ်ကောင် မသတ်ဖူးတဲ့လူက အတုံးအရုံး သေအောင် လုပ်ပစ်လိုက်ပြီ၊ ကွန်လုံဝမ်လို သိုင်းပညာ အင်မတန်တော်တဲ့လူလဲ နောင်ကြီးထန်ရှင်ကို သိပ်ကြောက်နေရပြီ၊ အင်း…လက်ရုံးရည်နဲ့ နှလုံးရည် ဘယ်သင်းက ပိုသာတယ်ဆိုတာ ပြက်ပြက်ထင်ထင် မြင်လိုက်ရပြီပဲဗျာ၊ နောင်ကြီး ထန်ရှင်ကို ကျုပ်တကယ်ပဲ ချီးကျူးပါတယ်ခင်ဗျား'



ထန်ရှင်က ရယ်ရင်း ပြောလေ၏။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုန်လှုပ်ကိုဂျာနှုတ်ခမ်းပြုနိုင်ရောက်နိုင်ခဲ့ရင် နောင်ကြီး ဖေကုံးလျှန်ကို ရေနွေးကြမ်းနဲ့ တည်ခင်းဧည့်ခံပါဦးမယ်'

တက်မုဆရာတော်က….

'ကျုပ်ကတော့ ကွန်လုံဝမ်ရဲ့ စိတ်ထဲမှာ အကြင်နာတရား ပေါ်ပေါက်လာပါစေလို့ပဲ ဆုတောင်းပါတယ်၊ ဒါမှ သူ့လက်အောက်က လူတွေကို အသေမခိုင်းမှာ'

အိုယန်ထုံက လေးနက်စွာ ပြောလေ၏။

'ဒီအချိန်ကစပြီး အဲဒီအတွက်တော့ မပူပါနဲ့ ဆရာတော်'

'ဘာဖြစ်လို့လဲ ကိုကျားချုပ်ကြီး'

'ဘာဖြစ်လို့လဲဆိုတော့ ကွန်လုံဝမ်ဟာ သူ့လူတွေ အတုံးအရုံး ကျဆုံးကုန်ပြီဆိုတာသိလို့ သူ့လက်ထောက်တွေနဲ့ သူကိုယ်တိုင် အခုလာနေပြီလေ'

ထန်ရှင်မှအစ လူအားလုံးက ကွန်လုံဝမ်အား စောင့်နေစဉ် ကွန်လုံဝမ်၏ မြင်းအုပ်စုကြီးသည် လက်ဝဲဘက်သို့ ကွေ့ပြီး ဒုန်းစိုင်းသွား၏။

မြက်ရိုင်းပင်များကို လေတိုက်သောအခါ ရေလှိုင်းများ ထသလို မြက်ရိုင်းများ လှုပ်ရှားသွား၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြက်ရိုင်းများပေါ်၌ ကွန်လုံ့ဝမ်၏ မြင်းအုပ်စုကြီးသည် တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

အို့ယန်ထု က မျက်မှောင်ကုတ်ပြီး တီးတိုးပြောမိလေ၏။

'ဒါ ဘာလုပ်တာလဲ၊ ကွန်လုံ့ဝမ် တစ်ခုခုတော့ကြံပြီ'

သူတို့ အံ့ဩနေကြစဉ် မြက်ခင်းပြင်၏ လက်ယာဘက် အရှေ့ဘက်အရပ်မှ လူအုပ်တစ်စု တလှုပ်လှုပ်နှင့် ထွက်လာသည်ကို တွေ့လိုက်ရပြန်သည်။

ထိုလူအုပ်စု နီးလာသောအခါ သူတို့ ပို၍ အံ့ဩသွားရပြန်၏။

ဝေါယာဉ်တစ်စီးကို မိန်းမလေးယောက် ထမ်းယူလာခြင်းပေတည်း။

အခန်း (၉၉)

ညီချစ်စစ်ကျွ

ဝေါယာဉ်နောက်၌ ငယ်ရွယ်သော အမျိုးသမီး အယ်ဦးက စောင့်ရှောက် လိုက်ပါလာကြ၏။

ဓားလွတ်များကိုလည်း ကိုင်ဆွဲထားကြသည်။

ဤ မြက်ရိုင်းလွင်ပြင်နှင့် ဝေါယာဉ် ဘာဆိုင်သနည်း။

မြက်ရိုင်းလွင်ပြင်နှင့် ဓားလွတ်ကိုင် အမျိုးသမီးများ ဘာဆိုင်သနည်း။

ဝေါယာဉ်နှင့် အမျိုးသမီးအုပ်စုသည် မြက်ရိုင်းလွင်ပြင်ဘက်မှ၏ ဗဟိုချက်မသို့သာ ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုယန်ထုတ်တို့နှင့် မလှမ်းမကမ်း နေရာ၌ ဝေါယာဉ်ကို အောက်သို့ ချပေးလိုက်ရာ ဝေါယာဉ်ထဲမှ ဝတ်စုံအနက်ရောင် ဝတ်ထားပြီး မျက်နှာကို ဇာပဝါ ခြုံထားသည့် အမျိုးသမီး တစ်ဦး ထွက်လာ၏။

သူမသည် ပတ်ပတ်လည်၌ အတုံးအရုံး သေဆုံးနေသူများကို လှည့်ပတ်ကြည့်ရှုပြီးနောက် ခါးသီးစွာ ရေရွတ် ပြောကြားတော့သည်။

'ဒီလောကကြီးမှာ ကွန်လုံဝမ် တစ်ယောက်ပဲ အင်မတန် ရက်စက်ကြမ်းကြုတ်တယ်လို့ ထင်ခဲ့တယ်၊ အခုတော့ ကိုယ့်အထင် မှားနေပြီပေါ့၊ ရှင်တို့လဲ ကွန်လုံဝမ်လိုပဲ ရက်စက်ကြတာပဲ'

ထိုအမျိုးသမီးကြီးသည် ထိုစကားပြောပြီး ဝေါယာဉ်ပေါ်သို့ ပြန်တက်ရန် ဟန်ပြင်သည်။

ထိုစဉ်....

'မယ်တော်'

နိုင်ချစ်နော်သည် တောချုံစပ်မှ ပြေးထွက်လာပြီး အမျိုးသမီးကြီး၏ ခြေရင်း၌ ဒူးခိုက်ရှိုးလေ၏။

အိုယန်ထုတ်တို့ထံသို့ ရောက်ရှိနေသော အဘိုးအိုသည် ဆေးညာဥ် စွမ်းလှ၏။



သတိမေ့မြောနေသော နိုင်ချစ်နော်အား ပြန်လည်သတိရရှိစေခဲ့လေပြီ။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမသည် နိုင်နော်နော်အား ငုံ့ကြည့်၏။

'မင်း...နိုင်ချစ်နော် မဟုတ်လား'

'ဟုတ်...ဟုတ်ကဲ့ သမီး နိုင်ချစ်နော်ပါ'

'မင်းက ရေမွှေးစားမခင်ကို သတ္တာဖောက်သွားတယ်လို့ ဂိုဏ်းထဲမှာ သတင်းပျံ့နေတယ်... တကယ်ပဲ သတ္တာဖောက်သွားသလား'

'ဖခင်ကြီးက ကျွန်မတို့ အရိုးစိမ့် အဆိပ်အပ် တွေ့ခိုက်ထားခဲ့ပါတယ်၊ ကျွန်မ မကြာခင် သေရမှာပါပဲ'

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမသည် သက်ပြင်းတစ်ချက်ချပြီးနောက်....

'ဟောဒီပတ်ဝန်းကျင်ကို ကြည့်စမ်း၊ လူသေအလောင်းတွေ ပြန့်ကျဲနေတာပဲ၊ သွေးတွေလဲ ရဲနေတာပဲ၊ သိုင်းလောကကြီး ဘယ်လောက် ရှုပ်ထွေးမှုတွေလဲဆိုတာ ငါတော့ လုံးဝ နားမလည်နိုင်တော့ပါဘူး၊ သိုင်းလောကသား ဝင်လုပ်ရတာ အရှုံးတစ်ဝက်နဲ့ ဝင်လုပ်ရတာနဲ့ အတူတူပါပဲ'

တက်မုဆရာတော်က လက်အုပ်ချီပြီး နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ နောက်....

'ဒကာမကြီး၊ ကျုပ်တို့ဟာ အမှန်တရားရဲ့ ဘက်တော်သားတွေလို့ပြောရင် ကိုယ့်ကိုယ်ကိုဖော် မသူတော်လွှပ်တယ်လို့ ထင်မှာပဲ၊ ကျုပ်တို့ကတော့ ကိုယ့်အသက်ကိုယ် ကာကွယ်ကြရတာပဲ'

အမျိုးသမီးကြီးသည် ထူးထူးခြားခြား နူးညံ့သိမ်မွေ့သော လေသံဖြင့် နိုင်ချစ်နော်အား လှမ်းပြောသည်။

'ကလေး မယ်တော်နဲ့ ပြန်လိုက်ခဲ့မလား'

နိုင်ချစ်နော်မှာ ဇဝေဇဝါ ဖြစ်သွားရပြန်သည်။

မယ်တော် ကာကွယ်လျှင် အသက်ဘေးမှ လွတ်ကင်းနိုင်သည်ကို တွေးမိ၏။

သို့သော်....

ရက်စက်သော လူ့နန်လုံ့ဝမ်၏ ထားရာနေ စေရာသွား တစ်ပါးကျွန်အဖြစ်ကို မခံယူလိုတော့ပြီ။

'ကျွန်မ မလိုက်တော့ပါဘူး မယ်တော်၊ ခွင့်လွှတ်ပါတော့'

အမျိုးသမီးကြီးက ခေါင်းညိတ်၏။

လုံးဝ စိတ်ဆိုးခြင်းမရှိပေ။



'လူတိုင်း ကိုယ့်ခံယူချက်နဲ့ကိုယ်ပဲ၊ မင်းဆုံးဖြတ်ချက်ကို ငါဘာမှ အပြစ်မပြောလိုဘူး'

သူမသည် စကားကို ခေတ္တဖြတ်ပြီး အလောင်းများကို လက်ဖြင့် ဝှေ့ယမ်းပြ၏။

'ဒီနေရာမှာ အလောင်းတွေ ပြန့်ကျဲနေတာမြင်တော့ညသည်ရဲ့ဖခင်ကိုလဲ ငါမှတားမြစ်လို့တော့ဘူး၊ မင်းရဲ့ဖခင်ဟာ အမတန်ရွှေ့ဆာနေတယ်၊ လူတွေကို လိုက်သတ်ခဲ့တယ်၊ ဒါပေမယ့် သူသတ်တာက တစ်ယောက်၊ နှစ်ယောက်၊ သယ်ယောက်စသဖြင့် သတ်တယ်၊ ဒီက လူသတ်သမားတွေကတော့ တစ်ခါတည်းနဲ့ ရာချီသတ်တယ်၊ လောကမှာ လူကောင်းဆိုတာ မရှိတော့ဘူး'

နိုင်ချစ်နော်သည် လူသေများကို တွေ့ပြီးနောက် အလွန်တရာ ခါးသီးစိတ်ဝင်နေသော သူမ၏ မွေးစားမိခင်ကြီးအား ဖျောင်းဖျရန် ကြိုးစား၏။

'မယ်တော်၊ ဟောဒီမှာရပ်နေတဲ့ သိုင်းသမားကြီးတွေဟာ ဒီနေ့ သိုင်းလောကမှာ အလွန်ပဲ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ၊ အကြင်နာတရားလဲရှိပါတယ်၊ အပြစ်မရှိတဲ့လူ တစ်ယောက်အသေမှာကို အလွန်ပဲ စိုးရိမ်ကြပါတယ်၊ မွေးစားမိခင်ကြီးရဲ့ လူတွေကို သတ်ရတာကလဲ မလွဲသာမရှောင်သာ လွန်းလို့ပါ'

www.burmeseclassic.com



နိုင်ချစ်နော်က မြက်ရိုင်းလွင်ပြင်ကြီးကို လက်ဖြင့် တစ်ချက် ဝှေ့ယမ်းပြပြီး....

'အဲဒီ မြက်ပင်တွေကြားထဲမှာ ဖခင်ကြီးရဲ့ တပ်သားတွေ အများကြီး ရှိနေပါသေးတယ်၊ မယ်တော် အခုနေ ထွက်သွားတဲ့ပုံမျိုး ဟန်ဆောင်ပြီး ပြန်ချောင်းကြည့်ပါ၊ ခွေးသေက် ယင်းတစ်တွေ ဝိုင်းဆွဲတဲ့ပုံမျိုးနဲ့ ဝင်ရောက်တိုက်ကြတာကို မယ် တော် တွေ့ရပါလိမ့်မယ်၊ အဲဒီအခါမျိုးမှာပြန်မခုခံတဲ့ငုတ်တုတ် ထိုင်နေရင် ဒီနေ့ရာတစ်ဝိုက်ကလူတွေအားလုံး ကိုယ်ကျိုးနည်း ကုန်ကြပါလိမ့်မယ်'

အမျိုးသမီးကြီးက သက်ပြင်းချပြီး....

'အင်း....ဒီလိုကျပြန်တော့လဲ ဟုတ်နေပြန်ပါပဲလေ'

နိုင်ချစ်နော်က ဖိရှိုးမြွာ၏

'ဒီနေ့ သိုင်းလောကမှာ လှုပ်ရှားနေတဲ့ ဖခင်ကြီးရဲ့ အဖွဲ့ အမှုတွေဟာ အင်မတန်အား ရက်စက်ကြမ်းကြုတ်ပါတယ်၊ ဖခင် ကြီးကို တားဆီးနိုင်သူဟာ မယ်တော်တစ်ယောက်ပဲ ရှိပါ တယ်၊ မယ်တော်ကသာ မတားဆီးဘူးဆိုရင် ဒီမြက်ရိုင်းလွင် ပြင်မှာ အလောင်းတွေ ထပ်တိုးလာဦးမှာပါ'

ထိုစဉ် ကွင်းပြင်၏ လက်ဝဲဘက်သို့ ကျွေ့ထွက်သွားသည် ကွန်လုံဝမ်၏မြင်းအုပ်စုသည် အိုယန်ထု ရှိရာသို့ တစ်ဟုန်ထိုး စီးနင်းလာကြ၏၊



မကြာခင်မီ ကွန်လုံဝမ်ကို ပီပီသသမြင်သာကြ၏၊

သူနှင့်ယှဉ်၍ မြင်းစီးလာသူမှာ မုတ်ဆိတ်နက်နှင့် လူကြီး ယင် ဖြစ်တော့၏၊

မြင်းရထားထဲမှ ထန်ရှင်က တီးတိုးရေရွတ်လိုက်သည်၊

'ငုတ်အောင်တော့ ပေါ်လာပြီ'

နိုင်ချစ်နော်သည် ကွန်လုံမင်ကိုတွေ့သည်နှင့် ကြောက်သေး သွား၏၊

'မယ်တော်....ကျွန်မကိုခွင့်ပြုပါတော့'

အမျိုးသမီးကြီးက ခေါင်းညိတ်၏၊

နိုင်ချစ်နော်သည် အိုယန်ထုတို့၏ နောက်သို့ ရှောင် သွားလေတော့၏၊

ကွန်လုံဝမ်သည် နိုင်ချစ်နော်ပြေးဝင်သွားသည်ကို မြင် သို့သော် အရေးမစိုက်ပေ၊

မကြာခင်မီ သူသည် အိုယန်ထုတို့အုပ်စုနှင့် ငေ့ဆိုင်မိသည်

ကွန်လုံဝမ်က ကျယ်လောင်သောအသံဖြင့် ပအော်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



'ထန်ရှင်...လာကြည့်စမ်း၊ ဘယ်သူရောက်နေသလဲဆိုတာ'

ထန်ရှင်သည် မြင်းရထားထဲမှမထွက်ပေ။

ထွက်၍လည်းမဖြစ်ပေ။

ဤ ရှိရှိသမျှ လူအားလုံးထဲ၌ သူတစ်ယောက်တည်းသာ သိုင်းပညာမတတ်မြောက်သူ ဖြစ်၏။

သို့သော် မြင်းရထားထဲမှမူ အော်ဟစ်နှုတ်ဆက်သည်။

'ဦးလေး...ကျန်းမာပါရဲ့လား'

မုတ်ဆိတ်နက်နှင့်လူကြီးက....

'ထန်ရှင်...မင်းဘာဖြစ်လို့ထွက်ပြီး မကြိုတာလဲ'

'ကျွန်တော် ဘယ်လိုလုပ် ကြိုဆိုမှာလဲ၊ ကျွန်တော်သာ မြင်းရထားအပြင်ကို ထွက်ရင် ချက်ချင်း သေသွားမှာပေါ့၊ ကျွန်တော့်အကြောင်းလဲ သိသားနဲ့ဥစ္စာ'

'မင်းအတော်ကလေးရိုင်းပျတယ်၊ လူညီးပေါ် အနှုတ်ဆက်စကား ပြောတယ်ဆိုတာ လူမိုက်တွေလုပ်တဲ့အလုပ်ပဲ'

'ဦးလေးကို ကျွန်တော် ရိုင်းရိုင်းပျပျ မဆက်ဆံဝံ့ပါဘူး ခင်ဗျာ၊ အခြေအနေအရ မြင်းရထားပေါ်က နှုတ်ဆက်ရတာပါ၊ ဒီအတွက် ခွင့်လွှတ်ပါ'



မုတ်ဆိတ်နက်နှင့်လူသည် သူ့အိတ်ထဲမှ ပေါက်စာလုံး အရွယ်ခန့်ရှိသော အနီလုံးကလေးများ ထုတ်ယူလိုက်၏။

'မြင်းရထားထဲက မထွက်ချင်တဲ့ကောင်တို့ ငါထွက် အောင်လုပ်ပေးရမှာပေါ့'

သူသည် ပြောပြောဆိုဆိုဖြင့် မြင်းရထားဆီသို့ ပေါက် စာလုံးအရွယ် အနီလုံးကလေးတစ်လုံးကို ပစ်ပေါက်လိုက်၏။

'ဝုန်း....'

ယမ်းထုပ်ပေါက်ကွဲသံကဲ့သို့ မြည်ဟိန်းသွားပြီး မြင်းရထား ပေါ်၌ မီးတောက်များ ထွက်ပေါ်လာသည်။

အို့ယန်ထုံမှာ ထိတ်လန့်သွား၏။

'သူ့လက်နက်ပုန်းက ကြောက်စရာပဲ၊ လူ့ခန္ဓာကိုယ်ကို အပေါ်ကဆိုရင် အရှင်လတ်လတ် မီးလောင်တိုက်သွင်းသလို ခံစားရမှာပဲ'

အို့ယန်ထုံသည် ဒုတိယတစ်လုံး မပစ်နိုင်စေရန် အနီးရှိ လှံတစ်ချောင်းကို ကောက်ယူပြီး မုတ်ဆိတ်နက်နှင့် လူရှေ့သို့ ခုန်ဝင်သွားလေ၏။

ကျွန်လုံဝမ်မှာ ဟင်ခနဲ ဖြစ်သွားပြီး ကြားထဲသို့ ဖြတ်ခနဲ ခုန်ဝင်ကာ လှံရှည်ကို ဖမ်းဆွဲလိုက်သည်။

ထိုသို့ ပြုလုပ်ခြင်းမှာ လွန်စွာ အန္တရာယ်ကြီး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကွန်လုံဝမ်သည် အံ့သြဖွယ်ကောင်းလောက်သော လျင်မြန်မှုဖြင့် လှံသွားကို ဖမ်းကိုင်နိုင်လိုက်၏။

'လွှတ်စမ်း'

'ပြောတိုင်း လွှတ်ရမှာလား'

ကွန်လုံဝမ်နှင့် အိုယန့်ထု တို့သည် လှံရှည်ကို တစ်ဖက်တစ်ချက်စီကိုင်ကာ တိုက်ခိုက်ကြလေတော့၏။

သူတို့တိုက်ခိုက်ပုံမှာ လွန်စွာ လျင်မြန်လှသဖြင့် မြင်ရသူများ ရင်သပ်ရှုမော အံ့သြကြရပေသည်။

ကျွန်လဂိုဏ်းသားများသည် သားရေချပ်ကြီးများဖြင့် မီးကို ရိုက်သတ်ကြ၏။

ဖေကုံးလျှန်သည် ဓားရှည်ကြီးဆွဲကာ မုတ်ဆိတ်နက်နှင့် လူကြီးထံ ခုန်ဝင်သည်။

ထိုလူကြီး၏ နောက်ဘက်၌ရှိသည့် အနောက် အလံအဖွဲ့ ခေါင်းဆောင်ဖြစ်သည့် ဝတ်စုံပြာ ဝတ်ဆင်သည့် လူငယ်သည် ရှေ့သို့ ခုန်ထွက်လာပြီး မုတ်ဆိတ်နက်နှင့် လူကြီးကို အကာအကွယ်ပေး၏။

ဖေကုံးလျှန်နှင့် လူငယ်တို့သည်လည်း သိုင်းကွက်ငါးဆယ် နီးပါးမျှ ဆက်တိုက် ရိုက်ထုတ်ကြသည်။



အလွန်တရာ တက်ညီလက်ညီရှိလှသော ပြိုင်ပွဲကြီးပင်။

ထိုစဉ် မည်သည့်နေရာက ပေါ်လာလိုက်သည် မသိရသော အလင်းတန်းတစ်ခုသည် မုတ်ဆိတ်နက်လူကြီးဆီသို့ တန်းဝင်လာ၏။

'နောင်ကြီး...သတိထား'

ကွန်လုံဝမ်သည် ဓားကို ဆွဲထုတ်ပြီး ထိုအလင်းတန်းကြီးကို ရိုက်ထုတ်လိုက်ရသည်။

ထန်းခနဲမြည်ပြီး အလင်းတန်းသည် အဝေးသို့ ပျံလွင့်သွားခဲ၏၊

ဓားရှည်တစ်ချောင်းသာတည်း။

ထိုအချက်ကို အခွင့်ကောင်းယူ၍ အိုယန့်ထု က 'ကျောက်တောင်ဆိုး' လက်သီးဖြင့် ကွန်လုံဝမ်အား ထိုးလိုက်ရာ ကွန်လုံဝမ်မှာ မတတ်သာတော့ဘဲ လက်တစ်ဖက်မှ ဖမ်းဆုပ်ထားသည့် အိုယန့်ထု၏ လှံကို လွှတ်ပေးလိုက်ရတော့သည်။

အိုယန့်ထုသည် တစ်ချက်မျှ တုံ့နှေးခြင်းမရှိဘဲ ထိုလှံရှည်ကို မုတ်ဆိတ်နက်လူကြီးဆီသို့ ပစ်လွှတ်လိုက်ရာ မုတ်ဆိတ်နက်ကြီးက လက်ဝါးနှစ်ဖက် ခွဲထုတ်၍ လှံတံရှည်ကို ရိုက်ပုတ်ရှောင်ဖယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ လှံတံရှည်သည် သူ၏ အင်္ကျီလက်စကိုသာ ထိုးခွဲသွား၏။

သို့သော် ကားဆိုးသည့် ကိုယ်ရံတော်တစ်ဦး၏ ရင်ဝသို့ သွားစိုက်သည်။

ထိုလူ၏ သွေးရူးသွေးတန်း အော်သံသည် ပတ်ဝန်းကျင် တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

ထိုကိုယ်ရံတော်မှာ အဆင့်မြင့်လှသော တိုက်ပွဲကို ငေးမော ကြည့်ပြီး နစ်မျောနေသဖြင့် ထိုလှံတံရှည်ကို လုံးဝ သတိမထားမိဘဲ ကျဆုံး အသက်ဆုံးရှုံးသွားခဲ့ခြင်း ဖြစ်ပေသည်။

တက်မုဆရာတော်လည်း လှံရှည်နှစ်ချောင်းကို ဆွဲကိုင်လျက် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လာသည်။

ထိုအချိန်မှစ၍ သိုင်းလောကတွင် သမိုင်းတွင်လောက်သော ထိပ်သီးသိုင်းသမားတို့၏ အုပ်စုတိုက်ပွဲကြီး စတင်လေတော့၏။

'အို့ယန်ထု ...မင်းနဲ့ ငါ...'

ကွန်လုံဝမ်၏ စကားမဆုံးမီ စူးရှသော လေချွန်သံ ကြားရပြီးနောက် လူရိပ်တစ်ရိပ်သည် ကွန်လုံဝမ်တို့ နောက်ပိုင်းသို့ ရောက်ရှိသွားသည်။



ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်သော ကိုယ်ရံတော်များသည် တစ်စုံတစ်ယောက်၏ ဖမ်းဆီးကိုင်ပေါက်ခြင်းကို ခံရပြီး လေထဲ၌ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်ထွက်လာသည်။

ထန်ရှင်က ကြေညာသည်။

'ကျွန်တော်တို့ဘက်က စစ်ကူတွေ စတင်ရောက်လာပြီ။ မကြာခင် အားလုံး ဒီနေရာကို ရောက်လာလိမ့်မယ်'

စစ်ကူကား ကွမ်းစန်စင်တို့ မဟုတ်ပေ။

ဆန်ကွမ်းချီ၏ ညီဖြစ်သော ယွမ်ရှောက်သာ ဖြစ်တော့၏။

ယွမ်ရှောက်အား ကိုယ်ကျပ်အင်္ကျီနက်များ မခုခံနိုင်ကြပေ။

ယွမ်ရှောက်၏ သတ္တိနှင့် ခွန်အားမှာ အလွန်တရာ ကြီးမားလှသဖြင့် မည်သူမျှ မပိတ်ဆို့နိုင်ကြပေ။

အချိန်အနည်းငယ်အတွင်း ကွန်လုံဝမ်၏ ဂိုဏ်းသား ဆယ်ယောက်မျှ ဒုက္ခရောက်သွားခဲ့ရသည်။

ထို့ပြင် သူသည် အို့ယန်ထုံတို့ရှိသည့် နေရာသို့ ထိုးဖောက် ရောက်ရှိသွားခဲ့သည်။

ကွန်လုံဝမ်သည် အို့ယန်ထုနှင့် တက်မုဆရာတော်တို့ကို လုံးဝ ဂရုမစိုက်ပေ။

သူ့ပြိုင်ဘက်ဟု သဘောမထားချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆန်ကွမ်းချီနှင့် ယွမ်ရှောက် ရောက်လာသည့်အတွက် သူ့တွင် အကျပ်အတည်း ပေါ်လာတော့မည်ကို ကွန်လုံဝမ် နားလည်သည်။

တိုက်ပွဲ၏နောက်ဘက်တွင် ဆန်ကွမ်းချီသည် နိုင်ချစ်နွေ၏ မြှူစမှုကို ခံယူနေခြင်း တွေ့လိုက်ရသဖြင့် ယွမ်ရှောက် အံ့သြသွား၏။

နိုင်ချစ်နွေအား ကျန်းမာပကတိ တွေ့လိုက်ရသဖြင့် ဝမ်းသာသွားခဲ့သော်လည်း ဆန်ကွမ်းချီ လဲကျနေသည်ကို တွေ့ရသောအခါတွင် သူ့ဝမ်းသာမှုများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ရသည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီအား ဒူးထောက်ထိုင်ချကာ....

'ကျွန်တော့် အစ်ကိုကြီး ဒဏ်ရာ ပြင်းထန်သလားဟင်'

နိုင်ချစ်နွေသည် ဆန်ကွမ်းချီကို ယွမ်ရှောက်၏ လက်ထဲသို့ ပြန်ထည့်ပေးလိုက်၏။



'ဒဏ်ရာ သိပ်မပြင်းထန်ပါဘူး အတွင်းအား ထုတ်ရလွန်းအားကြီးလို့ ပင်ပန်းသွားရတာပါ၊ အနားယူလိုက်ရင် ကောင်းသွားမှာပါ'

ယွမ်ရှောက်သည် သူ၏ အစ်ကိုကြီး၏ ရင်ဘတ်ကို အသာအယာ နှိပ်နယ်ပေးသည်။

ဆန်ကွမ်းချီမှာ ကွန်လုံဝမ်၏ ကျွဲချိုကို ပစေ့သဖြင့် ဒဏ်ရာရသဖြင့် အတော်ကလေး အတွင်းအားကုန်ခန်းသွားပြီး ဤသို့ လဲကျနေခြင်း ဖြစ်သည်။

အိုယန်ထုံ၏ ဆေးလုံးတန်ခိုးကြောင့် သူ့အတွင်းအားများ တဖြည်းဖြည်း ပြန်ပြည့်လာရခြင်း ဖြစ်၏။

ထိုအချိန်တွင် ကွန်လုံဝမ်က သူ့တပ်သားများနှင့် သူ့ဇနီးကိုပါ အချက်ပြ၍ နောက်ဆုတ်သွား၏။

ဂိုဏ်းချုပ်ကြီး အိုယန်ထုံနှင့် ပညာရှိ ထန်ရှင်တို့အတွက် များစွာ သက်သာရာရသွားပြန်၏။

စင်စစ် ကွန်လုံဝမ် နောက်ဆုတ်သွားရခြင်း၏ အဓိက အကြောင်းရင်းမှာ ထန်ရှင်၏ အော်ဟစ် ကြေညာသံကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့ ရောက်လာပြီးနောက် ကျန်လူဂိုဏ်းတူ စစ်ကူများ မကြာမီ ရောက်လာနိုင်သည်ကို တွက်ချက်ပြီး ဤသို့ နောက်ဆုတ်သွားခြင်း ဖြစ်၏။

ဂိုဏ်းချုပ်ကြီး အို့ယန်ထု ၊ တက်မုဆရာတော်နှင့် ဖေကုန်းလျှန်တို့သည် ထန်ရှင်၏မြင်းရထားအနီးသို့ ပြန်ဆုတ်လာကြ၏။

မြင်းရထားအတွင်းမှ ထန်ရှင်၏အသံ ပေါ်လာသည်။

'ဂိုဏ်းချုပ်ကြီး၊ နောက်တစ်ကြိမ်ကွန်လုံဝမ် လာတိုက်ရင် ခုခံနိုင်တဲ့အင်အားတော့ ကျန်ရှိဦးမှာပေါ့နော်'

အို့ယန်ထု အံ့သြသွား၏။

မြင်းရထားသို့ လှမ်းကြည့်သည်။

ပိတ်ထားသည့်တံခါး ပွင့်သွားပြီး ထန်ရှင်၏ မျက်နှာကို မြင်ရသည်။

'နောင်ကြီးထန်ရှင်က ဘာပြောချင်တာလဲ'

'ကျွန်တော် မထင်တဲ့အကွက်တစ်ကွက် ဝင်လာပြီး ကျွန်တော်တို့အစီအစဉ်တစ်ခုလုံး ပျက်စီးသွားနိုင်ပါတယ်'

'ဘာများလဲ'



'ဟို့...ဝက်စိုနက် ဝတ်ဆင်ထားတဲ့ အမျိုးသမီးကြီးခ

'သူလား၊ သူဘာဖြစ်လို့လဲ၊ သူက ကွန်လုံဝမ်ထက် သို ပညာ အဆင့်မြင့်နေလို့လား'

ထန်ရှင်သည် သူ၏မြင်းရထားတံခါးကို တွန်းဖွင့်ပြီး ဆ လာ၏။

သူ၏လက်ဆွဲတော် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်၍ ေ အေးအေးရရှိအောင် ကြိုးစားနေသည်။

ပညာရှိထန်ရှင်၏ မျက်နှာမှာ လွန်စွာပင် နွမ်းနယ်ေ သည်။

အို့ယန်ထုသည် ထန်ရှင်၏အနီးသို့ ချဉ်းကပ်ပြီး အေ တကြီး မေးသည်။

'နောင်ကြီးထန်ရှင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားေ အမျိုးသမီးကို နောင်ကြီး သိနေသလား'

ထန်ရှင်က စဉ်းစဉ်းစားစားဖြင့် ဖြေသည်။

'ကျွန်တော် ဒီအမျိုးသမီးကြီးရဲ့မျက်နှာကို မမြင်ရပါဘူး ဒါပေမယ့် ကျွန်တော့်ခန့်မှန်းချက်အရတော့ သူဟာ ပြမှာေ ချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အို့ယန်ထိုက…

'သူဆိုတာ ဘယ်သူလဲ'

ပညာရှိထန်ရှင်က တီးတိုးရွတ်ဆိုပြန်သည်။

'သူဆိုတာ ဘယ်သူလဲ'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ မေးခွန်းကို အဖြေပေးနိုင်ရန် ကောင်းကင်ကြီးကိုမော့ကြည့်ပြီး စဉ်းစား နေ၏။

ထန်ရှင်ဖြေမည့် စကားကို ဂိုဏ်းချုပ်ကြီး အို့ယန်ထု သာမက တက်မှုဆာမျှော်သော်၊ ဖေကုလျှန်နှင့် နှိုင်ချစ်နော်တို့လည်း စိတ်ဝင်စားနေ၏။

သူတို့ စောင့်နားထောင်နေကြ၏။

သို့သော်ပညာရှိထန်ရှင်ကား မိုးကောင်းကင်ကြီးကို မော့ ကြည့်ပြီး စဉ်းစားမြဲ စဉ်းစားနေလေ၏။

စာစဉ် ၇ ပြီး၏။

(စာစဉ် ၈ ဆက်လက်ဖတ်ရှုပါရန်)

BURMESE CLASSIC
www.burmeseclassic.com